
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး။
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး။
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး။

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ
ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍
စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၄၄၁၁၁၀၇


မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၀၅၀၁၁၀၈

ထုတ်ဝေသူ
ဦးအောင်မြင့်၊ အမှတ်(၇)၊
သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊
အမှတ်(၁၆)၊ သစ်ရာပင်လမ်းသွယ်(၁)၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၄၅၊ ၀၉ ၈၀ ၃၄၅၈၁ ။

ပထမအကြိမ် - ၂၀၀၈ ခုနှစ်၊ (အောက်တိုဘာလ)၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၁၆၀၀)ကျပ်






# မျက်နှာစာ “တစ်”



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

BURMESE CLASSIC .com

ပဟေသိမောင် အိပ်မရနိုင်သော ညဥ့်ချမ်းမှန်သမျှကို လသာဆောင် ထွက်ကာ ဒရင်းဘက်ပေါ်ထိုင်ရင်း ကြယ်ရောင်စုံကို ရေတွက်နေတတ်သည်။

သို့သော် တခဏတာပင်။ နောက်ဆုံး ရေနွေးကြမ်းနွေးနွေးလေးကို သောက်ရင်း မျက်ဝန်းက ခေါင်းရင်းအိမ်ကြီးဆီသို့ ရောက်သွားတတ်သည်။

မီးရောင်တွေအနက် အောက်ထပ်စာကြည့်ခန်းမီးရောင်ရှိမရှိနှင့် အပေါ်ထပ် အိပ်ခန်းတစ်ခန်း၏မီးအလင်းရောင် ရှိရာသို့သာ အာရုံစူးစိုက်ကြည့်စမြဲပင်။

အောက်ထပ် စာကြည့်ခန်း မီးရောင်လည်းပိတ်၊ အပေါ်ထပ်အိပ်ခန်းမှညအိပ်မီးရောင်သို့ပြောင်းထွန်းချိန်သို့ရောက်မှပင့်သက်ကို



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်ကာ အကြည့်တွေ ရုပ်သိမ်းပြီး ကောင်းကင်ကို ပြန်မော့ကြည့်လိုက်သည်။

ကောင်းကင်ရှိ တိမ်လွှာတိမ်တိုက်တို့ ရွေ့လျားမှုကြောင့် ကြယ်တွေလည်းနေရာ၊ အရောင်ပြောင်းသလိုဖြစ်သွားတတ်သည်။

သက်ပြင်းကိုချလိုက်ပြီးလသာဆောင်ကနေ၍ထွက်ခွာလာခဲ့လိုက်သည်။

လေလုံသော Air con တပ်အိပ်ခန်းဝယ် စိတ်ကျဉ်းကျပ်ခြင်းနှင့်အတူ တစ်နေ့တာ ပင်ပန်းနွမ်းနယ်ခဲ့ရသမျှတို့ကို အတိုးချကာ အိပ်စက်ခြင်းနှင့် အနားယူရလေတော့သည်။

ဒါ...သူ့အတွက်မရိုးနိုင်သော နေ့စဉ်ညစဉ်ဝတ္တရားတစ်ခုလိုပင်။

သည်နေ့တော့ သူအိပ်မရ။ ညက ဆေးခန်း၌ ကြားခဲ့သောသတင်းကို ဖေဖေနှင့်မေမေကို ပြောပြရန် စဉ်းစားနေလိုက်သည်။

စကားလုံး ရွေးချယ်နေမိသည်။

မှားယွင်း၍မဖြစ်။

မိဘနှစ်ပါးမိမိကြောင့်စိတ်ဆင်းရဲခြင်းဝေဒနာ မဖြစ်ပေါ်စေချင်။

သို့သော် မေးမှုဖြစ်မည်။

"ယောင်းမ" လည်းဖြစ်၊ "သူငယ်ချင်း" လည်းဖြစ်သော "ဖင်ဖင်လတ်" က သူ့အပေါ်အနိုင်ရပြီးရင်း ရနေလေခဲ့သည်။

ဤသည်ကို မနည်းသည်းခံအောင့်အည်း ခံစားရဖန်များတော့ ပေါက်ကွဲလုနီးပါး ဖြစ်ခဲ့ရသည်ချည်းပင်။

သို့သော်...ထိုဒေါသအရာဟူသမျှတို့ကို ချွန်းအုပ်လိုက်နိုင်



BURMESE CLASSIC .com



သည်က ဒင်းကလေးတစ်မျက်နှာလေးပင်။

ဟောသီမောင် ပင့်သက်မောချလိုက်ပြီး မျက်လုံးကို စုံမှိတ်ကာ အိပ်ပစ်လိုက်လေသည်။

ခန္ဓာကိုယ်ရှိအကြောပေါင်းတစ်ထောင်ကို လျှော့ချပစ်၊ စိတ်ကို နာသီးဖျားပို့၊ ထွက်လေဝင်လေ သတိကို ကပ်ရင်းသောက ဒေါသဟူသမျှတို့ကို ဖယ်ခွာပစ်လိုက်ရလေသည်။

ꩠ ꩠ ꩠ ꩠ

"မောနင်း ဘေဘီ...အိပ်ရာထ နောက်ကျတယ်"

"မောနင်း ပါပါ...ဘေဘီ အိပ်ရာဝင် နောက်ကျသွားတယ်"

ဟောသီမောင် ထမင်းစားခန်းသို့ဝင်လိုက်သည်နှင့် ဖခင်ကြီးဒေါက်တာဦးညီညီမောင်က နှုတ်ဆက်လိုက်လေသည်။

"စာတွေ သိပ်ဖတ်နေလို့လား၊ ဒါမှမဟုတ် ခေါင်းထဲကို ဝါနဲ့ဖြစ်စရာတွေ ဝင်သွားလို့လား ဘေဘီ"

ဖခင်သည် စကားအလွန်ပြောကာ သွက်လက်လှလေသောက်



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကတော့ ခပ်အေးအေးပင်။ ခင်ပွန်း၏စကားကို မြေဝယ်မကျ နားထောင်ပြီးစီးတဲ့ရေဆည်တဲ့ကန်သင်းဖြစ်အောင် စည်းစနစ်ဇယား နှင့်အိမ်ရှင်မကောင်းအဖြစ်သာ ဂုဏ်ယူနေသူတစ်ဦးဖြစ်သည်။ ထို့မျှ မကသေး...လူနာများအပေါ်၌လည်း အင်မတန် စိတ်ရှည်သော ကလေးအထူးကုသမားတော်တစ်ဦးဖြစ်သည်။ ကလေးဆေးရုံအုပ် ကြီးအဖြစ် တာဝန်ထမ်းဆောင်ပြီး ပင်စင်ယူခဲ့သည့်တိုင်အောင် အကြံ ပေးအနေနှင့် တာဝန်ထမ်းဆောင်ဆဲဖြစ်သည်။

ဖခင်ကတော့ အရိုးအကြောသမားတော်ဖြစ်သည်။ ထို့မျှ မကသေး...။

"ဘေဘီ"

"ရှင်...ပါပါ"

"ဘာတွေစဉ်းစားနေတာလဲ"

အတွေးက မိသားစုတွေထဲ ပျံ့လွင့်စ ရှိသေးသည်။ ဖခင်က သူ့အား တွေးခွင့် တွေဝေခွင့် မပေးချေ။ ဒါကလည်း စိတ်မြန်လက်မြန် ရှိသောဖခင်၏စရိုက်ပင်ဖြစ်သည်။

"ညက ဆေးခန်းမှာ ဇင်ဇင်ပြောတဲ့စကားအတွက် သမီး အတည်ယူသင့် မယူသင့်...ပါပါနဲ့ မာမာကို ပြောသင့် မပြောသင့် စဉ်းစားနေတာပါ ပါပါ"

"စဉ်းစားစရာ လိုသေးသလား ဘေဘီ၊ ပါပါတို့ကို ကျော်လွန် ပြီး သမီးဘာသာ ဆုံးဖြတ်တာက သမီးရဲ့အလုပ်ပဲ ရှိတယ်မှတ်လား"

"ဟုတ်ကဲ့ပါ ပါပါ၊ အခုဟာလည်း အလုပ်ကိစ္စနဲ့လည်း နွယ် သလို မိသားစုကိစ္စနဲ့လည်း ပတ်သက်နေပါတယ်"

"မိသားစုကိစ္စ..."





ခုချိန်အထိ မာမာထံမှ တစ်ခွန်းမှ အသံမထွက်သေး၊ သို့သော် မာမာက စားသောက်ပြီးစီးသွားပြီဖြစ်၍...

"ညီ...ငယ်ငယ်တော့ လစ်တော့မယ်၊ ဒီနေ့ အိုင့်ကို ကင်ပွန်း တပ်ဖိတ်ထားတာ ရှိသေးတယ်"

"ဒါနဲ့တောင် ညည်းက အများကြီး စားသွားရသေးသလား၊ လျှော့စားတာ မဟုတ်ဘူး၊ ဝိတ်က တစ်ပတ်အတွင်း နှစ်ပေါင်တက်လာ တယ်နော် ဒါလင်...အသက်ဥာဏ်စောင့်တယ်တဲ့"

သူငယ်ချင်းဘဝမှ ချစ်သူ၊ ချစ်သူဘဝမှ လင်မယားဘဝ ကူး ပြောင်းလာသော မိဘနှစ်ပါး၏ချစ်ခြင်းက လင်မယားအပြင် မောင်နှမ လိုလို၊ သူငယ်ချင်းလိုလိုနှင့် ချစ်ခြင်းမေတ္တာက အားကျဖွယ်ရာအတိ ပင်မို့ သားသမီးတစ်ယောက်အနေနှင့် ကြည်နူးချမ်းမြေ့မှုလည်း ရှိရ လေသည်။

သို့သော် ထိုကဲ့သို့သော ချမ်းမြေ့မှုမျိုးကို သူတစ်သက် ရနိုင် တော့မည်မဟုတ်ဟု တွေးတောခံစားမိလေတိုင်း ပင့်သက်အခါခါ ရှိုက် ၍ ရင်တွင်းကြေကွဲမှု ဇွေ့ရည်ဖွဲ့ခဲ့ရသည်ကလည်း ရင်နှင့် အမျှပေ။

"ယူ...ဘေဘီစကားတောင် နားထောင်မပေးနိုင်တော့ဘူး လား"

"ယူ နားထောင်တာ အိုင်နားထောင်သလိုပဲပေါ့ ညီရယ်၊ ဟုတ်တယ်နော် ဘေဘီ၊ မာမီ သိသင့်တဲ့ကိစ္စဆိုရင်တော့ ညမှ တွေ့ရ အောင်နော်...ဘိုင့်ဘိုင်"

"ဘိုင့်ဘိုင်...မာမာ"

ခေတ်ဆန်သောဟု ပြောရမလား၊ ဘိုဆန်သောဟု ပြောရ မလားမသိသော်လည်း များသောအားဖြင့် တစ်မျိုးလုံး ဆရာဝန်တွေမို့



www.burmeseclassic.com

www.burmeseclassic.com



ရောဂါဗေဒ ဆေးဝါးအခေါ်အဝေါ်တွေက အင်္ဂလိပ်လိုချည်းမို့ အင်္ဂလိပ်စကား ညှပ်သုံးသောအလေ့က သူတို့မိသားစု အသိုင်းအဝိုင်းတစ်ခုလုံး၌ စွဲနေလေပြီ။

"မာမာ့ကိုတော့ နားလည်ပေးလိုက်ပါ၊ သူက ပါပါရဲ့ အလိုလိုက် အကြိုက်ဆောင်ပေးခဲ့တော့ ကလေးလိုပဲ ဖြစ်နေသေးတယ်"

"ဟုတ်ကဲ့ပါ ပါပါ၊ သမီးနားလည်ပါတယ်၊ ဒါတင် ကရိုးလား ပါပါရယ်၊ Child Specialist ဆိုတော့လည်း စိတ်ပျိုနေတာလည်း ပါမယ်ထင်တယ်"

"ဟား...ဟား...ဟုတ်မယ်၊ ကဲ့င်း...စကားဆက်ဦး ဘေဘီ၊ ဇင်ဇင်က ဘာတဲ့လဲ"

ဖခင်က သူပြတ်တောက်သွားသောစကားစကိုပြန်ဆက်နိုင်းလေပြီမို့ ဒေါက်တာဟေသီမောင် မပြောချင်သော်လည်း ပြောမှ ဖြစ်တော့မည့်စကားများကို အစပြန်ဖော်ကာ ဆက်လိုက်ရလေတော့သည်။

"ဇင်ဇင်က ဖန်ပြွန်သန္ဓေသား ယူမလို့တဲ့ ဒက်ဒီ"

"ဗုဒ္ဓေါ..."

"ပါပါအံ့သြသွားမယ်ဆိုတာ သမီးလည်း သိပါတယ်၊ သမီးက ခွန်းချိုအတွက် ထည့်မစဉ်းစားတော့ဘူးလားလို့မေးတော့ စဉ်းစားလို့ ခွန်းချိုအတွက် ညီလေးသော်လည်းကောင်း၊ ညီမလေးသော်လည်း ကောင်း အဖော်ထားပေးချင်တဲ့ဆန္ဒ ရှိတယ်လို့ ပြောတယ်၊ ဒါ... သက်သက်ဉာဏ်များတာလား ပါပါ၊ ခွန်းချိုကို မချစ်လို့လား"

"တော်...ဘေဘီ"





ဖခင်မျက်နှာပြင်၌ ရင့်ကျက်မှုအရောင်များ ပြောင်းသွားလေတော့သည်။ လေးလေးနက်နက်စဉ်းစားလိုက်ပြီးမှ...

"ဇင်ဇင့်အပေါ်မှာ အထင်မမှားပါနဲ့ ဘေဘီ၊ ခွန်းချိုအပေါ် ချစ်တဲ့အချစ်ဟာ နှိုင်းယှဉ်စရာ မရှိပါဘူး၊ သူတကယ်ဆန္ဒရှိတယ်ဆိုရင် မိသားစုတွေအားလုံးစုံညီရေးမှာ တင်ပြဖို့ ပြောလိုက်ပေါ့"

"သူက အမွှာတောင် လိုချင်တာ၊ ကျားဖြစ်ဖြစ်၊ မဖြစ်ဖြစ်တဲ့၊ ဖြစ်နိုင်ရင် ကျားမ အတွဲလေးတောင် လိုချင်တယ်လို့ပြောလို့ သမီးက မေးလိုက်ပါတယ်၊ ခွန်းချို ဆယ်တန်းဖြေအပြီးကို မစောင့်နိုင်ဘူးလားလို့..."

"ဒီတော့ ဘာပြောသလဲ"

"ခွန်းချို ဆယ်တန်းကို စောင့်ရင်း သူကိုယ်ဝန်ဆောင်ချင်တယ်၊ ခွင့်ကို တစ်နှစ်လုံး ယူထားမှာတဲ့လေ"

"အင်း...ဇင်ဇင်သဘောက အမှန်သာဆိုရင်တော့ ဘေဘီ လုပ်ပေးသင့်တယ်"

"ထင်သားပဲ...နောက်ဆုံးမှာ အားလုံးက ဇင်ဇင်ဘက်က ချည်းပဲ ဖြစ်ကုန်ကြမယ်ဆိုတာ..."

ဒေါက်တာဟေသီမောင် စိတ်ကောက်ချင်ပြီ။

ဇင်ဇင်နှင့် ပတ်သက်လာလျှင် သူသည် အမြဲတမ်း နောက်ဆုတ်ပေးရသည်ပင်။

သူငယ်ချင်းမှသည် သမီးယောင်းမ ဖြစ်လာသည့်...

ဘဘကြီး နလုံးရောဂါ အထူးကုသမားတော်ကြီး ဦးဖိုးကို မောင်နှင့် မီးယပ်သားဖွားအထူးကုသမားတော် ဒေါက်တာဒေါ်ဒါတင် တင်ကြီးတို့၏တစ်ဦးတည်းသောသား၊ သူထက်လည်း (၅)လကြီး



www.burmeseclassic.com

www.burmeseclassic.com

သော မျက်စိအထူးကုသမားတော် ဖြစ်နေပြီဖြစ်သော အစ်ကို ဒေါက်တာဝေဇာမောင်၏ရှုမငြီးသော ချစ်ဇနီးသည် သူသည်လည်းကလေးအထူးကုသမားတော်ဖြစ်နေလေပြီဖြစ်သော ဇင်ဇင်လတ် ခေါ်ဇင်ဇင်ပင်ဖြစ်သည်။

ဇင်ဇင်သည် အမြဲတမ်း သူ့အပေါ်အနိုင်ရသွားတတ်သည်။

ဇင်ဇင်ဖြစ်ချင်သော ဆန္ဒမှန်သမျှတို့သည် ပြီးပြည့်စုံသွားတတ်လေသည်။

"ဘေဘီ...ဒီလိုမပြောနဲ့လေ၊ ဘယ်သူဆန္ဒမဆို ကောင်းတယ်ထင်ရင် လိုက်လျောပေးရမှာပဲ၊ ဘာပဲဖြစ်ဖြစ် ဘေဘီ...ဇင်ဇင်ကိုယောင်းမအနေနဲ့ မကြည့်ဘဲ သူငယ်ချင်းတစ်ယောက်၊ ပေးရင့်တစ်ယောက်အနေနဲ့ပဲ စဉ်းစားပေးလိုက်ပါ၊ ဘာပဲဖြစ်ဖြစ် မိသားစုအစုံရှေ့မှာ တင်ပြပေးဖို့ ဘေဘီအကြံပြုလိုက်ပါ"

ဒေါက်တာဟေသီမောင် နံနက်စာ စားသောက်ခြင်းကို ရပ်ဆိုင်းပစ်လိုက်သည်၊ ဆက်စားချင်စိတ် မရှိတော့။

"ကလေးမဆန်ချင်နဲ့ ဘေဘီ၊ သမီးအသက် သုံးဆယ့်ငါးနှစ်ရှိပြီ၊ ပိုင်နိုင်တဲ့ဆုံးဖြတ်ချက်တစ်ခုခုတော့ ဇင်ဇင့်လိုမျိုး ရှိသင့်ပြီထင်တယ်၊ ကိုင်း...ပါပါသွားတော့မယ်"

ဖခင်က သူ့ခေါင်းကို ပုတ်ကာ ထမင်းမစားပွဲမှ ဦးအောင်ထသွားလေတော့သည်။

ဒေါက်တာဟေသီမောင်လည်း လိုက်ထကာ ဆေးရုံသွားရန်ပြင်ဆင်ရလေတော့သည်။

ဖခင်ကြီးက သူ့ကား သူကိုယ်တိုင် မောင်းကာ ထွက်သွားပြီးဆယ်မိနစ်အကြာ၌ သူလည်း သူ့ကား သူမောင်းကာ ဗဟိုအမျိုးသမီး





ဆေးရုံကြီး ရှိရာသို့ဦးတည်လိုက်လေတော့သည်။

ထိုအချိန်တွင် ခေါင်းရင်းအိမ်မှာ ပါဂျဲရိုး အနက်ရောင်လေးတစ်စီးထွက်လာသည်။

ကားကို ဇင်ဇင်က မောင်းပြီး ဇင်ဇင့်ဘေးတွင် (၁၆)နှစ်ထဲချဉ်းနင်းဝင်ရောက်ပြီဖြစ်သော လူပျိုပေါက်ဝင်စ သားတော်မောင် "ခွန်းချိုမောင်" လိုက်ပါသွားသည်။


သားအမိနှစ်ယောက်က ဘာတွေသဘောကျနေသည်မသိ၊ ပြုံးရွှင်ရယ်မောလျက် စကားပြောသွားကြသည်မှာ သူ့ကိုပင် မမြင်ပဲ သူ့ကားဘေးမှ ဖြတ်ကျော်သွားလေသည်။

ဒေါက်တာဟေသီမောင် သက်ပြင်းတစ်ချက် လေးတွဲစွာ ချလိုက်ခြင်းဖြင့် ရင်ထဲဆို့တက်လာသော ဝေဒနာကို မနည်းငြိမ်းသတ်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

ကိစ္စရှိလျှင် သူတို့ခြံဝန်းကျယ်အတွင်းရှိ ခေါင်းရင်းအိမ်သို့ သွားရောက်၍ လူစုံတက်စုံ စကားပြောလေ့ရှိသည်။

"ခွန်းချိုမောင်" ကိုပါ သိတတ်စအရွယ်ကစ၍ ပါဝင်ခွင့်ပေးခဲ့သည်။

"ပါပါ...ခွန်းချိုကိုပါ သိခွင့်ပေးမှာလား"

ခေါင်းရင်းအိမ်သို့ ကူးရင်းက ဒေါက်တာဟေသီမောင် သိလိုသောကိစ္စကို ဖခင်အား မေးလိုက်သည်။

ဖခင်ဦးညီညီမောင်က...

"ပေးရမှာပေါ့...သူ့ကို သိခွင့်မပေးရင် သူက သိချင်စိတ် ပိုများလာလိမ့်မယ်၊ ဒီအတွက် သူစူးစမ်းမယ်၊ စူးစမ်းတော့ အချိန်တွေ အလကားပုပ်ကုန်မယ်"





"ဇင်ဇင်က နှုတ်စည်းစောင့်ပါ့မလား"

"ဇင်ဇင်က ခွန်းချိုရဲ့အမေပဲလေ၊ ဘယ်အမေမဆို သားသမီးအတွက် စဉ်းစားပြီးသား ဖြစ်မှာပါ"

ဒေါက်တာဟေသီမောင် ရင်ထဲနင့်ကာနဲ နာကျင်မှုက စူးစူးရှရှ ဖြစ်သွားရလေသည်။

နှောင်တတရားက သူ၏မာနကို ရိုက်ချိုးဖျက်ဆီးပစ်လိုက်သည့်တိုင်အောင် ကြွင်းကျန်ရစ်သည့် ဝေဒနာက ရင်နင့်အမျှ စူးစူးနစ်နစ် နာကျင်နေရခြင်းပါလား။

သောကခြေရာတွေက နှလုံးသားမှာ ခြေရာထပ်လျက်ပါ။

သူ့ခံစားချက်ကို ဘယ်သူမှ သိမြင်နိုင်မည် မထင်ပါချေ။

ခေါင်းရင်းအပေါ်ထပ်ဧည့်ခန်းတွင် ညလယ်စာသဘောနှင့် ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားသည်။

ကြီးကြီးဒေါ်တင်တင်ကြီးက သူ၏ချွေးမချော ဇင်ဇင်လတ်ကို ဟိမဝန္တာ ချိုးမွမ်းခန်းနှင့် အခမ်းအနား စတင်ဖွင့်လှစ်လေသည်။

"လာ...ညီတို့...ထိုင်ကြ၊ အားလုံး စကားလည်းပြော၊ အပျင်းပြေလည်း စားရအောင် သမီးဇင်ဇင်ကတော့ ထုံးစံအတိုင်း အိမ်ရှင်မကောင်းလက်ရာ အစီအပြင်ကို လက်စွမ်းပြထားတယ်၊ ဟောဒါက တရုတ်စကားပွင့်သုတ်၊ ဒါက ခရမ်းချဉ်သီးယို၊ ဒါလည်း သူကိုယ်တိုင်ထိုးတာ၊ ဒါကတော့ အုန်းစိမ်းဂျယ်လီ၊ ဒါက ငမုတ်ကြော်၊ ကော်ဖီနဲ့ ရေနွေးကြမ်း"

"ငွတ်...ပဲရီးငွတ်...ဇင်ဇင်လက်ရာဆို ဘာမှပြောစရာ မရှိဘူး၊ ဒါကြောင့် ထမင်းတောင် လျှော့စားလာတာ"

ထိုအခါ ဦးကိုကိုမောင်က သူ့ညီအား...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ညီး ပုဆိုးလျှော့စားလာတာကို ပြောတာလား"

"ဟာ...ဟား ကိုကိုကတော့ ညီ့ကိုဆို အမြဲချွတ်ချင်တယ်"

"နို...ဟုတ်လို့လား"

"ဟုတ်တယ်"

"ဟတ်...ဟား...ဟား...ဟား"

ရယ်သံလေးတွေ ဝေဝေဆာဆာ ဖြစ်သွားသည့်ကြားတွင်...

"ဒါပေမယ့် ဘိုးလေးက ဗိုက်မရွဲဘူး၊ ဘိုးဘိုးက ဗိုက်ရွဲနေပြီ ။"

"ဟ...ဒါကတော့ အချက်အပြုတ်ကောင်းတဲ့ ချွေးမကောင်း ရထားတာကိုးလေကွာ"

ခွန်းချိုမောင်က ရယ်ပြီးဦးကိုကိုမောင်ဗိုက်ကိုလက်နှင့် ထိုးပြပြီး ပြောလိုက်လေသည်။

ဟေသီမောင် ရင်ထဲ၌ နင့်ကနဲဖြစ်သွားရသည်။ "ဘိုးဘိုး" "ဘိုးလေး" နာမ်စားအခေါ်အဝေါ်တွေကအစ သူ့ရင်ကို နာကျင်စေသည်။

ဒါတွေ ပြန်ပြောင်းလွဲပစ်လို့ မရနိုင်ဘူးလားဟု သူမေးလိုက်ချင်သည်။

"လာ...ညလေး"

ထုံးစံအတိုင်း ကိုကိုတေဇာမောင်က ဟေသီမောင့် ပခုံးကို ဖက်ကာ သူ့နံဘေး၌ ထိုင်စေသည်။

ဇင်ဇင်ဘေး၌ "ခွန်းချိုမောင်" ။

"ကိုင်း...ဇင်ဇင် ဘာပြောချင်သလဲဆိုတာ အရင်ပြော"

ဦးကိုကိုမောင်က သူ့ချွေးမကို လမ်းစဖွင့်ပေးလိုက်သည်။





ဇင်ဇင်က...

"ဒီနှစ် ခွန်းချိုက ဆယ်တန်းဆိုတော့ အရေးကြီးတယ်၊ ဒါကြောင့် ဇင်ဇင် အနီးကပ် ကိုက်ဒ်လုပ်ပေးချင်တယ်၊ အဲဒီအတွက် ခွင့်ယူမယ်"

"တာမေးပွဲနီးမှ မဟုတ်ဘူးလား"

"မဟုတ်ဘူး...ကျူရှင်ဝိုင်းပို့ဖို့ ကျောင်းကလည်း ၇၅% ကျောင်းခေါ်ချိန် ပြည့်ဖို့တက်ပေးရမယ်၊ ကျောင်းကြိုကျောင်းပို့ကျူရှင်ကြိုပို့ကို သူများအိမ်မှာ လုပ်မယ့်အစား ကိုယ့်အိမ်မှာပဲ ဝိုင်းဖို့ကလည်း မရတော့လို့ ပို့ကြိုတွေ ရှိတယ်၊ နောက်...ခွန်းချို ကျန်းမာရေး၊ စားချိန် သောက်ချိန်၊ ကျန်းမာရေးလေ့ကျင့်ခန်း လုပ်ချိန်၊ ဒါတွေအတွက် အမေက အနားက မျက်ခြည်ပြတ်မခံ လုပ်ပေးသင့်တယ် ထင်လို့ ဇင်ဇင် ခွင့်တစ်နှစ်လောက် ယူလိုက်မလို့စဉ်းစားထားတာပါ"

ဇင်ဇင်ကတော့ အသံကောင်း လွှင့်နေပြီဟု ဟေသီမောင် ပြောချလိုက်ချင်သော်လည်း ခွန်းချိုအတွက် မိမိမစဉ်းစားသော အလုပ်တွေကို သူစဉ်းစားနေတာပါလားဟု တွေးကာ ငြိမ်သက်နေလိုက်သည်။

"သားက ရပါတယ်ဆိုတာကို မာမီက သက်သက်ခွင့်ယူနေတယ်၊ ကြည့်ပြောကြပါဦး ဘိုးဘိုးနဲ့ ဘွားဘွားတို့ရာ"

"မာမို့တင်ပြချက် မပြီးသေးဘူး ခွန်းချို"

"ကျန်သေးလို့လား မာမီ"

သားအမိနှစ်ယောက်၏ပွဲဖြစ်နေပါလား။ ကိုကိုတေဇာမောင်က...

"သား...မာမီပြောတာ နားထောင်ကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



တာ့ဝင်ဟန့်လိုက်သည်။

"တစ်ချက်ခုတ် နှစ်ချက်ပြတ်မယ့်ကိန်းမျိုး မာမီက လုပ်ချင်သေးလို့ သား၊ သားကို မာမီမေးတယ်၊ သား ညီလေးလိုချင်သလား၊ ညီမလေးလိုချင်သလား"

"ဗျာ..."

ခွန်းချို ရုတ်တရက် အံ့အားသင့်သွားပုံရသည်။ ဇင်ဇင့်ကို စူးစမ်းသောအကြည့်နှင့် ကြည့်လိုက်သည်။

"ခုမှ ဘာလို့ မေးတာလဲ မာမီ၊ သားက ငယ်ငယ်တုန်းက လိုချင်တာ၊ အဲဒီတုန်းက မာမီက မမွေးပေးပဲနဲ့...ခုမှဆို သားလိုက်ထိန်းနေရမှာပေါ့၊ ရှုပ်ပါတယ်...မလိုချင်တော့ဘူး၊ နေဦး...နေဦး၊ တစ်ယောက်တည်းဆိုတော့ ပျင်းတယ်၊ အမွှာတစ်စုံလောက် ရရင်တော့ ပိုကောင်းမယ်ထင်တယ်၊ အဟဲ...ဘွားဘွားနဲ့ဘွားလေးလိုလေ"

လူကြီးအားလုံး၏ရင်ထဲ၌ ပင့်သက်ကိုယ်စီ ရှိုက်လိုက်ကြသည်။

ဇင်ဇင်က...

"သား အတည်ပြောပါ၊ မာမီက သားကို ဂိုက်ဒ်လုပ်ပေးရင်း သားအတွက်လည်း ညီဖြစ်စေ ညီမလေးဖြစ်စေ မွေးပေးမလို့ပါ၊ အဲဒီ သားဆန္ဒက အရေးအကြီးဆုံးပဲ၊ သားက ယူဆိုရင် ယူမယ်၊ မယူနဲ့ဆိုရင် မယူဘူး"

ခွန်းချိုက ဇင်ဇင့်ကို ကြည့်လိုက်ပြန်သည်။

ဟေသီမောင် မျက်နှာလွှဲလိုက်သည်။ ဇင်ဇင့်ကို သူ ဘယ်သောအခါမှ အနိုင်ရလိမ့်မည် မထင်တော့ပါ။

ခွန်းချိုက...





"ဒယ်ဒီ့ဆန္ဒကကော"

သူ့ထံသို့ရောက်နေသောမြားဦးကို ဖခင်တော်ဇာမောင်ထံသို့ လွှဲပို့လိုက်သည်။

"ဒယ်ဒီတို့ဘဝက သားနဲ့တင်ပြီး ပြည့်စုံပါပြီ၊ ဒါပေမယ့် သားဘဝမှာ အထီးကျန်သလို ဖြစ်မှာစိုးရိမ်လို့ပါကွာ"

"ဟာ..ဒါဆိုရင် လွယ်ပါတယ်၊ သီသီကို ယောကျ်ားယူခိုင်းပြီး ကလေးမွေးခိုင်းလိုက်ပေါ့၊ ဒါဆိုရင် ဒယ်ဒီတို့မောင်နှမလို အထီးမကျန်တော့ဘူးပေါ့"

ဟေသီမောင် ငိုရအခက် ရယ်ရအခက် ဖြစ်သွားပြီး ရင်မှာ စူးနစ်သော ဝေဒနာကို ဘေးဖယ်ထားလိုက်ကာ...

"ဟွန်း...တော်တော်တတ်နေပါလား ခွန်းချို"

ဟု မျက်စောင်းချိုကာ သောကဒဏ်ချက်ကို အုပ်မိုးထားလိုက်လေသည်။

"ဟုတ်တယ်လေ...ဒီလောက်လှတဲ့ သီသီ ယောကျ်ားမရသေးတာ...မရတာတော့ မဖြစ်နိုင်ဘူး၊ ဂျီးများနေလို့ပဲ ဖြစ်မယ်"

"မင်း ထင်ချင်သလို ထင်လေကွာ၊ ဒါပေမယ့် မင်းမြားဦးက အဖေဘက် လှည့်လိုက်၊ အဒေါ်တွေဘက် လှည့်လိုက်တော့ လုပ်မနေနဲ့၊ ဖြေစရာရှိတာ ဖြေလိုက်"

ဟေသီမောင်က သူ့ထုံးစံအတိုင်း ခပ်ပြတ်ပြတ်ပင် ပြောလိုက်လေသည်။

ခွန်းချိုမောင်က...

"ဟက်ကနဲ" ရယ်သွမ်းသွေးလိုက်သောအခါ သွားတက်ကလေးများ ပေါ်သွားပုံ၊ မေးချိုင့်ကလေး ခွက်ဝင်သွားပုံက အစသိသာ



www.burmeseclassic.com

www.burmeseclassic.com

ထင်ရှားလာပါလား။ ကြီးကောင်ဝင်လာလေလေ နာကြည်းမှုစိတ်တို့ မပြယ်နိုင်သော မျက်နှာပြင်၏ပုံရိပ်နှင့်တူလေလေမို့ပင့်သက်ကိုတိတ်တခိုး ရှိုက်လိုက်ပြီး မျက်နှာလွှဲလိုက်သည်။

"သီသီ့ဆီကလည်း စစ်ကူမရပါလား"

"ဒါပေါ့ မြေးရဲ့ မင်းပဲ တရားသူကြီးအနေနဲ့ ဆုံးဖြတ်ပါ"

ဦးကိုကိုမောင်က ဝင်ပြောလိုက်သည်။

ခွန်းချိုမောင်က ခေါင်းရှိ မတိုမရှည်ဆံပင်ကို လက်ငါးချောင်းနှင့်ဖွဖွထိုးကာ သပ်တင်လိုက်ပြန်သည်။

ဘုရားရေ…တူနေပြန်ပါပြီကော အမူအကျင့်တွေက။

ဒီကလေးကို မြင်တိုင်း ရင်ထဲ ဝေဒနာရပ်တွေက လျော့ပါးသွားသည့်အပြင် တိုး၍တိုး၍လာပါလား။

"အဟမ်း…သားကို လူကြီးအဖြစ် လူရာသွင်းတာဆိုတော့လည်း သားပဲ ဆုံးဖြတ်ရမှာပေါ့၊ ဒါဆို…မာမီ၊ ညီလေးတွေကော ညီမလေးတွေကော တစ်ပြုံကြီး မွေးပေးရမယ်၊ ဒါမှ သားအတွက် ပိုပျော်စရာကောင်းမှာ၊ နောက်တောင်ကျနေပြီ"

ဒီတစ်ခါအရိုက်ထိသွားရသူမှာ ဇင်ဇင်လတ်ဖြစ်သွားရသည်ကို နီရွှေသွားသော သူ့မျက်နှာပြင်ကိုကြည့်လိုက်ရုံနှင့် ဟေသီမောင် သိလိုက်ရလေသည်။

"ကဲပါ…လာ…သား၊ ဒယ်ဒီနဲ့အတူ စာကြည့်ခန်း သွားရအောင်၊ ဒီည ဝိုက်ဒ်အနေနဲ့ ဒက်ဒီလုပ်ပေးမယ်၊ ဒယ်ဒီလည်း ကေ့စ်တစ်ခုအတွက် စာအုပ်တွေ လှန်လှောစရာရှိနေလို့"

ကိုကိုတေဇာမောင်က အရိပ်အကဲနားလည်စွာဖြင့် ခွန်းချိုကို ပထုတ်သွားလေသည်။





"အိုကေ ဒယ်ဒီ၊ ဒါလေးတွေ မ.သွားလို့ ရသလား"

"နိုးနိုး…မိုင်ဆန်း၊ သားအတွက် မာမီ စာကြည့်ခန်းထဲကို ပို့ခိုင်းထားပြီးပါပြီ"

ဇင်ဇင်လတ်က လှမ်းကာ ဟန့်တားလိုက်သည့်တိုင်အောင် ခွန်းချိုက ငါးမုန့်ကြော်တစ်ချပ်ကို လှမ်းယူကာ ဧည့်ခန်းထဲမှ ပြေးထွက်သွားလေသည်။

"ကလေးဟာ ကလေးပဲပေါ့ ဇင်ဇင်"

ဟု ဒေါ်တင်တင်ကြီး (ကြီးကြီး) က ကောက်ချက်ချလိုက်လေသည်။

ဒေါ်တင်တင်ငယ် (မာမာ) ကတော့ ပြုံးကာ…

"ဇင်ဇင်ပြောတာ မှန်ပါတယ်၊ သားခွန်းချိုတို့အရွယ်ဟာ အချိုးဆိုရင် မက်ကျူးဝါး (ရင့်ကျက်ခြင်း) မဖြစ်တော့ သူတို့လူပျိုပေါက်မှာ ရှိုးထုတ်တတ်နေပြီ၊ အမေလုပ်တဲ့သူက ကိုယ်ဝန်ဆောင်တာကို ရှက်တတ်ကြသေးတယ်၊ ခွန်းချိုကတော့ သဘောထားကြီးတဲ့ကလေးမို့ နားလည်ကျေနပ်နိုင်မှာပါ၊ ဒီဖာသီစ္စအတွက် ကြီးကြီးနဲ့ ဘောဘီမှာ တာဝန်အရှိဆုံး ဖြစ်သွားပြီ"

ဟေသီမောင် ကြီးကြီးကို လှမ်းကြည့်လိုက်သည်။ ကြီးကြီးကလည်း အကြည့်မို့ မျက်လုံးချင်း စကားပြောကြသည်။

ဟေသီမောင်မျက်လုံးထဲတွင်တော့ "ဒီကိစ္စ ကြီးကြီးပဲ ကြည့်ပြောလိုက်ပါ" ဟု ပြောကြားနေသည်။

ကြီးကြီးက သူ့မျက်လုံးထဲက စကားကို ကျက်မိပြီး ခေါင်းညိတ်ကာ…

"ဒီကိစ္စက မြန်မာပြည်မှာ အောင်မြင်နေပြီဆိုတော့မှ သိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



စနစ်ဇယားစည်းကမ်းတွေက များလွန်းတော့ သမီးဇင် လုပ်နိုင်ပါ့မလား၊ ခွန်းချိုတာဝန်က တစ်ဖက်၊ ဖန်ပြွန်သန္ဓေသားက တစ်ဖက်ဆိုတော့..."

"လိုအပ်ရင် ဘေဘီလည်း ခွန်းချိုကို တာဝန်ယူပေးပါ့မယ်"

ဟေသီမောင်ကပါ အာမခံချက် ပေးလိုက်သည်။

ဇင်ဇင်လတ်က တွန့်တိုစွာဖြင့်...

"ရပါတယ်...ဇင်ဇင် အားလုံးကို အသေးစိတ် လေ့လာပြီးပါပြီ၊ ဇင်ဇင် လုပ်နိုင်ပါတယ်"

သိသားပဲ...။ ဇင်ဇင်၏လောဘက အတောမသတ်နိုင်မှန်း ကိုကိုနှင့်ခွန်းချိုကို ပိုင်ဆိုင်ခွင့်ရရုံနဲ့ မလုံလောက်ပါလား။

ဟေသီမောင် ထပ်မပြောတော့ဘဲ...

"ဒါဆို အန်တီမြနဲ့ပဲ အပ်ရမှာမှတ်လား ကြီးကြီး"

"ဒါပေါ့...မမမြနဲ့ တိုင်ပင်ပြီး တို့များကလည်း လိုအပ်သလို ကူညီပေးရမှာပေါ့၊ ဇင်ဇင်ရယ်၊ စောစောကတည်းက စဉ်းစားခဲ့ရင် First lady မြန်မာပြည်ရဲ့ ပထမဦးဆုံး ဖန်ပြွန်သန္ဓေမိခင် ဖြစ်သွားမှာ"

"ခွန်းချို ဆယ်တန်းအတွက် အရေးကြီးတယ်၊ သူ့တာဝန်တွေကို အရေးကြီးတဲ့ ဆယ်ကျော်သက်မှာ လမ်းမမှားဖို့ကို စောင့်ရှောက်ပေးဖို့ပဲ အာရုံရှိသလို ဖန်ပြွန်သန္ဓေဆိုတာကို လျှို့ဝှက်ထားရမှာပဲလေ၊ ခွန်းချိုလို ထက်မြက်တဲ့ကလေးက ဖန်ပြွန်သန္ဓေရဲ့သဘောတရားကို နားလည်မှာပဲ၊ သိသွားရင် ဇင်ဇင် ရင်ကျိုးရချည်ရဲ့"

ထိုစကားမျိုးကို ဇင်ဇင်က အတိအလင်းပင် ပြောရဲဆိုရဲသည်ပေါ့...သူမှာသာ၊ ဟေသီမောင် တစ်ခါတစ်ရံ စိတ်လွတ်ကိုယ်လွတ်နှင့် လောဘကြီးကို အရွဲ့တိုက်ပစ်ချင်စိတ်ပင် ပေါ်လာခဲ့သည်။





နောက်ဆုံး...

ဘဘကြီး ဒေါက်တာဦးကိုကိုမောင်နှင့် ကြီးကြီး (ဒေါက်တာတင်တင်ကြီး) နှင့် သူ၏မိဘနှစ်ပါး၊ ကိုကို (ဒေါက်တာတေဇာမောင်) နှင့် သူပါအပါအဝင် ဇင်ဇင်လတ်၏ဆန္ဒကို လိုက်လျောပေးရုံမက ကူညီရန် ဆုံးဖြတ်ပေးလိုက်ရလေတော့သည်။

ဇင်ဇင်...

"နင် ငါ့ကို နည်းနည်းလေးမှ ငဲ့မကြည့်ဘူးနော်" ဟု ဟေသီမောင် မေးလိုက်ချင်သည်။

ဘာပဲပြောပြော ဇင်ဇင်သည် သူတို့မိသားစုအတွက် မျိုးဆက်များ ပေးအပ်နင်းမည့် သမီးတော်တစ်ပါးလို အားလုံးက ဝိုင်းယုယ ဂရုတစိုက် ရှိရပေဦးတော့မည်ပင်။

"အကြံပိုင်ပါပေ့ ဇင်ဇင်ရယ်" ဟု ဟေသီမောင်က ဇင်ဇင်လတ်ကို လှမ်းကြည့်လိုက်သည်။

ဇင်ဇင်လတ်က သူ့အား လှမ်း၍ပြုံးပြသည်။

"တရုတ်စကားပွင့်သုတ်လေး စားပါဦး ဟေသီ၊ နင်ကြိုက်မယ်ထင်လို့ ငါသုတ်ထားပေးတာ"

"ငါမကြိုက်ဘူး...ပြန်တော့မယ်၊ စာဖတ်စရာ ရှိသေးလို့၊ ဘဘကြီးနဲ့ကြီးကြီး...ဘေဘီ ပြန်လိုက်ပါဦးမယ်၊ ဂွတ်နိုက်"

"ဂွတ်နိုက် ဘေဘီ"

"အေးအေး...နိုက်ဘေဘီ...ဂွတ်နိုက်၊ ပါပါတို့ နေခဲ့ဦးမယ် ဘေဘီ"

"ဟုတ်ကဲ့ ပါပါ"

ဟေသီမောင် အားလုံးကို ကျောခိုင်းပြီး အောက်ထပ်သို့



www.burmeseclassic.com

www.burmeseclassic.com

ဆင်းခဲ့သည်။ ဖွင့်ထားသော စာကြည့်ခန်းထဲမှ ခွန်းချိုမောင်က သူ့ဒယ်ဒီအား တပြုံးနေသံ ကြားရသောအခါ ရင်ထဲဝယ် ကျေနပ်သွားသကဲ့သို့ကြေကွဲမှုကလည်းရောယှက်လာလေသည်။

အမှန်တော့ မိမိရသင့်သောနေရာမှန်သမျှကို အားလုံးကို ခွဲဝေပေးလိုက်ရခြင်းအတွက် ရင်ဝယ် ချမ်းမြေ့ခြင်းတို့ကို မရနိုင်ပါသော။ ဒီလိုအနာဂတ်ဖြစ်ပေါ်မယ်မှန်းသာ ကြိုတင်သိခဲ့မယ်ဆိုပါက...။







အခန်း(၃)

"လာ...ညလေး"

ကိုကိုတေဇာမောင်က သူ့ကိုမြင်မြင်ချင်း ထကာ နေရာပေးလိုက်လေသည်။

အိမ်နားမည် ချစ်စနိုးအရကိုကိုတေဇာမောင်ကို (ဆန်နီ)၊ သူ့ကို (ဘေဘီ)ဟု သူငယ်ချင်းနှင့် အမျိုးများက သိရှိကြလေသည်။

သို့သော်...သူ့ကို "ညလေး" ဟု ခေါ်သူမှာတော့ ဤကမ္ဘာလောကတွင် တစ်ယောက်တည်းသာ ရှိသည်။ ဤသည်က ကိုကိုတေဇာမောင်(ခေါ်)ဆန်နီတစ်ဦးတည်းသာ ဖြစ်သည်။

မောင်နှမတစ်ဝမ်းကွဲပေမင့် တစ်ဦးတည်းသောသားနှင့် သမီးဖြစ်ကြခြင်းကြောင့် အရင်းအချာကဲ့သို့ ချစ်ခင်ရုံမက အသက် (၅)လပဲ ကွာခြားခြင်းကြောင့် ကျောင်းတက်တော့လည်းတစ်တန်း



www.burmeseclassic.com

www.burmeseclassic.com

တည်း တစ်ခန်းတည်း အတူတူပင်။ ဆေးတက္ကသိုလ် တက်တော့လည်း အတူတူပင်မို့ တစ်ဦးနှင့်တစ်ဦး ချစ်ခင်မှု မပျက်ချေ။

သို့သော် ဇင်ဇင်သည် သူငယ်ချင်းဘဝမှ သူတို့ကြား။

ကိုကိုအတွက် ဇနီး။

သူ့အတွက် "ယောင်းမ" အနေနှင့် ဝင်ရောက်လာသောအခါ အနည်းငယ် အနေဝေးသွားခဲ့သည်။

သို့ပေမယ့် ချစ်ခင်မှု သံယောဇဉ်ကတော့ လုံးဝမလျော့ပါး ဘူးဟု သူတို့ခံစားရလေသည်။

"ညလေး...မျက်နှာမကောင်းဘူးဆိုတာ ကိုကို ညကတည်းက ရိပ်မိပါတယ်၊ ဒါကြောင့် ညလေးကို ဖုန်းဆက်ချိန်းလိုက်တာ"

"ညလေး ခံစားချက်ကို ကိုကိုနားလည်မှာပေါ့၊ သစ္စာမဲ့သူ တစ်ယောက်ကို ချစ်မိတဲ့ညလေးအတွက် ရရှိလာတဲ့အပြစ်ဒဏ်တွေက ထိုက်တန်ရဲ့လား ကိုကိုရယ်၊ ညလေးတော့ အားလုံးကို နားမလည်နိုင်တော့ဘူး။ အားလုံးဆိုတဲ့အထဲမှာ ပါပါ မာမာ ဘဘကြီး ကြီးကြီးနဲ့ ကိုကိုတို့လင်မယားပါပါတယ်"

ကိုကိုတေအာမောင်ကပြုံးကာ သူ့ခေါင်းကို ဖွဖွလေးပုတ်ပြီး—

"ကိုကို့ကိုပါ ဆွဲထည့်တယ်ပေါ့။ ကိုကိုက ညလေးရဲ့စိတ်ကို အသိဆုံးပါ"

"ဒါဆိုရင် ကိုကိုတို့ သားသမီးရေးရင် ခွန်းချိုကို ညလေးကိုပြန် ပေးပါလားဟင်"

ကိုကိုက ရယ်သွမ်းသွေးကာ သူ့အတွက် ဆန်းကစ်တစ်ဘူး ဖောက်၍ကိုယ်တိုင်ငဲ့ပေးပြီး...

"ညလေးဟာ ကိုကိုထက် (၅)လပဲ ငယ်ပေမယ့် ကလေး





ဆန်တုန်းပဲ၊ ဇင်ဇင်နဲ့ ရွယ်တူဆိုပေမယ့် ဇင်ဇင်က လူကြီးဆန်တယ်"

"ဟွန်း...တော်ပါ၊ သူ့မယားဘက်က ရာသက်ပန် ရှေ့နေကြီး မှန်းညလေးသိပြီးသားပဲ၊ ကိုင်း...ဘာပြောစရာရှိလို့လဲ ညလေးကိုခေါ်တာ"

ထုံးစံအတိုင်း နွဲ့ဆိုးဆိုးလို့ရသော ကိုကို့ကို ဟေသီမောင် ဆိုးနွဲ့လိုက်သည်။

သောက်လက်စ ဆန်းကစ်ဖန်ခွက်ကို ဆောင့်ချလိုက်ပြီး နှုတ်ခမ်းစူကာ ရန်တွေ့လိုက်သည်။

"ဟားဟား...လင်နဲ့ မယားဆိုတာ တစ်ကြိတ်တည်း တစ်ဉာဏ်တည်း ရှိရတယ်လေ၊ ဒါမှ ရှေ့သွားနောက်လိုက် ညီတဲ့ ရာသက်ပန် ဇနီးမောင်နှံ ဖြစ်တော့မပေါ့၊ ညလေးရာ၊ ကဲပါ...ကိုကိုပြောချင်တာက ညလေး ဇင်ဇင်ဆန္ဒကို ကူညီပေးလိုက်ပါ"

"ကူညီပေးလို့ ရလာမယ့် အကျိုးကျေးဇူးနဲ့ တုန့်ပြန်မှုက ညလေးအတွက် ဘာရရှိနိုင်သလဲ၊ ညလေးဘဝက ဒီလိုနဲ့ပဲ ပြီးဆုံးသွားရမှာလား"

"မပြီးဆုံးရပါဘူး ညလေးရာ၊ ညလေးအသက် အနုမှ ဘယ်လောက်ရှိသေးလို့လဲ၊ သုံးဆယ့်ငါးပဲ ရှိသေးတာ၊ လူ့ဘဝဆိုတာ လေးဆယ်မှ စတယ်လို့ စာဆိုရှိသားပဲ၊ ဘဝမစသေးပါဘူး...ညလေး ပျော်ရွှင်သွားရမှာပါ၊ ကိုကိုအာမခံပါတယ်ကွာ"

ပင်ကိုယ်က စိတ်မကောက်တတ်သော ဟေသီမောင် ချက်ချင်းပင် စိတ်ပြေကာ...

"ဇင်ဇင်ကို အန်တီမြနဲ့ အရင်ဆွေးနွေးကြည့်နိုင်းမယ်လေ၊ ဘာကယ်လို့ အောင်မြင်သွားရင် ခွန်းချိုကို..."



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုတေအာမောင်ကလက်ကာလိုက်သည်။

"ဟိုး...ဟို...ခွန်းချိုမောင်ဟာ ကိုကိုရဲ့သားကြီးပဲ၊ မွေးစာရင်းအရကော သန်းခေါင်စာရင်းအရပါ ကိုကိုတို့ သားကြီးနေရာက အမြဲရှိသွားမယ်၊ ဒါပေမယ့် အမှန်တရားကိုတော့ ခွန်းချို ဦးနှောက်နဲ့ နှလုံးသားကို အထိအခိုက် မရှိပဲ လက်ခံနိုင်တဲ့ တစ်နေ့မှာတော့ သူ့ဆုံးဖြတ်ချက်ကို ကိုကိုတို့ ညလေးတို့ လေးစားလက်ခံပေးကြရမှာပါပဲ"

"ကိုကိုကတော့ဟုတ်ပါပြီ၊ ဇင်ဇင်ကကော လက်ခံပါ့မလား"

"ဇင်ဇင်ကိုယ်တိုင် ဝမ်းနဲ့ လွယ်မွေးရတဲ့ မိခင်တစ်ယောက်ရဲ့ နှလုံးသားကိုပါ စာနာတတ်လာမယ်ဆိုရင်တော့ လက်ခံမှာပါ၊ ကိုကို ညလေးဘဝကို ပြည့်စုံချမ်းမြေ့စေချင်တယ်၊ တစ်နေ့နေ့မှာတော့ ညလေး ကိုကို့ကို ကျေးဇူးတင်သွားမှာပါ"

ဟောသီမောင်...ကိုကိုတေအာမောင်ကိုစိုက်ကြည့်ကာ အဖြေရှာလိုက်သည်။

ကိုကိုက ရယ်မောနေသည်။ နောက်...သူ့နှဖူးကို လက်သီးဆုပ်နှင့် ဖွဖွလှမ်းထုလိုက်ပြီး...

"ကိုကိုတို့ကို မယုံဘူးလား ညလေး၊ မိသားစုဝင်အားလုံးက ညလေး စိတ်ချမ်းသာပျော်ရွှင်မှုကိုပဲ လိုလားခဲ့ကြတာပါ၊ ဒါပေမယ့် ညလေးရဲ့အနာဂတ်ကိုလည်း တောက်ပစေချင်လို့ စီစဉ်ခဲ့တဲ့ကိစ္စတွေပါ၊ မှားခဲ့ရင်လည်း စေတနာအမှားတွေလို့ပဲ သတ်မှတ်ပေးပါ ညလေးရာ၊ ကိုင်း...ညလေး ဘာကိုမှ မတွေးနဲ့...စိတ်ဆင်းရဲမနေနဲ့၊ ညလေး အရှိန်ကြာကြာ မစောင့်ရတော့ပါဘူး၊ အလွန်ဆုံး (၂) နှစ် (၃) နှစ်ပါပဲ"

"ကိုကို ဘာတွေကြံစည်နေတာလဲ၊ ညလေး ယောက်ျားမယူဘူးနော်၊ အဲဒီအကြံအစည်ဆိုရင် ညလေး လက်မခံနိုင်ဘူး"





"အေးပါ ညလေးရယ်၊ ညည်းစိတ်ကို ကိုကိုနားအလည်ဆုံးမို့ ညည်းစိတ်ဆင်းရဲရမယ့်အလုပ်ကို ကိုကိုလုပ်ပါ့မလား၊ ကိုင်း...ကိုကို အော်ပရေးရှင်း ဝင်စရာ ရှိသေးတယ်၊ ညလေး ပြန်တော့၊ စိတ်ချမ်းသာအောင် နေနော်၊ ကိုကို့ကို ယုံကြည်တယ်မှတ်လား"

ဟောသီမောင် ခေါင်းညိတ်လိုက်ပြီး လက်ကျန် ဆန်းကစ်ကို မော့သောက်ပြီး အခန်းထဲမှ ထွက်ခဲ့လေသည်။

"ဘိုင့်ဘိုင် ညလေး"

"ဘိုင့်...ကိုကို"

ဟောသီမောင် ထွက်ခဲ့ပြီး ကားကို ဗဟိုအမျိုးသမီးသားဖွားဆေးရုံကြီးဆီသို့ မောင်းထွက်ခဲ့လိုက်လေသည်။ ရင်ထဲမှာတော့ ဝေဒနာအနည်းငယ်လျော့ပါးသွားသယောင်ယောင်ပင်။ ပြည့်ပြည့်ဝဝ တော့...။

ဇင်ဇင်၊ ကြီးကြီးနှင့်အတူ မာမိပါ သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အန်တီမြဆီ သွားမလို့ လာခဲ့တာ"

ဆုံးဖြတ်ချက် ချပြီးပြီဖြစ်သော ဇင်ဇင်ကတော့ အောင်နိုင်သူ၏အပြုံးမျိုး အမြဲတက်ကြွ ပြုံးပျော်လျှက်ရှိသည်။ ဇင်ဇင်က အချော အလှကြီးမဟုတ်၊ သို့သော် မျက်နှာဝိုင်းဝိုင်း မျက်ဝန်းနက်နက်နှင့် နှုတ်ခမ်းစုဝိုင်းဝိုင်းလေးက အမြဲပြုံးယောင်သန်းနေတတ်သည်။

အများစု မှတ်ချက်အရ "ချစ်မွေးပါသောသူ" ဟူ၍ဖြစ်သည်။

"ခဏလေး ဇင်ဇင်၊ အရေးကြီးကေ့စ် ရှိမရှိ မေးလိုက်ဦးမယ်၊ မရှိရင် ရောင်းမလှည့်ခင် လိုက်ပို့ပေးမယ်၊ ရှိရင်တော့ ကြီးကြီးနဲ့ပဲ သွားလိုက်တော့"

သူ့ရုံးခန်းတွင် မာမာတို့စောင့်ဆိုင်းနေသည်မှာ နာရီဝက်ပင် ရှိခဲ့လေပြီတဲ့။

အိမ်မှာတော့ မပြောဘဲ ဖြုန်းစားကြီး ရောက်ချလာကာ သူ့အား ချည်ပြီးတုတ်ပြီး ငြင်းမရစဉ် ခေါ်သွားချင်၍ဖြစ်မည်ဟု ဟေသီမောင် ကောင်းစွာ သဘောပေါက်လိုက်လေသည်။

တာဝန်ခံ စစ္စတာကို မေးလိုက်သည်။ အရေးကြီးလူနာ ရှိမရှိ၊ ခွဲစိတ်လူနာတွေက ညပိုင်းနှင့် နံနက်စောစောပိုင်းတွင် များသည်။ ရိုးရိုးမွေးလူနာတွေက တာဝန်ကျအဆောင်မှ ဆရာဝန် ဆရာမများနှင့် ပြီးလေသည်။

"မရှိပါဘူး ဒေါက်တာ"

ကိစ္စက ပြတ်နေလေပြီ။

ဇင်ဇင်တို့က်ကောင်းလိုက်ပုံကတော့ ရှင်ဘုရင်ပုဆိုး ပိုးချည်းဆိုသလိုပါပဲလား။

"ကိုင်း...ဒါဖြင့် သွားကြစို့ ဘေဘီ၊ မမမြကို ဖုန်းဆက်ချိန်းထားပြီးသား"

ကြီးကြီးက ဆော်ဩလိုက်သည်။

"အိုကေ...ရယ်ဒီပါပဲ ကြီးကြီး"

ဟေသီမောင် ငြင်းဆန်နေလို့လည်း အကျိုးထူးမည် မဟုတ်တော့။

ကိုကို့ကို ယုံကြည့်ကာ ဒီကိစ္စ အောင်မြင်အောင် အကောင်အထည်ဖော်ပေးလိုက်ရုံသာ ရှိတော့သည်။

ထို့ကြောင့် သူဦးဆောင်ကာ ဖန်ပြွန်သန္ဓေသားကို အောင်မြင်စွာ ဖန်တီးပေးနေသည့် ပါမောက္ခ ဒေါက်တာဒေါ်မြမြဆီသို့ သူဦးတည်လိုက်လေသည်။

ထိုအဖွဲ့တွင် သူသည်လည်း အန်တီမြ၏လက်ထောက်တစ်ယောက်အနေနှင့် ပါဝင်နေလေပြီဖြစ်သည်။ ထို့ပြင်မကသေး...အန်တီမြသည် သူ၏ဆရာသမားလည်းဖြစ်သည်။ ကြီးကြီးထက်လည်း နှစ်နှစ်စော အတန်းကြီးသည်၊ ကျောင်းနေဘက် စီနီယာလည်း ဖြစ်လေသည်။

ဇင်ဇင်က ပါရာဒိုကားကို သူကိုယ်တိုင် မောင်းနှင်ပြီး ဦးတည်လိုက်လေသည်။

ကားထဲဝယ် လက်ဆောင်ပစ္စည်းများကလည်း တစ်ပုံတစ်ပင်၊

အိမ်ကိုသွားကာ စီနီယာ ဆရာသမားကို တွေ့ဆုံကာ ဂါရဝပြုရင်း အကြံဉာဏ်ယူခြင်းမို့ ဇင်ဇင်က လိုလေသေးမရှိ စီစဉ်ပေးခြင်းဖြစ်သည်။

အမှန်တော့ ဇင်ဇင်သည် အင်မတန် လာဘ်မြင်ပြီး ထက်မြက်




www.burmeseclassic.com

www.burmeseclassic.com



သော တော်သော မိန်းမတစ်ယောက်ဖြစ်ပါသည်။

"ဟေသီ..."

တစ်မျိုးလုံးနှင့် ရင်းနှီးသော သူငယ်ချင်းများက "ဘေဘီ" ဟု ခေါ်သော်လည်း ဇင်ဇင်ကတော့ သူ့အား "ဟေသီ" ဟုပင် ခေါ်ခေ သည်။

"ဆို..."

"ခွန်းချိုက ပြောတယ်"

"အင်း..."

ခွန်းချိုဟူသောအမည်လေးကို ကြားရရုံမျှနှင့် သူ့ရင်ထဲ သည် တလှပ်လှပ် ခုန်လာတတ်လေသည်။

"မာမီ...ကလေးကို ယူဖို့သာ အာရုံစိုက်ပါ၊ သားအတွက် လိုအပ်လာရင် ဒယ်ဒီ့အပြင် သီသီလည်း ရှိတာပဲတဲ့၊ အားနေတဲ့သီ ကို အလုပ်ရှုပ်အောင် ပညာပေးရမယ်တဲ့လေ၊ ဟင်း...ဟင်း"

"ဒီတော့ နင်ဘာပြောလိုက်သလဲ"

"မာမီ့ဘဝအတွက် သားဟာ ပထမ ဦးစားပေးပါပဲလို့၊ မာ မထနိုင်ရင်တော့ တစ်မျိုးပေါ့လို့ပဲ ပြောလိုက်တာပေါ့ ဟေသီရယ် ငါဖြေလိုက်တာ မမှန်ဘူးလားလို့"

"ကောင်းပါတယ်"

ဟေသီမောင် ဒုန်းတိတိပင် ဖြေလိုက်သည်။

ကြီးကြီးနှင့်မာမာကတော့ မတွေ့ရတာကျနေသည့်အလာ နောက်ခန်းတွင် တွတ်ထိုးရင်း သူ့လူနာ ကိုယ့်လူနာအကြောင်းဖေ ဖလှယ်ရင်း ရယ်ပွဲဖွဲ့လျက်ရှိလေသည်။

အမွှာဟူသောစရိုက်က ငယ်စဉ်က ချစ်စရာကောင်းသ





ပင် ကြီးလာတော့လည်း တစ်မျိုးကျက်သရေရှိလေသည်။

အင်း...ဖန်ပြွန်သန္ဓေသားတွေကို အမွှာလည်း ဖန်တီးပေးလို့ ရနေသည်ဆိုတော့...။

ဟေသီမောင် စဉ်းစားလိုက်မိသည်။

ရင်ထဲ၌ ကြိတ်၍ပြုံးမိလေသည်။ နေနှင့်ဦးပေါ့ ဇင်ဇင်ရယ်၊ နင်ဒီလောက်တောင် အားနေမှတော့ ထိန်းပေအုံးတော့ အမွှာဟု စိတ် ထဲ ကြုံးဝါးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၄)

"ကံတရားပဲ…သားသမီးဆိုရင် ပြီးတာပါပဲ၊ သားရရ သမီးရရ လိုချင်တယ်၊ အမှာရမယ်ဆိုရင် ပိုကောင်းပါတယ်"

ဇင်ဇင်က ပြုံးပြတ်သည်။

ဖန်ပြွန်သန္ဓေ ယူဖို့အတွက် စီမံကိန်းကို စတင်အကောင်အထည် ဖော်နေလေပြီဖြစ်ရာ ထိုကိစ္စနှင့် ပတ်သက်လေတိုင်း ခွန်းချိုလစ်မှသာ ဟောသီတို့အိမ်သို့ ကူးလာပြီး အကြံဉာဏ်ယူလေ့ရှိသည်။

ဟောသီမောင်က ယခုအချိန်၌ ဆရာဖြစ်သွားလေပြီ။

တော်တော်လေးကို ဂရုစိုက်ရသည်။ အမှားမခံ၊ ညွှန်ကြားချက်များကိုလည်း တိတိကျကျ လိုက်နာရသည်မို့…

"ဟောသီ…ဆယ့်နှစ်နာရီခွဲရင် ခွန်းချိုကိုကျောင်းသွားကြိုပေးပါဟာ၊ ဖြစ်မလား…ငါ့ကို ချိန်းထားတာရှိလို့"





ဟောသီမောင့်ရင်ထဲ လှိုင်းဂယက်ထသွားလေသည်။

ခွန်းချိုနှင့်သူ လက်ပွန်းတသီး တစ်ခါမှ မနေခဲ့ဖူးပါချေ။

ခွန်းချိုကိုမြင်တိုင်း ရင်ထဲ၌နာကျည်းမှုဝေဒနာဆူးက နစ်ဝင်သွားတတ်သည့်အတွက် သူရှောင်ဖယ်၍နေခဲ့သည်။

ဤသည်ကို မိသားစုအသိုင်းအဝိုင်းအားလုံးကလည်း နားလည်ပုံရသည်။ ခွန်းချိုနှင့်သူကြားမည်သူမှ ပေါင်းကူးတံတား မလုပ်ပေးပါချေ။

ယခု ဇင်ဇင်က ဒရိုင်ဘာကို မခိုင်းတာ စိတ်မချ၍လား မသိ၊ သူ့အား အကူအညီတောင်းလာသည်ကို…

"ရတယ်လေ"

"ကိုယ့်ကားက ကျောင်းရဲ့ဘယ်ဘယ် ချာ့ဒ်ရှေ့မှာ ထိုးလေ့ရှိတယ်၊ နှင်နာရီဝက် စောရောက်အောင် သွားရလိမ့်မယ်နော်"

"ဘုရားရေ…နာရီဝက်တောင်"

"ဒီလိုမျိုး လုပ်ခဲ့တာ ခွန်းချို ကေဂျီ(K.G)ကနေ ဆယ်တန်းရောက်လာတဲ့အထိလေ ဟောသီ၊ ငါ တစ်ခါမှ ဘုရားမတာခဲ့ဖူးဘူး၊ ခြော်…ပြီးရင် သားကိုတစ်နေရာခေါ်သွားပြီး ထမင်းကျွေးလိုက်ပါဟာ၊ ငါ့အကြောင်း မေးရင် အိုဂျီဆီ သွားတယ်လို့သာ ပြောလိုက်ပါ၊ သားအတွက် ဝတ်စုံနဲ့ ကျူရှင်လွယ်အိတ်ကိုငါ ဒရိုင်ဘာကို နင့်ဆီ ပို့ခိုင်းထားတယ်၊ နင့်ကားနားမှာ စောင့်နေလိမ့်မယ်"

ဇင်ဇင်၏အကွက်စေ့ စီမံမှုကြား၌ ဟောသီမောင် "အင်း" ဟူသော တုန့်ပြန်ခြင်းမှတစ်ပါး အခြားစကား ဝင်မတိုးနိုင်ချေ။

"ငါစိတ်ချမယ်နော်"

"ပြောစရာလိုလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းချိုင့်က တမင်ထည့်မပေးလိုက်တာ၊ ခွန်းချိုနဲ့ နင့်ကို ရင်းရင်းနှီးနှီး ဖြစ်စေချင်တဲ့ စေတနာ ငါ့ရင်မှာ ရှိပါတယ် ဟေသီ...ဒါပဲ နော်"

ခင်ခင်က စကားကို အနိုင်နှင့် ပိုင်းကာ ဖြတ်ချပြီး ဖုန်းကို ဦး အောင် ချသွားလေသည်။

သူ ဇင်ဇင့်အား ပြန်ထိုးနှက်ရန်ပင် စကားစ ရှာမရနိုင်ချေ။

ဇင်ဇင့်အား သူတို့မိသားစုတစ်စုလုံးက ကယ်တင်ရှင်တစ်ဦး ဖွယ် သဘောထားက ချစ်မြတ်နိုးနေကြသည်။

ဇင်ဇင်၏အကြောင်းကို ထုတ်ဖော်ရန်လည်း သူမစဉ်းစား၊ စိတ်ကူးလည်း မရှိ၊ ဇင်ဇင်သည် အကြံကြီးသော ဉာဏ်များသော မိန်းမ တစ်ဦးဖြစ်သည်ကိုတော့ သူသိနေသည်။

သို့သော် အခွင့်အခါကောင်းကို စောင့်ယူတတ်သော အကြံ သမားဖြစ်ရုံသာ ရှိသည်။

ကောက်ကျစ်ယုတ်မာစိတ်တော့ မရှိဘူးဟု သူယုံကြည်ထား မိသည်။

အဘယ်ကြောင့် ဆိုသော် ဇင်ဇင်သည် သူ၏အချစ်ဆုံး သူငယ်ချင်းဖြစ်ခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။

သူ တွေးနေရာမှ နာရီကို ကြည့်ကြီး ရင်ခုန်သံနှုန်း မြန်သွား သည်။

သူ ဒီနေ့ထမ်းဆောင်ရမည့်တာဝန်ဝတ္တရားသစ်အတွက် သူ ဆန္ဒစောနေသည်။

အောင်အောင်မြင်မြင် ချောချောမောမောမှ ထမ်းဆောင်နိုင် ပါ့မလားဟုလည်း စိုးရိမ်မိလေသည်။





ခွဲမွေးလူနာ အယောက်တစ်ရာလောက်ကိုသာ မွေးပေး ဖို့ကိုချင်သည်။

ခွန်းချိုနှင့် တစ်နာရီပြည့်အောင် မျက်နှာချင်းမဆိုင်လိုပေ။

"ဟူး..." ကနဲ နေအောင် သက်ပြင်းချပြီး ထမင်းစားချိန် သူ အပြင်ထွက်ဦးမည့်အကြောင်း လက်ထောက်ဆရာဝန်ကို မှာခဲ့ပြီး ဆေးရုံထဲမှ ထွက်ခဲ့လေသည်။

၌ ၌ ၌ ၌

သူ ကားထဲ၌ပင် စောင့်နေလိုက်သည်။ တူညီဝတ်စုံ၊ အရွယ် ပုံ ဆိုဒ်စုံကြားက ခွန်းချိုကို သူလှမ်းမျှော်ကြည့်နေမိသည်။

သိပ်မကြာလိုက်၊ အဝေးကပင် ထူးခြားသော အာရုံတစ်မျိုး အရ တူညီဝတ်စုံကြားမှ ခွန်းချိုကို သူထင်ထင်ရှားရှား လှမ်းမြင်လိုက်ရ လေပြီ။

ဟိုဟိုဒီဒီ ကြည့်ကာ ရှာဖွေနေပုံရသည့် ခွန်းချိုကို ကြည့်ရင်း သူ့ရင်ထဲ၌ ထိရှနာကျင်မှုဝေဒနာတစ်ရပ်က တိုးဝှေ့ဝင်ရောက်လာပြန် သည်။

ခွန်းချို ဘယ်သူ့ကို ရှာဖွေနေသည်ကို သူကောင်းစွာသိနေ သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖင်ဖင့်ကိုပဲ ဖြစ်မည်ပေါ့။

"သူ့ကို မမြင်ဘူးလား" ဟူသောအတွေး ဝင်လာသည်နှင့် ခွန်းချိုရှိရာသို့ လျှောက်သွားမိသော သူ့ခြေလှမ်းတို့သည် ခဲဆွဲထားသည့်နှယ် လေးလံသွားလေသည်။

ခွန်းချိုတောင် လူပျိုပေါက်ကြီးဖြစ်လာပါပြီကော။ ပြီးတော့...

"ဟာ...သီသီ"

ဆယ်ပေအကွာလောက် ရောက်မှ သူ့အား မြင်တွေ့သွားသော ခွန်းချိုနှုတ်မှ အံ့အားသင့် အာမေဋိတ်သံလေး ထွက်လာသည်။

သို့သော် နောက်ဆက်တွဲ မေးခွန်းကြောင့် သူ့ရင်ကိုထိမှန်စေပြန်သည်။

"ဘယ်သူ့ဆီ လာတာလဲ သီသီ၊ သားမာမီနဲ့ကော မတွေ့ဘူးလား" တဲ့။

ရင်ကို အနာကျင်စေဆုံးသော မေးခွန်းများပင်။

ဘယ်သူမပြု မိမိအမှုပေပဲ။

မာကျောနေသော သူ့နှလုံးသားကို ချက်ချင်းပင် ပုတ်နှိုးကာ သတိပေးလိုက်ပြီး...

"မာမီ မအားလို့ ခွန်းချိုကို သီသီလာကြိုပေးတာ"

"ဗျာ...အဟုတ်၊ အနောက်က နေထွက်တော့မယ် ထင်တယ်"

ခွန်းချို၏ လှောင်ပြောင်မှုကို သူ ဥပေက္ခာပြုလိုက်သည်။

"လာ...သွားစို့ ခွန်းချို"

"ကားက ဘယ်နား ရပ်ထားတာလဲ သီသီ"

"အဝေးသင် ရှေ့နားလောက် ရောက်သွားတယ်၊ တို့ထွက်





လာတာ နောက်ကျသွားတယ်"

"ဒယ်ဒီကကော ဘာဖြစ်လို့ လာမကြိုတာလဲ"

"သူလဲ မအားလို့ တို့ကို အကူအညီတောင်းတာနဲ့ တို့လာကြိုပေးရတာ"

"သီသီကတော့ အားတယ်ပေါ့"

"ထမင်းစားချိန်လေ...အပြင်ထွက်စားနေကျဆိုတော့ ကြိုတာနဲ့၊ ကိုင်း...ခွန်းချို ဘယ်မှာ ထမင်းစားချင်သလဲ"

"သီသီ အဆင်ပြေမယ့်နေရာ ကျွေးပါ"

"ခွန်းချို ပိုင်းက ဘယ်ကို ပို့ပေးရမှာလဲ"

"ကမ္ဘာအေးဘုရားလမ်းပေါ်တင်ပါပဲ...ကုက္ကိုင်းဘက်နား"

"ဒါဆို ဆဲဗင်းအပ်(seven up) သွားစားမယ်"

"ကောင်းတယ်...ဒါပေမယ့် နာတယ်၊ ဆီးဖုဒ်(sea food)ကို သားကြိုက်ပေမယ့် ဟော့ပေါ့(Hot pot)ကို စားလို့မဖြစ်သေးဘူး၊ ချွေးတွေ တအားထွက်ရင် ကသိကအောက်ဖြစ်ရတယ်"

"ဟုတ်လား...ဒါဆို(Dolphin)သွားမယ်"

"သီသီသဘောပဲ"

ကားနားသို့ရောက်လာသည်နှင့် ဟောသီမောင် ကားကို ရီမုဒ်နှင့် လှမ်းဖွင့်ပေးလိုက်သည်။

"သားအတွက် အကျီလဲဖို့ ပါရဲ့လား"

"ပါပါတယ်"

"မာမီစီစဉ်ပေးလိုက်တာလား"

"အင်း"

ခွန်းချိုက "မာမီ...မာမီ" နှင့် ပါးစပ်ဖျားက မချခြင်းကို ဟောသီ


www.burmeseclassic.com

www.burmeseclassic.com

မောင် နားလည်ခွင့်လွှတ်နိုင်အောင် ကြိုးစားသည့်ကြားက နားထဲ ခါးသီးလာသည်။

အတိတ်ကို ပြန်သွားကြည့်၍ရလျှင် ပြန်သွားပစ်လိုက်ချင်သည်။

သူ့မှ အိပ်မက်ဆိုးက လွတ်မြောက်လာသောသူပမာ သူ့ဧည့်ဆောင်တီယောင်နနှင့် တွေဝေကာ မောဟိုက်နေလေပြီ။

ဟေသီမောင် ကားကို သတိထား မောင်းလိုက်လေသည်။

ခွန်းချိုက ကားထဲမှာပင် ကျောင်းအင်္ကျီကို ချွတ်လိုက်ပြီး ပျော့ပျော့ပါးပါး တီရှပ်ကို လဲလှယ်ဝတ်ဆင်လိုက်သည်။ နောက်… ဘောင်းဘီတို(Short pan)နှင့် ကျောင်းစိမ်းပုဆိုး လဲလှယ်လိုက်သည်။

ဒါတွေ သူ့အတွက်တော့ အမြင်သစ် အတွေ့အကြုံသစ်ပမာ ဖြစ်နေလေသည်။ ဟေသီမောင် ပင့်သက်ရှိုက်လိုက်မိသည်။

ကလေးတစ်ယောက် မျက်စိရှေ့မှာပင် လျင်မြန်စွာ ပြောင်းလဲလာခဲ့သည်။ ဘယ်နည်းဘယ်ပုံတွေ ပြုစုပျိုးထောင်ပေးခဲ့ရသည်ကို သူ မသိနိုင်ခဲ့ပါချေ။

"သီသီ.."

"အင်း…"

"ရောက်ရင် သားကို နိုးနော်…ဝေးသေးလား"

"အိပ်ဦးမလို့…"

ဟေသီမောင် မျက်လုံးပြူးသွားပြီး အံ့အားသင့်စွာဖြင့် မေးလိုက်ရသည်။ ဤကလေးသည် သူ့အတွက် ထူးထွေဆန်းပြားသော သတ္တဝါလေးတစ်ကောင်လိုပါပဲလား။





"ရက်စ်…နည်းနည်းလေး အိပ်လိုက်ရင် များများလန်းသွားမယ် သီသီ"

ပြောပြောဆိုဆို ဆိုဖာကူရှင်ကို လှန်ချလိုက်ပြီး ခါးပတ်‚ပတ်ကာ အိပ်စက်လိုက်လေသည်။

တခဏတွင်းပင် ခွန်းချို အိပ်ပျော်သွားပုံရလေသည်။

ဟေသီမောင် ပင့်သက်ချမိပြန်သည်။

တစ်ခြံဝန်းထဲ အိမ်ချင်းကပ်လျက် ရှိနေပေမယ့် ခွန်းချို၏ ပြောင်းလဲခြင်းများကို သူ့ဘာဖြစ်၍များ မတွေ့မြင်ခဲ့ရသနည်း။

ရင်ထဲ မခံစားနိုင်၍ ဥပေက္ခာပြုထားမိသည်ဟူသော ဆင်ခြေသည် ယုတ္တိရှိခြင်း မရှိခြင်းကို ဟေသီမောင် စဉ်းစားရလေပြီ။

ဘုရားရေ…ခွန်းချိုသည်သာ အမိကကျသော ဆုံးဖြတ်ပိုင်ခွင့် ရှိသောသူပါလား။

"ခွန်းချိုမောင်" ဟူသော လူသားလေးက ကိုကိုတေဇာမောင်နှင့် ဇင်ဇင်လတ်တို့၏ ပြုစုပျိုးထောင်မှုအောက်ဝယ် အစွမ်းကုန် ပွင့်လန်းတော့မည့် တက်သစ်စ ရောင်နီပျို့နေမင်းပမာ ဖြစ်နေပါလား။

ဘုရား…ဘုရား။

သူ့ရင်ဆိုင်ရမှာ ပါပါ၊ မာမား၊ ဘဘကြီး၊ ကြီးကြီး၊ ကိုကို၊ ဇင်ဇင်တို့နှင့် မဟုတ်။

(၁၆)နှစ်ထဲသို့ ဝင်ရောက်နေပြီဖြစ်သော ဤချာတိတ်လေး "ခွန်းချိုမောင်" ကိုပါလား။

ဟေသီမောင် ရင်ထဲ တုန်လှုပ်ခြင်းကြီးစွာနှင့် ဘုရားတမိလေပြီ။

ခွန်းချိုမောင်ကတော့ လေအေးပေးစက်ကို အရသာခံကွယ်ယူ


www.burmeseclassic.com

www.burmeseclassic.com

ကာ မွန်းတည့်နေအောက်ရှိ ကားပြေးလမ်းပေါ်က ကားတစ်စီးထဲဝယ် နစ်မြှုပ်စွာ အိပ်မောကျလျက် လောကကြီးကို ရင်ဆိုင်ရန် အားယူနေသည့်အလားပင်။

ဟေသီမောင် (Dolphin)စားသောက်ဆိုင်ရှေ့ကားပတ်ကင်တွင် ကားရပ်လိုက်ပြီးသည့်တိုင်အောင် ခွန်းချိုကို မနှိုးရက်ပဲ တစိမ့်စိမ့်ကြည့်နေမိသည်။

နဖူးပေါ်ဝဲကျနေသော ဆံစလေးများကို သပ်ပေးချင်သည်။ နီစွေးနေသောပါးပြင်ကို အသာအယာ မွှေးကြူချင်သည်။

သို့သော် ဆန္ဒအားလုံးကို ကျောခိုင်းပြီး စားသောက်ဆိုင်ထဲသို့ဝင်ကာ မှာစရာရှိတာများကို မှာကြားနေရာရွေးပြီး ဖုန်းနံပါတ်ပေးကာ ကားထဲပြန်စောင့်နေလိုက်သည်။

အားလုံးအဆင့်သင့်ဖြစ်ပြီဆိုမှ..ဖုန်းဆက်ခေါ်ရန်ဖြစ်သည်။

ဟင်းပွဲစောင့်ဆိုင်းရသည့်အချိန်လေး၌ ဤကလေး နစ်နစ်မြှုပ်မြှုပ် အိပ်ပါစေဦးလေဟူသော စေတနာ ရင်မှာ အလိုလို ဖြစ်ထွန်းလာလေသည်။

ခြော်...မေတ္တာတရားနှင့် ယှဉ်သောအလုပ်သည် သင်ယူစရာမလိုဘဲ အလိုအလျောက်တတ်မြောက်လိမ့်မည်ဟု စောစောစီးကသာ သူကြိုတင်သိခဲ့မည်ဆိုပါက ခုလိုရင်နာစရာ ခံစားချက်တို့သည် ဖြစ်ပေါ်လာစရာ ရှိပါဦးမလား။

ဟေသီမောင် မျက်ဝန်းရိပ်၌ မြူမှိုင်းတို့ မှုန်ရီဝေသွားလေသည်။







အခန်း(၅)

"ဟာ...သီသီ့အိုင်ဒီယာက လန်းတယ်ဗျာ၊ သားလည်း အိပ်ရေးဝလို့ လန်းသွားပြီ"

စနီးတာဝါနှင့် မျက်နှာသုတ်ရင်း ပြောလိုက်သော ခွန်းချိုကြောင့် ဟေသီမောင့် ရင်ထဲလည်း လန်းသွားရသည်။

သို့သော် တုန့်ပြန်၍မပြောမိ။

"ကိုင်း...စားတော့၊ မင်းအကြိုက်ကို မမေးမိပေမယ့် မင်းကြိုက်မယ်ထင်တာလေးတွေ တို့ရွေးမှာထားတာ"

စကားလမ်းကြောင်းကို လွှဲလိုက်သည်။

ဤကလေးကို ကိုယ့်ဘက်သို့ပါလာအောင် သွေးဆောင်သူ့ကိုလည်း သူလိပ်ပြာမလုံ။ ဖင်ဖင့်အပေါ်မတရားရာ ရောက်သွားမှာ စိုးရိမ်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟာ—လန်းပြန်ပြီ၊ သားအကြိုက်တွေချည်းပါပဲလား၊ သီသီ ဘယ်လိုသိတာလဲ"

ဟေသီမောင်ရင်မှာ လှုပ်ခါသွားသည်။ သူ့နှုတ်ဖျား၌ ယဉ်ပါးခဲ့သော အစားအစာများကို ရွေးမှာလိုက်မိပြီ။

အကြိုက်တူနေပြန်ပြီ။

ရုပ်တူရုံတင်မက အကြိုက်ချင်းပါ တူနေပြီဆိုတော့ ဟေသီမောင် ရင်အစုံ မွှမွှကြေ ပျက်သုဉ်းရန်သာ ရှိတော့သည်။

"သီသီကို မာမီပြောလိုက်တာလား"

"ဟွန့်..."

ဟေသီမောင် ရင်အစုံ ဆောင့်ကန်ခံလိုက်ရသည့်နှယ် ဖြစ်သွားသည်။

ခွန်းချိုအပေါ် (၁၆) နှစ်တိုင်အောင် လွှမ်းမိုးထားနိုင်ခဲ့သော ဖင်ဖင်၏အရိပ်ကိုပင် သူ့အတော်ကျော်လွှားရဦးမှာပါလားဟုလည်း သဘောပေါက်လိုက်လေသည်။

"မဟုတ်ဘူး"

ခွန်းချို မျက်ခုံးနှစ်ဘက် မြင့်တက်သွားသည်။

"တို့ကြိုက်တာ တို့မှာတာ၊ မင်းပါ ကြိုက်နေလိမ့်မယ် မထင်ဘူး"

ဘာကြောင့်များ မှသားသုံးလိုက်မိသည်မသိ။ နောင်ဖွဲ့လာမည့် မေတ္တာတရား၏နောက်ကွယ်က ရှုပ်ထွေးခြင်းကို သူခံစားနိုင်တော့မည်မဟုတ်။

"ကောင်းတယ်...သီသီကြိုက်တာနဲ့ သားကြိုက်တာ အကြိုက်ချင်း တူတော့ တွဲလို့ရပြီ၊ အတော်ပဲ သီသီ၊ သားသူငယ်ချင်း





တွေနဲ့ ချောင်းသာသွားချင်တယ်၊ မာမီတို့က လွှတ်လည်း မလွှတ်ဘူး၊ လိုက်လည်း မပို့ပေးဘူး"

ဟေသီမောင် လက်ထဲမှာ ဇွန်းခက်ရင်းကို ပြန်ချထားလိုက်ရသည်။

စိတ်လှုပ်ရှားမှုကြောင့် လက်ထဲမှ ဇွန်းခက်ရင်းကို မထိန်းနိုင်ဘဲ လွတ်ကျသွားမှာကို စိုးရိမ်၍ဖြစ်သည်။

ချောင်းသာကိုမှ သွားချင်ရတယ်ရယ်လို့။

ဒါ..ဒါ..ကံကြမ္မာက သူ့အားအနိုင်ယူဖို့ ကြိုးစားနေတာလား။

သို့တည်းမဟုတ်...

ကံကြမ္မာက ဒဏ်ခတ်နေတာလား။

"ဒါမှမဟုတ်လည်း သီသီလိုက်ပို့ပေးပါလား"

"ငပလီကို ဒယ်ဒီတို့ လိုက်ပို့ပေးပြီးပြီမှတ်လား"

"ငပလီက သူဌေးတွေနဲ့ တိုးတွေပဲ ရှိတာ၊ ဈေးလည်း ကြီးတယ်၊ ချောင်းသာကမှ လူတန်းစား အလွှာစုံ သွားလာနိုင်တယ်၊ ပြီးတော့ Sea food တွေက အရမ်းပေါတယ်...နော်...သီသီ၊ သားကို လိုက်ပို့ပေးနော်"

"သားရယ်" ဟူသော ရင်တွင်း အက်ကြောင်းကြားက ပေါ်ထွက်လာသည့်အသံက ရင်တွင်း၌ပင် တိုးဝှေ့ပျောက်ကွယ်သွားလေသည်။

နှုတ်ကတော့...

"ဒီလိုဆိုရင် မင်း ဆယ်တန်းကို အောလ်ဒီထွက်အောင် ဖြေလေ"

"ဒါက မိုင်နာပါ၊ အဲဒီမိုင်နာကော့စ်အတွက် မန်မိုရီကို အား



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ချင်လို့အောက်တိုဘာ နိုဝင်ဘာ ဒီဇင်ဘာဖြစ်ဖြစ် ချောင်းသာသွားပြီး နားချင်တယ် သီသီရာ...လုပ်ပါ"

"ဟွန်း...ဒီကောင်လေး၊ ကိုကိုနဲ့ငါ့ကိုရန်တိုက်ပေးတာလား"

ရင်ထဲ၌ ကြည့်မွေ့သွားသည်။ ဒါ..သားကလေးက သူ့ကို အားကိုးနေတာပေါ့။ သူလိုချင်သော ဆန္ဒရှိသောအရာကို မိမိအား တင်ပြသည်။ တောင်းခံကြည့်သည်။ ဒီအတွက် သားလေးဆန္ဒကို ဖြည့်ဆည်းပေးချင်သောစိတ်က ဖြစ်ပေါ်လာခဲ့သည်။

"မဟုတ်ရပါဘူး သီသီရာ၊ ဒယ်ဒီကို နိုင်တာ သီသီ တစ်ယောက်ထဲရှိတယ်ဆိုတာ သားက သိလို့ သီသီကိုအကူအညီတောင်းတာ၊ အားကိုးပါတယ် သီသီ...ရှဲရှဲ"

နောက်တီးနောက်တောက်နှင့်အတူ တရုတ်ဗီဒီယိုကားထဲက မင်းသားလေးလို လက်နှစ်ဖက်ယှက်ကာ "ရှဲရှဲ" ဟု ကျေးဇူးတင်ကြောင်းပြလိုက်သေးသည်။

ဤကလေးကို ပွေ့ဖက်နမ်းရှုပ်လိုက်ချင်စိတ်ကို မနည်းမြိုသိပ်ထားလိုက်ရသည်။

"ချောင်းသာခရီးက လွယ်ပါတယ်၊ ပို့ဆိုလည်း ပို့ပေးလို့ ရပါတယ်၊ ဒါပေမယ့် တို့စကားတော့ မင်းနားထောင်ရမှာနော်"

"ကတိပြုပါတယ်...လာ...သီသီ"

ခွန်းချိုက ညာလက်ကိုထောင်ကာ လက်မနှင့်လက်သန်းကို ထောင်ထားပြီး ကျန်လက်ချောင်းသုံးချောင်းကို ချိုးထားကာ သူ့ထံ ကမ်းပေးလိုက်သည်။

"သီသီလည်း သားလုပ်သလို လုပ်လေ"

"သွား...ကလေးကလား"





ဟေသီမောင် ရှက်သွားသည်။ ဒီကလေး မလွယ်။ ခဏတာ အချိန်ကလေးအတွင်း သူ့အား အရှုံးပေးရမလို ဖြစ်နေသည်။

"သားက ကလေးပဲဟာ၊ ကလေးအလုပ်ပဲ လုပ်မှာပေါ့၊ ပရောမစ်(promise)"

"အင်း..."

ဟေသီမောင်က ခွန်းချို ကျေနပ်သွားစေဖို့အရေး ကတိပြုလိုက်ရလေသည်။

ထိုအခါမှ ခွန်းချို ကျေနပ်သွားပြီး စားစရာများကို အားပါးတရစားလေတော့သည်။

ဆန်းကစ်ဘူးကို နှစ်ဘူးကုန်အောင် သောက်နိုင်ရုံမက ရေသန့်ကိုလည်း မှာသောက်သော ခွန်းချိုကိုကြည့်ရင်း ဟေသီမောင် အံ့အားသင့်ရလေသည်။

ဒီမြင့်မြင့်ကိုင်းကိုင်း ခန္ဓာကိုယ်ထဲ အစားအစာတွေ ဘယ်နေရာမှာ သွားရောက်သိုလှောင်လေမလဲ။ လှုငါးယောက်စာကို သူက အို့ကနန်း ဆိတ်ကနန်းသာ စားပြီး ခွန်းချိုတစ်ယောက်တည်း ဒိုင်ခံစားသောက်သွားသည်။

"ဟင်...သားကြီးပဲ ဝိုက်(စား)ပစ်တာ၊ သီသီက ကြိုက်တယ်ဆိုပြီး ဝိုက်လည်း မဝိုက်ဘူး"

ခေတ်စကားတွေကို ပြောတတ်သောအရွယ်လေးမို့ ဟောဟောဒိုင်းဒိုင်း ပြောဆိုရင်း သူ့အား ရူးစမ်းလေသည်။

"သီသီ"

"ဘာလဲ"

"မပျင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို ပျင်းရမှာလဲ"

"အဟဲ…ဘာမှမဟုတ်ပါဘူး"

"ဘာမှမဟုတ်ရင် ထတော့…ကျူရှင်ပို့ပေးရဦးမယ်၊ ဒီလောက်တောင်စားရင်စာသင်တော့ငိုက်နေဦးမယ်"

"မငိုက်ပါဘူး…ဒီအစာတွေလောက်က ပါးပါးလေးပါ၊ ခဏနေရင်ဗိုက်ဂျက်ဖြစ်သွားမှာပါ သီသီ၊ နောက်ပြီးဗိုက်မှာမငိုက်ဆေးလေးတွေ ရှိတယ်"

"ဟင်…ဘာဆေး"

ခွန်းချိုကို ဟေသီမောင် မျက်လုံးပြူးမျက်ဆံပြူးနှင့် ကြည့်လိုက်မိသည်။

ဒီကလေးနှင့်စကားပြောရတာ မလွယ်။

ဘာအသုံးအနှုန်းတွေမှန်း မသိ။

"အလံလေးတွေလေ"

"ဘာလဲ…အလံ"

"အလံလေးတွေ…အလန်းလေးတွေ၊ အဟတ်…ဟား…ကောင်မလေးချောချောလေးတွေကိုပြောတာ"

"ခွေးဆိုးလေး…"

ဟေသီမောင်၏မျက်နှာကြောများ တင်းမာမှုက ပြေလျော့သွားလေတော့သည်။

မျက်စောင်းလေးများပင် ခွန်းချိုအပေါ် ဝဲပျံသွားမိသေးသည်။

"အဲဒီလို လန်းစမ်းပါ သီသီရာ၊ ဒီလောက်လန်းတဲ့ သီသီကိုမြင်ရတဲ့သူမှန်သမျှ နိုက်သွားစေနိုင်တဲ့အလန်းမျိုးနဲ့ လန်းစမ်းပါဗျာ"





"တော်…တော်…ထဲတော့ဆို"

"နေပါဦး…ဒီမှာ အချိုပွဲလေးကို ကုန်အောင် ပိုက်ပါရစေဦး သီသီရယ်"

ဟေသီမောင် ပင့်သက်ရှိုက်မိလိုက်ပြီး အချိုပွဲအဖြစ် ချပေးသော အသီးအနှံပန်းကန်ကို ကုန်အောင် စားပစ်နိုင်သော ခွန်းချို၏ မျက်နှာချောချောလေးကိုငေးကြည့်နေမိသည်။

"ချစ်စရာကောင်းလိုက်တဲ့ သားလေးပါလား"

ဟုရင်ထဲကောက်ချက်ချရင်းမြတ်နိုးစွာပိုင်ဆိုင်လိုစိတ်များ တတဖွားဖွားနှင့် ရင်တွင်းဖြစ်တည်လာလျက်ရှိချေပြီ။

၅ ၅ ၅ ၅

"ဟော့တော်…အိပ်ပြန်ပြီလား"

"ခဏလေးပါ သီသီ၊ စားတာက အသား၊ အိပ်တာက အအဲ့ ငါးမိနစ် ဆယ်မိနစ်အားလည်း မနည်းဘူး"

ဟု ပြောကာ ကုရှင်ကို လှန်ချပြီး အိပ်လိုက်သော ခွန်းချိုကို



www.burmeseclassic.com

www.burmeseclassic.com



ဟောသီမောင် ဘာမှမပြောသာတော့။

နှိုးသွားမှာပင် စိုးရိမ်မိသဖြင့် ကားကို သတိနှင့် ညင်ညင်သာသာပင် မောင်းနှင်ခဲ့လေသည်။

ဖင်ဖင် ရေးထားပေးသည့် ခွန်းချို၏အချိန်ဇယားအရ ဆိုလျှင် အိပ်ချိန်ရပါသေးသည်၊ ခွန်းချို ပိုင်းကျူရှင်တက်ရမည့် မြို့နေရာသို့ ကားရောက်သည့်တိုင်အောင် မဝင်သေးပဲ ကျော်သွားလိုက်ပြီး သစ်ပင်ရိပ်ကောင်းကောင်း ရှိရာတွင် ထိုးရပ်ပေးလိုက်သည်။

ငါးမိနစ်အလိုကျမှ ခွန်းချိုကို နှိုးပြီး ကျူရှင်အိမ်ထဲ မောင်းပို့ပေးတော့မည်ဟု စဉ်းစားပြီး တကယ်ပင် နစ်နစ်မြိုက်မြိုက် အိပ်မောကျနေသော ခွန်းချိုကို ငေးကြည့်နေမိသည်။

တကယ်ပင် "သူ" နှင့် ချွတ်စွပ်တူနေပါလား။ နောက်နှစ်နှစ်ဆိုပါက "သူ" ၏ကိုယ်ပွားတစ်ခုလို ဖြစ်တော့မည်။

ဘုရားရေ…။

လွန်ခဲ့သော(၁၆)နှစ်ကျော်ကာလက "သူ" နှင့်မိမိသည်လည်း ယခုလို ပိုင်းကျူရှင်တစ်ခု၌ ဆုံစည်းခွင့် ရရှိခဲ့သည်။ သို့သော် သူက ဂိုက်ဒ်ဆိုတော့ ဆရာတစ်ပိုင်းပေါ့။

ဒီအရွယ်တွေ၏နှလုံးသားကို "ဆယ်ကျော်သက်အရွယ် စိတ်ကစားမှုပါ" ဟု သတ်မှတ်လို့ ရနိုင်မည်တဲ့လား။

ဟောသီမောင် ရင်ထဲ ဆို့နစ်ကာ မွန်းကျပ်လာလေသည်။

လွန်ခဲ့သော အတိတ်လွှင်ပြင်သို့ သမင်လည်ပြန်ကြည့်ကာ ခြေမဆန့်ချင်တော့ပေ။

သို့သော် "သူ" ၏ကိုယ်ပွားလေးက မိမိ၏မျက်စိရှေ့မှောက်၌ ရှိနေသည်ဆိုတော့ ရင်နှင့်အမျှ ခံစားခဲ့ရသော ဝေဒနာရပ်တို့က





ပြန်လည် ရှင်သန်နိုးထလာလေပြီ။

"သား…ခွန်းချို ဟိတ်…ထတော့"

ကြေကွဲမှုကို မျိုသိပ်လိုက်ပြီး ခွန်းချိုကို နှိုးလိုက်သည်။

"ဗျာ…နိုးပြီ"

"ငါးမိနစ်ပဲ လိုတော့တယ်"

ကားစက်ကို နှိုးပြီး ပိုင်းကျူရှင်ခြံထဲသို့ မောင်းဝင်ခဲ့လိုက်လေသည်။

ခွန်းချိုက မျက်နှာကို စနိုးတာဝါတစ်ထည် ဖောက်ကာ သုတ်လိုက်ပြီး ရေသန့်ပုလင်းကို ဆွဲယူ၊ ကျူရှင်ကျောပိုးအိတ်ကို ဆွဲယူကာ ကားပေါ်မှ ဆင်းခါနီး…

"ညနေ သီသီ လာကြိုပါလား"

"ဟင်…"

"ပြီးရင် သားကို တစ်နေရာရာမှာ Sea food လိုက်ကျွေးဦးလေ"

"အင်း…သီသီ အားရင် လာခဲ့မယ်"

"သားကျူရှင်က ခြောက်နာရီပြီးမှာ၊ လာခဲ့ပါ သီသီရာ"

ဒါ…သွေးက စကားပြောတာလား။

ဟောသီမောင် ကြည်နူးရိပ်တို့ လွှမ်းဝယ်က် ထသွားလေသည်။

သို့သော် မိသားစုနှစ်စု၏မျက်နှာများကို ပြန်မြင်ချိန်၌ မောဝိုက်သွားပြီး…

"သီသီ မအားပါဘူးကွာ"

"ဒါဖြင့် အားတဲ့နေ့တွေ ကြိုပေးနော် သီသီ…ဘိုင်ဘိုင်"



www.burmeseclassic.com

www.burmeseclassic.com

"ပော့...ခွန်းချို ဆရာက လှူစုံရင် စတော့မယ်တဲ့...လာ..."

ဂျင်းဘောင်းဘီ တိုကပ်ကပ် ရှင်မြီးသာသာ ပခုံးပေါ်ကြီးတင် ရုံအင်္ကျီလေးနှင့် ဖြူဖြူချောချော ကောင်မလေးတစ်ယောက်က ခွန်းချို ကိုထွက်ခေါ်လေသည်။

"မရဘူး...အချိန်တိတိကျကျ Right time ပဲလို့"

"ကြည့်စမ်း ခွန်းချို ဆရာကို မလေးမစား မပြောရဘူး"

"အဟဲ...သားက ဆရာ့စကားနဲ့ ဆရာ့ကို ပြန်နောက်တာ သိသိ၊ သားဝင်တော့မယ် သိသိ၊ ကားကို ဂရုစိုက်မောင်းဦးနော်...ဘိုင့်"

ပြောပြောဆိုဆို သူ့ကိုပင် သတိပေးပြီး ဝင်သွားသော ခွန်းချို နောက်ကျောကို ကြည့်ရင်း တဒင်္ဂမှင်တက်မိနေရာမှ မျက်ရည်များဝ ဝေ့သီလာသည်။

နောက်ကျောပြင်နှင့် လမ်းလျှောက်ပုံကအစ "သူ" နှင့် တစ်ပုံစံထဲပါလား။

"ဟင်း"

ဟင်းကနဲ အသံထွက်အောင် သက်ပြင်းချလိုက်ပြီးနောက် ကားကိုနောက်ပြန်ဆုတ်ကာ ပြန်မောင်းထွက်ခဲ့လိုက်လေသည်။

သွားပြီ...ဒီနေ့အတွက်တော့ သူ့ရင်ထဲသို့ အတိတ်ပုံရိပ်တို့ထ နေရာအပြည့်ယူသွားလေတော့သည်။








www.burmeseclassic.com

www.burmeseclassic.com




အခန်း(၆)

"ဟေသီ"

"ဘာလဲ ဇင်ဇင်၊ ပြော.."

"ဒီနှစ် သဲသဲတို့အိမ်မှာ ပိုင်းကျူရှင် တက်မယ်ဆို..."

"အေးလေ...ကိုကိုနဲ့ငါရယ်...နင့်အတွက်ရယ် စာရင်းပေးထားပြီးပြီ"

ဇင်ဇင်လတ်က သူတို့ခြံ၏မာလီ ဦးဝဏ္ဏ၏တူမတစ်ဦး ဖြစ်သည်။

နယ်၌ ရှစ်တန်းတွင် ဘာသာစုံဂုဏ်ထူးနှင့် အောင်မြင်ခဲ့ရာ ဦးဝဏ္ဏက သူ့တူမကို ကျောင်းဆက်ထားပေးချင်သည်ဟု ပါပါထံ ခွင့်တောင်းခဲ့သည်။

ပါပါ၏ခွင့်ပြုချက်ဖြင့် သူတို့ခြံထဲသို့ မနှစ်က ဇင်ဇင် စတင်


www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိခဲ့သည်။

မာမာက အိမ်ကြီးပေါ်သို့ နေခွင့်မပေး။

"ဘေဘီနဲ့ တန်းတူအခွင့်အရေးကိုတော့ မပေးနိုင်ဘူး။ ဒါပေ မယ့် ကျောင်းတော့ ဘေဘီတို့ကျောင်းကိုပဲ အပ်ပေးမယ်၊ ဦးဝဏ္ဏ အခန်းမှာပဲ သူတို့ တူဝရီး နေပါစေပေါ့"

မာမာက ဖင်ဖင်အပေါ် အေးစက်စွာပင် ဆက်ဆံခဲ့သည်။

"ဖင်ဖင်ဆိုတဲ့ ကလေးမက ထက်မြက်တယ်၊ ဈေးသည် သမီး၊ ကိုယ်တိုင်ကလည်း မိဘကို ဈေးကူရောင်းခဲ့သူပီပီ ဈေးတွက် ကျွမ်းကျင်တယ်၊ ဉာဏ်နီဉာဏ်နက် များလိမ့်မယ် ဘေဘီ...ကြည့် ပေါင်းပေါ့" ဟု စကားနည်းသော မာမာက ထူးထူးခြားခြား သတိပေးခဲ့ သည်။

မည်သို့ဆိုစေကာမူ...တစ်ဦးတည်းသောသမီးဖြစ်သော သူကတော့ ဖင်ဖင်ကို ကျောင်းသွားအတူ လာအတူ ခင်မင်ခဲ့ပြီး အစစ အရာရာ တိုင်ပင်ခဲ့လေသည်။

ယခုလည်း ကိုးတန်းစာမေးပွဲဖြေပြီး နောက်ဆုံးနေ့ အိမ်ပြန် လမ်း၌ ဖင်ဖင်က စမေးလေသည်။

အရိုးခံသက်သက် ဟေသီမောင်က သူသိထားသည် အတိုင်း မချွင်းမချန် ဖြေလိုက်လေသည်။

ရှေ့ခန်း၌ ဒရိုင်ဘာနှင့် အတူထိုင်စီးသော တေဇာမောင်က နောက်သို့ လှည့်ကြည့်ပြီး...

"ဘေဘီ"

"ဘာလဲ ကိုကို"

"နင် အန်တီငယ်ကို ပူဆာတော့"



"ဘာကို ပူဆာရမှာလဲ ကိုကို"

"ငါတို့ ချောင်းသာကို သွားမလို့၊ အဲဒါ နင်လိုက်ချင်လိုက်လို့ ရအောင်..."

"ဟင်...ကိုကိုတို့က ယောက်ျားလေးတွေချည်းပဲ သွားမှာ မှတ်လား"

"မဟုတ်ဘူး...သဲသဲလည်း ပါမယ်၊ သူလည်း ပူဆာကြည့်လို့ ရရင် လိုက်မယ်တဲ့...သူ့အဒေါ်ကောပဲ"

"သဲသဲလည်း ဘာမှမပြောပါလား"

"ဖင်ဖင်ကော လိုက်ချင်တယ်"

မောင်နှမနှစ်ယောက်ကြားသို့ ဖောက်ဝင်ကာ ပြောလိုက်သူ ဖင်ဖင်လတ်ကို တေဇာမောင်က မျက်မှောင်ကြုတ်ကြည့်ပြီး...

"နင်နဲ့ ဘာဆိုင်လို့လဲ၊ နင့်ကိုတော့ ငါ တာဝန်မယူဘူး။ ငါ့ညီမ ပဲ ငါ တာဝန်ယူမယ်၊ ပြီးတော့ စာမေးပွဲပြီးရင် နင် အညာပြန်ရမှာ မှတ် လား။ အပိုတွေ လိုက်လုပ်မနေနဲ့"

ဖင်ဖင်လတ် မျက်နှာငယ်သွားလေသည်။

ဟေသီမောင်က အားနာကာ သနားသွားသည်။

"ကိုကိုကလည်း ဘေဘီသူငယ်ချင်း ဘေဘီ တာဝန်ယူမှာ ပေါ့၊ ကိုကို ထမ်းခေါ်ရတာလိုက်လို့၊ ကားက ခေါ်ရတာပဲ"

"တော်ပါပြီ ဘေဘီ၊ ငါ ရွာပဲ ပြန်ပါတော့မယ်၊ ကိုတေဇာ ပြော တာ ဟုတ်ပါတယ်၊ နောက်တစ်နှစ်လုံး ပြန်နိုင်မှာမှ မဟုတ်တာ"

ဟေသီမောင်က ရှေ့ခန်းမှ တေဇာမောင်ကို မျက်စောင်းလှမ်း ထိုးလိုက်လေသည်။

တေဇာမောင်ကတော့ ခပ်တည်တည်ပင်။


www.burmeseclassic.com

www.burmeseclassic.com

ဇင်ဇင်လတ်အပေါ်ကြည့်မရသူများထဲတွင် မာမာ့အပြင် ကိုကိုလည်းပါနေသည်။

နောက်…သူတို့အိမ်တော်ထိန်းကြီး အန်တီစိန်(ဒေါ်စိန်) လည်းပါလေသည်။

"အဲဒီကလေးမကို သတိထားဘောဘီ…ကျားသစ်မလေးနော် သားကောင်ကို ချောင်းနေတဲ့ ကျားသစ်မလေး" ဟု သတိပေးဖူးလေသည်။

ခြံထဲ ပေါ်တီကိုအောက် ကားရပ်လိုက်သည်နှင့် ဇင်ဇင်လတ် က…

"ဟေသီ…ငါသွားမယ်နော်"

"အေးအေး"

ဇင်ဇင်လတ် ဟေသီမောင်ကို နှုတ်ဆက်ပြီး အိမ်ကြီးကို ကွေ့ပတ်ကာ နောက်ဖေးဘက်ရှိ အလုပ်သမား တိုက်တန်းလျားဆီသို့ ထွက်သွားလေသည်။

ဟေသီမောင်က လူကြီးသဖွယ် သက်ပြင်းလေး ချလိုက်ပြီး အစ်ကိုဖြစ်သူကို မျက်စောင်းထိုးကာ…

"အဲဒီကိုကိုဟာလေ…အားကြီးဘဝင်မြင့်တာပဲ၊ မရှိတဲ့လူကို နှိမ်ချင်တယ်"

"နင်ဘာမှမသိပါဘူးဘောဘီ၊ သူရန်ကုန်ကို ဘာလာလုပ်တာ လဲ၊ ပညာသင်ဖို့ လာတာမှတ်လား၊ ပညာပဲ သင်ပေါ့၊ ငါတို့လိုလူတွေနဲ့ အတူ အပျော်အပါး လိုက်သင့်သလား၊ အဲဒီအချိန်မှာ သူ့ကို မြို့ခြံပြီး ငွေပို့နေတဲ့ မိဘတွေဆီ ပြန်ပြီးမကူညီသင့်ဘူးလား၊ ငါ ဒီထက် ရင့်ရင့် သီးသီး မပြောချင်လို့ လျှော့ပြောလိုက်တာ သိလားဘောဘီ၊ ပြောလိုက်





ချင်တယ်…ကိုယ့်နေရာကိုယ်သိလို့…"

"ကိုကိုကလည်းလေ…"

"ဟိတ်…ကလေးနှစ်ယောက်၊ အိမ်ထဲ မဝင်သေးဘဲနဲ့ အပြင်မှာ ဘာတွတ်ထိုးနေတာလဲ၊ ဖြေနိုင်လားဆိုတာ မေးဖို့မလိုဘူး ထင် တယ်နော်"

အိမ်ထဲမှ အမွှာညီအစ်မနှစ်ယောက်ဖြစ်သော ကြီးကြီး (ဒေါ်တင်တင်ကြီး)နှင့် မာမာ(ဒေါ်တင်တင်ငယ်)တို့ ထွက်လာသည်။ ကြီးကြီးက ကိုကို့ကျောပိုးအိတ်ကို ဆီးကြိုယူကာ မေးခွန်းကို ထုတ် ကြည့်သကဲ့သို့ မာမာကလည်း သူ့လွယ်အိတ်ကို ယူကာ မေးခွန်းကို ကြည့်လေသည်။

"လုံးဝအမှားမရှိဘူးမှတ်လား"

"ရက်စ်မာမာ…ဗိုက်ဆာတယ်"

"လာ…အကျီလဲကြ၊ စားပွဲက အဆင်သင့်ပါပဲ၊ ဆန်နီနဲ့ ဘောဘီ စားချင်တာတွေ စားလို့ရပြီ"

"ဟုတ်တယ်…ကြိုက်သလောက် ကြိုက်ရာတွေသာ ရွေးစား ကြတော့"

မိခင်နှင့်ကြီးတော်က ခွင့်ပြုပြီဆိုတော့ ဟေသီမောင် အိမ် အပေါ်ထပ်သို့ ပြေးတက်ပြီး ကျောင်းစိမ်းဝတ်စုံကိုချွတ် ဂါဝန်ကိုဝတ်ပြီး ပြေးဆင်းခဲ့လေသည်။

သို့တိုင်အောင် ကိုကို့ကို သူမမီတော့ချေ။ ကိုကိုက စားပွဲဝိုင်း သို့ရောက်နေလေပြီ။

"ဟွန်း…ညလေးတောင် စောင့်ဘူး"

"ကိုကိုက အဝတ်လဲစရာမှ မလိုပဲ…ချွတ်လိုက်ရုံပဲဟာကို၊



www.burmeseclassic.com

www.burmeseclassic.com



ညလေးထက်မြန်တာပေါ့"

ဟေသီမောင် သူကြိုက်သော ပုစွန်စိမ်းသုတ်ကို စားရင်း မြုံမကျရှင်း၊

"မာမာ…ဇင်ဇင့်ကို‥"

"တော်…ဘေဘီ၊ ဒူးနေရာဒူး တော်နေရာတော်ပဲ ကောင်းတယ်၊ ဘာမှ အစမလုပ်နဲ့လို့ မာမာပြောထားတယ်လေ၊ ကြီးကြီးတူမလည်း ကြီးကြီးကြည့်ပြောပါဦး"

မာမာက အစ်မကိုပါ စစ်ကူတောင်းလိုက်သည်။

"ဟုတ်သားပဲ ဘေဘီရယ်၊ သူငယ်ချင်းဆိုတာ ကျောင်းမှာပဲထားခဲ့ပါကွယ်၊ အိမ်သားတစ်ယောက်လို မရင်းနှီးချင်နဲ့"

ကိုကိုကပါ ချွန်တွန်းလုပ်ပြန်သည်။

"ဆန်နီလည်း ညလေးကို အဲဒါပဲ ကြည့်ပြောနေရတာ၊ ခုလည်း ချောင်းသာသွားဖို့ကို ဇင်ဇင်ကိုပါ ခေါ်ချင်တယ်တဲ့"

ဟေသီမောင် ကိုကို့အား မျက်စောင်းကြီးကြီး ထိုးပစ်လိုက်သည်။ နဂါးဆိုပါက ပြာကျရော့၊ ဟွန်း…အားကြီး ခနေရှင်ဆန်တဲ့ ကိုကိုစုတ်၊

"တွေ့လား…ဆန်နီကို မျက်စောင်းထိုးနေပြီ အန်တီငယ်…တွေ့လား"

"ဒီလောက်ဆိုးတဲ့ကောင်မလေးကို ဆန်နီမို့လို့ ချောင်းသာခေါ်သွားချင်တယ်၊ ကိုယ့်ဘာသာကိုယ့်သူငယ်ချင်းတွေနဲ့ပဲ လွတ်လွတ်လပ်လပ် သွားစမ်းပါကွယ်၊ သူပါရင် ဆန်နီမှာ တာဝန်တောင် ပိုသေးတယ်"

မာမာက သူ့တူ့ဘက်က၊





မာမာ့စကားကြောင့် ကိုကိုမျက်နှာတည်သွားပြီး…

"ဟုတ်တယ်နော်…အန်တီငယ် ပြောတာ ဟုတ်တယ်၊ တော်ပြီ…ဆန်နီဘာသာပဲ သွားတော့မယ်"

"ဟင့်…ဟင့်…ကိုကိုနော်…ပြောပြီးစလစ်ပဲ…မရဘူး၊ ညလေးလိုက်မှာပဲ‥လိုက်မှာပဲ‥ခေါ်‥ မခေါ်ရင် ကိုကိုလည်း မသွားရဘူး၊ ဘဘကြီးကိုတိုင်ပြောမယ်"

ဟေသီမောင်က အားလုံး၏အညှာသိပြီးသားမို့ ငိုမဲ့မဲ့နှင့် မျက်ရည်စကိုဖျစ်ညှစ်ထုတ်ကာ ကိုင်လှုပ်လိုက်သည်။

"ဒါဆို ငါ့စကား နားထောင်မှာလား"

"အင်း‥"

"ဘာအင်းလဲ…ငါက နင့်ထက် (၅)လတောင်ကြီးတာ"

"ဟုတ်‥ဟုတ်ကဲ့ပါရှင်"

"ဇင်ဇင်နဲ့ အရောမဝင်နဲ့၊ အတန်းလည်း မတူဘဲနဲ့"

"သူလည်း စာတော်တာပဲ၊ နောက်နှစ်ဆို ညလေးတို့အတန်းရောက်လာမှာ ကျိန်းသေတယ်"

ဒီနှစ်တွင် ဇင်ဇင်လတ်သည် ကျောင်းသူအသစ် ဖြစ်ခြင်းကြောင့် ကျောင်းသားသစ်များလက်ခံရာ နောက်ဆုံးတန်း တန်းခွဲတွင် ဆက်ရောက်ခဲ့ရခြင်းဖြစ်သည်။

"ရောက်ရောက်ပေါ့…နင်နဲ့ ငယ်ငယ်လေးထဲက တွဲလာတဲ့ သဲရုနဲ့ပဲ တွဲထိုင်ရမယ်"

"ဟွန့်…သူ့သဲသဲပဲ အကောင်းမြင်တယ်"

ဇင်ဇင်နှင့် ပတ်သက်လာလျှင် သူ့ရင်ထဲ၌ သနားစိတ် ကရုဏာ စိမ့်အိုင်လေးက အမြဲတမ်း စီးထွက်နေတတ်စမြဲပင်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား အန်တီငယ်၊ သားကိုဆို တစ်ခွန်းမှ မခံဘူး"

"ခံပြောတာမှမဟုတ်တာ…ပြောပြတာပဲဟာကို…"

"ကဲပါ…ဆန်နီကလည်း၊ ဘေဘီကိုပြောပြီးမှတော့ ခေါ်သွားတော့၊ ဒါပေမယ့် သားတို့အတွက် အန်တီစိန်ကိုတော့ ထည့်ပေးမှာနော်"

"ထည့်ပေးပါ…ညလေးအတွက် အကူအညီ ရတာပေါ့၊ ဒါပဲနော်…ဇင်ဇင်လတ်ကို မခေါ်ရဘူး၊ သူ့ဘာသာသူ ပြန်ပါစေ"

"ဘေဘီတို့ဝိုင်းမှာတော့ ပေးတက်လိုက်ပါ မာမာနဲ့ ကြီးကြီး ရယ်နော်"

"အံမယ်လေးတော်…မိချောင်းမင်း ရေခင်းမပြပါနဲ့ ဘေဘီ၊ ညည်းလေးက ဘာသိလို့လဲ၊ ဦးဝဏ္ဏရဲ့မာလီလစာက ဘာရှိလို့လဲ၊ သူ့တူမက ပညာရေး ထူးချွန်သူမို့ တို့ညီအစ်မက သူ့အတွက် ပညာဒါန ပြုထားပြီးသား၊ တော်ရင်တော်သလို ချီးမြှင့်သွားမှာ၊ ဒါကြောင့် ဘေဘီတို့ ဝိုင်းထဲမှာ သူ့အတွက်ပါ ထည့်တွက်ပေးပြီးသားပါတော် ဘေဘီမရဲ့"

ကြီးကြီးက သူ့နှုတ်ခမ်းကို ဖွဖွလေး ထုလိုက်ပြီး ပြောလိုက်လေသည်။

"ဟာ…တကယ်၊ တော်သေးတာပေါ့…ဘေဘီကလေ… ဇင်ဇင်ကိုတောင် အာမခံထားပြီးပြီ"

"ကြည့်စမ်း…ကြည့်စမ်း၊ မာမာတို့ဆီက ခွင့်ပြုချက်တောင် မယူရသေးဘဲ ဘေဘီသဘောနဲ့ဘေဘီ ဆုံးဖြတ်လိုက်တယ်ပေါ့"

မာမာ၏မကျေမနပ် ပွစိပွစိနှင့် မျက်စောင်းဒဏ်ကို ဟေသီမောင် ဖက်ကလေးပု၊ လျှာကလေးတစ်လစ် လုပ်ကာ ဝန်ခံလိုက်လေသည်။





"ဒါ နောက်ဆုံးဖြစ်ပါစေ ဘေဘီ၊ နောက်ကို လူကြီးတွေ… လူကြီးတွေဆိုတဲ့အထဲကို ကိုကိုဆန်နီပါ ပါတယ်နော်၊ အသိမပေးဘဲ ကိုယ့်သဘောနဲ့ကိုယ် ဇင်ဇင့်ကိစ္စအပါအဝင် ဘာကိစ္စမဆို မဆုံးဖြတ်ရဘူး…သိလား"

ဟေသီမောင် မျက်နှာလေးငယ်ငယ်နှင့် "ဟုတ်ကဲ့" ဟု ဆိုလိုက်သောအခါ ကိုကိုက သနားသွားဟန်တူသည်။ သူ့ပန်းကန်ထဲသို့ ကြက်အမြစ်ဖတ်လေး လှမ်းထည့်ပေးရင်း…

"ညလေးက ကလေးလိုပဲ လူတွေရဲ့အကြောင်းကို ဘာမှမသိအောင် ဖြူစင်လွန်းလို့ ပြောနေရတာပါ ညလေးရယ်"

"ဟုတ်ကဲ့ပါ လူကြီးမင်းရဲ့"

လူတတ်ကြီး လုပ်သော ကိုကို့ကို ဟေသီမောင် အငေါ်တူးလိုက်လေသည်။

ကြီးကြီးနှင့်မာမာကတော့ လူကြီးဆန်သော ကိုကိုနှင့် ကလေးဆန်သော သူ့အား ကြည့်ကာ သဘောကျစွာ ရယ်မောလိုက်လေတော့သည်။

ထိုစဉ်က ဟေသီမောင်…ဇင်ဇင်လတ်နှင့်ပတ်သက်၍ သနားတာပဲ ရှိသည်။

ဘဝကံအကြောင်း မလှပ၍ ဆင်းရဲသော်လည်း ဉာဏ်ကောင်းသော၊ စာကြိုးစားသောကြောင့် စာတော်သော ဇင်ဇင်ကို သနားသည်။ အကူအညီပေးချင်သောစိတ်သာ သူ့၌ ရှိလေသည်။

သူ့ကျောင်းစိမ်းလုံချည်နှင့်အင်္ကျီများကိုလည်း ဇင်ဇင်အား တစ်ပုံကြီး ပေးခဲ့လေသည်။

ထိုမျှမကသေး…သူ့အဝတ်အစား အသုံးအဆောင်တွေကို



www.burmeseclassic.com

www.burmeseclassic.com

လည်း မကြိုက်တော့လို့ ဟူသော အကြောင်းပြချက်နှင့် ဖင်ဖင့်အား ပေးခဲ့တာ အပုံပင်…။

တော်ပါသေးရဲ့…ဒါတွေကိုတော့ ကိုကိုက ပြန်မတိုင်လို့ အလုပ်များသော မာမာနှင့်ကြီးကြီး သိပုံမရ၍ ထည့်မရှုခြင်းဖြစ်မည်။

သည်အတွက် ကိုကို့ကို ကျေးဇူးတင်ရမည်ပင်။

"ရှဲ…ရှဲ…ကိုကို"







အခန်း(၇)

သန့်ရှင်းလတ်ဆတ်သော ပင်လယ်လေ၏ရနံ့ကို ရှူရှိုက်ရင်း အဆုံးအစမရှိ ကျယ်ဝန်းသော ပင်လယ်ပြင်နှင့် မိုးကုတ်စက်ဝိုင်း ထိစပ်နေမှုကို ကြည့်ရင်း…

"လှလိုက်တာနော်…"

သဲသဲ(သဲစုမိုး)၏ စကားကို ဟေသီမောင် ထောက်ခံလိုက်လေသည်။

"အင်း…ဟုတ်တယ်…အရမ်းသာယာတာပဲနော်"

"နင် အခုမှ ရောက်ဖူးတာလား"

"အင်းလေ…နင်သိတဲ့အတိုင်းပဲလေ၊ ဝါ့ပါပါ မာမာကော၊ ဘဘကြီးနဲ့ကြီးကြီးကောက ဆရာဝန်တွေကြီးပဲဆိုတော့ တစ်ယောက်ပြီးတစ်ယောက် ဘွဲ့တွေ တစ်ခုပြီးတစ်ခု ယူနေကြတာ၊ နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ခြားလည်း သွားလိုက်လာလိုက်နဲ့ဆိုတော့ ကိုကိုနဲ့ငါ့ကို ဘယ်မှမပို့ပေး အားဘူး ခုလည်း အန်တီစိန် ပါလို့သာ လိုက်ခွင့်ရတာ"

"ဒါပေါ့လေ…ငါတို့ကတော့ မိသားစုအလိုက် ကျောင်းပိတ်ရက်တိုင်း အပန်းဖြေခရီးထွက်နေကြဖို့ ရှိနေပါပြီ၊ ဒါပေမယ့် မျှော်ဘယ်ဟာ၊ အထူးသဖြင့် ချောင်းသာကိုပဲ၊ ဘယ်နှစ်ခေါက်လာလာ မရိုးနိုင်ဘူး၊ လာ…အခန်းထဲ ဝင်ကြရအောင်၊ တအောင့်နားပြီးမှ ရေထဲဆင်းမယ်"

"အင်း…"

ဟေသီမောင် ဆန်ဂလိုထဲ မဝင်ချင့်ဝင်ချင်နှင့် ဝင်ခဲ့ရလေသည်။

သူမှာ ကိုကိုနှင့်အန်တီစိန်စကား နားထောင်ပါမည်ဟူသော အာမခံချက်ပေးပြီး လိုက်လာခဲ့ရခြင်းဖြစ်သဖြင့်…

"အန်တီစိန်နဲ့ကိုကို မသိဘဲ ခွင့်မပြုဘဲ ရေထဲ မဆင်းရဘူး၊ အဝေးကြီး လျှောက်မသွားရဘူး" ဟူသောကြောင့်ပင်၊ သဲသောင်ပြင်ပေါ်မှ မခွါချင့်ခွါချင် ခွါခဲ့ပြီး ဘန်ဂလိုထဲ ဝင်ခဲ့ရလေသည်။

"ဘယ်လိုလဲ ညလေး…သဘောကျရဲ့လား"

"ရှဲ…ရှဲ…ကိုကို…အရမ်းသဘောကျတာပေါ့"

"ကိုင်း…နားလိုက်ဦး၊ ညနေလေးနာရီခွဲလောက်မှ ရေထဲဆင်းမယ်"

ကိုကိုက လူကြီးလေသံဖမ်းကာ ပြောလိုက်သည်။ အန်တီစိန်ကတော့ ပြုံးကြည့်နေပြီး…

"လာ…သေဘီ၊ တစ်ခုခုစားပြီး တစ်ရေးအိပ်လိုက်ဦး"

"ဟင့်အင်း…ဒီနေရာကနေ ထိုင်ကြည့်လို့ရလားဟင်"





"ရတာပေါ့…"

"အုန်းစိမ်း…အုန်းစိမ်း"

"ဟင်…ဘာအော်တာလဲ"

ထူးခြားသော အော်သံတစ်ခုကြောင့် ဟေသီမောင် အန်တီစိန်ကို လှမ်းမေးလိုက်သည်။

"အုန်းစိမ်းရည် သောက်မလားတဲ့"

"ဟင်…အလကားရတာလားဟင်"

"ဘယ်ဟုတ်မလဲ…ပိုက်ဆံပေးရမှာပေါ့"

"ဩော်…အုန်းပင်တွေ အများကြီးဟာ၊ ကိုယ့်ဘာသာကိုယ် တက်ခူးလို့မရဘူးလား"

ဟေသီမောင်ကိုကြည့်ကာ တေဇာမောင်နှင့်အောင်ကျော်မိုးက ဟက်ဟက်ပက်ပက် ရယ်လေသည်။

"တွေ့လား တေဇာ၊ သေဘီကို အိမ်ထဲ လှောင်ထားလို့ပြင်ပလောကအကြောင်း ဘာမှသိပုံမရဘူး"

အောင်ကျော်မိုးက တေဇာမောင်ကိုပြောလိုက်သည်။

"အေးလေကွာ…ဒါကြောင့် သဲစုပါတော့ ဒီခရီးမျိုးကို တမင်ခေါ်လာတာ၊ ဆယ်တန်းဖြေပြီးရင်တော့ ငါတို့ သူတို့ကို အဖော်ပြုပေးပြီး ရန်ကုန်အနှံ့…ပြီးရင် မြန်မာပြည်အနှံ့ ခြေဆန့်ပစ်ရအောင်"

"အေးကွ…ခက်တာက အဖေတို့က ငါတို့ကို ဆယ့်ရှစ်နှစ်ပြည့်ပြီးမှ ကားမောင်းခွင့်ပေးမှာ…"

"ငါလည်း ဒီလိုပါပဲကွာ"

အစ်ကိုနှစ်ယောက် စကားကို နားထောင်ရင်းမှ သဲစုမိုးက ရုတ်တရက်ကြီး အော်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အုန်းစိမ်း…လာဦး"

အုန်းစိမ်းသည် ရောက်လာသည်၊ သူတို့နှင့် ရွယ်တူကောင်ကလေးဖြစ်သည်။ အသားက ကြေးနီရောင် ထနေသည်။

"ချိုလား…"

ဟောသီမောင်က အဆက်အစပ်မရှိမေးလိုက်သည်၊

"ခင်ဗျာ…ဘာကိုမေးတာလဲ"

"ဟဲ့…အုန်းသီးကိုပေါ့"

ဟောသီမောင် ဘာမှမပြောနိုင်ဘဲ အိုးတိုးအတ ဖြစ်သွားစဉ် သဲစုမိုးက အုန်းစိမ်းသည်ကို "ဟောက်" လိုက်လေသည်။

"အုန်းရည်လား…အုန်းသီးအသားလားခင်ဗျာ"

"သွား…တော်ပြီ၊ နင့်ဆီက မဝယ်တော့ဘူး၊ လေကြောကိုရှည်တယ်"

သဲစုမိုးက မာမာထန်ထန် ပြောတော့ ဟောသီမောင် အားနာသွားသည်။ မရှိလို့လုပ်စားနေရှာတဲ့သူတွေကို။ ထို့ကြောင့် ပျာပျာသလဲ အန်တီစိန်ကို အားကိုးတကြီး…

"ဟင်…နေဦး…နေဦး…ငါဝယ်မှာ၊ အန်တီစိန်…ဘေဘီ အုန်းရည်သောက်ချင်တယ်၊ အုန်းရာလပတ်ရည်လေး လုပ်ပေးမယ် ဆို…"

"အေးအေး…အန်တီစိန် ဝယ်လိုက်ပါ့မယ်၊ ဘေဘီလေးခြေလက်ဆေးလိုက်ဦး၊ နားလိုက်ဦးမှပေါ့"

"ဟုတ်…"

ဟောသီမောင်အခန်းထဲဝင်ခဲ့လေသည်။

အန်တီစိန်စကားကို နားထောင်ရမည်။ အန်တီစိန်ကသာ





သျှင်…သူမှတ်မိတတ်စအရွယ်မှစ၍ နို့ဘူးတိုက်…ထမင်းကျွေး…ရေချိုးပေး…အိပ်ရာဝင်ပုံပြင်နှင့် သိပ်တတ်သူဖြစ်သည်။

ပါပါနှင့်မာမာကို အဖေနှင့်အမေဟုသာ သိထားပြီး ဆေးရုံ ဆေးခန်းနှင့် နိုင်ငံခြားခရီး မကြာခဏ သွားနေတတ်သည်။ အိမ်ရောက်လျှင်လည်း အပြေးအလွှား၊ စားသောက် ရေမိုးချိုးပြီးလျှင် စာအုပ်များနှင့် မျက်နှာချင်း အပ်ထားကြပြီး လင်မယားနှစ်ယောက်အပြင် ခေါင်းရင်းအိမ်မှ ဘဘကြီးတို့လင်မယားနှင့် ဆေးပညာများ ဖလှယ်ကာ ဆွေးနွေးညှိနှိုင်းခြင်းတို့ ပြုလုပ်ကြလေသည်။

ထိုအခါ တစ်ဦးတည်းသောသမီး သူနှင့် တစ်ဦးတည်းသော သားကိုကိုတေဇာမောင်သည်သာ ကစားဖော် တိုင်ပင်ဖော်ဖြစ်လာပြီး မသိသူများကဆိုလျှင် မောင်နှမအရင်းလား၊ အမွှာမောင်နှမလားဟုပင် မေးရသည်အထိ တမူးတွဲတွဲ ချစ်ချစ်ခင်ခင် ရှိကြသည်။

သူတို့မောင်နှမနှစ်ဦးကို ဒိုင်ခံအုပ်ထိန်းပေးသူက…အန်တီစိန်ပင်ဖြစ်လေသည်။

ထို့ကြောင့် သူတို့မောင်နှမနှစ်ယောက်စလုံးက အန်တီစိန်ကို အဒေါ်သားချင်းဟုပင် သတ်မှတ်ကာ ချစ်ခင်ကြလေသည်။

"ဘေဘီ…လာတော့…ရပြီ"

"ဟုတ်…လာပါပြီ အန်တီစိန်"

သူနှင့်အန်တီစိန်က တစ်ခန်း၊ ကပ်ရက်က သဲစုမျိုးနှင့် သူ့အမေကြီးက တစ်ခန်း၊ ကျန်အမေကြီးသူငယ်ချင်းနှစ်ယောက်က တစ်ခန်း၊ ယောကျ်ားလေးအုပ်စုက သုံးခန်း တဆက်တည်း ယူထားကြသည်။ ကြိုတင်၍ နှစ်လလောက်ကတည်းက ဘွတ်ကင်လုပ်ထားသဖြင့် နေရာရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နွေရာသီ ကျောင်းပိတ်ရက် စသည်နှင့် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများအနက် "ချောင်းသာကမ်းခြေ" သည်သာ စရိတ်စက သက်သာခြင်းနှင့် အစားအသောက်(ပင်လယ်စာများ) လတ်ဆတ်ပေါများခြင်းတို့ကြောင့် လူအစည်ကားဆုံးဖြစ်သည်။

ရန်ကုန်မြို့နှင့်လည်း သိပ်မဝေးလှဘူးဟု ဆိုရမည်။

"လာလေ ဘေဘီ၊ သဘာဝပန်းကန်လေးနဲ့ပဲ သောက်လိုက်၊ တောင်လေး လုပ်ပေးသွားတာ"

အုန်းသီးစိမ်း ထက်ခြမ်းထဲဝယ် အုန်းဖတ်နုနုလေးများနှင့် အုန်းစိမ်းရေလေး ရောစပ်ပြီး ထည့်ထားသည်။

"ကောင်လေးကလည်း ဘေဘီတို့လို ကျောင်းသားပဲ၊ ကျောင်းပိတ်ရက် ရောက်တာနဲ့ ကျောင်းစရိတ်ဖိုးပိုက်ဆံစုတာတဲ့"

"ဟင်...ဟုတ်လား"

ဟေသီမောင်အတွက် ပုံပြင်ဆန်သောစကားကို ကြားလိုက်ရလေပြီ။

"ထမင်းဘယ်က ရသလဲ" မေးလျှင် "ပန်းကန်ထဲကလေ" ဟုသာ ဖြေတတ်ခဲ့သော သူ့အတွက်တော့ အထူးအဆန်းမို့ မျက်လုံးလေး ဝိုင်းသွားပြီး အုန်းသီးစိမ်းများကို တင်ဆောင်ထားသော လှည်းကိုတွန်းချသွားသည့်ကောင်လေး၏နောက်ကျောကို ငေးကြည့်ရင်း...

"သနားပါတယ်နော်"

"ဘာသနားစရာလိုလို့လဲ...လူတိုင်းလူတိုင်းမှာ သူ့ဘဝနဲ့ သူ့အကြောင်းရှိသည်းပဲပေါ့ ဘေဘီရယ်၊ ဆင်းရဲချမ်းသာ ဆိုတာလဲ လူ့သဘာဝတစ်ခုပေပဲပေါ့"

"ဟုတ်ကဲ့ အန်တီစိန်၊ အား...အုန်းစိမ်းရေလေးက ရင်ထဲကို





အေးသွားတာပဲ၊ ရေခဲရေ မလိုဘူးနော်"

သစ်ရွက်ခြောက် ကြွေကျသည်ကိုပင် ရယ်ချင်တတ်သော ဆယ်ကျော်သက်ကာလအရွယ်ပေမို့ ဟေသီမောင်စိတ်ထဲ "အုန်းစိမ်းသည်" လေးက တဒင်္ဂအတွင်း ရေလှိုင်းပမာ ပျောက်ကွယ်သွားလေတော့သည်။

သို့သော်...

卐 卐 卐 卐

ညနေစောင်းအချိန်...

တေဇာမောင်နှင့်မိုးကျော်အောင်တို့ ယောကျ်ားလေး သူငယ်ချင်းအုပ်စုတစ်သိုက်နှင့် မိန်းကလေးဆိုလို့ ဟေသီမောင်နှင့် သဲစုမိုး၊ သဲစုမိုး၏ အစ်မနှင့်သူငယ်ချင်း စုစုပေါင်းလေးယောက်သာ ပါသည်။ ပင်လယ်ထဲဆင်းလှိုင်းစီးကြရန် မော်တော်ကားဘီး "ကျွတ်" များကို ငှားတော့...

"အဲတော့.."



www.burmeseclassic.com

www.burmeseclassic.com



ဟန်မဆောင်တတ်သော ဟေသီမောင်၏နီတွေးတွေး နှုတ်ခမ်းနစ်လွှာလေး ပွင့်အာသွားလေပြီး အာမေဋိတ်သံကလေးပင် ထွက်သွားလေသည်။

"ဘာလဲ..."

"အုန်းစိမ်း"

"သောက်ချင်ပြန်ပြီလား"

"ဟုတ်ဘူး...ဘာမှမဟုတ်ဘူး...သွားမယ်"

ဟေသီမောင်က သူ့အား ပြုံးကြောင်ကြောင်နှင့် ကြည့်နေသော "ကျွတ်" ဟုဆိုသည့်ကောင်ကလေးကို မပြုံး၏သို့ ပြုံး၏သို့ လုပ်ရင်းမှ မျက်နှာမထားတတ်သဖြင့် ရှက်ကိုးရှက်ကန်း "အဟဲ" ဟုဆိုကာ "တစ်လုံးယူသွားပြီနော်...နောက်မှ ရှင်းပေးကြလိမ့်မယ်" ဟု ပြောပြီး ပြေးထွက်ခဲ့လေသည်။

ကောင်ကလေးက ရှုတည်တည်လေးကြည့်ကာ ခေါင်းညိတ်လိုက်လေသည်။

"ဟင်း...အူကြောင်ကျားတွေ...စောင့်ပါဦးဟဲ့"

သဲစုမိုးက ဟေသီမောင်နောက်မှ ပြေးလိုက်ရင်း ထောပနာပြုလိုက်လေသည်။

ပင်လယ်ရေထဲ ရောက်တော့ အားလုံးက ရေကူးတတ်ကြသည်။

ဟေသီမောင်တို့၏ "တော်ဝင်နှင်းဆီ" ခြံကြီးထဲတွင်လည်း ရေကူးကန်နှင့် တင်းနစ်ကစားကွင်း ရှိခြင်းကြောင့် ထိုကစားနည်းနှစ်မျိုးကိုတော့ သူတို့မောင်နှမနှစ်ယောက် ကျွမ်းကျင်သည်။

"ရေကူးပြိုင်ကြမယ်"





"အဝေးကြီး မသွားကြနဲ့နော်"

အုပ်ထိန်းသူဖြစ်သော အန်တီစိန်က ရေမကူးဘဲ သူတို့ဘလေးအုပ်စုကိုသာ စောင့်ကြည့်ပြီး အသံပြာအောင် လှမ်းအော်သတိပေးလေသည်။

အန်တီစိန် အပျိုကြီးက ရေကြောက်သည်။ အညာသူစစ်စစ်ကြီးလည်းဖြစ်သည်။ ရေထဲ ဆင်းဖို့ဆွယ်တာရား ဟောချ်မရချေ။ ရေနှင့်ထိစပ်နေသောကမ်းစပ်သို့ပင် မကာပ်။

အသက်ကဖြင့် (၄၀)ကျော်ကျော်သာ ရှိသေးသည်၊ အဘွားကြီးစတိုင်လ်။

"ဘေဘီ..ဆန်နီ..အဝေးကြီးမသွားနဲ့"

ဟု အော်နေတာပဲဖြစ်မည်။ မကြားရသော်လည်း ပါးစပ်ဟပြီးလက်ဟန်ခြေဟန်ကိုကြည့်ကာ ဟေသီမောင် ရယ်မောရင်း အစ်ကိုဖြစ်သူကိုလည်း...

"ကိုကိုရေ...အန်တီစိန်တော့ အော်နေပြီ"

"အဝေးကြီး မသွားဖို့ မှာတဲ့အခွန်းအရေအတွက်တွေ ကိုကိုရေတွက်ထားတာ ရှစ်ခွန်းရှိခဲ့ပြီညလေးရ"

"ဟင်း...ဘေဘီတော့ မရေတွက်ခဲ့မိပါဘူး၊ ဘေဘီကိုလည်း ဘွဖွ မှာတယ်၊ သနားပါတယ် ကိုကိုရယ်၊ အန်တီစိန် ရင်မမောရအောင် အဝေးကြီး မသွားပါနဲ့နော်"

"အေးပါဟ...ဝါတာပိုလို ကစားလိုက်ဦးမယ်...ပါမလား"

"မပါဘူး...လှိုင်းစီးရင်း ဇိမ်ခံလိုက်ဦးမယ်"

"အဝေးကြီး မသွားနဲ့နော် ညလေး"

"ကိုကိုကြည့်နေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တေဇာမောင်က သတိပေးပြီး ယောကျ်ားလေးသူငယ်ချင်းများနှင့်အတူ ရေထဲ ဘောလုံးပစ်ဖေါက်တမ်း ကစားနေလေသည်။

ဟေသီကတော့ ကျန်မိန်းကလေးများကဲ့သို့ မဟုတ်ချေ။ "ကျွတ်" ပေ၍ အသာလှဲပြီးနောက် လှိုင်းစီး၍နေလေသည်။ ရေငြိမ်နှင့် မတူသော ဒီအရသာကို သူနှစ်သက်သွားလေသည်။

အဆုံးအစမရှိ ကျယ်ပြန့်သော ပြာလဲ့လဲ့ မိုးကုတ်စက်ဝိုင်းကြီး၏အောက်ဝယ် ထိစပ်လျက်ရှိသော ပင်လယ်ရေပြာပြာနှင့် လှိုင်းခေါင်းဖြူတို့၏ ကမ်းစပ်အနားသတ်ပေးမှုတို့ကို ဟေသီမောင် ရင်ဝယ် စွဲငြိသွားလေရာ…

"အင်း…ဆယ်တန်းဖြေပြီးရင် ပင်လယ်ကမ်းခြေတွေကိုပဲ အပန်းဖြေခရီးထွက်ဖို့ ပါပါနဲ့မာမာကို ပူဆာရမယ်"

ဟု စိတ်ထဲ၌အတွေးလေးနှင့် ကြည်နူးနေစဉ်…

"ဟေသီ…"

"ဝှက်…(What)"

"ငါတို့အိမ်မှာ ဝိုင်းဖို့ကိစ္စ နှင့်ဇင်ဇင့်ကို မပြောထားဘူးလား"

"ငါက သိမှမသိတာ၊ ကိုကိုစီစဉ်တာပဲဟာ…ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး…တေဇာက ဇင်ဇင့်ကိုဆို နှိမ်ချင်တယ်၊ တေဇာက အစက အဆင့်အတန်း ခွဲတတ်သူ မဟုတ်ပါဘူးဟာ၊ ဇင်ဇင်နဲ့ကျမှ ဘယ်လိုဖြစ်နေသလဲ မသိပါဘူး…အကြောင်းရှိလို့လား"

သဲစုမိုးကဲ့သို့ပင် သူလည်း တေဇာမောင်အပေါ် တွေးခဲ့ဖူးသည်။

"ငါလည်း ဘာမှမသိဘူး၊ ကိုကိုပြောတာတစ်ခုကတော့ ငါ့ကို နှံတယ် အ.တယ်တဲ့၊ ဇင်ဇင့်ကိုတော့ လည်တယ်၊ နပ်တယ်၊ နင်





ကြပ်ကြပ်သတိထား၊ နင့်ကို ရောင်းစားသွားလိမ့်မယ်တဲ့လေ၊ ဟုတ်နိုင်ပါ့ဘူး…ကိုကိုက ငါထက် (၅)လပဲ ကြီးပေလို့သာပဲ၊ တစ်နှစ်လောက်များကြီးရင် အဘိုးထက်တောင် ဆိုးလိမ့်မယ်ထင်တယ်…ပွစိပွစိနဲ့"

"ဒါကတော့ နင့်ကို အားမလိုအားမရဖြစ်ပြီး ကရုဏာဒေါသဖြစ်သွားတာပါဟာ၊ တေဇာက တည်ကြည်ပါတယ်၊ အဟဲ…ဒါကြောင့်လည်း…"

"ဟွန့်…မိန်းမနောက်ပိုး"

"ဟင်း…ဟင်း…ဟင်း၊ အားကိုးပါတယ် ယောင်းမရယ်"

သူငယ်ချင်းနှစ်ယောက် တိုးတိုးတိတ်တိတ်နှင့် နောက်ပြောင်ကျီစယ်နေရင်း ရေပက်ဆော့ကစားနေကြစဉ်…

"ဟာ…လုပ်ကြပါဦး…ကယ်ကြပါဦး…"

"လာကြပါဦး…"

အော်သံဟစ်သံများနှင့်အတူ ကမ်းစပ်၌ မျောက်မီးခဲ ကိုင်မိသလိုဖြစ်နေသော အန်တီစိန်က…

"ဘေဘီ…သဲစု…လာခဲ့ကြ…လာ…လာ…ဟိုမှာ ရေနစ်နေပြီထင်တယ်"

"ဘယ်သူ…ဘယ်သူ…"

"ဘုရား…ဘုရား"

သဲစုမိုးနှင့်သူ အန်တီစိန် လက်ညှိုးညွှန်ရာအရပ်ကို လှမ်းကြည့်ပြီး စိတ်ထဲ၌ ကိုယ်စီကိုယ်င ဘုရားတရင်း ဆုတောင်းမိကြသည်မှာ…

"ဘုရား…ဘုရား…ကိုကိုမဟုတ်ပါစေနဲ့"

ဟေသီမောင်က တေဇာမောင် မဖြစ်စေချင်သလို သဲစုမိုးက



www.burmeseclassic.com

www.burmeseclassic.com



လည်း အောင်ကျော်မိုး မဖြစ်စေချင်ပါ။ ထို့ကြောင့် အန်တီစိန် ရှိရာသို့ ပြန်ပြေးသွားရင်း အန်တီစိန်၏အပူကို ငြိမ်းအေးစေလိုက်သည်။

"ဘုရား..ဘုရား..သောဘီရယ်..ရေနက်ထဲ မသွားပါနဲ့ကွယ် သိပ်ဝေးနေတော့ ခေါ်မကြား..အော်မကြားနဲ့.."

"ဘယ်သူလဲ...ဘယ်သူရေနစ်တာလဲ"

"မသိဘူး...ရေးရေးပဲ မြင်နေရတာ၊ ပိုင်းဆယ်နေကြတယ် ထင်တယ်"

ဟေသီမောင် လက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားရင်း အန်တီစိန်က အဝေးသို့ မျှော်ကြည့်နေလေသည်။

ဟေသီမောင်တို့သူငယ်ချင်းနှစ်ယောက်မှာလည်း ရင်ခုန်သံ နှန်း လျှင်မြန်မှုများနှင့်အတူ ရပ်ကြည့်ကာ ဆုတောင်းလျက်ရှိကြလေသည်။

စက္ကန့်တံများ၏ရွေ့လျားမှုက နှေးကွေးလွန်းလှသည်။

ပင်လယ်ရေပြင် အနားသပ်ပေးနေသော ကမ်းစပ်သို့ လူတစ်စု ရောက်လာကြသည်။

ထိုလူတစ်စုထဲတွင် တစ်စုတစ်ယောက်က ထမ်းပိုးခြင်း ခံရပြီး လိုက်ပါလာသည်။

"ကိုကို.."

သဲစုမိုး အသံပြာနှင့် အော်ပြီး လူစုရှိရာသို့ပြေးသွားသည်။

ဟေသီမောင်နှင့် အန်တီစိန်လည်း ပြေးလိုက်ခဲ့သည်။

ရေနစ်သူမှာ သဲစုမိုးအစ်ကို အောင်ကျော်မိုးဖြစ်လေသည်။

ကိုကိုတေဇာ မဟုတ်ခြင်းအတွက် ဟေသီမောင် ကျေနပ်သွားခဲ့ရသော်လည်း သူငယ်ချင်းအရင်းအချာဖြစ်သော အောင်ကျော်





မိုးအတွက် စိုးရိမ်ပူပန်မှုကတော့ လျော့မသွားပါချေ။

"ဟင်.."

အောင်ကျော်မိုးကို ရှေးဦးသူနာပြုနည်းနှင့် ပြုစုပေးနေသောသူကို မြင်တွေ့လိုက်ရသောအခါ ဟေသီမောင်ရင်ထဲ၌ အာမေဋိတ်သံလေး နောက်ဆက်တွဲ ဖြစ်ပေါ်လာခဲ့သည်။

"ဟင်...အုန်းသီးသည်"

ကျန်လူများကတော့ သတိမပြုမိကြ။

"ဘာဖြစ်တာလဲ.."

"ရေကူးရင်း ကြွက်တက်သွားလို့တဲ့"

"လှိုင်းတွေကြား ရေကူးမကျွမ်းတော့ ကျွန်တော်တို့ ဘယ်လိုမှ ဆယ်လို့မတတ်ဘူး ဖြစ်နေတာ.."

"တော်ပါသေးရဲ့..ဒီအစ်ကိုက စပိဘုတ်ပေါ်ကနေ ခုန်ဆင်းပြီး ကယ်ပေးပေလို့သာပဲ"

တစ်ယောက်တစ်ပေါက် ပြောဆိုနေသံများကို ဂရုမစိုက်ဘဲ သူကယ်တင်ခဲ့သော လူနာကို သူပင်ပြုစုရာမှ...

"အခြေအနေ ကောင်းသွားပြီ...လူနာကို ခေါ်သွားပြီး နွေးထွေးအောင် ပြုစုလိုက်ပါ၊ အပန်းဖြေခရီးသည်တွေထဲမှာ ဆရာဝန် တစ်ဦးဦး ပါလိမ့်မယ်၊ ဟိုတယ်ဝန်ထမ်းတွေ အကူအညီနဲ့ ရှာဖွေကုသလိုက်ပါ၊ အသက်အန္တရာယ်ရဲ့ခြိမ်းခြောက်မှုကတော့ လွတ်မြောက်သွားပါပြီ"

ကယ်တင်ရှင်အုန်းသီးသည်က စကားကြီးစကားကျယ်များ ပြောဆိုပြီး ရေထဲသို့ပြန်ဆင်းသွားလေသည်။

"နေဦး..ကို..ကိုဟဒ့်"



www.burmeseclassic.com

www.burmeseclassic.com

သဲစုမိုးလှမ်းခေါ်သော်လည်းပင်လယ်ပြင်၏လှိုင်းပုတ်သံနှင့်ပင်လယ်လေတိုးသံတို့က သဲစုမိုး၏ညောင်နာနာအသံလေးကိုလွှမ်းမိုးသွားလေသည်ထင့်။

ကိုယ်တော်ချောက လုံးဝလှည့်မကြည့်ပါချေ။

"ကြီးကျယ်လို့…ခေါ်မနေနဲ့"

ဟေသီမောင်က မဲ့ရွဲ့ကာ သဲစုမိုးကိုဟန့်တားလိုက်သည်၊

ကြေးနီရောင် အသားအရေနှင့် ပင်လယ်ပျော် မင်းသားကတော့ပင်လယ်လှိုင်းများအကြားက လွင့်မျောနေသော သူ၏စဝိဘုတ်ရှိရာသို့ကူးခတ်သွားလေသည်။

"ဘယ်ဟုတ်မလဲ ညလေးရယ်၊ သူဟာ အောင်ကျော်မိုးရဲ့အသက်သခင်ကျေးဇူးရှင် ဖြစ်သွားပြီ၊ သူဘယ်သူလဲဆိုတာ စုံစမ်းပြီးသဲစုတို့မောင်နမက ကျေးဇူးပြန်ပြုရမှာပေါ့"

"သူက အတာကြီးနဲ့ ဆရာကြီးလုပ်သွားတာကိုး"

ဟေသီမောင်က ကြားဝင်ပြောလိုက်သည်။

"နင်ကလည်းဟာ…ကဲပါ…ကိုကို့ကိုဟိုတယ်ပြန်ပို့ပေးကြပါဦး"

သူငယ်ချင်းနှစ်ယောက်က တစ်ဖက်တစ်ချက်မှနေ၍အောင်ကျော်မိုးကိုတွဲခေါ်သွားကြလေသည်၊

ဟေသီမောင်ပင်လယ်ပြင်သို့လှည့်ကြည့်လိုက်သည်။

စဝိဘုတ်ကို ရပ်စီးနေသော ပင်လယ်ပျော် လူသားငယ်ကိုကြည့်ပြီး ရင်များပင် ခုန်လျက် သွေးတိုးနှုန်းထားကလည်း "တဒိတ်ဒိတ်" ဆူညံကုန်လေသည်။

"သူကျတော့ ရေမကြောက်တဲ့အတိုင်းပဲ၊ ပင်လယ်ပြင်ကို





…သူ့ဖမွ့ရာမှတ်နေသလားအောင်းမေ့ရတယ်"

ဟူသောအတွေးနှင့် ငေးနေစဉ်…

"ဘေဘီ…လာလေ…ဘာလုပ်နေတာလဲ"

"ဟို…ကျွတ်တွေ ရေထဲမှာ ကျန်ခဲ့ပြီ"

"အို…သွားယူမနေနဲ့၊ လာတောင်းတော့ လျော်လိုက်ရုံပဲ၊ …ာ…လာ…ရေစိုကြီးနဲ့ အဖေအေးမိတော့မယ်"

အန်တီစိန်၏ဆွဲခေါ်ရာသို့ လိုက်ပါခဲ့ရသော်လည်း မျက်လုံး…းက ပင်လယ်ပြင်၌ ကျန်ရစ်ခဲ့လေတော့သည်၊


www.burmeseclassic.com

www.burmeseclassic.com



အခန်း(၈)

"ကျွန်တော့်နာမည် ခွန်မင်းသိုက်ပါ"

"ဟင်…"

"ဗျာ…"

"ရှင်…"

"ဘယ်လို…ဘယ်လို…"

ပင်လယ်ပျော်၏အမည်ကိုကြားလိုက်ရသည်နှင့် သူတို့တစ်ယောက်တစ်ပေါက် အာမေဋိတ်သံအစုံအလင် ထွက်ကုန်ကြလေသည်။

"ဘယ့်နှယ့်…ပင်လယ်သားက တောင်ပေါ်သားနာမည်မှည့်ရတယ်လို့…"

တေဇာမောင်က အံ့အားသင့်ရင်း ရှင်းလင်းချက် ပေးလိုက်သည်။





ပင်လယ်ပျော်က ပြုံးလိုက်သည်။

အလို…။ ပြုံးလိုက်သည့်အခါ ပါးချိုင့်လေးနှင့် ညီညာဖြူဖွေးသော သွားစွယ်တန်းက ပုလဲသွယ်လေး သီကုံးထားသည့်နှယ်ပါလား။

"ဒါကတော့…ကျွန်တော့်မိသားစုရဲ့ဘိုင်အိုဂရပ်ဖီကြောင့်ပါလေ"

"ထားပါတော့လေ…ကျွန်တော်တို့ မစပ်စုတော့ပါဘူး၊ ခု ကျွန်တော်က အစ်ကို့ကိုကန်တော့ချင်တယ်၊ ဒါပေမယ့် ဖေဖေနဲ့မေမေက အစ်ကို့ကို တွေ့ချင်တယ်တဲ့၊ ကျွန်တော်တို့နဲ့ အပြန် ရန်ကုန်လိုက်လည်ပါလား"

"ကျွန်တော် ခင်ဗျားကိုကယ်ပေးတာ ကျေးဇူးတရားကိုမျှော်ကိုးလို့မဟုတ်ပါဘူး၊ လူသားတစ်ယောက်ရဲ့အသက်တင် မကဘူး၊ သတ္တဝါတိုင်းရဲ့အသက်ကို တန်ဖိုးထားတတ်လို့ပါ၊ ကဲပါ…ရေစက်မကုန်သေးရင် ပြန်ဆုံရတာပေါ့ဗျာ၊ အုန်းသီးက ဘယ်လိုယူမှာလဲ၊ အရည်တည်လေးလား…ဖွန်းခြစ်လား"

"အရည်တည်လေး"

"ဖွန်းခြစ်"

"ဘေဘီကိုတော့ အုန်းရှာလပတ်ရည်ပဲ လုပ်ပေးနော်"

"ကောင်းပါပြီခင်ဗျာ"

ပင်လယ်ပျော်ဟု ဟောသီမောင် တိတ်တခိုး နာမည်ပေးထားသော ခွန်မင်းသိုက်က ကျွမ်းကျင်စွာဖြင့် အုန်းသီးများကို ရွေးချယ်ပြီး လူ(၁၂)ယောက်အကြိုက်ကို တစ်လုံးပြီးတစ်လုံး လုပ်ပေးရင်း သူတို့ မေးသမျှကိုလည်း ဖြေကြားရှာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သတ္တဝါတိုင်းရဲ့အသက်ကိုတန်ဖိုးထားတတ်တယ်ဆိုတော့ ခင်ဗျားက ငါးတော မဖမ်းဘူးလား"

"မဖမ်းဘူး..."

"ဒါဖြင့် ဘာလုပ်စားသလဲ"

"အဓမ္မထမင်းဆိုင်မှာ ဝိုင်းကူခဲ့တယ်၊ ပြီးတော့ ခင်ဗျားတို့ မြင်တဲ့အတိုင်း အုန်းပင်တက်၊ အုန်းသီးရောင်း၊ လေ့အငှားလိုက်၊ ကျွတ်ငှား၊ စပီဘုတ်ငှား၊ ထမင်းချိုင့်ပို့၊ ကူလီ..အစုံလုပ်တယ်"

လူကုံထံမိသားစုများမှ ပေါက်ဖွားလာသော လူငယ်တစ်စုမှာ ပါးစပ်အဟောင်းသားနှင့် ပုံပြင်တစ်ပုဒ်သဖွယ် နားထောင်နေလေသည်။

သွက်လက်သော သဲစုမိုးက...

"နင် ပုံပြောကောင်းတယ်...ဆက်ပြောဦး"

"သဲသဲ...ဘာနင်လဲ၊ နင့်ထက်အသက်ကြီးတယ်၊ အစ်ကိုဖြင့် အစ်ကိုပေါ့"

အောင်ကျော်မိုးက သူ့အသက်သခင်အတွက် ညီမဖြစ်သူကို ဆူပူမာန်မဲတော့ သဲစုမိုးက လျှာလေးတစ်လစ်လုပ်ကာ ပခုံးလေးတွန့်လျက်...

"ဆောရီး...ဆောရီး...အစ်ကိုကြီး၊ ကျောင်းကော နေခဲ့ရရဲ့လား၊ ဘယ်နှစ်တန်းအထိ သင်ခဲ့ရသလဲ"

"ဒီနှစ် ဆယ်တန်းဖြေမှာပါ"

"ဟင်...သန်ဘက်ခါ စာမေးပွဲ စမှာ မှတ်လား"

ထူးဆန်းသောစကားတစ်ခုကို ကြားလိုက်ရသည့်နှယ် အံ့အားသင့်ကုန်ကြသည်။





"ဟုတ်ပါတယ်...ဒါပေမယ့် ကျွန်တော့်အမေက ပြီးခဲ့တဲ့ တစ်လကျော်ကမှ ဆုံးသွားတာဆိုတော့ ကျွန်တော့်အချိန်တွေ အနားမပေးနိုင်ဘူး၊ စာကျက်ရင်း အညောင်းပြေ အုန်းသီးတစ်လှည်းစာ တွန်းရောင်းလိုက်တယ်၊ ကျွတ်ငှားရင်း စာကျက်တယ်၊ နောက် စပီဘုတ်လိုက်မောင်းပေးတာလောက်ပဲ လုပ်တာပါ၊ ဒါ...ဒီနေ့ နောက်ဆုံးပါ"

မျက်ဝန်းညိုညို မှိုင်းရိပ်ဝေသွားသည်။ မျက်ရည်ဝေ့သီခြင်း မရှိသော်လည်း ရင်ထဲမှာတော့ ကြေကွဲပွင့်တို့ "တဖြုတ်ဖြုတ်" ကြွေနေလောက်ပြီဟု ဟေသီမောင် တွေးရင်း ရင်ထဲ စာနာမှုတို့က ဖြစ်တည်လျက်...။

"ခင်ဗျား စာသွားကျက်တော့ဗျာ၊ အဲဒီအုန်းသီး တစ်လှည်းလုံး ကျွန်တော်တို့ယူလိုက်မယ်"

"မလုပ်ပါနဲ့ဗျာ...အခြားဘန်ဂလိုက ဖောက်သည်တွေဆီ လည်း ပို့ပေးရဦးမှာမို့လို့ပါ...ခွင့်ပြုပါဗျာ"

"အေးလေ...အစ်ကို့သဘောဗျာ"

အောင်ကျော်မိုးက သူ့အသက်သခင်အပေါ် ကျေးဇူးဆပ်လိုမှုဖြင့် စွတ်ရွတ်ပြောလိုက်သည်။

"ဟက်ကနဲ" ရယ်လိုက်သော ပင်လယ်ပျော်၏အလှကျက်သရေကို ဟေသီမောင်က ခိုးကြည့်မိသည်။

ပင်လယ်ပျော်၏ ကြေးနီရောင်ထသော အသားအရည်သည် သူတို့လိုတိုက်တာနေ့အိမ်များ၌နေမခ လေမနှမ်းနေရမည်ဆိုပါက အသားအရည် ဖြူဝင်းကာ ချောမောခန့်ညားမည့် ရုပ်ရည်မျိုးဟု ခန့်မှန်းပုံဖော်ရင်း အပျိုဖော်ဝင်စ မိန်းမငယ်လေး၏နှလုံးသားက



www.burmeseclassic.com

www.burmeseclassic.com



ဗရမ်းဗတာဖြစ်လာလေသည်။

ထို့အတူ သာလီကာမလေး သဲစုမျိုးက သူ၏အမှာအစ်ကို တော် အောင်ကျော်မိုး၏အသက်သခင်မို့ အလေးထားကာ...

"ဒီမှာ...သဲစုတို့လိပ်စာကတ်၊ အချိန်မရွေး လာခဲ့ရမယ်နော်"

သဲစုမိုး ကမ်းပေးသော လိပ်စာကတ်ကို မယူပဲ ခေါင်းခါကာ...

"ဆောရီးဗျာ...ကျွန်တော့်အမေက လူချမ်းသာတွေဆီက ဘာအကျိုးကိုမှ မမျှော်လင့်ပါနဲ့တဲ့ဗျာ"

အောင်ကျော်မိုးက မျက်နှာပျက်သွားသလို သဲစုမိုးက လေထဲ၌ တိုးလိုးတန်းလန်းဖြစ်နေသော သူ့လက်ကို ရုပ်သိမ်းပြီး...

"ကြီးကျယ်လိုက်တာ...မယူချင်နေပေါ့...ဟွန့်"

ဟု မျက်စောင်းပင် ချီလိုက်လေသည်။

"ဒါဖြင့် ခင်ဗျားလိပ်စာ ပေးထား"

"ရပါတယ်ဗျာ...ကျောက်မောင်နှမရွာက ဒေါ်ခင်နှင်းဖြူသား ခွန်မင်းသိုက်ဆိုရင် ရွာသောင်ယံတစ်ခုလုံးက သိကြပါတယ်"

အနှန်းစိမ်းများကို လှူစုံပေးအပြီးတွင် တန်ရာတန်ဖိုးငွေမှ လွဲ၍ အဝိုတစ်ပြားတစ်ချပ်မှ မယူပဲ ထွက်ခွာသွားသော ပင်လယ်ပျော် ခွန်မင်းသိုက်၏နောက်ကျောပြင်ကို အားလုံးက ငေးကြည့်ရင်း...

"တကယ့်လူပဲ"

"ဆင်းရဲသားမာန ဆိုတာ ဒါမျိုးထင်တယ်"

"ဒါကြောင့် ဆင်းရဲတာပဲ ဖြစ်မယ်"

လူငယ်ကလေးတွေပီပီ ထင်ရာမြင်ရာ တစ်ယောက်တစ် ပေါက် ပြောကြသည်။ ထိုအထဲတွင် ဟောသီမောင်မပါသကဲ့သို့ အောင် ကျော်မိုးကလည်း တွေဝေငြိမ်သက်နေသည်။





မနေ့ညက သေလုမျောပါး သေမင်းနှင့် စစ်ခင်းရချိန်ကို ခံစား ခဲ့ရသော သူ့ခံစားမှုကို သူသိခဲ့သည်။

ခရီးသည်ထဲမှ ဆရာဝန်တစ်ဦးက သူ့အား လာစစ်ဆေး တာသပေးရင်း...

"မောင်ရင် ကံကောင်းသွားတယ်၊ မလိမေခလာ နတ်သမီး မဟုတ်ဘဲ နတ်သားတစ်ပါး လာကယ်သွားပေလို့သာပဲ၊ မိနစ်ပိုင်း အနည်းငယ်သာ နောက်ကျကြည့်၊ ခင်ဗျားတော့ ဂန့်ပြီ"

လူငယ်ဆရာဝန်ပီပီ ခေတ်စကားလေးနှင့် အဆုံးသတ် ကျိုစယ်သွားခဲ့လေသည်။

"အဆုတ်ထဲ ရေဝင်ထားတော့ အအေးမပတ်အောင် ဆေး သောက်ရမယ်၊ ဆေးလည်း ထိုးပေးခဲ့ပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဆရာ"

"ကျုပ်ကို ကျေးဇူးမတင်နဲ့ မောင်ရင်၊ ဆရာဝန်တစ်ဦးက လူနာကိုကုသတာ သူ့အလုပ်၊ ကိုယ့်အသက်ကိုပဓါနမထားဘဲ တစ်ပါး သူအသက်ကိုကယ်တင်တဲ့ မေခလာနတ်သားကိုသာ ခင်ဗျားကျေးဇူး တင်လိုက်ဗျူ"

အောင်ကျော်မိုး မနေ့ညနေက အဖြစ်အပျက်များကို မြင် ယောင်ကြားယောင်ရင်းက ခွန်မင်းသိုက်၏နောက်ကျောပြင်ကို မျက်စိ တစ်ဆုံး ငေးကြည့်ကာ ကျန်ရစ်ခဲ့လေတော့သည်။

ရင်ထဲမှာတော့ တေး၍မှတ်ထားသည်။ ကိုခွန်မင်းသိုက်ကို အကောင်းဆုံးသော ကျေးဇူးဆပ်နည်းဖြင့် ပြန်ဆပ်ရမည်။ သို့အတွက် မိဘတွေထံသို့ သူခွင့်တောင်းရပေတော့မည်။

"သူငယ်ချင်း...ဘယ်လိုလဲကွ၊ မင်းကျေးဇူးရှင်က လူခွစာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘာသာသူ ခွစာဖြစ်ဖြစ် ဘာဖြစ်ဖြစ်ပေါ့ တေဇာရာ ငါ့အတွက်တော့ အသက်သခင် ဖြစ်သွားပြီဖြစ်တဲ့အတွက် သူ့ကို ပေးဆပ်ဖို့ ငါ့မှာ အကြွေးရှိသွားပြီ"

တေဇာမောင်နှင့်အောင်ကျော်မိုးတို့နှစ်ယောက်တည်းပြော နေသကဲ့သို့ပင်လယ်ပြင်ကိုမျက်နှာမူထားသော ခုံတန်းလျားလေးပေါ် ထိုင်ကာ အုန်းရည်သောက်ရင်းစကားတွတ်ထိုးနေသူများက ဟေသီ မောင်နှင့် သဲစုမိုး။

"သဲသဲနော်…မိန်းမဈေးကျခံပြီး လိပ်စာကတ်များ သွားပေးရ တယ်လို့ ဟင်း…နင့်ကိုငါ့ယောင်းမစာရင်း နံပါတ်တစ်ကနေ ပယ်ဖျက် ပစ်လိုက်တော့မယ်"

"အံမယ်…ငါ့ကိုသာ ပြောနေ၊ နင့်မျက်လုံးကတော့ သူ့ဆီက တစ်ချေလေးမှ မခွာ ကျောက်ပုစွန်ထုပ်နဲ့အပြိုင် ပြူးလို့"

"သွားစမ်းပါကွာ…အဆင့်အတန်း မတူတဲ့ဟာကို၊ ထူးဆန်း လို့ကြည့်မိတာကလွဲလို့ ဘာစိတ်မှ မရှိပါဘူးဟာ…အောက်ပါတယ်"

ဟေသီမောင်က သူ၏အဖျုတ္တသဏ္ဌာန်ကို ကောင်းစွာ နား မလည်သေးသဖြင့် နားလည်သလိုပင် ကောက်ချက်ချလိုက်သည်။

"ငါလည်း ဒီလိုပါပဲ…ကိုကို့အသက်သခင်မို့လို့သာပေါ့၊ ငါ့ရင် ထဲက တစ်ပွင့်ပန်းက၊ အဟမ်း…ယောင်းယောင်းရယ်…နင်သိပါတယ်"

"သွား…မိန်းမနောက်ပိုး"

ကိုကိုတေဇာကို ရည်စူးကာ သဲစုမိုးက သူ့အား ယောင်းမ၊ ယောင်းယောင်းဟု ချစ်စနိုး ခေါ်ကာ နောက်ပြောင်လေတိုင်း…

"မောင်လှယ်နှမလှယ် မလုပ်နဲ့နော်၊ နင့်အစ်ကိုအောင်ကျော် မိုးကိုတော့ ငါ့ရင်ထဲက No feeling"





"အေးပါ…အေးပါ…No feelng ကနေ အိုးဒါလင် ဖြစ်သွားဦး မယ်…ခစ်…ခစ်…ခစ်"

"မိန်းမ…ပြေးနိုင်မှ လွတ်စေမယ်နော်…"

သဲစုမိုးက သူ့အားနောက်ပြောင်ပြီး ထအပြေး ဟေသီမောင် က နောက်က ပြေးအလိုက်…

ထိုမြင်ကွင်းက မလှမ်းမကမ်းမှ ကြည့်နေသော အုန်းသီး သည် ခွန်မင်းသိုက်၏ရင်ထဲ၌ ထူးကဲသော လှုပ်ခတ်မှုတစ်မျိုး ခံစား ရင်းပြုံးနေမိသည်။ ကြည်နူးဖွယ်ရာ မြင်ကွင်းလေးပါလား။

သူ့ရင်ထဲ၌ ချစ်လိပ်ပြာလေးတောင်ပံခတ်ခြင်းဖြစ်ကြောင်း ကိုတော့ဖြင့် ခွန်မင်းသိုက် ကွဲပြားစွာ နားမလည်နိုင်ခဲ့ချေ။

လောကဓံ၏ကြမ်းတမ်းခက်ထန်မှုက သူ့ဘဝထဲကို ချမ်းမြေ့ သာယာကြည်နူးခြင်းတို့ကိုမှ ဝင်ရောက်ခွင့် မပေးခဲ့လေဘဲ။

ခွန်မင်းသိုက် သက်ပြင်းချလိုက်မိသည်။

"ဟင်း…"

အကြည့်တို့ကို လွှဲဖယ်ပြီး ကုန်သွားပြီဖြစ်သော အုန်းစိမ်း လှည်းကို သိမ်းဆည်းရန် ဆက်လက်တွန်းသွားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၉)

"ဟင့်အင်း...ဘယ်မှမသွားပါဘူး၊ ပင်လယ်ရေကြီးနဲ့ သဲသောင်ပြင်ကြီးကို နှုတ်ဆက်ချင်လို့ပါ"

မနက်ဖြန် မနက်အစောကြီး ထပြန်ကြမည်ဆိုတော့ Beach (ကမ်းခြေ)က မခွာရက်နိုင်အောင် ဖြစ်နေသည်။

ဤကဲ့သို့ ပင်လယ်လေကို ရှူရှိုက်ရင်း ဖိနပ်မပါပဲ သဲများကို ဖွဖွနင်းကာ လျှောက်လှမ်းရသည့်အရသာမျိုးကို မြို့ပြဒေသ၌မရရှိနိုင်။

လွတ်လပ်ခြင်း၊ ပျော်ရွှင်ကြည်နူးပေါ့ပါးခြင်းတို့ အရသာကို အပြည့်အဝ ခံစားရင်း လျှောက်လာစဉ် စက်ဘီးတစ်စီးက သူ့ကို ဖြတ်ကျော်သွားပြီးမှ ရပ်တန့်သွားပြီး နောက်ပြန်လှည့်ကြည့်လိုက်သည်။

ပင်လယ်ပျော် ခွန်မင်းသိုက်ပါလား။ သူ့စက်ဘီးခြင်းထဲ၌ အောင်သပြေပန်းနှင့် ကုံကော်ပန်းတွေ ပြည့်နှက်နေသည်။





"အစ်မလေး...တစ်ယောက်တည်းလား"

ဟောသီမောင် ခေါင်းညိတ်လိုက်သည်။ နှုတ်ကလည်း...

"စာမေးပွဲဖြေနိုင်လား"

ဟုအလိုလို မေးမိရက်သားဖြစ်သွားသည်၊

ပင်လယ်ပျော်က ခေါင်းညိတ်ကာ...

"ဖြေနိုင်ပါတယ်...ခု...ဘယ်အထိ လျှောက်မှာလဲ၊ ကျန်တဲ့သူတွေကော..."

"အဟဲ...အလုပ်ကြီးအကိုင်ကြီး လုပ်နေကြတယ်လေ"

"ပိုက်ကာဒေါင်းတာလား"

"အင်း..."

ဟောသီမောင် ပြုံးတုံ့တုံ့ လုပ်ကာ ခေါင်းကလေး ညိတ်လိုက်သည်။ နောက်...

"ကုံကော်တွေ လှလိုက်တာ၊ အပွင့်တွေက အကြီးကြီးပဲနော်"

"အစ်မလေးက ပန်းပန်တတ်လို့လား"

"ဟင့်အင်း.."

"မပန်တတ်ရင် မပေးတော့ဘူး၊ ဒါ...ကျွန်တော် ကျောက်ခုတိုးစေတီက ဆုတောင်းပြည့်ဘုရားမှာ သွားကပ်လှူမလို့"

"ဟိုဘုရားလား"

ဟောသီမောင်က လက်ညှိုးထိုးကာ မေးလိုက်သည်။

"ဟုတ်တယ်...ဆုတောင်းပြည့် ဇမ္ဗူပတိဘုရားမှာ ကပ်လှူမလို့"

"ဆုတောင်းတကယ်ပြည့်သလားဟင်"



www.burmeseclassic.com

www.burmeseclassic.com

"ဆုတောင်းပြည့်တာ မပြည့်တာက ကံတရားပါပဲ၊ ယုံကြည်မှု နဲ့ ကိုယ့်ဘုရားကိုယ်ကိုးကွယ်ဆည်းကပ်ရမှာက ကျွန်တော်တို့ လူသား တွေရဲ့အလုပ်ပဲမဟုတ်လား"

ဟေသီမောင်အတွက် ပတ်ဝန်းကျင်အသစ်အဆန်းမှာ ထူးခြားသော လူသားအသစ်အဆန်းတစ်ဦးကို တွေ့မြင်ခွင့်ရသဖြင့် ကျေနပ်ပျော်ရွှင်နေမိသည်။

"ဒါဆို စာမေးပွဲမှာ ကျက်ထားတာတွေနဲ့ တိုးပါစေလို့ ဆုတောင်းမှာပေါ့နော်"

"မဟုတ်ဘူး..."

"ဟင်..."

ဟေသီမောင်က နားမလည်ဟန်ဖြင့် ခွန်မင်းသိုက်ကိုပြုံးတုံး ကြောင်တောင် မျက်လုံးလေးနှင့် ကြည့်လိုက်သည်။

ခွန်မင်းသိုက်က သူ့အင်မတန် အသည်းယားစေသည့်အပြုံး ကိုပြုံးလေသည်။

တည်နေလျှင် လှကြမ်းအသွင်...

ပြုံးလိုက်လျှင် လှချောကလေးအသွင်နှင့် အင်မတန် ကြည့် ကောင်းသောလူပါလား။

"ဒါဖြင့်.."

"အမေဆုံးတာ ဒီနေ့ နှစ်လပြည့်တယ်၊ ဒါကြောင့် ဘုရားမှာ မေမေ့အတွက် ဆုတောင်းပေးမလို့ပါ"

"ဩော်...ကိုခွန်မင်းသိုက်အဖေကကော ဘာလုပ်သလဲ၊ မောင်နှမတွေကကော ဘယ်နှစ်ယောက်ရှိသလဲ"

"အဖေက ကျွန်တော် သုံးနှစ်သားအရွယ်ကတည်းက ဆုံး





ထွားတာပါ၊ မောင်နှမ မရှိပါဘူး"

"ဟင်...ဟုတ်လား၊ ဒါဆို အခု ဘယ်သူနဲ့ နေသလဲဟင်"

ခွန်မင်းသိုက်ဆိုသော အလွှာမတူညီသည့် လူတန်းစား ဆောင်ကလေးအပေါ် ကရုဏာအိုင်လေးက ရင်တွင်း ဖြစ်ထွန်းလာခဲ့ ပေပြီ။

"အမေ့ဘက်က အဒေါ်ဘွားလေးနဲ့ နေတယ်၊ ဟော...ဘုရား ရောက်ပြီ၊ ရော့...အစ်မလေးလည်း ဘုရားပန်းကပ်ပေါ့ဗျာ"

သူ့လက်ထဲသို့ အောင်သပြေခက်များနှင့် ကံ့ကော်ခက်များ ကိုထိုးထည့်ပေးလိုက်လေသည်။

ထို့နောက် ပင်လယ်ပျော်က ဘုရားရုပ်ပွားတော်နားသို့ ချဉ်း ကပ်ပြီး ဘုရားရှိခိုးလေတော့သည်။

ဟေသီမောင်က ပန်းအိုးတစ်လုံးထဲ ပန်းများကို စိုက်ထူ လိုက်ပြီးမှ ဘုရားရှိခိုးလိုက်လေသည်။

ဆုတောင်းရမှာက လူသားတွေရဲ့အလုပ်တစ်ခုပဲဟု ပင်လယ် ပျော်စကားကို သဘောခွေ့မိသဖြင့် ဟေသီမောင် ဆုတောင်းပေးလိုက် သည်။

"ကိုခွန်မင်းသိုက် စာမေးပွဲကို ချောချောမောမော ဖြေဆိုနိုင် ပါစေ"

"ကိုခွန်မင်းသိုက်အမေလည်း ကောင်းရာသုဂတိသို့ရောက် ရှိပါစေ" ဟူ၍။

ကျန်ဘာဆုကိုမှ မတောင်းမိချေ။

ခွန်မင်းသိုက်ကို ငါစောင့်ရင်း နောက်ကျောပြင်ကို ငေးကြည့် နေမိသည်။ ယောက်ျားကြီးတစ်ယောက်ကဲ့သို့ပင် ကြံ့ခိုင်သောအသွင်



www.burmeseclassic.com

www.burmeseclassic.com

သဏ္ဍာန်ရှိနေသည်။

အတန်ကြာတော့မှ ဘုရားရှိခိုးပြီးစီးသွားသည့် ခွန်မင်းသိုက်ကို ဘုရားလူကြီးဖြစ်ဟန်တူသည့်လူက...

"လူလေး...ဒီနေ့ စာမေးပွဲ စဖြေပြီမှတ်လား"

"ဟုတ်ကဲ့ အဘ"

"ဖြေနိုင်ရဲ့လား"

"ဖြေနိုင်ပါတယ် အဘ"

"အေးအေး...မင်းအမေအတွက် လွမ်းဆွတ်နေမယ့်အစား သူ့လိုလားချက်ကိုသာ ဖြစ်မြောက်အောင် အကောင်အထည်ဖော်ပေးလိုက်ပါ လူလေးရယ်"

"ဟုတ်ကဲ့ပါ အဘ...ခွင့်ပြုပါဦး"

ခွန်မင်းသိုက်က ဝှစေတီလေးအပြင်ဘက်၌ ရပ်စောင့်နေသော သူ့ကိုမြင်တော့...

"ဟောဗျာ...မပြန်သေးဘူးလား၊ နေတောင် ဝင်တော့မယ် အစ်မလေး"

ဟေသီမောင် နှုတ်ခမ်း မသိမသာ စူသွားလေပြီ။ လူကိုများ "အစ်မလေး" "အစ်မလေး" နဲ့။ သူ့ထက် အသက်ငယ်တာကိုများ။ နာမည်လေးဘာလေးတောင် မေးဖော်မရဘူး။

ပေကပ်ပြီး ရပ်နေလိုက်တော့...

"ဟောဗျာ...ခင်ဗျားအစ်ကိုနဲ့အဒေါ် စိတ်ပူနေတော့မှာပဲ... ပြန်တော့လေဗျာ"

"အစ်မလေး အစ်မလေးဆိုတာ ဘယ်သူ့ကို ပြောတာလဲ၊ ကျွန်မက ဒီကလူထက် ငယ်ပါသေးတယ်နော်"





"ငယ်ပေမယ့် ဂုဏ်ဒြပ်က မြင့်တယ်လေဗျာ၊ ကျွန်တော်တို့ ရှေးသည့်တွေဟာ ဝယ်သူတွေအပေါ်ရိုရိုသေသေ လေးလေးစားစား ကျိုးကျိုးနွံနွံ..."

"အံမယ်လေး...တော်ပါတော့၊ ဝေါဟာရတွေ ကြွယ်ဝတိုင်း ပြောမနေနဲ့၊ ကျွန်မက ဒီကလူထက် အသက်ငယ်တာပဲ"

"ဆန္ဒရှိတိုင်း ခေါ်ချင်တဲ့ ဝေါဟာရကတော့ ရှိတာပေါ့ဗျာ၊ ဒါပေမယ့် မမလေးရဲ့ ဂုဏ်ရည်သိက္ခာ နိမ့်သွားမှာ မလိုလားပါဘူး၊ ကဲပါ မမလေးရယ်...မမလေး အုပ်ထိန်းသူတွေက် ခွင့်ပြုလို့ လမ်းလျှောက် ထွက်တာဆိုလည်း ထွက်ပါ၊ ကျွန်တော် နောက်က တကောက်ကောက် လိုက်ပြီး စောင့်ရှောက်ပေးပါ့မယ်"

"လမ်းလျှောက်ရတာ ညောင်းပြီ...စက်ဘီးစီးချင်တယ်"

"ဗုဒ္ဓေါ"

ဟေသီမောင် ဘာကိုမှ တွေးမနေတော့၊ စိတ်ထဲ ဆန္ဒရှိသမျှ တို့ကို အကောင်အထည်ဖော်ပစ်လိုက်သည်။

"စက်ဘီးနင်းရင်လည်း ခြေညောင်းမှာပဲ"

"ဘယ်သူက စက်ဘီးနင်းမယ် ပြောလို့လဲ"

"မမလေးပဲ စက်ဘီးစီးမယ်ဆို"

"ဟုတ်တယ်လေ...ဒီကလူနောက်က ထိုင်စီးမှာ"

"ဟောဗျာ..."

ပင်လယ်ပျော် ခွန်မင်းသိုက် မျက်နှာပြင်ထက် ထူးခြားသော အရောင်ပြောင်းသွားသည်။

"ဘာလဲ...တင်မနင်းနိုင်ဘူးလား၊ ကျွန်မတို့က မနက်ဖြန် ပြန်တော့မှာ"


www.burmeseclassic.com

www.burmeseclassic.com

"သိပါတယ်ဗျာ"

ခွန်မင်းသိုက်က စိတ်မကောင်းသောလေသံနှင့် တုံ့နှေးစွာ ဖြေလိုက်လေသည်။

"အိုး…ဆောရီး၊ ဒီကလူက စာမေးပွဲ ရှိနေတာပဲ၊ ကျွန်မက ဒုက္ခပေးသလိုဖြစ်နေပြီ၊ ပြန်တော့…ပြန်တော့…စာပြန်ကျက်တော့…"

"စာတွေအားလုံးက သုံးခါတောင် Revision (ပြင်ဆင်ထားခြင်း) ပြန်ပြီးပြီဆိုတော့ နွေးရုံပဲ ရှိတော့တာပဲ၊ ကိုင်း…စက်ဘီးပေါ်ပြေး တက်တတ်လား"

"ဟင့်အင်း"

"ဒါဖြင့် ကျွန်တော်ကိုင်ထားမယ်…တက်"

ဟောသီမောင် တက်တတ်သားပဲ၊ ရန်ကုန်သူပေမယ့် ကျယ်ဝန်းသော ခြံကျယ်ကြီး၌ ကလေးဘဝကစ၍ စက်ဘီးပုံစံအမျိုးမျိုး ပြောင်းစီးခဲ့ရာ စက်ဘီးစီး ကျွမ်းကျင်သလိုကားလည်း မောင်းတတ်နေလေပြီ၊ သို့သော် ခြံဝင်းပြင်ပကိုတော့ လူကြီးများက ထွက်ခွင့်မပေးပါချေ။

စိတ်ရှည်စွာဖြင့် သူ့အားစက်ဘီးတင်နင်းပေးသော ပင်လယ်မျော်၏ကျောပြင်နှင့် မထိခလုတ် ထိခလုတ်ဖြစ်ရသည်ကိုပင် ကျေနပ်နေမိသည်။

"ဒီကလူ…"

"ဗျာ…"

"ဒီမှာပဲ နေရတာ မပျင်းဘူးလား"

"ပျင်းတယ်ဆိုတာ ဘာလဲမမလေး"

"ဟင်…"





လူထူးဆန်းပါလား။

"ကျွန်တော့်မှာ ပျင်းဖို့ အချိန်အားဆိုတာ မရှိပါဘူးဗျာ၊ ဘယ်နေ့လုပ်တစ်နေ့စား လက်လှုပ်မှ ပါးစပ်လှုပ်နိုင်တဲ့ဘဝမျိုးပါ မမလေးရာ"

"တော်ပါပြီ…ဒီမမလေး…အစ်မလေးနဲ့၊ နာမည်ကိုပဲ ခေါ်ပေါ့"

"မခေါ်ချင်ဘူး…ဘိုလိုလို ဘာလိုလိုနဲ့"

"ဟင်…ကျွန်မနာမည်ကို ဒီက သိလို့လား"

"ဘေဘီမဟုတ်ဘူးလား"

ဟောသီမောင် ပြုံးလိုက်လေသည်၊ ဟုတ်သားပဲ…သူ့အကြောင်းကိုသာ မေးမြန်းကြသည်၊ ကိုယ့်ကိုယ်ကိုယ်တော့ ဘယ်သူဘယ်ဟာဆိုတာ မိတ်ဆက်မပေးခဲ့ကြချေ။

"မဟုတ်ဘူး…အဲဒါ အိမ်နာမည်၊ တကယ့်နာမည်ရင်းက ဟောသီမောင်"

"ဟောသီမောင်"

ပင်လယ်မျော်၏သံယောင်လိုက်သံလေးက သူ့နှလုံးအိမ်ထဲသို့စီးဆင်းသွားလေပြီ။

"ကျွန်မတို့ ကိုးတန်းဖြေပြီးသွားကြပြီ၊ ဒီက ပြန်တာနဲ့ ဝိုင်းအရှင်တွေ စတက်ရတော့မယ်၊ ဒါကြောင့် အပြည့်အဝ နားတာ"

"ဒီရေတက်လာပြီ မမလေး"

"လုပ်ပြန်ပြီ မမလေး"

"မဟောသီမောင်"

"ဟွန်း…မ…ကြီးက ပါသေး""

"ဟောသီမောင်"


www.burmeseclassic.com

www.burmeseclassic.com



"မောင်ကပါပဲနာမည်"

"ဟောသီ(ခေါ်)ဘေဘီပေါ့"

"ဟင်း...ဟင်း...ဟင်း..."

"ပြန်လှည့်တော့မယ်နော်...နေတောင်ဝင်သွားပြီ"

"အိုးခေ...တော်ပြီ...လမ်းလျှောက်ပြန်မယ်"

"ဝေးတယ်..."

"ဝေးပါစေ...ပြေးသွားမယ်၊ ဒီကလူက စက်ဘီးနဲ့ လိုက်ခဲ့ပေါ့"

"မဟုတ်တာ ဟောသီရယ်...စက်ဘီးထားခဲ့မယ်၊ ဒီကမ်းခြေမှာ ကျွန်တော့်စက်ဘီးစုတ်ကို ခိုးမယ့်သူ မရှိသလို ပစ်ချထားခဲ့လည်း အိမ်ပြန်ပို့ပေးမယ်သူချည်းပဲမို့ ကျွန်တော် ဟောသီနဲ့အတူ လိုက်ပြေးပေးပါ့မယ်"

သို့ဆိုပြန်တော့လည်း ဟောသီမောင်၌စာနာစိတ်ကရှေ့ပြေးထွန်းသွားရသည်။

သူတို့မောင်နမများ စာမေးပွဲရက်ဆိုလျှင် ရေချိုးတာကအစ ထမင်းစားတာအဆုံး မျက်စိအောက်က အပျောက်မခံပဲ ပိုးမွေးသလို မွေးကာ ဂရုစိုက်ခဲ့ကြသည်။

ယခုတော့ စာမေးပွဲ ဖြေနေတဲ့သူကို သူက တမင်ညှဉ်းပန်းနေသလိုဖြစ်နေပြီလား။

"ဆောရီး ကိုခွန်မင်းသိုက်၊ စက်ဘီးနဲ့ပဲ ပြန်ကြရအောင် ကျွန်မဒီကလူကိုအနှောင့်အယှက်တွေပေးမိသလိုဖြစ်သွားရင်လည်း တောင်းပန်ပါတယ်"

"ဘာအနှောင့်အယှက်မှ မဖြစ်ပါဘူးဗျာ၊ ကဲ...ဒါဖြင့် တက်"





"ဟင့်အင်း...ပြေးတက်မယ်"

"ဟောဗျာ...တက်တတ်လို့လား"

"တတ်တာပေါ့...စက်ဘီးလည်း နင်းတတ်တယ်၊ ဆိုင်ကယ်လည်း စီးတတ်တယ်၊ ကားလည်း မောင်းတတ်တယ်"

"တတ်လည်း တတ်နိုင်ပါပေ့ဗျာ"

ပင်လယ်ပျော် ခွန်မင်းသိုက်၏အပြုံးကို အမှတ်မထင် ငေးကြည့်မိရာမှ ရုတ်တရက် မျက်နှာလွှဲလိုက်သည်။

ထို့အတူ ခွန်မင်းသိုက်ကလည်း အစွမ်းကုန် ဖူးပွင့်တော့မည့် ပန်းလေးတစ်ပွင့်၏အလှတရားကို အမှုမဲ့အမှတ်မဲ့ ငေးကြည့်မိရာမှ အခက်အတွင်းမှာပင် အသိတရား ဝင်လာပြီး စက်ဘီးကို နင်းထွက်ခဲ့လေသည်။

ဟောသီမောင်က ပြေးလိုက်ပြီး စက်ဘီးနောက်ကယ်ရီတွင် တက်ထိုင်လိုက်လေသည်။

သောင်စပ်၌ စက်ဘီးရာလေးများက နှစ်ယောက်ဝန်ကြောင့် အနည်းငယ် နစ်ဝင်ကာ ကျန်ခဲ့လေတော့သည်၊

ထို့အတူ အမှတ်မထင် တွေ့ဆုံမှုလေးများကြောင့် နနယ်သူတို့၏နှလုံးသားအသီးသီးဝယ် အမှတ်တရလေးများ ထင်ကျန်ခဲ့လေသည်ကိုဖြင့် နောင်များမှ သူတို့ သိရှိလာကြလေသည်၊



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁၀)

"ငါတို့မောင်နမအတွက် ဂိုက်ဒ်ဌားစရာ မလိုတော့ဘူး— သိလား"

"ဘာဖြစ်လို့လဲ…ကိုယ့်ဘာသာကိုယ် ကျက်တိုင်း အိပ်ငိုတ်တတ်တဲ့သူကများ"

သဲစုမိုးကို မယုံကြည်နိုင်သော မျက်ဝန်းနှင့် ကြည့်တာ ဟေသီမောင်ကပြောလိုက်လေသည်။

သဲစုမိုးက ဟန်ပါပါမျက်စုံးမျက်စ ချိုကာ…

"ဖေဖေနဲ့ကိုကို ချောင်းသာကို သွားတာ နင့်ကို ပြောမိသေးလား"

"နို်း…"

ချောင်းသာကပြန်ရောက်ပြီးနောက် သူတို့နားနားနေနေ





ကစားကွင်း သွားလိုက်၊ Shopping(ဈေးဝယ်)ထွက်လိုက်နှင့် ဆယ်တန်းစာမေးပွဲအပြီးကိုစောင့်ရင်း နားနေခဲ့ကြလေသည်။

ဆရာဆရာမများက ဆယ်တန်းစာမေးပွဲအပြီး ၃-၄ရက် နားပြီးသည်နှင့်နောက်နှစ်စာသင်နှစ်အတွက် ဆယ်တန်း(ယခုခေတ်အခေါ်အရ (Grade Eleven) ဝိုင်းကို စသင်ကြလေပြီ။

ဒီကြားထဲ သဲစုမိုးနှင့်သူ သိပ်မတွေ့ဖြစ်။ သူက မာမာနှင့် သော်လည်းကောင်း၊ အန်တီကြီးနှင့်သော်လည်းကောင်း Shopping ထွက်နေခြင်းကြောင့်ဖြစ်သည်။

Shoppingကို လူကြီးတွေနှင့်ထွက်မှ ပူဆာချင်တိုင်း ပူဆာလို့ရမည်ကိုး။

"ဆိုစမ်းပါဦး…All D.(ဘာသာစုံဂုဏ်ထူး)သမားလား၊ အဲ(၁)ကလား၊ လသာ(၂)ကလား၊ (T.T.C)ကလား၊ ဒါမှမဟုတ် စိန့်ဩဂတ်စတင်းကလား"

ဟေသီမောင်က သိချင်လေလေ သဲစုမိုးက အသဲယားလောက်အောင် ဝေ့လယ်ကြောင်ပတ် လုပ်လေလေဖြစ်နေသည်။

"နင်ပြောတဲ့ကျောင်းတွေက တစ်ခုမှမဟုတ်ဘူး"

"ဒါဖြင့် ဘယ်ကျောင်းကလဲ…ပြောစမ်းကွာ၊ အိုဟာတင်း လုပ်မနေစမ်းနဲ့"

"ရန်ကုန်မြို့ကလည်း မဟုတ်ဘူး"

"ပြောစမ်းပါ ယောင်းမရာ၊ နင် ဒီလောက် ဂျပန်မူလီ လုပ်နေရင်တော့ ငါ့အစ်ကို့ကို ပေးရမယ့်အရေး တော်တော် စဉ်းစားရအောင့်မယ်"

ဟေသီမောင်က သဲစုမိုး၏အညာကို ကိုင်လှုပ်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါမှ သဲစုမိုးက…

"အပဲ…ချောင်းသာက ကိုကိုရဲ့အသက်သခင် ကျေးဇူးရှင် ကိုခွန်မင်းသိုက်"

"ဘုရားရေ…"

ဟေသီမောင် အံ့ဩခြင်းနှင့်အတူ ဘုရားပင် "တ" လိုက်မိလေသည်။ အိပ်မက်ဟုသာ သဘောထားခဲ့ပြီး မေ့မေ့ပျောက်ပျောက်ဖြစ်သွားခဲ့သော လူတစ်ယောက်က ပုံရိပ်ပမာ ထင်ဟပ်၍လာပြန်ချေပြီပေါ့။

"ဟုတ်တယ်…ဖေဖေက ဆယ်တန်းစာမေးပွဲတွေပြီးတဲ့နေ့ပဲ ကိုကို့ကို ခေါ်ပြီး ချောင်းသာလိုက်သွားတယ်"

"ငါလည်း မသိပါလား"

"သိရအောင် နင်က ငါတို့အိမ်ရဲ့ချွေးမတော်အဖြစ်မှ ရောက်မလာသေးဘဲကိုး"

"ကောင်မစုတ်…မေတ္တာကိုမဲ့တယ်"

ဟေသီမောင် သဲစုမိုးကို မျက်စောင်းချိကာ ရန်စွယ်ငေါ်လိုက်သည်။

သဲစုမိုးက ကျောက်ချော ချွေးသေးပန်းရုပ်မျိုး လုပ်ကာ…

"အပဲပဲ…ချစ်ယောင်းမရယ်၊ မကြာခင် ကိုကို ပြန်ရောက်တော့မှာပါ…စိတ်ထိန်းထား"

"အောင်အောင်က ဘယ်သွားလို့လဲ"

"ကိုကိုနဲ့ ကိုကိုမင်း ရှော့ပင်းထွက်တယ်"

"ကိုကိုမင်း…"

ရုတ်တရက်မို့ ဟေသီမောင် တွေဝေသွားသည်။ "ကိုကိုမင်း"





ဆိုတာ ဘယ်သူများပါလိမ့်။

"ဟုတ်တယ်လေ…ကိုခွန်မင်းသိုက်ကို ဖေဖေက ကိုကိုမင်းလို့ခေါ်ရမယ်တဲ့"

"နင်တို့အိမ်ကို ရောက်လာပြီလား"

"အင်း…ဒါပေမယ့် ကိုကြီးကျယ်က ငါတို့နဲ့ မနေဘူး၊ သူ့ဂိုက်ဒ်သုပ်အားခ ယူမယ်၊ သူ့ဘာသာသူ အခန်းငှားနေမယ်တဲ့"

"ဟုတ်လား…သူက ဂုဏ်ထူးဘယ်လောက်ရမှာမို့လို့ ဂိုက်ဒ်လုပ်နိုင်ရတာလဲ"

"ဖေဖေက သူ့ကျောင်းကိုတောင် သွားခဲ့တာ၊ ပြီးတော့ သူ့ရွာသူ့ပတ်ဝန်းကျင်မှာ ရှိတဲ့ လူအားလုံးဆီမှာ သူ့အကြောင်း သေသေချာချာ စုံစမ်းခဲ့ပြီးမှ အိမ်ကို အပါခေါ်ခဲ့တာ"

"သူ့အသွားလေးကကော"

ဟေသီမောင် အမှတ်မထင် မေးလိုက်သော မေးခွန်းကို သဲစုနားမလည်။

"ဘယ်က…သွားလေးလဲ"

သဲစုမိုး မေးခွန်းပြန်ထုတ်မှ ချောင်းသာ၌ ခွန်မင်းသိုက်နှင့်အတူ ကျောက်ပုထိုးစေတီအနီး ဆုံစည်းကာ စကားပြောဖြစ်ကြသည့်နေ့၊ စက်ဘီးအတူစီးခဲ့ကြသည့်ကိစ္စ…စသည်တို့ကို ဘယ်သူ့ကိုမှမပြောပြဖြစ်ခဲ့၊ ထို့ကြောင့် သဲစုမိုးက အူကြောင်ကြောင်ဖြစ်နေသည်။

"ဩော်…ကိုခွန်မင်းသိုက်ရဲ့အဘိုးအသွားတွေကကော ပါလာခဲ့ရဲ့လားလို့…"

"ကိုမင်းမှာ အမေဘက်က အရင်းအချာဆိုလို့ သူ့အမေအဒေါ်တစ်ယောက်ပဲ ရှိတာ၊ အဲဒီအဒေါ်ကိုလည်း ဖေဖေက ခေါ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒေသစွဲရှိတဲ့သူမို့မလိုက်ဘူးတဲ့၊ သူ့ကျွန်တဲ့ တူ..တူမ၊ မြေးတွေ
ပဲ နေခဲ့တယ်၊ ကိုမင်းအိမ်ကိုလည်း စောင့်ရှောက်ပေးရင်းပေါ့"

ဟောသီမောင် ပခုံးတွန့်လိုက်သည်။

"အိမ်...ဘယ်လိုအိမ်လဲ"

တဲအိမ်ကိုကော အိမ်စောင့်လိုသလားဟူသော လူ့ဘဝ
"ဂဃနဏ" မသိရှာသူ ဟောသီမောင်က သံယောင်ဆင့်က မေးမိသည်။

"ဘယ်သိမလဲဟာ...ငါမှ မရောက်ဖူးတာ၊ နင်အခုတလော
စကားများလာတယ်"

"နင်ကော ငါကော သောကြာသမီးတွေလေဟာ၊ သောကြာ
သားသမီးဆိုတာ စကားများများ ပြောပေးရတယ်၊ အဲဒါမှ သဘော
ကျတာတဲ့"

ဟောသီမောင်ကို သဲစုမိုး မျက်စောင်းထိုးပစ်လိုက်သည်။

"လာခဲ့မိန်းမ...လက်သုတ်စုံသွားစားရအောင်၊ အခုလော
ဆို ရပြီ"

သဲစုမိုး အိပ်ခန်းထဲမှနေ၍ အောက်ထပ် ထမင်းစားခန်း
ဆင်းခဲ့ကြလေသည်။

"လာ...သမီးဟောသီ၊ လက်သုတ်စုံနဲ့ကြာရိုးဟင်းခါးကလေး
တစ်မိသားစုလုံးအကြိုက်မို့တစ်ပတ်တစ်ခါတော့ လုပ်စားဖြစ်တယ်"

"သမီးတို့အိမ်က အဲဒီလိုကို မလုပ်စားဖြစ်ကြဘူး၊ မိသား
က ဆုံခဲတယ်"

သဲစုမိုးတို့ မိခင်သည် ပြင်ပစီးပွားရေး မလုပ်။ သဲစုမိုး
အဆောက်အဦး ကန်ထရိုက်တာဖြစ်ပြီး ဝင်ငွေကောင်းလှသည်
ဤသည်ကို သဲစုမိုးမိခင်က "စီးတွဲ့ရေဆည်တဲ့ကန်သင်း" ဆိုသကဲ့





ခင်ပွန်းရှာသမျှကို အယိုအဖိတ် မရှိစေဘဲ အိမ်ရှင်မကောင်း ပီသစွာ
ဖြင့် အိမ်မှုကိစ္စအဝဝကို အိမ်ဖော်တစ်ဦးပဲ ထားပြီး ကိုယ်တိုင် ချက်ပြုတ်
သိမ်းဆည်းရှင်းလင်းရုံမျှမက အောင်ကျော်မိုးနှင့် သဲစုမိုး ဟူသော
အမွှာသားနှင့်သမီးအပြင် နောက်ကျမှ မွေးလာသည့် ငါးနှစ်အရွယ်
သားကျော်စိုးမိုးကိုပါ မူကြိုအကြိုအပို့ အားလုံးတာဝန်ယူနိုင်သည့်
အိမ်ရှင်မကောင်းဖြစ်သည်။

"သမီးတို့အိမ်မှာ ဒါမျိုးမစားရဘူး"

"သမီးတို့အိမ်က ဆရာဝန် ပညာတတ်တွေချည်းပဲကိုး၊ အား
ချိန်ဆိုတာ အိပ်ချိန်ပဲ ရှိကြတာ၊ ဒါတောင် ငါးနာရီလောက် အချိန်ရဖို့
မနည်းလုယူရဟယ်ဆိုပဲ၊ သမီးအမေနဲ့ တွေ့တော့ ပြောပြတာလေ...
ဟင်း...ဟင်း၊ ကဲ..ကဲ..စား..စား၊ အန်တီ နယ်ပေးရမလား၊ ဟောဒီ
ရေသာခိုမလေးကတော့ အမေ နယ်ပေးမှ..."

"ဟုတ်တာပဲ...မေမေက လက်ဆိပ်ရှိတာကိုး၊ မေမေ့လက်နဲ့
ထိတွေ့တဲ့ အစားအစာ မှန်သမျှ နတ်သုဒ္ဓါအလားဖြစ်သွားတတ်တယ်၊
ဟောသီအတွက်ပါ တစ်ခါတည်းသာ ထည့်နယ်သာ နယ်လိုက်ပါ မေမေ
ရာ"

ဟောသီမောင် ပြုံးကာ...

"ဟုတ်ကဲ့...အန်တီ့လက်ရာက သမီးစားနေကျပဲ၊ သဘော
ကျပါတယ်...နှစ်လည်း နှစ်သက်တယ်၊ ဒီရောက်မှ မြိန်ရည်ယှက်ရည်
စားရတာ...ခံတွင်းသိပ်တွေ့တာပဲ"

"အမ်...အမ်...တော်ရုံလည်း ဖားပါနော်၊ နင့်ရဲ့အတိသာရတွေ
အလကားတွေ မကျူးရင့်လည်း မေမေက နင်တို့မောင်နှမအတွက်ဆို
အမြဲထည့်ချက်ပြီးသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သဲလေးကလည်း...ဘေဘီကို ဒီလောက်မပြောပါနဲ့၊ စားရ တဲ့သူ နင်သွားဦးမယ်၊ ကဲကဲ...သမီးဟေသီ စား၊ ဘာလိုသေးလဲ ပြော"

ဟေသီမောင် တစ်ဖွန်းခပ်မြည်းလိုက်သည်။

"ပြောလို့ပြောတာ မဟုတ်ဘူး အန်တီ၊ အန်တီတို့အိမ်က မြန်မာအစားအစာတွေကို သမီး ကိုးရီးယားအစားအသောက်တွေ ဟိုတယ်က တရုတ်အစားအသောက်တွေနဲ့ မလဲနိုင်တာ အမှန်ပဲ"

"အုမ်...အွမ်"

ဟေသီမောင် စကားအဆုံးတွင် သဲစုမိုးက သူ့ထုံးစံအတိုင်း ဖားလိုအော်လိုက်လေတော့သည်။

ဟေသီမောင်က မျက်စောင်းထိုးကာ...

"ကြည့်ကြည့် အန်တီ၊ သမီးကိုဆို သူသိပ်အနိုင်ကျင့်တယ်"

"သမီးသဲ...မစနဲ့တော့၊ ကိုင်း...စကားတွေရပ်၊ အစားတွေ ကုန်အောင်စားကြတော့၊ ပြီးရင် သမီးတို့ ဗိုင်းအတွက် ပြင်ထားတဲ့ အခန်းကို သွားကြည့်ပြီး လိုအပ်တာကို တိုင်ပင်ပြီး ပြင်ကြတော့"

သဲစုမိုး မိခင်က ပြောပြောဆိုဆို ဇေဇင်၌ လက်ဆေးပြီး မီးဖို ဘက်သို့ဝင်သွားလေသည်။

"အောင်အောင်တို့ကော ဘယ်တော့ပြန်လာမှာလဲ သဲသဲ"

"ဩော်...ငါ့အစ်ကိုကို သတိရဖော် ရသေးတာပေါ့နော် ယောင်းယောင်း"

"ရတာပေါ့ ယောင်းယောင်းရယ်၊ အုန်းသီးသည်ကော ပါမှာ လား"

"နွေလည်စာအမီ ပြန်ခဲ့လို့တော့ မေမေက မှာလိုက်တာပဲ၊ ဘာအုန်းသီးသည်လဲ...ကိုကို့အသက်သခင်နော်၊ မေမေတို့က ငါတို့





အောင်နှမကို ကိုကိုမင်းလို့ ခေါ်ရမယ်တဲ့၊ မေမေကြားသွားရင် စိတ်ဆိုး သွားဦးမယ်"

လက်သုတ်စုံကို အားပါးတရ စားရင်း အောင်ကျော်မိုးတို့၏ အရိပ်အယောင်ကိုမမြင်ရသေးသဖြင့် ဟေသီမောင်က မေးလိုက်ခြင်း ဖြစ်သည်။

သဲစုမိုးစကားကြောင့် ဖက်ကလေး ပုသွားပြီး ဟေသီမောင် အမီးဖိုဘက်သို့ မလုံမလဲ ကြည့်လိုက်ပြီး အသံတိုးတိုးနှင့်...

"အပြီး...ငါက စတာပါဟာ၊ နင်တို့ ကိုကိုမင်းဆိုတော့ ငါ လည်း ကိုကိုမင်းပေါ့၊ ဒါပဲနော်...ယောင်းယောင်း...နင်စိတ်မပြောင်း သွားနဲ့၊ ငါ့ကိုကို ကျွန်ရစ်ဖြစ်သွားမယ်"

"အစ်ကိုတွေ များတော့ ကိုကိုတွေ ရှုပ်နေတာပဲ၊ စိတ်ချပါ ယောင်းယောင်းရယ်၊ ငါက တစ်ယောက်ဆိုတစ်ယောက်၊ ဗိတောက် ဆိုဗိတောက်ပါ၊ ကိုတေဇာကလွဲရင် ကျန်တဲ့သူစိမ်းယောက်ျားတွေကို နှံတယ်လို့တောင် မမြင်ဘူး သိလား"

ဒီစကားတွေကိုတော့ သူတို့သူငယ်ချင်းနှစ်ယောက်ကြိတ်၍ တိုးတိုးတိတ်တိတ်နှင့် တွတ်ထိုးကြခြင်းဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ဟေသီမောင်တို့ မိဘဆွေမျိုးများ ကော သဲစုမိုးတို့မိဘများကပါ ကျောင်းစာကိုသာ အဓိက ထားရမည်။ အချစ်ရေးကိုတော့ ဆယ်တန်းအောင်မြင်ပြီးမှ လွတ်လပ်စွာ "အချစ် ဆဲ" ကို လေ့လာဆန်းစစ် ခွင့်ပြုမည်ဟု ခွင့်ပြုသကဲ့သို့ တားမြစ်ကာ ညည်းတားထားလေသည့်အတွက်ကြောင့်ဖြစ်သည်။

"ဟော...ကားသံကြားတယ်၊ ကိုကိုတို့လာပြီထင်တယ်"

သဲစုမိုးက သောက်လက်စ ဟင်းခါးဇွန်းကို ချထားပြီး အပြင်



www.burmeseclassic.com

www.burmeseclassic.com



သို့ပြေးထွက်သွားလေသည်။

ဟေသီမောင်ထရမလိုဆက်ပဲထိုင်ရမလိုဖြစ်သွားလော

အောင်ရင်ဝယ်လှုပ်ရှားမှုလှိုင်းတံပိုးကရိုက်ခတ်သွားလေတော့သည်။

မျက်ဝန်းလဲ့ပြာပြာအလင်းတန်းကလည်းအိမ်အဝင်တံ

ကြီးဆီသို့သာလှမ်းမျှော်ကြည့်စဉ်...

ဌ ဌ ဌ ဌ

ဟေသီမောင်...

"အို"

ရင်ထဲကတော့အာမေဋိတ်သံ၊နှုတ်ခမ်းငုံဖူးဖူးလေးကတော့

စုပိုင်းဝိုင်းသဏ္ဌာန်လေးဖြစ်သွားလေတော့သည်။

ထိုအခိုက်...

အိမ်ထဲသို့ အထုပ်များကို ဆွဲပြီးဝင်လာသော လူတ

ယောက်နှင့်အကြည့်ချင်းခလုတ်တိုက်မိကြလေသည်။

"မမလေးပါရောက်နေတာလား"





အပြုံးသန့်သန့်ခန့်ခန့်နှင့်အတူ နှုတ်ပေါ့ပါးစွာ နှုတ်ဆက်

တ်သည်။ ဟွန်း...အုန်းစိမ်းသည်အကျင့်ကမပျောက်သေးဘူးထင်

ယ်။ ဝယ်သူကိုမျက်နှာချိုသွေးရတဲ့ဈေးသည်ရဲ့အကျင့်မျိုးထင်ပါ့။

"အင်း...အဲ...ဟုတ်ကဲ့"

"ကိုကိုမင်းက ငါတို့ရဲ့ဂိုက်ဒ် ဖြစ်သွားပြီ၊ နင် ရှိရှိသေသေ

က်ဆံရမယ်နော် မိန်းမ...ဟင်း"

သဲစုမိုးက ကြားမှ ဝင်ရောက်ကာ ကိုခွန်မင်းသိုက်ဘက်မှ

ပေးလိုက်သည်မို့ မစွမ်းရင်း ကန်ဖွန်းခင်းကညီ ဆိုသကဲ့သို့ ဟေသီ

ာင်ကလည်းလသာတုန်းဗိုင်းငင်ပစ်လိုက်သည်။

"အဟဲ...မပြောနိုင်ဘူး၊ ကိုကိုမင်းဟာ နင်တို့ဂိုက်ဒ်တင် မက

ူး၊ ငါတို့ဂိုက်ဒ်လည်း ဖြစ်ချင်ဖြစ်သွားမှာနော်၊ နော်...ကိုကိုမင်း၊

န်မအတွက်ကော အချိန်ပေးနိုင်သေးရဲ့လား"

သူ့ကို သမားဂုဏ် တင်လိုက်ပြီဆိုတော့ ခွန်မင်းသိုက်၏

က်နှာပြင်ပေါ်တွင် အရောင်အသွေးပြောင်းသွားသည်။ ဆရာတစ်ဦး

တည်တည်ကြည်ကြည် ခန့်ညားမှုမျိုးနှင့်ဟေသီမောင်ကိုကြည့်ကာ

"ဒါကတော့ ဟေသီမောင်နဲ့တင် မပြီးပါဘူး၊ ခင်ဗျားရဲ့မိဘ

ပ်ထိန်းသူတွေရဲ့ခွင့်ပြုချက်ရမှ Time table(အချိန်ဇယား)ကို

ိုင်းရပါလိမ့်မယ်"

ဟေသီမောင်အား သဲစုမိုးက...

"ကိုင်း...ဘယ်နှယ့်ရှိစ"

ထိုစဉ်အောင်ကျော်မိုးက စိတ်မရှည်စွာဖြင့်...

"မိသဲနဲ့ဟေသီ...နင်တို့စကားပြောတာက နောက်ထပ်အခု

့နှစ်ယောက်စလုံးဗိုက်ဆာနေပြီဟာ၊ မမမကော..."



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုဘက်ကလည်း ဘယ်အချိန်ကတည်းက နားစွင့်နေမှန်း မသိသော သဲစုမိုးတို့မိခင်က...

"သားတို့လာလေ၊ အသင့်ပဲပေ့...မေမေ ဟင်းခါးလေးထော နွေးနေလို့..."

ဟေသီမောင်ကို ခွန်မင်းသိုက်ကြည့်လိုက်ပြီး...

"ဟေသီကော..."

"ခုပဲ စားပြီးကြတာ၊ စိတ်ချပါ ကိုကိုမင်းရဲ့ သူ့ကို သဲစုတို့ အငတ်မထားပါဘူး၊ သဲစုကျတော့ မမေးဘူး...ဟင်း"

သဲစုမိုးကို ခွန်မင်းသိုက်က ညီမဆိုးလေးသဖွယ် သဘော ထားကာ...

"သဲစုကလည်း...အစ်ကိုက ဒီသဘော မဟုတ်ပါဘူး ဧည့်သည်အချင်းချင်း ရိုင်းပင်းတာပါ"

"ကိုကိုမင်းက ဧည့်သည်မဟုတ်တော့ပါဘူးဗျာ၊ အိမ်မှာ လာနေပါဆိုတာတောင် မနေတဲ့အပြင် သူစိမ်းဆန်ဆန် ပြောနေပြန် ပြီဗျာ"

အောင်ကျော်မိုးက ဝင်ပြောလိုက်သည်။

"မဟုတ်ပါဘူး အောင်အောင်ရာ၊ ထားပါတော့...နောက် ရင် အစ်ကိုက မင်းတို့အမွှာမောင်နှမရဲ့ကောက်ရတဲ့အစ်ကိုကြီးအဖြစ် နေပေးပါမယ်ကွာ၊ အခဆောင်နေရတာတော့ လူမျိုးပေါက်စ ယောက်ရဲ့လွတ်လပ်မှုနဲ့ ပေါ့ပေါ့ပါးပါး နေချင်မှုကို နားလည်ခွင့်လွှတ် ပေးပါကွာ"

ထမင်းစားခန်းထဲ ဝင်သွားကြသော ယောက်ျားလေး ယောက်၏ကျောပြင်ကို ငေးကြည့်ရင်း...





အိမ်မကြီး၏ဘေးဘက် တွဲရက်ရှိသော အခန်းပို့၌ ပြင်ဆင် ထားသည့် စာသင်ဝိုင်းအခန်းကို ကြည့်ရင်း...

"မားသားတို့ကတော့ကွာ...လိုလေသေးမရှိပါဘဲ...ရှယ်ပဲ"

"ဟုတ်ပ့ါ...Air con(လေအေးပေးစက်)က တစ်ကောင်ခွဲ အားထင်တယ်၊ White board ကလည်း အကြီးကြီး၊ ထိုင်ခုံတွေက လည်း သက်တောင့်သက်သာရှိတယ်၊ ကောင်းတယ်...အန်တီကိုသိပ် ကျေးဇူးတင်တာပဲ၊ ငါ့မာမီသာဆိုရင် ဒီလိုလုပ်ပေးနိုင်မှာ မဟုတ်ဘူး"

"ဒါကတော့ နင့်မာမီက ဆရာဝန်ကြီးဆိုတော့ အားမှမအား ဘာ၊ အားရင်တော့ ငါ့မေမေတို့လိုပဲ အိမ်အတွက်...သားသမီးတွေ အတွက် လိုလေသေးမရှိပြင်ဆင်ပေးနိုင်မှာပါဟာ၊ ဒါထက်...နင် ကိုကို မင်းကို ဂိုက်ဒ်ငှားမှာလား"

"မာမာက လသာ(၂)က မနှစ်က All D(အောလ်ဒီ) ထွက် ထားတဲ့မမကို ပြောထားပြီးပြီထင်တယ်"

"အေးလေ...ဒါဆိုရင် သူနဲ့ပဲ သင်လိုက်ပေ့ါ၊ တစ်ခါတစ်လေ အားချိန်တိုက်ရင် ငါတို့ဆီ စာလာကျက်ပေ့ါ"

"အင်း...ဒါလည်း ကောင်းသားပဲ"

မိခင်၏စိတ်ကို သိထားသော ဟေသီမောင် လက်လျှော့ လိုက်သည်။

သို့သော် ဟေသီမောင်အတွက် ခွန်မင်းသိုက်နှင့် နီးစပ်ဖို့ အကြောင်းက ဖန်လာစမြဲပင်။

"ယောကျ်ား...ယောကျ်ားလေးချင်း၊ မိန်းကလေး...မိန်းကလေး ချင်းပဲ ဂိုက်ဒ်ထားပေးမယ်၊ ဒါမှ လိုအပ်ရင် ဂိုက်ဒ်ကိုပါ အိမ်မှာ စခန်း(Camp)သွားထားနိုင်တာပေ့ါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မာမာနှင့် အန်တီကြီးတို့၏အယူအဆအရ...

ကိုကိုတေဇာမောင်အတွက် ဂိုက်ဒ်သည့် ခွန်မင်းသိုက် ဖြစ်လာခဲ့လေသည်မို့ ဟေသီမောင်အတွက် ကျေနပ်မှုက မိုးအနဲ့ မြေအဆုံး ပီတိတွေ ဖုံးလျက် တပြုံးပြုံး ဖြစ်မိလေသည်။

သဖြေခက်အရွယ် ဆယ်ကျော်သက်အရွယ် အပျိုဘော် ဝင်စ မိန်းမငယ်လေးတစ်ဦး၏ ဆန့်ကျင်ဘက်အပေါ် စိတ်ဝင်စားမှုက သွေးသားပြောင်းလဲလာမှုနှင့် ဆိုင်သလား...နလုံးသားနှင့် ဆိုင်သလား ဆိုခြင်းကို...

ဆရာဝန် မိဘနှစ်ပါး ဆန်းစစ်သုတေသနပြုလုပ်ရန် သတိ မရလိုက်ကြချေ။

ဟေသီမောင်သည် ခွန်မင်းသိုက် မည်သော အဏ္ဏဝါမျော် လေးအပေါ်စွဲလမ်းစိတ် အတိုင်းအတာ၏ နက်ရှိုင်းမှုသည်ကား စာဖွဲ့ မကုန်နိုင်အောင် ဖြစ်ခဲ့လေတော့သည်ကို...။





# မျက်နှာစာ "သုံး"



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

BURMESE CLASSIC .com

"တီတောင်…တီတောင်"

ဟောသီမောင် အိပ်ပျော်ခြင်းကို ဖမ်းစားထားသည့် အတိတ်...သ်၏လွှတ်မြောက်မှုကို လက်ကိုင်ဖုန်းမြည်သံက ဖျက်ဆီးပစ်လိုက်...လာသည်။

တယ်လီဖုန်း Screen ပေါ်၌ပေါ်လာသော ခေါ်သူဖုန်းနံပါတ်...ကြည့်လိုက်တော့…

"အို…သားပါလား"

ရင်ထဲမှာတော့ လွတ်လပ်စွာပင် ခေါ်ဝေါ်သုံးစွဲပြောဆိုနေမိ...သည်။

"ပြော…ခွန်းချို"



www.burmeseclassic.com

www.burmeseclassic.com



"သားအိပ်လို့မရဘူး သီသီ"

အန်တီကို ချစ်စနိုး "တီတီ" ဟု ခေါ်ဖို့ အားလုံးက သင်ပေး... သော်လည်း ခွန်းချို၏ မပီကလာပီကလာအရွယ်က "သီသီ" ဟုသာ... နှုတ်ပေါ်ထွက်ခဲ့ရာမှ ပီလာသည့်အရွယ်တိုင်အောင် "သီသီ" ... အကျင့်ပါနေဆဲပင်။

"ဟင်...ဘာဖြစ်လို့လဲ၊ တစ်နာရီတောင် ထိုးတော့မယ်"

"သားလည်းအဲဒါစဉ်းစားနေတာ၊ သား သီသီနဲ့ လာအိပ်ချင်... တယ်...ရမလား"

"ဟင်...မဟုတ်တာ...မာမီကော"

"မာမီတို့ အိပ်နေပြီ၊ အားလုံး အိပ်နေပြီ၊ အိပ်မရတာ သား... တစ်ယောက်ထဲ"

ခွန်းချိုစကားကြောင့် ဟေသီမောင် ပါးစပ်အဟောင်းသား... ဖြစ်သွားရလေသည်။ သား၌ ဘာများစိတ်ရှုပ်စရာတွေ တွေ့နေပြီလဲ...

"အိပ်မရတဲ့အကြောင်းက မင်း အတွေးတွေ များနေလို့ဖြ... မှာပေါ့"

"အဟင်း...ဟုတ်တယ် သီသီ၊ သားတွေးနေမိတာ"

"ဘုရားရေ...ဒီအရွယ်လေးက ကျောင်းစာအပြင် ဘာတွေ... မှာလဲ၊ ပြောစမ်း...ပြောစမ်း၊ မင်းတွေးနေတဲ့ အတွေးတွေ..."

ရင်ထဲ၌ ရှိနေသော သောကခရုအိမ်ကို ဥပေက္ခာပြု... သော်လည်း ခုချိန်မှာတော့ မရနိုင်အောင် ဖြစ်လာချေပြီ။

"ဒီနေ့ သီသီ ကျောင်းကို လိုက်ကြိုတယ်၊ ကျူရှင်လို့... တယ်၊ ပြန်ကြိုပေးတယ်မှတ်လား"

"ဟုတ်တယ်လေ...အဲဒါဘာဖြစ်သလဲ၊ မင်းမာမီနဲ့ ဒယ်...





...အားတာကို၊ မင်းက အဲဒါတွေးစရာလား၊ ဒီအချိန်မှာ ဒီနှစ်အတွင်းမှာ ...မင်းရဲ့ခေါင်းထဲကို ကျောင်းစာကလွဲပြီး ဘာမှအဝင်မခံနဲ့လေ ခွန်းချို"

"မဟုတ်ဘူးဗျာ...သား လာခဲ့မယ် သီသီရာ၊ သား လာမှဖြစ်...မယ်၊ နို့မို့သား ဒီတစ်ညလုံးလည်း အိပ်လို့ရမှာမဟုတ်သလို စာသင်နေ...ရင်လည်း ခေါင်းထဲ ဝင်မှာ မဟုတ်တော့ဘူး"

"ဟာကွာ...ဒါမင်း သက်သက်အနိုင်ကျင့်တာပဲ"

"အနိုင်ကျင့်တာ မဟုတ်ဘူး သီသီ၊ သား အခုထွက်လာပြီ...နော်"

"ဘိုးဘိုးဘွားဘွားတို့ မနိုးအောင် လာနော်၊ တို့အောက်ဆင်း...ခဲ့မယ်...ဘာစားချင်သေးသလဲ"

"ဘာမှမစားဘူး...လာခဲ့ပြီ"

ဖုန်းအဖုံးပိတ်လိုက်ပုံရသည်။ ဟေသီမောင်လည်း ဖုန်းအဖုံး ...ပိတ်ချလိုက်ပြီး ကုတင်ပေါ်မှ အပြေးတစ်ပိုင်း ဆင်းကာ တောက် ...လျှောက်ပင် အောက်ထပ်သို့ဆင်းခဲ့လေသည်။

သားရင်ထဲ ဘာအမှိုက်စတွေများ ဝင်၍ ဒီလောက်တောင် ...ဦးနှောက်စားရသည့်အဖြစ်နှင့် ကြုံတွေ့နေရသနည်း။

ဟေသီမောင်ကိုယ်တိုင်လည်း သိချင်စိတ်က ပြင်းထန်နေ ...လေပြီ။

ဆန်းကာစ်နှစ်ဘူး ထုတ်ယူခဲ့ပြီး ပေါ်တီကိုသို့ထွက်ခဲ့စဉ် ခေါင်း ...ရင်းအိမ်ကြီးဆီမှ ကူးလာကာ ညအိပ်အကျီဘောင်းဘီနှင့် ခွန်းချိုကို ...တွေ့လိုက်ရသည်။

"လာ...ခွန်းချို၊ ဒန်းမှာ ထိုင်စကားပြောရအောင်"

ဟေသီမောင်၏သိစိတ်က ခွန်းချိုဟာ သူနှင့် ဘာ...ဆိုင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ခွန်းချိုအရေးကိစ္စကိုလည်း ဥပေက္ခာပြုထားခဲ့သည်။ သူ ဥပေက္ခာပြုနိုင်လောက်အောင်လည်းဇင်ဇင်က အရမ်းအရမ်းကိုတော်နေခဲ့သည်ကိုး။

ယခုတော့...

ခွန်းချိုက သူ့အားလာပတ်သက်လာလေပြီ။

သိစိတ်နှင့် ငြင်းဆန်နေသည့်ကြားက မသိစိတ်က မနေနိုင်အောင် ခွန်းချို၏ဝေဒနာအမှိုက်များကို ယူကာ မဆိုင်းမတွ ချက်ချင်းဖယ်ရှားပစ်ချင်နေသည်။

"လာ...ထိုင်"

တိုက်မျက်နှာစာရှေ့မြက်ခင်းပြင်ထက်၌ ချထားသော ဒိန်းပေါ်၌ဟေသီမောင်က ထိုင်လိုက်သည်။ ဆန်းကစ်တစ်ဘူးကိုခွန်းချိုကိုကမ်းပေးလိုက်ပြီး တစ်ဘူးကိုဖောက်ကာ တစ်ငုံနှစ်ငုံ မော့သောက်ပစ်လိုက်သည်။

ခွန်းချိုက ဆန်းကစ်ဘူးကို ယူသာထားသည်။ ဖောက်မသောက်သေးဘဲ သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသည်။ မြိတ်၌ ထွန်းလင်းထားသော ညလင်းမီးတို့အောက်ဝယ် ခွန်းချို၏စူးစမ်းသော မျက်ဝန်းကိုဟေသီမောင် ရင်မဆိုင်ရဲအောင်ဖြစ်မိလေသည်။

ကိုယ့်ကိုယ်ကိုလည်း အပြစ်ရှိသူတစ်ယောက်ပမာ ခံစားရလေသည်။

ရင်ခုန်လှုပ်ရှားမှုက မြန်ဆန်လာသည်။

ယခုအချိန်မှာ ခွန်းချိုသည် တရားသူကြီး၊ သူက တရားခံအသွင်မျိုးပင်။

"သီသီ...ဟုတ်တယ်"





"ဘာဟုတ်တာလဲ"

"သားဟာ ဒယ်ဒီနဲ့ကော မာမီနဲ့ကော ရုပ်ချင်းလုံးဝမတူဘူး"

ဟေသီမောင် ရင်ထဲ "ဒိန်း" ကနဲ ဖြစ်သွားသည်။

ကြိုတင်ကြောက်လန့်နေခဲ့သော မေးခွန်းတို့ကိုရင်ဆိုင်လိုက်ရလေပြီ။

ကြိုတင်ပြင်ဆင်ခဲ့သော အဖြေတို့ကို ဖြေကြားရပေတော့မည်။

ဟေသီမောင် ခြောက်ကပ်စွာပင် ရယ်မောလိုက်သည်။

"ဟက်..ဟက်..အဟင်း...တို့က ဘာများလဲလို့၊ ဒယ်ဒီနဲ့မာမီတို့ဆီက လှတဲ့အစိတ်အပိုင်းတစ်ခုစီ ပေါင်းစပ်ထားတဲ့မျက်နှာပဲဟာ"

"မဟုတ်ဘူး...ဒါဆို သီသီနဲ့ကျတော့ သားက ဘာဖြစ်လို့ရုပ်လာဆင်နေရတာလဲ၊ သူငယ်ချင်းတွေက မေးကြတယ်၊ မောင်နှမလားတဲ့...မင်းတို့မောင်နှမ ရုပ်ချင်း သိပ်ဆင်တာပဲတဲ့"

"ဘုရား...ဘုရား" ရင်ထဲ အာမေဋိတ်နှင့် ဘုရားတမိလေသည်။ မိုးကြိုးပစ်မှာကိုစိုးကြောက်၍ထန်းလက်နှင့် ကာဖို့ကြိုးစားထားခဲ့သည်။

သို့သော်...

လျှပ်ရောင်ဝင်းလက်ရုံမျှနှင့် တုန်လှုပ်ချောက်ချားမှုတို့က ပျို့ပျို့ပျပျဖြစ်သွားရသော်လည်း ဟန်ကိုယ့်မာန်ကိုယ့်လုပ်ကာ...

"အဟင်း...ဟင်း၊ ဒါများ ခွန်းချိုရယ်...Generation နဲ့ ဆိုင်တယ်လေ၊ Genes က အဖေအမေနဲ့ ရုပ်မတူပေမယ့်အဘိုးအဘွား...ဦးလေး..အဒေါ်..ဘိုးလေးဘွားလေးနဲ့ ရုပ်ချင်း သွားဆင်တာတွေလည်း ရှိတာပဲဟာ၊ ဒါကိုများ ထူးဆန်းထွေလာ လုပ်နေရသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဟင်း…ဟင်း…ဒါက ဘာများလဲလို့"

"ဒါနဲ့တင် မကသေးဘူး"

ဟေသီမောင်၏ဇင်ယော်တောင် မျက်ခုံးနှစ်ဖက် မြင့်တက်သွားရလေသည်။

"အလိုတော်…မိကျောင်းသားက ဘာတွေများ လေကြောရှည်ဦးမလို့လဲ၊ မိုးလင်းတဲ့အထိ ပြီးမှာလား"

"လင်းပါစေ…မနက်ဖြန် ကျောင်းပိတ်ရက်ပဲ၊ ခြေကန်ပြီး အိပ်ပစ်လိုက်မယ်"

"ကဲ…ဒါဖြင့်မေး"

ဤကလေးနှင့် ပတ်သက်၍ အရောတဝင် မနေခဲ့၊ ခပ်ကင်းကင်း နေခဲ့သော်လည်း မနေ့က ဇင်ဇင် ခင်းပေးသော ဇာတ်လမ်း၌ ကပြခဲ့မိရာက မီးခိုးကြွက်လျှောက် မဆုံးနိုင်အောင် ဖြစ်ရလေပြီ။

"မနေ့က အင်္ဂလိပ်စာ ဆရာက My ambition (ကျွန်ုပ်၏ ရည်မှန်းချက်) အကြောင်း ခေါင်းစဉ်ပေးပြီး ချက်ချင်းရေးခိုင်း ချက်ချင်းစစ်ပေးတယ်၊ အဲဒီမှာ ကျိုင်ပတ်တော့တာပဲ"

ခေတ်စကားလေးနှင့် ညှပ်သုံးလိုက်သော ခွန်းချိုကို ကြည့်ရင်းရင်ထဲမြတ်နိုးစိတ်တို့က တဖွားဖွားပင်။

"အဲဒီတော့ ဘာဖြစ်သလဲ"

ဒီမိသားစုကြီးက ပေါက်ဖွားလာသော မျိုးဆက်ကလေးသည် အင်္ဂလိပ်စာနှင့် ပတ်သက်၍ အခက်အခဲ ဖလာနတ္ထိဟု သူယုံကြည်ပြီးသားပင်။

သို့အတွက် ဘာပြဿနာ ဖြစ်စရာအကြောင်းရှိသနည်း။

"ဖြစ်တာပေါ့၊ အဘိုး…အဘွား…ဘိုးလေး…ဘွားလေး အဖေ





အမေ၊ ပြီးတော့ အဒေါ်၊ ဒီမိသားစုကြီးက ပေါက်ဖွားလာတဲ့ နောက်ဆုံး Genes ကျွန်တော့်ရည်မှန်းချက်က အင်ဂျင်နီယာ ဖြစ်ရန်ဆိုတော့ ဆရာတွေကော သူငယ်ချင်းတွေကော အံ့အားသင့်ကုန်တာပေါ့၊ တသဘောလား…တကယ့်ရည်မှန်းချက်လားလို့မေးကုန်ကြတာပေါ့"

"အဟင်း…ဟင်း၊ ဘာများလဲလို့ ခွန်းချိုရယ်၊ ဝါသနာ ဆိုတာ ဆရာဝန်သားက ဆရာဝန်ဖြစ်ဖို့ ဝါသနာပါရမယ်၊ အင်ဂျင်နီယာသားက အင်ဂျင်နီယာပဲ ဖြစ်ရမယ်၊ ရုပ်ရှင်သရုပ်ဆောင် သားက ရုပ်ရှင်မင်းသားပဲ ဖြစ်ရမယ်…စသည်ဖြင့်ပေါ့ကွာ၊ ပုံသေနည်းလို သတ်မှတ်ချက် ရှိလို့လား"

ခွန်းချိုတွေဝေသွားသည်။

"ဆရာဝန်သားသမီး ဆရာဝန်မဖြစ်တာတွေလည်း တပုံကြီးပါ၊ ဒါထက် သားက တကယ်ပဲ ဆရာဝန်အလုပ်ကို ဝါသနာ မပါဘူးလား"

"ဟုတ်တယ်…နေ့စဉ် ရောဂါတွေအကြောင်း စဉ်းစား၊ ဆေးဝါးနဲ့လူနာတွေနဲ့ ထိတွေ့ရမယ်ကိစ္စ၊ ဟာဗျာ…သား ရွံတတ်တယ် ထင်တယ်၊ ဆရာဝန်လုပ်ဖို့ တစ်ခါမှ မစဉ်းစားခဲ့သလို သားစိတ်ကူးနဲ့ အဆောက်အဦးတွေ ဆောက်ချင်တယ်…ဖန်တီးချင်တယ်၊ သား ဝိသုကာ အင်ဂျင်နီယာပဲ လုပ်ချင်တယ် သီသီရာ၊ ဒါ…သား စိတ်အားအထက်သန်ဆုံးကိစ္စပဲ"

သွေးက စကားပြောလေပြီထင့်။

ဟေသီမောင် ရင်ထဲ စူးနင့်အောင့်သွားလေပြီ။

ဇင်ဇင် ဒါတွေ မသိခဲ့ဘူးလား။

ဒါမှမဟုတ် တမင်လျစ်လျူရှုခဲ့တာလား။



www.burmeseclassic.com

www.burmeseclassic.com



"သား ဝါသနာအတိုင်း ဆက်လျှောက်ခွင့်ကို ဒယ်ဒီတို့က ခွင့်ပြုမှာလား"

"ခွန်းချို..."

"ရှာ..."

"ဒီကိစ္စနဲ့ပတ်သက်ပြီး သီသီအပြင် ဘယ်သူသိသေးသလဲ"

"ဟင့်အင်း...သားကိုယ်သားလည်း အံ့အားသင့်မိတယ်၊ ဒီနေ့မှဖြစ်ပေါ်လာတဲ့ကိစ္စမို့ သား သီသီကိုပထမဦးဆုံးဖွင့်ပြောမိတာပဲ"

"ဒီကိစ္စ ခဏမေ့ထားလိုက်ပါ၊ မင်းဖြစ်ချင်တာဖြစ်ဖို့ မင်းဘက်က ငါရပ်တည်ပေးမယ်၊ ဒီအတွက် ဝါရီ(စိုးရိမ်ပူပန်မှု) မများနဲ့၊ မင်းတာဝန်က Top Ten (အမြင့်ဆုံးဆယ်ဦး)ထဲ ဝင်ဖို့ပဲ စဉ်းစားပါ။ အဲဒီဆုလာဘ်အတွက် မင်းရည်မှန်းချက်အတိုင်း ဖြစ်စေရမယ်လို့ သီသီ အာမခံပါတယ်"

ရင်ထဲမှာတော့ အလွမ်းမိုး ဝေဒနာမိုးတို့ ရောယှက်ကာ ဖွေနေလေပြီ။

ထိုစဉ် ခေါင်းရင်းအိမ်ဘက်ဆီမှ လူတစ်ယောက် ထွက်လာသည်။

ကိုကိုတေဇာမောင်ဖြစ်နေသည်။

ဟေသီမောင် ဒန်းပေါ်မှ ထလိုက်သည်။

"မင်းဒယ်ဒီ လာပြီ၊ စာအကြောင်း လာဆွေးနွေးတယ်လို့ပဲ ပြောပြီး အိပ်ပျော်အောင်အိပ်လိုက်ပါ၊ ထ...သွားစို့"

ကိုကိုမကြားစေရန် ဟေသီမောင် တိုးတိုးတိတ်တိတ် ကြိတ်မှာလိုက်သည်။





"ဟုတ်"

နောက်...နှစ်ဦးသား တေဇာမောင်ဆီသို့ဦးအောင် လျှောက်သွားလိုက်ပြီး...

"ကိုကိုကော အိပ်မရဘူးလား၊ အတော်ပဲ...ကိုကို့သား ငချပ်လေးကို ကိုကို့လက် အပ်လိုက်ပြီ၊ ညလေး အိပ်ချင်ပြီ၊ ဂွတ်နိုက်...အဲ...ဂွတ်မောနင်း ကိုကို"

ဟေသီမောင် တစ်ဖက်စကားပြန်ကိုပင် မစောင့်တော့ဘဲ သူတို့အိမ်ထဲသို့ တန်းဝင်လိုက်သည်။

ဒန်းကလေးပေါ်၌ ဖောက်ပြီး နှစ်ငုံသာ သောက်ထားသော ဆန်းကစ်ဘူးနှင့် မဖောက်ရသေးသော ဆန်းကစ်ဘူးက ကျန်ရစ်ခဲ့လေသည်။

သူတို့နှစ်ဦး ထအသွား၌ လှုပ်ခတ်ကျန်ခဲ့သော ဒန်းကလေးကို အနီဆန်းကစ်နှစ်ဘူးက ငြိမ့်ငြိမ့်ကလေး စီးလျက်။

ခက်ပါလား။

ဟေသီမောင်၏ နှလုံးအိမ်၏ လှုပ်ခတ်မှုကတော့ ပြင်းထန်သွားခဲ့လေပြီ။

ယခင်(၁၆)နှစ်တာ ကာလက...

ခွန်မင်းသိုက်...။

ယခု...

ခွန်းချိုမောင်...။

ဒီနှစ်ဦးသားနှင့် ပတ်သက်မှုဝဋ်ကြွေး ဘယ်အတိုင်းအတာ ကာလအထိ ရိုက်ခတ်နေမှာလဲ။

ခွန်းချိုရိုက်ချက်က ပြင်းထန်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွန်းချိုတို့ကို ကျောခိုင်း၍ အိမ်ထဲအဝင်၌ နာကြည်းမှု၊ ကြေကွဲမှု၊ နာကျင်မှုတို့ရောပြွန်းကာ ပုလဲပွင့်တွေ ကြွေလေပြီ…။







## အခန်း(၁၂)

ဂျီတီစီကျောင်းသား ခွန်မင်းသိုက်၏ရုပ်အသွင်က ရန်ကုန်ရောက်ပြီး တစ်လကျော်လာသည်နှင့် သိသာထင်ရှားစွာ ပြောင်းလဲလာလေသည်။

အသားအရောင် ဝင်းဝါစိုပြေလာပြီး တောင်းမှာအကွပ်လှမှာအဝတ်ဆိုသလို အသွေးအရောင်ကလည်းပြောင်းကာ ကိုယ်ဝါတောက်ပြောင်လာတော့…

အပျိုဖော်ဝင်စ မိန်းကလေးတစ်သိုက်အတွက် "အိပ်မက်ထဲက ရွှေမင်းသား" ဖြစ်လာလေပြီ။

ထိုထိုအုပ်စုထဲ…

ရွှေမင်းသား၏ပန်းကုံးအစွပ်ကို မျှော်လင့်နေကြသူများထဲတွင်…



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ဆုံးက...

သူ့အား ယောင်းယောင်း...ယောင်းမဟု ခေါ်တတ်သော သဲသဲ ခေါ် သဲစုမိုးက အကဲဆုံး အသဲဆုံး။

နောက်...ဒုတိယလိုက် အကဲပါမှုယာပိုသူက ဇင်ဇင်လတ်၊

တတိယကတော့ သူ...။

သူတို့အုပ်စုအားလုံး အားလပ်ချိန်၌ အောင်အောင်တို့အိမ်၌ လည်းကောင်း၊ ကိုကိုတေဇာအိမ်၌လည်းကောင်း စုပြီး တစ်ပတ်ကို (၂)ရက်မျှတော့ ခွန်မင်းသိုက်က စာစစ်ပေးလေ့ရှိသည့်အတွက် အုန်းစိမ်းသည်၊ တံငါသည်၊ ကျွတ်ငှား၊ စဝိတ်ဘုတ် အငှားမောင်းပေးသူ၊ နောက်ထမင်းချိုင့်ပို့ပေးသူ စသည်ဖြင့် များမြောင်သော အလုပ်ကြမ်းသမားဘဝမှသည်...

ဂျီတီစီကျောင်းသား Guide(ဂိုက်ဒ်)ခေါ် စာကျက်ရာ၌ ဦးဆောင်ဦးပြု ပြုပေးသူအဖြစ် ဉာဏအားနှင့် ဆရာတစ်ပိုင်းဖြစ်၊ အသွေးအရောင်ပြောင်းသွားသော ခွန်မင်းသိုက်ကို...

ယောက်ျားလေးတွေက လေးစားအားကျ အတုယူ...။

မိန်းကလေးတွေအတွက်ကတော့ စိတ်ကူးထဲက မင်းသားလေးတစ်ပါး ဖြစ်လာခဲ့သည်။ သို့သော်...

"သဲသဲ...ညည်းကတော့ နံပါတ်တစ်ဆယ်ကိုပဲ ဒိုင်ခံယူနေပါလား၊ စိတ်တွေ ဘယ်ရောက်နေသလဲ၊ ငါကျောင်းသူ...ကျောင်းသူမှ ဆယ်တန်းကျောင်းသူ ဆိုတဲ့ တိုင်တစ်လုံးမှာပဲ ညည်းစိတ်တွေကို ပတ်ထားစမ်း"

ဟု ကိုရွှေမင်းသားက ပြောစရာရှိ မညှာမတာ ပြောပစ်လေသည်။





"ဇင်ဇင်...ကိုယ့်ဘဝကိုယ် မမေ့နဲ့၊ ညည်းက ဂဲျပ်နဲ့ ဘဝတူပဲ၊ သူများ ခြေတစ်လှမ်းလှမ်းရင် ကိုယ်က နှစ်လှမ်းလှမ်းရမယ်၊ သူများ စာတစ်နာရီကျက်ရင် ညည်းက နှစ်နာရီကျက်၊ ဒါမှ တန်းတူဆိုတာ ဖြစ်လာမှာ"

ဟု ဇင်ဇင်ကိုလည်း ခပ်တင်းတင်း သတိပေးပြီး...

သူကျတော့...

"ဟေသီ...လောကမှာ ပြီးပြည့်စုံတယ်ဆိုတဲ့အရာ ဘယ်သူမှာမှ မရှိဘူး၊ တစ်ခုခုဟာ အမြဲလိုအပ်နေတတ်တယ်၊ အဲဒီလိုအပ်ချက်ဆိုတာ ကိုယ့်ဆီ ရောက်မလာအောင် ကျောင်းစာထဲပဲ သတိကပ်ကြိုးစားထားပါ"

တဲ့...။

ဘာကြောင့် ရယ်မသိ။ ခွန်မင်းသိုက်၏စကားတွေကို သူ့ဒိုင်ယာရီထဲ ရိုက်သွင်းထားလိုက်သည်။

သူ့ဒိုင်ယာရီက...

စာအုပ်စာတမ်းလည်းမဟုတ်...။

ဦးနှောက်လည်းမဟုတ်...။

နလုံးသားဒိုင်ယာရီပင်ဖြစ်သည်။

သူ့ကြောင့် ခွန်မင်းသိုက် စိတ်မပျက်စေရဘူး၊ သူ အမြဲတမ်း ပထမ ဖြစ်စေရမည်ဟု ဆုံးဖြတ်ချက်နှင့် ဟေသီမောင် ကြိုးစားခဲ့သည်။

နယ်ကျောင်းလေးက ကျူရှင်ကျောင်းတွေ မရှိဘဲ ကျောင်းဆရာတွေအားကိုးနှင့် ဘာသာစုံ ဂုဏ်ထူးထွက်ခဲ့သော ခွန်မင်းသိုက်ကဲ့သို့ပင်...



www.burmeseclassic.com

www.burmeseclassic.com

သူနှင့်ကိုကိုဆန်နီ(တေဇာမောင်)သည် ဆယ်တန်းစာမေး
အောင်စာရင်း၌ ဘာသာစုံ ဂုဏ်ထူးထွက်ခဲ့ပြီး Top Ten ကိုလည်း
ဝင်ခဲ့လေသည်။

အောင်ကျော်မိုးက သုံးဘာသာဂုဏ်ထူး...

သဲစုမိုးက တစ်ဘာသာနှင့်...

ဇင်ဇင်လတ်က လေးဘာသာဂုဏ်ထူးသာ ထွက်ခဲ့သည်။

နိုင်ငံခြားသို့သာ ပညာသင်ပို့မည့် အောင်ကျော်မိုးကတော့
အဆောင်နေ ခွန်မင်းသိုက်နှင့် တတွဲတွဲပင်။

အောင်ကျော်မိုး ဘကြီးများက နိုင်ငံခြား၌ ရှိသည်။ အောင်
ကျော်မိုး ဆယ်တန်းအောင်သည်နှင့် သူတို့ထံ ပို့ဖို့ ပြောထားသဖြင့်
ပတ်စ်ပို့ လုပ်တာကအစ ခွန်မင်းသိုက် မပါလျှင်မပြီး။

ခွန်မင်းသိုက်က ဆယ်တန်းဂိုက်ဒ်အပြင် Tour Guide ပါ
လုပ်သေးသည်ဆိုတော့ ခွန်မင်းသိုက်ကို စုန်စုန်တွေ့မင်းသားကြီးဟုပင်
ကိုကိုဆန်နီက တင်စားခေါ်ဝေါ်လိုက်သေးသည်။

တစ်နေ့...

ဟေသီမောင်၏နှလုံးသားမျက်နှာစာအသစ်ကို ဖွင့်လှစ်
လိုက်သည့်နေ့...

နောက်ဆုံးထွက်သက်ထိတိုင်အောင် မေ့ရလိမ့်မည်မဟုတ်
ချေ။

အောင်ကျော်မိုးနှင့် သဲစုမိုးတို့ အမွှာမောင်နှမမွေးနေ့
အင်းယားမြိုင်လို ခြံကျယ်မြက်ခင်းပြင်၌ ခြိမ့်ခြိမ့်သဲပင် မိဘတွေက
ကျင်းပပေးသည်။

သဲစုမိုးက အဝါနုရောင်ဝတ်စုံလေးကို စိတ်တိုင်းကျဝတ်ဆင်





သည်။

အဖြူကြိုက်သောသူကတော့ အဖြူရောင် ဝတ်စုံလှလှလေး
နှင့် စိန်ပွင့်တို့နှင့် စီခြယ်ထားသော သရဖူလေးကို ဆောင်းပြီး ဆံပင်
ရှည်ကြီးကို နောက်သို့ချကာ ဖားလျားပင် ချထားခဲ့သည်။

ဇင်ဇင်အတွက် ဝတ်စုံကိုလည်း သူ့မှန့်ဖိုးထဲကပင် စုကာ
ဇင်ဇင်အကြိုက် နုပြာရောင်လေး ဝယ်ဆင်ပေးခဲ့သည်။ ဟေသီမောင်
အတွက် ဇင်ဇင်လတ်သည် အဖော်ကောင်းဖြစ်ကာ သနားဂရုဏာ ရှေ့
သားပြီး ဟေသီမောင်က မိခင်နှင့်ကြီးတော် မသိအောင် တိတ်တခိုး
လက်ဆောင်များ ပေးခဲ့လေသည်။

ဘာကြောင့်ရယ်မသိ...။

မာမာနှင့် အန်တီကြီးတို့က ဇင်ဇင်ကို "မခုတ်တတ်တဲ့
ကြောင်" "သိုးယောင်ဆောင်နေတဲ့ဝံပုလွေ" ဟုတင်စားကာ သတိပေး
သည့်ကြားက ဇင်ဇင်အပေါ် ကရုဏာစိတ်နှင့် တွယ်တာခဲ့သည်။

"ဟေသီ..."

"ဝုက်ထိ..."

"ကြည့်စမ်း...ကိုကိုမင်း နင့်ကို ခိုးကြည့်နေတဲ့မျက်လုံးက
ကြယ်ပွင့်လေးတွေလိုပဲ တောက်ပလိုက်တာ"

"ဘယ်မှာလဲ"

"နင်လှည့်မကြည့်နဲ့...ကိုကိုတေဇာအနားမှာ"

"အင်း..."

"မကြာခင် မိနစ်ပိုင်းမှာ သူ နင့်ထံ ရောက်လာလိမ့်မယ်၊ ဒါ
ရှောင်ပေးလိုက်ပြီ၊ ကိုကိုမင်းရဲ့အချစ်ကို ရတဲ့မိန်းကလေးဟာ မဟာ
ဘုန်းထူးရှင် ဖြစ်မယ်ဆိုတာ သိပေမယ့် နင့်အနားမှာ ငါ လေးရိုးသည်


www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မခံသလိုတစ်ဖက်သတ်အချစ်ထက် နှစ်ကိုယ်တူအချစ်က ပိုပြီး ပြီးပြည့်စုံပါတယ်ဟာ"

ဖင်ဖင်က ပြောပြောဆိုဆို ရောင်ထွက်သွားသည်။

ဆယ်တန်းဖြေပြီးနောက် ဇာတိရွာသို့ မပြန်ပဲ ဆယ်တန်းကိုက်ဒ် ပြန်လုပ်နေရင်း ကွန်ပျူတာ တက်နေသော ဖင်ဖင်လတ်ကို သူ့ဘကြီးမျက်နှာနှင့်ပင် ဆက်လက်နေခွင့်ပေးထားကြရသည်။

လူကြီးတွေက ဘယ်လိုပဲ ဟန့်တားဟန့်တား ဟေသီမောင်အတွက်က ဖင်ဖင်လတ် ရှိနေခြင်းက တိုးတိုးဖော် ရသည်ဟု ဆိုကာ ကျေနပ်ပျော်ရွှင်နေမိသည်မှာ အမှန်ပင်။

ထိုစဉ် ဟေသီမောင်အနီးသို့ အရိပ်တစ်ခု အုပ်မိုးရောက်ရှိလာသည်။

သို့သော် မျှော်လင့်ထားသူတော့ မဟုတ်ချေ။

အောင်ကျော်မိုး(ခေါ်)အောင်အောင် ဖြစ်နေသည်။

"ဟေသီ"

"ဟင်...အောင်အောင်"

"နင်ပေးတဲ့ မွေးနေ့လက်ဆောင်အတွက် ငါကျေးဇူးတင်ပါတယ်ဟာ၊ ငါအမြဲ အမှတ်တရ သုံးစွဲသွားမှာပါ"

နက်ခ်တိုင်၌ ထိုးသော ပလက်တီနမ် ကလစ်တစ်ချောင်းကို လက်ဆောင်ပေးခဲ့သည်။

သဲသဲကိုတော့ ပလက်တီနမ် လော့ကက်တစ်ခု ပေးခဲ့သည်။ နှစ်အိမ့်တစ်အိမ်လို ဖြစ်နေသော မိသားစု ဖြစ်ခြင်းကြောင့် သူ့မွေးနေ့ကိုယ့်မွေးနေ့ကိုအဖိုးတန် လက်ဆောင်ပစ္စည်းများနှင့် အမှတ်တရပေးလေ့ရှိသည်။





"နင်သဘောကျတယ်ဆိုရင် ငါဝမ်းသာရတာပေါ့ဟာ"

"ဟေသီ...ငါသွားရင် နင်လိုက်ပို့ပေးဦးမှာလား"

"ဟင့်အင်း...ငါက ထွက်ခွာသွားသူကို မနှုတ်ဆက်ချင်ဘူး၊ လာမယ့်သူကိုပဲ ကြည့်ချင်တာဟ"

အောင်အောင်၏သူငယ်ချင်းအချစ်မှ ပြောင်းလဲလာသော စိတ်ထားကို ရိပ်မိပါသော်လည်း မသိကျိုးနွံပင် ပြုနေလိုက်သည်၊ သူ့စိတ်ကမှ မပြောင်းလဲတာ၊

"ကောင်းပါတယ်...ငါကလည်း နင့်ကို လိုက်မပို့စေချင်ဘူး၊ ဘာဖြစ်လို့လဲ သိလား ဟေသီ"

"ဟင့်အင်း...နင်ပြောမှ သိမှာပေါ့"

"ငါ့ရင်ထဲမှာ သိုဝှက်သိမ်းဆည်းထားတဲ့ အစိုင်အခဲတစ်ခုဟာ ခွဲခွာကာနီး နှုတ်ဆက်တဲ့အချိန်ကျရင် ပွင့်ထွက်သွားမှာစိုးလို့ပဲ"

ဟေသီအောင် မျက်ဝန်းလေးဝိုင်းစက်သွားသည်၊ အဓိပ္ပါယ်ကိုဂယနကာ နားမလည်တော့ ကလည်ကလည်နှင့်၊

"နင် ဘာကိုဆိုလိုတာလဲ"

"တစ်စုံတစ်ယောက်သောသူအတွက် နင့်ကိုပြောစရာရှိတဲ့ စကားတွေ ငါ့ရင်ထဲ ထာဝရ သိမ်းဆည်းထားလိုက်တယ်၊ အကယ်၍ နင့်မှာ အခက်အခဲ ရှိခဲ့ရင်တော့ ငါဟာ နင့်အတွက် အချိန်မရွေး ကူညီဖို့ ရောက်လာမှာပါ...ဒါပါပဲဟာ"

ပြောပြောဆိုဆို အောင်အောင်က သူ့အား ကျောခိုင်း ထွက်ခွာသွားချိန်၌ သူ့ရင်ထဲ ပဟေဠိတွေ ကျန်ခဲ့ပြီး စဉ်းစားနေချိန်...

"ညလေး...ကိုကို အောင်အောင်နဲ့ ညအိပ်နေခဲ့မှာမို့ ညလေးကို ကိုကိုမင်း လိုက်ပို့လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…"

ရန်ခုန်ခြင်း၊ စိတ်လှုပ်ရှားခြင်းတို့က ရင်ထဲ၌ ပုစွန်ဆိတ်အကောင်များစွာတို့ တဆတ်ဆတ်ခုန်ပေါက်နေသည့်နှယ်ဖြစ်သွားရသည်။ သို့သော် ဟေသီအောင်က ဘယ်သူ့မှ သင်ကြားပြသခြင်း မရှိသော မာယာပရိယာယ်နှင့်…

"စောစောက ပြောရင် မာမာတို့နဲ့ ပြန်လိုက်သွားပါတယ်၊ ဇင်ဇင်ကော…"

"ဇင်ဇင်ကလည်း သဲသဲ ဆွဲခေါ်ထားလို့နေခဲ့မယ်တဲ့"

"ဟုတ်လို့လား"

ဟေသီမောင် မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် မယုံကြည်နိုင်အောင် ဖြစ်ရလေသည်။

သဲသဲနှင့်ဇင်ဇင်က အစေးသိပ်ကပ်သည်မဟုတ်။ သို့သော် ဇင်ဇင်အပေါ် ဆင်းရဲနွမ်းပါးသူဟူသော နောက်ပါး တွယ်ကပ်ငြိပါလာသည့် ဂုဏ်ကြောင့် အားလုံးက ကရုဏာနှင့် သက်ညှာစွင့်လွှတ်ပေးထားကြသည်။

ဇင်ဇင်ကလည်း လူ့အလိုက်ကို အင်မတန် သိတတ်နားလည်ပြီး "လူ့အောက်ကျို့လို့ မသေ" ဟူသော ဆိုရိုးကို လက်ကိုင်ထားသူဖြစ်၍ အားလုံးနှင့် သင့်မြတ်လေသည်။

"ဟုတ်ပါတယ် ညလေးကလည်း၊ ကိုကိုက ညာပါ့မလားလို့"

အသေအချာဆိုတော့ ဟေသီအောင်၏မျက်ဝန်းက မလှမ်းမကမ်း၌ ရှိနေသော ခွန်မင်းသိုက်ထံသို့ အရွေ့…

ခွန်မင်းသိုက်က ခွန်အားပါသော အပြုံးတစ်ရပ်ကို သယ်ဆောင်ကာ သူ့ထံသို့လျှောက်အလာ…





အကြည့်ချင်း ဖလှယ်တော့ အပြုံးလေးတွေ ကိုယ်စီ ဝေဆာလျက်။

"ဟေသီက ပြန်ချင်ပြီလား"

"ပြန်ချင်တာထက် ကိုကိုမင်းကော အားရဲ့လားလို့"

"အားတယ်ဆိုတာ ကိုယ့်ဘဝမှာ မထားခဲ့ဖူးဘူး၊ ခု ညည်းပြန်ဖို့ ညည်းအတွက် ဒရိုင်ဘာ လုပ်ပေးမယ်၊ ပြီးရင် ဝေဇာအတွက် ကားပြန်ပို့မယ်၊ နောက်ပြီး "ဒင်နာ" လာခင်းကျင်းပေးတဲ့ ဟိုတယ်ဝန်ထမ်းတွေ ပြန်ဖို့ စီစဉ်မယ်၊ ဒီည အောင်အောင် ဆန္ဒအရ ဒီမှာ အိပ်ပေးမယ်၊ ဒါပဲပေါ့ ဟေသီ၊ ကိုင်း…ဟေသီ၊ ညည်းဆုံးဖြတ်…ပြန်တော့မလား"

"ဟုတ်…"

"ဒါဖြင့် နှုတ်ဆက်သင့်သူတွေကိုသွားနှုတ်ဆက်၊ ကိုယ်ကားပေါ်က စောင့်နေမယ်"

"ဟုတ်…"

ခွန်မင်းသိုက်နှင့် ပတ်သက်လာလျှင် သူသည် ကြိုးဆွဲရာ ကတတ်သော အရုပ်လေးတစ်ရုပ်နှယ် ဖြစ်သွားခဲ့ရလေသည်။

ဟေသီအောင် နှုတ်ဆက်စရာရှိသူများကို ကသုတ်ကရက်နှုတ်ဆက်ပြီး ကိုကိုဆန်နီ ကားရပ်ထားရာနေရာသို့ လျှောက်လှမ်းခဲ့သည်။ ထိုကာလ၌…

ခြေထောက်နှင့်မြက်ခင်းပြင်မှ ထိပါလေစဟုပင် ထင်မှတ်မှားရလောက်အောင် ခန္ဓာကိုယ်က ပေါ့ပါးနေသကဲ့သို့ စိတ်အစဉ်ကလည်း လွင့်ပြန့်၍နေသည်။

ထိုစဉ် ဖြည့်ပရိသတ်ကြားမှ သူ့အား ကြေကွဲ၍ တိမ်ရိပ်တို့



www.burmeseclassic.com

www.burmeseclassic.com



ဖုံးလွှမ်းနေသော မျက်ဝန်းတစ်စုံကို ဟေသီမောင် လုံးဝမတွေ့မြင်ခဲ့ပါ ချေ။

"ကိုယ်လေ...အမေပြောပြခဲ့ဖူးတဲ့ အိပ်ရာဝင်ပုံပြင်တွေထဲက အကြိုက်ဆုံး ပုံပြင်တစ်ပုဒ်ရှိတယ်၊ အဲဒါ ဘာပုံပြင်ဖြစ်နိုင်မလဲ၊ ညည်း ခန့်မှန်းကြည့်စမ်း ဟေသီ"

ဂိုက်ဒ်လေသံက မပျောက်ချင်သေး။ လူကို ဩဇာသံ လွှမ်း လျက် အမိန့်ပေးနေပြန်ပါပြီ။

"ဘယ်သိမှာလဲ"

ဆယ်တန်းဖြေပြီးကတည်းက သူ့အား ဂိုက်ဒ်ရာထူးမှ ပေး ထွက်လိုက်သည်မို့ စိတ်ထဲမှာ လွတ်လပ်သွားခဲ့သည်။

"တကယ်မသိတာလား...မသိချင်ဟန်ဆောင်နေတာလား ဟေသီ"

"အိုး...တကယ်မသိတာပါဆို"





နွဲ့ဆိုးဆိုးကာ ဆိုးနွဲ့ချင်သေး။ ခွန်မင်းသိုက်က ပြုံးလိုက် သည်။ ပြီးတော့ သူ့အား ငဲ့စောင်းအကြည့်တွင် ရင်တွေ ဗရမ်းဗတာ ခုန် လျက်...။

ကားကို လမ်းဘေးတစ်နေရာသို့ ဆွဲချပြီး ထိုးရပ်လိုက်တော့ မှ...

"ဟော့တော်...ဘယ်နေရာလဲ ကိုကိုမင်း၊ ကားဘာဖြစ်လို့လဲ"

"ကားအင်ဂျင်ကော ဘော်ဒီကော ကောင်းတယ်၊ မကောင်း တာက လူ့အင်ဂျင်"

"ဟင်..."

ဘာစကားတွေမှန်း မသိတော့၊ ဟေသီအောင်၏ မျက်ဝန်း လေး ချာချာလည်လျက်။

"ဟုတ်တယ်...လူ့အင်ဂျင်ဖြစ်တဲ့ နှလုံးသားက မကောင်းဘူး၊ ဟပ်ထ်(Heart)ထိနေခဲ့တာကြာပြီ၊ ဟေသီကိုချစ်တဲ့စိတ်ကို မျိုသိပ်ရ လွန်းပြီး ဘရိတ်ခဏခဏ အုပ်ရလွန်းတော့ ရင်ထဲလောင်ကျွမ်းနေခဲ့ရ တယ်၊ ဒီအတွက် အချစ်ဆိုတဲ့ အင်ဂျင်ဆီက လိုအပ်နေပြီ"

အင်ဂျင်နီယာလောင်းဗိုလ် တင်စားလိုက်ပုံက လူတစ်ကိုယ် လုံးလည်း ကားဘော်ဒီဖြစ်ရော။

"ဝပ်ရှော့ပ် ပို့လိုက်တော့ပေါ့"

ဟု ချစ်မျက်စောင်းလေး ပေါက်ဖွားလာကာ ပြောလိုက်မိ သည်။ ကိုကိုမင်း၊ ကိုကိုဆန်နီနှင့် သူတို့အတူတကွ သွားလာလျှင် မသိ သူများက ကိုကိုမင်းနှင့် သူ့ကို မောင်နှမအရင်းဟု ထင်ရအောင် အသားအရောင်နှင့် မျက်ခုံးမျက်လုံး နှာတံအကျတို့ တူညီနေသည်။

ကိုကိုမင်း အကြည့်ကို ရှောင်လွှဲလိုက်သော်လည်း ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ရထားဆယ်စင်း ခုတ်နေလေပြီထင့်။ တဂျုန်းဂျုန်း...တဂျက် ဂျက်။

"အခု ပို့နေတယ်လေ၊ မက္ကင်းနစ်က ဟေသီပဲ၊ ဘယ်လိုလဲ ဟေသီ၊ အဆင့်အတန်း မတူညီမှန်း သိလျက်နဲ့ ရွှေဘုံစံ မင်းသမီးကို ချစ်ခဲ့မိတဲ့ ကျွန်တော့်အုန်းစိမ်းသည်ကို ဘယ်လိုပြစ်ဒဏ်ပဲချချ နာခံပါ့မယ်"

မျှော်လင့်ခဲ့ပါသည်။ သို့သော် တကယ်တမ်း ရင်ဆိုင်ရတော့ "မ" သဘာဝတရားအရ ရင်ခုန်မှုနှင့်အတူ ရက်စနိုးဖြစ်ကာ မျက်နှာ မထားတတ်တော့။ သူ့ဂိုက်ဒ်လုပ်စဉ်ကလည်း ခပ်တည်တည် မျက်နှာ ပေး၊ မျက်နှာကြောတင်းတင်းနှင့် မာန်မဲမှုများကြောင့် အနေရှိန်ခဲ့ရ သည်။

ယခုတော့ အစစအရာရာ ပြောင်းလဲနေပြီ။

ရွှန်းရွှန်းစားစား ကြည့်နေသော မျက်လုံး၏ပါဝါကို ဟေသီ မောင် ရင်ဆိုင်ရန် မဝံ့ရဲတော့ချေ။

"ဟေသီ...ပြောလေ၊ တစ်ခုခု ပြောပါဦး၊ ဒါမှမဟုတ် ပြစ်ဒဏ် တစ်ခုခု ချမှတ်ပေးပါဦး"

ငုံ့လျှိုးသွားသော ခေါင်းကိုဖော်ဖို့ မေးစေ့လေးကို ဆွဲအတင်၌ ဟေသီမောင် ဆတ်ကနဲ တုန်ခါသွားပြီး အရှန်း၌ အမှတ်တမဲ့ လွဲမှားမှု လေးများကြောင့်လေလား၊ တမင်ဖန်တီးမှုကြောင့်လေလား မသိ၊ နွေးထွေးလိုက်မောသော ခံစားမှုထဲ တဒင်္ဂ နစ်မျောလိုက်ပါသွားရာ—

သတိရလိုက်ချိန်၌ မွန်းကျပ်မှု အတွေ့အထိ ဆန်းကြောင့် ဖယ်လိုက်သော်လည်း အားမပါ။

"သိပ်ချစ်တယ် သီရယ်၊ မြင်မြင်ချင်းကို ချစ်ခဲ့မိတာပါ၊ အဲဒီ





အချစ်တစ်ခုထဲနဲ့ ဘယ်သောအခါမှ မဝင်ပါဘူးဆိုတဲ့ ရွှေအိမ်စံ ဂုဏ်ရည်နန်းတော်ထဲက လူကုံထံ အသိုင်းအဝန်းထဲကို ဝင်ရောက်ခဲ့ တာဆိုရင် ညည်းလေး ယုံမှာလား"

"ဟင့်အင်း" လား... "အင်း" လားမပီမပြင် အသံထွက်လိုက်မိ သည်။ ခွန်မင်းသိုက်က ဆက်၍ ချစ်တေးတွေ သီနေသည်။ ချစ်သူ စကားမှန်သမျှ ယုံကြည်ချင်ပါသည်။

"သီ...ကိုယ့်ကို ချစ်တယ်မှတ်လား၊ ညာမယ်၊ အိုက်တင်ခံ မယ်၊ အချိန်ဆွဲမယ် မစဉ်းစားနဲ့၊ ညည်းမျက်ဝန်းတွေက ညည်းနှလုံး သားကို ဖော်ကောင်လုပ်ပြီးသား"

"အင်း..."

"ကိုယ့်အနစ်သက်ဆုံး အိပ်မက်ထဲက စနိုးဂိုက်ကလေးနဲ့တူ တဲ့ သီ့အတွက်တော့ ကိုယ်ဟာ အဆိပ်ငွေ့ပြယ်စေတဲ့ မင်းသား ဟုတ်မဟုတ် မသိနိုင်ပေမယ့် ကိုယ့်အတွက်တော့ သီနဲ့ ပတ်သက်လာ ရင် စွန့်လွှတ်စွန့်စားမယ်၊ သီအသိုင်းအဝိုင်းနဲ့ ရင်ဆိုင်ပြီး လက်ထပ်ခွင့် တောင်းယူမယ်လို့ ဆုံးဖြတ်ထားတယ်"

"ဘယ်တုန်းကလဲ"

"သီကို စတွေ့ချိန်လေ၊ အုန်းရှာလပတ်ရည် စားချင်တယ် ဆိုပြီး ကလေးတစ်ယောက်လို ပူဆာတဲ့အချိန်ကစပြီး သီရဲ့လိုအပ်ချက် မှန်သမျှကို ဖြည့်ဆည်းပေးချင်တဲ့ဆန္ဒနဲ့အတူ သီကို တစ်ဖက်သတ် ငွဲလမ်းသွားခဲ့မိတာပါ"

ဟေသီမောင်...ခွန်မင်းသိုက်၏ မလွှတ်တမ်း ဖက်တွယ်ထား သော စပါးကြီးမြွေလက်ကြီးကို ဖယ်ရန် မကြိုးစား၊ ရင်ခွင်ဝပ်ကျင်းထဲမှ လည်း ရုန်းထွက်ရန် မကြိုးစား၊ ငြိမ်သက်စွာပင် ဝပ်နေရင်း...



www.burmeseclassic.com

www.burmeseclassic.com



အတွေ့ထူးဝယ် မေ့မေ့မွှးမွှး ကျေနပ်လျက်။

ချစ်သူ့စကားများက ပျားသကာလို ချိုမြိန်လျက်မို့ ငြိမ်သက်ကာ နားစွင့်လျက်။

"ဒါကြောင့် အောင်အောင်တို့လာခေါ်တဲ့အချိန် လိုက်လာခဲ့တာ၊ သီတစ်မျက်နှာလေးကို မြင်တွေ့ခွင့် ရချင်လို့ပါကွာ"

"ဒါနဲ့များ ဂိုက်ဒ်လုပ်တုန်းက လူကိုဟိန်းလိုက်ဟောက်လိုက်တာများ...ဟွန်း"

"ချစ်သူကို ရှေ့နန်းထက်မှာပဲ ထားချင်တာ စေတနာနဲ့ပါကွာ။ ကိုယ့်ကို သီ မုန်းသွားခဲ့ရင်လည်း ခံလိုက်မယ်၊ စေတနာကတော့ လျော့ပါးသွားမှာ မဟုတ်ပါဘူး၊ ကိုယ့်စေတနာကို သီ နားလည်တယ်မှတ်လား"

"အင်း..."

"ကိုယ့်အချစ်ကိုကော ယုံကြည်ရဲ့လား"

"အင်း"

"ဒါဖြင့် ကိုယ့်ကိုကော သီက ကိုယ်ချစ်သလို ပြန်ချစ်တယ်ပေါ့"

"မေးစရာ လိုသေးလို့လား"

"လိုတာပေါ့...ဒီကားဘော်ဒီကြီးကို ခရီးဆက်ဖို့ အချစ်ဆိုတဲ့ အင်ဂျင်ဝိုင် လိုနေတယ်၊ တိတိကျကျ ဖြေပေးပါ သီရယ်"

"ဂိုက်ဒ်အကျင့်ကို မပျောက်သေးဘူး"

"သီအတွက်တော့ ဘယ်တော့မှ ပျောက်မှာမဟုတ်ဘူး ဆယ်တန်းဂိုက်ဒ်ပြီးတော့ အခု သီဘဝရဲ့ရာသက်ပန် ဂိုက်ဒ်လုပ်သွားတော့မှာမို့..."





"ဟွန်း...ဘယ်သူက ခန့်လို့လဲ"

"သီလေ...သို့နှလုံးသားထဲက အမိန့်စာကို ကိုယ်အလိုအလျောက် ရပြီးသားပါ"

"ကိုဟာလေ...စကားကိုတတ်တယ်"

"နှလုံးသားရဲ့ဖိအားကြောင့် ထွက်ပေါ်လာတဲ့စကားတွေပါ၊ သီ...သို့ကို ချစ်တယ်၊ သီကလွဲရင် အခြားဘယ်သူ့ကိုမှ ချစ်နိုင်တော့မှာ မဟုတ်ဘူးဆိုတာကို သစ္စာဆိုရဲပါတယ်"

"သီလည်း အဲဒီလို ထင်တာပဲ၊ ဒါပေမယ့် သီအတွက် အချစ်ဆိုတာ နကန်းတစ်လုံးမှ မသိသေးတော့ ဒါကိုပဲ အချစ်လို့ သတ်မှတ်လိုက်ရင် သီ အခုအချိန်မှာ ကိုယ်ကလွဲပြီး ကို့ထက် ပိုချစ်ရမယ့်သူ မရှိသေးဘူးဆိုတာတော့ နားလည်နေပါတယ်"

"ဒီစကားနဲ့တင် လုံလောက်ပါပြီ စန်းပွိုက်လေးရယ်၊ သို့ဘဝဟာ နှင်းပွင့်လေးလို ဖြူစင်လွန်းပါတယ်၊ သို့စကားတွေဟာလည်း အဖြူရောင်သက်သက်၊ သီစိတ်ထားလေးကလည်း အဖြူရောင်လေးမို့ကို ကိုက မြတ်နိုးတွယ်တာစွာနဲ့ ချစ်နေမိတာပါ သီ၊ ဒီနေ့လေးဟာ ကိုတို့ ချစ်သူနေ့အဖြစ် မှတ်တမ်းတင်ထားရမယ်နော်"

"စိတ်ချပါ ကို၊ သီ ဘယ်တော့မှ မေ့မှာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ သဲသဲနဲ့အောင်အောင် မွေးနေ့ပွဲကို ဝါးတီးလုပ်နေကျမို့လေ...အဟဲ"

ဟောသီမောင့်အပြောကို သဘောခွေ့သွားဟန်တူသော ခွန်မင်းသိုက်က အသံယားသွားပြီး အနမ်းလေပွေလေး မွှေ့ယမ်းလိုက်လေတော့သည်။

"အိုး..."



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူဖြစ်သည့်နေ့၏အမှတ်တရများက တစ်သက်တာအတွက် တစ်ခါတည်း စွဲထင်သွားအောင် ပြုရက်လေသည်ထင့်၊ ဟေသီမောင်၏ရင်စုန်သံရိုင်းက ဆူညံလျက်။







အခန်း(၁၃)

"ချစ်သူ" ဟူသောရာထူးတစ်ခုကိုယူမိကြပြီဆိုတော့လည်း ချစ်သူတို့၏သဘောတရားနိယာမအရ...

သွားအတူ...

စားအတူ...

လာအတူ...

အားလပ်ချိန်ဟူသမျှတို့ကို ချစ်သူနှင့်သာ အတူတကွ ခံစားခံစားဖြတ်ကျော်ချင်ကြသည်။

ထို့ကြောင့် ချစ်သူသက်တမ်းပင် သိပ်မကြာလိုက်။

ဟေသီမောင်၊ ဇင်ဇင်လတ်နှင့် တေဇာမောင်တို့ ဒေးတက္ကသိုလ် ပထမနှစ် ဖြေရန် တစ်လကျော် နှစ်လနီးပါးအလိုတွင် သတင်းပေး ဇင်ဇင်က...



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ချစ်သူနှစ်ဦး ထိုင်နေကျ ဘီအီးဒီကင်န်တင်းရှိရာ ပုစွန် ခွက်ကြော်သုတ်ဆိုင်သို့ သုတ်သီးသုတ်ပျာနှင့် ရောက်ချလာသည်။

"ကိုကိုမင်းနဲ့ ဟေသီ"

"လာ...ဖင်ဖင်...ဘာစားမလဲ"

"စားတာက နောက်ထား...အရေးကြီးတယ်"

ခွန်မင်းသိုက်က စားလက်စ ပုစွန်ခွက်ကြော်သုတ်ပင် လျှင် လည်ချောင်းထဲ ကန့်လန့်ခံသွားသဖြင့် ရေနွေးကြမ်းနွေးနွေးနှင့် မျှောချလိုက်သည်။

"ဘာအရေးကြီးတာလဲ ဖင်ဖင်"

"ဟုတ်ပါရဲ့...ရှင်းရှင်းလင်းလင်း ပြောပါဟာ"

ဖင်ဖင်က ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်လိုက်ပြီး နောက်...

"နင်နဲ့ကိုကိုမင်းကိစ္စကို အန်တီတို့ သိသွားပြီး မိုးမီးလောင် နေကြပြီ၊ ဒီညနေ နင်အိမ်ပြန်ရောက်တာနဲ့ နင့်ကို အပြင်ထွက်ခွင့် မပေးတော့ဘဲ ချုပ်နှောင်ထားဖို့ တိုင်ပင်နေကြတယ်တဲ့"

ဟေသီမောင်၏မျက်လုံးလေး ဝိုင်းစက်သွားရသည်။ ဘာပြန် ပြောရမှန်းမသိ...တုန်လှုပ်သွားသည်။

"ညည်း ဘယ်က ကြားခဲ့တာလဲ"

"ဖင် ကျောင်းပြန်သွားတော့ လေးလေး ပြောပြတာ၊ ဟေသီ စာတွေ မိလို့ဆိုလား...ဓါတ်ပုံတွေကောတဲ့"

"ဟင်..."

ချစ်သူ၏ဓါတ်ပုံ၊ သွားလာလည်ပတ်စဉ် အမှတ်တရ တွဲရိုက် ပုံများတော့ ရှိခဲ့ပါသည်။ ဘီရိုထဲ သေသေချာချာ သိမ်းဆည်းထား





လျှက် မိသွားရတယ်ရယ်လို့။

"အိမ်ကြီးမှာ ပွက်လောရိုက်တော့ ငါ့လေးလေးက အန်တီ စိန်ကို မေးတယ်၊ အဲဒါနဲ့ သိရတာ"

"ကို...သီတို့ ဘယ်လိုလုပ်ကြမလဲ"

ခွန်မင်းသိုက် ရင်ထဲ မီးတောက်သွားသည်။ သူကိုယ်တိုင် အဆောင်နေသမား။ သူ့နေထိုင်ရေး ပညာရေးအတွက် ရုန်းကန်နေရ သူ။

ချစ်သူနှင့် လက်တွဲဖို့ကို သူစီမံကိန်း အများကြီး ချမှတ်ထား သည်။ သို့သော်...ထိုစီမံကိန်းတွင် ချစ်သူ၏မိဘအကူအညီ လုံးဝမပါ။

ချစ်သူ၏အကူအညီဆိုတာ ဝေလာဝေး။

ချစ်သူကိုသာ သူသည် ယောကျာ်းကောင်းတစ်ယောက် အနေနဲ့ဦးဆောင်သွားမည်ဟူသော ဆုံးဖြတ်ချက် ရှိနေသောကြောင့် ချက်တရက်တော့ တွေဝေသွားရသည်။

ထိုစဉ်...သူ၏ဆင်းရဲသားမာနကို နားမလည်ဟန်တူသော ချောဘုံစံ မင်းသမီးလေးက...

"ကို...သီကို တစ်ခါတည်း ခေါ်သွားတော့၊ သီ အိမ်မပြန်ရဲ တော့ဘူး၊ သီ...ကိုနဲ့ မခွဲနိုင်ဘူး၊ မာမာက သီကို တစ်ခါတည်း ပါပါ့ဆီ ပို့လိုက်မှာ"

"သီရယ်..."

အပြောကျယ်သော လောကပင်လယ်အကြောင်း ဘာမှ နားမလည်သော သီကို ဘယ်လိုနည်းနဲ့ ဖျောင်းဖျနစ်သိမ့်ပေးရမည်ကို ခွန်မင်းသိုက် အဖြေရှာနေစဉ်...

"ဟုတ်တယ် ကိုမင်း၊ အန်တီငယ်ကော အန်တီကြီးကော



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့စကားထဲမှာ သီကိုစာမေးပွဲမဖြေနိုင်းတော့ဘူး၊ အန်ကယ်ကြီး ရှိရာ U.K(အင်္ဂလန်)ကို တစ်ခါတည်း ပို့ဖို့ စီစဉ်မယ် ဆိုတာလည်း ပါတယ်"

(××× ကိုယ့်ချစ်သူ ကောင်းစားရေးအတွက် ကိုယ်သာ အနစ်နာခံပါ့မယ် ××× ) ဟူသောသီချင်းစာသားထဲကလို အနစ်နာခံဖို့ အရေးတွေးလိုက်စဉ်မှာပင်...

အသည်းအသက်မက ချစ်ရသူက လက်မောင်းကို ဆုပ်ကိုင် သူ့အား အားကိုးတကြီးနှင့် မျက်ရည်ရောပွမ်းသော သောကမီး မျက်ဝန်းအစုံနှင့် ကြည့်လာသောအခါ...

သကောင့်သား ခွန်မင်းသိုက်ဟူသော ယောက်ျားမှာ ခံနိုင် ရည်နတ္ထိဖြစ်သွားရသည်။

"ကိုင်း...သီ၊ ကိုလည်း သီကို မခွဲနိုင်ဘူး၊ ဒါပေမယ့် သီစဉ်းစား ပါ၊ သီကို့နောက်လိုက်ခဲ့ရမယ့်လမ်းက ပန်းခင်းလမ်းမဟုတ်ဘူးနော်... ဆူးခင်းလမ်း၊ လက်တွေ့နဲ့ စိတ်ကူးယဉ်ဘဝဆိုတာ ကွာခြားလွန်း တယ်"

"ကို...ဒီအချိန်မှာ ဆရာကြီးသမ္ဘာကြီး လာလုပ်မနေနဲ့၊ သီ စွန့်စားရဲတယ်၊ လိုက်မယ်...ကိုသာခေါ်"

"ကောင်းပြီ...ကဲ...ထ"

"ဟင်...ဘယ်သွားကြမှာလဲ၊ ဖင့်ကိုလည်း ပြောဦးလေ ကိုမင်း"

"နောက်တော့မှ ညည်းကိုဆက်သွယ်မယ်၊ ခုချိန်မှာ ဘယ်သူ က မေးမေး ဘာမှမသိဘူး ဖြေနိုင်အောင် ညည်းမသိတာက အကောင်း ဆုံးပဲ"





ဖင်ဖင်လတ်ပင် တားဆီးချိန် မရလိုက်။

ဂျီတီစီ ဒုတိယနှစ်ကျောင်းသား ခွန်မင်းသိုက်နှင့် ဆေး တက္ကသိုလ်(၁)မှ ပထမနှစ်ကျောင်းသူ ဟေသီမောင်တို့သည် ရွှေ လက်မြဲမြဲတွဲကာ နှစ်ကိုယ်တူ ချစ်ခရီးလမ်းတစ်ခုကို မကြောက်မရွံ့ လျှောက်လှမ်းသွားကြလေတော့သည်။

"သီ..."

"ကို..."

"အားငယ်နေသလား...ဝမ်းနည်းနေသလားဟင်"

"ဟင့်အင်း...ဘာမှမဖြစ်ဘူး၊ ကိုနဲ့ပဲဟာ...ပျော်တောင်ပျော် သေးတယ်"

✿ ✿ ✿ ✿

ချစ်သူနှစ်ဦး၏ပျော်ရွှင်မှုက တစ်လတာအထိတော့ ရင်နာ ခြင်းတစ်ဝက် ပျော်ရွှင်ခြင်းတစ်ဝက်နှင့် အိမ်ထောင်သည်ဘဝကို ဖြတ် သန်းနေကြသည်။

ချောင်းသာကမ်းခြေ၏တစ်ဖက်ကမ်းရှိ အောင်မင်္ဂလာရွာ



www.burmeseclassic.com

www.burmeseclassic.com



(ခေါ်)လူသိထင်ရှားသော ဖိုးကုလားကျွန်းလေး၌ သူတို့ ပုန်းအောင်းနေကြသည်။

ခွန်မင်းသိုက်အတွက် ဒီနယ်တစ်ပိုက်ကိုသာ ကျင်လည်ကျက်စားတတ်သည်ဆိုတော့ ရွှေသောင်ယံသို့သာ ခိုးပြေးခဲ့ကြသည်။

သို့သော်...ခွန်မင်းသိုက်၏ဇာတိဖြစ်သောကျောက်မောင်နမ ရွာ၌မနေ၊ အကယ်၍ ဟောသီမောင့်မိဘဆွေမျိုးသားချင်းတို့လိုက်လာလျှင် "ဗွိကနဲ" နေအောင် တန်းမိသွားနိုင်၍လည်း ဖြစ်သည်။

နေ့စဉ် ခွန်မင်းသိုက်၏ဘွားလေး(ဒေါ်ပျို)ကတော့ ချောင်းသာကမ်းခြေရှိဟိုတယ်တွေကိုထမင်းချိုင့် လာပို့ရင်း မြေးလင်မယားကိုလည်း စားတော်ပွဲ ပို့ဆက်ပေးရလေသည်။

ပို့မပေး၍လည်း မရ။

ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေခဲ့ရသော ရွှေဘုံစံမင်းသမီး "ဟောသီမောင်" မှာ ဘာဆိုဘာမှ မလုပ်တတ်။

အဝတ်အစားပင် မလျှော်တတ်၊ မီးပူမတိုက်တတ်၊ သူ့ဆံပင်ရှည်ကြီးကို လျှော်ဖို့ ဆိုင်မရှိ၍ မျက်ရည်တောက်တောက်ကျရ အလုပ်မအားသည့်ကြားက ခွန်မင်းသိုက်နှင့် ဘွားလေး ဒေါ်ပျို တစ်ပတ်တစ်ခါ အချိန်ယူလျှော်ပေးရသည့်အဖြစ်မျိုး။

သို့သော် ခွန်မင်းသိုက် မညည်းညူခဲ့။ လူနေထူထပ်သော ချောင်းသာကမ်းခြေတစ်ပိုက်၌အလုပ်မလုပ်ပဲ ပင်လယ်ပြင်ဘက်ထွက်ကာ စွန့်စွန့်စားစား ငါးဖမ်းလေ့ လိုက်တော့ လေမလာမချင်း ထွက်မျှော်ရသူ ဟောသီမောင်မှာလည်း ရင်မှာ တဆစ်ဆစ် နာကျင်လျက်။

တစ်နေ့...





သူတို့နှစ်ဦးအတွက် ဘဝမှန်တိုင်းကျသောနေ့ဟု ဆိုရမည်။

ငါးသွားသွင်းရာ ဒိုင်၌ ခွန်မင်းသိုက်အား အသင့်စောင့်ဆိုင်းနေသူနှစ်ဦးနှင့် ကြုံရသည်။

ဦးညီညီမောင်နှင့် ဦးကိုကိုမောင်၊ ပြီးတော့ အောင်အောင် (အောင်ကျော်မိုး)ဖခင် ဦးကျော်မိုးကို တွေ့လိုက်ရသည်။

"မပြေးပါနဲ့ သားရယ်"

ဦးကျော်မိုးဖခင်က နောက်ကြောင်းပြန်လှည့်လုလု သူ့ခြေလှမ်းကို ရပ်တန့်စေခဲ့သည်။

"အသားတွေတောင်ပြန်မဲပြီး တကယ့်ကိုတံငါသည်ကြီးလုံးလုံးဘဝကို ပြောင်းလဲသွားခဲ့ပြီကိုး၊ လာ...ခဏထိုင်ပါဦး၊ အန်ကယ်လ်တို့ ဆွေးနွေးကြရအောင်"

လူကြီးတွေမျက်နှာသို့ သူ ရဲရဲတင်းတင်း မကြည့်ရဲ၊ ချစ်တာ အပြစ်တစ်ခု မဟုတ်သော်လည်း အချိန်မတိုင်မီ အိမ်ထောင်ပြုလိုက်ခြင်းကတော့ အပြစ်တစ်ခုလိုဖြစ်နေသည်။

"စာမေးပွဲတွေ အရမ်းနီးနေပြီ၊ မင်းတို့ စာမေးပွဲကို လက်လွှတ်ခံလိုက်ကြမလား"

ဦးညီညီမောင်၏မေးခွန်းကို ဖြေရန် သူ့၌ အားမပါချေ၊ ထို့ကြောင့်...

ခေါင်းသာ ငုံ့လျှိုးထားလိုက်သည်။

"ဘေဘီရဲ့ရည်မှန်းချက်က သိပ်ကို ကြီးမားခဲ့တယ်၊ O.G အထူးကု သမားတော်ကြီးတစ်ဦး ဖြစ်ရမယ်တဲ့လေ၊ ခုတော့ တံငါရွာလေးမှာ တံငါသည်မယားအဖြစ်နဲ့ နိဂုံးချုပ်ကြဖို့ ဆုံးဖြတ်ထားကြပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ခွန်မင်းသိုက်၏မာနကိုထိခိုက်လာပြီမို့ခွန်မင်းသိုက် ရင်ဆိုင်လိုက်သည်။

"အခိုက်အတန့်ပါ အန်ကယ်၊ အန်ကယ်တို့ အနှောင့်အယှက် မပေးဘူးဆိုရင် ကျွန်တော်တို့ ရန်ကုန်ပြန် ကျောင်းတက်ပြီး ရည်မှန်းချက်ကို ဆက်လက်လျှောက်လှမ်းကြမှာပါ"

"ဟာ့..ဟား..ဟား..ဟား"

ဦးညီညီမောင်က လှောင်ပြောင်တာလား၊ ကြေကွဲတာလား မကွဲပြားသော ရယ်သွမ်းမှုတစ်ခု ပြုလိုက်လေသည်။

"ဘေဘီရဲ့လှပတဲ့ဘဝလေးနဲ့ အနာဂတ်လေးဟာ မောင်ရင့်အတွက်ကြောင့် ပျက်စီးသွားပါပြီ၊ ဒီမှာ မောင်ရင်၊ မောင်ရင့်ကိုအန်ကယ်တို့ အသိုင်းအဝိုင်းက လေးစားခဲ့ပါတယ်၊ တကယ့် စံပြယောကျ်ား ကောင်းတစ်ဦးပါလို့၊ ဒါပေမယ့် လက်စသတ်တော့ မင်းဟာ သိုးဟန်ဆောင်တဲ့ဝံပုလွေပဲ"

ခွန်မင်းသိုက်...လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အံကြိတ်လိုက်သည်။ သွားများ ကြွေလုမတတ်၊ သွားဖုံးများ ပေါက်ထွက်လုမတတ်ပင်။ သို့သော်...တစ်ခွန်းမှပြန်မပြော။

"ဒီယုန်မြင်လို့ ဒီချုံထွင်တာလား မောင်ရင်၊ မင်း ဘေဘီ အချစ်ကိုလိုချင်တာလား၊ ဘေဘီပိုင်ဆိုင်မှုကို လိုချင်တာလား၊ တစ်ဦး တည်းသောသမီးမို့ မိဘတွေက မပစ်နိုင်ဘူး ထင်ပြီး အပိုင်ကြံတာ လား"

မာနမျက်ရည်တို့က ရစ်ဝဲလာသော်လည်း အကျမခံ၊ ခေါင်းမော့လိုက်ပြီး...

"မဟုတ်ဘူး...အန်ကယ်ပြောတာ တစ်ခုမှ မဟုတ်ဘူး"





"အေး...မဟုတ်ဘူးဆိုရင် မင်းပြရမယ့်သက်သေဟာ တစ်ခုပဲ ရှိတယ်"

ဦးကျော်မိုးကတော့ ပင့်သက်ရှိုက်ကာ...

"အန်ကယ်လ်မျက်နှာကိုလည်း ထောက်ပါဦး သားရယ်၊ ဘေဘီအဲမေနဲ့ကြီးတော်ဟာ အိပ်ရာထဲ လဲနေကြပြီ၊ အန်ကယ်လ်မှာ မျက်နှာဘယ်လိုထားရမှန်း မသိဘူး၊ မင်းရဲ့ဇာတိရွာသစ်ကိုရောက်တာ (၃)ရက်ရှိပြီ၊ အဲဒီကနေ ဒေါ်ပျိုကို ခြေရာခံ လိုက်ခဲ့တာ၊ ဘေဘီဖခင်နဲ့ ဘကြီးစကားကို မင်းနားထောင်ပြီး မင်းဟာ ဘယ်လိုလူစားဆိုတာ သက်သေပြလိုက်စမ်းပါ မောင်ရင်ရယ်"

သူ့အား နွေးနွေးထွေးထွေးပင် ပြောဆိုတောင်းပန်လာသော ဦးကျော်မိုး၏မျက်နှာကို ထောက်ထား၊ ဟေသီမောင်၏မျက်နှာကို ထောက်ထားပြီး တင်းတင်းဆုပ်ထားသော လက်သီးကိုတဖြည်းဖြည်း ချင်း ဖြေလျှော့လိုက်သည်။

"လွမ်းစရာရှိရင် နာစရာနဲ့ ဖြေတဲ့၊ မောင်ရင့်အပေါ် ဘေဘီ နာကြည်းသွားအောင် လုပ်ပြပြီး ဘေဘီရဲ့ဆန္ဒကိုရွှေဘုံပေါ်မှာစံစားစေ ပြီး ဖြည့်ဆည်းပေးနိုင်မယ့် မိဘရင်ခွင်ထဲ ပြန်ပို့ပေးပါ၊ အဲဒါ မင်းဟာ ဘေဘီကိုမေတ္တာစစ်နဲ့ ချစ်ပါတယ်ဆိုတာကိုသက်သေပြလိုက်တာပဲ"

"တစ်ဖက်သတ်ကြီးပါလားဗျာ...ကျွန်တော်တို့လူငယ်တွေရဲ့ ခံစားချက်ကိုကော အန်ကယ်လ်တို့ဘယ်လိုဆောင်ရွက်ပေးကြမှာလဲ"

ဆုပ်လည်းစူး...စားလည်းရူးရမည့် အနေအထားမျိုးမို့ ခွန် မင်းသိုက် ရင်မှ ရှိုက်သံနှင့် မေးလိုက်သည်။

"ဆယ်ကျော်သက်အရွယ်ရဲ့အချစ်ကို အန်ကယ်လ်တို့က တော့စိတ်လှုပ်ရှားမှုစိတ်ကစားမှုလို့ပဲ သတ်မှတ်တယ်၊ ဒီတော့ဘေဘီ



www.burmeseclassic.com

www.burmeseclassic.com



MBBS ဘွဲ့ရပြီးတဲ့အချိန်အထိ မင်းစောင့်ဆိုင်းလိုက်ပါ၊ အဲဒီ အခါမှ ဘေဘီကလည်း မင်းကိုပဲ လက်ထပ်ချင်ပါတယ်ဆိုရင် အန်ကယ်လ်တို့က လက်ထပ်ပေးမယ်၊ ဒါ မင်းတို့ကို စာနာပြီး ပေးဆပ်မှု အခွင့်အရေးတစ်ရပ်ပဲ"

လူကြီးလူကောင်းတွေပါ…။ ဒီစကားကို ယုံတစ်ဝက် မယုံတစ်ဝက်နှင့် သူလိုက်လျှောရတော့မည်။

"ကျွန်တော့်ကို နာကြည်းအောင် လုပ်ဖို့ဆိုတာကတော့…"

ဟေသီမောင်ဘကြီးဦးကိုကိုမောင်က…

"ဒါကတော့ လွယ်ပါတယ်၊ မောင်ရင်ဟာ ပါးနပ်ထက်မြက်ထူးချွန်တဲ့ ယောက်ျားတစ်ယောက်ပါ၊ အရိပ်ပြရုံနဲ့ အကောင်မြင်နိုင်စွမ်း ရှိပါတယ်၊ အန်ကယ်တို့ တူမကို အန်ကယ်လ်တို့ထက် သာလွန်အောင် မထားနိုင်ချင် နေပါစေ၊ တိုက်တစ်လုံး ကားတစ်စီး၊ ခြွေရံသင်းပင်းနဲ့ ထားနိုင်ဖို့အရေးကိုတော့ အန်ကယ်လ်တို့ဘက်က မျှော်လင့်တယ်၊ အဲဒီမျှော်လင့်ချက်ကို အကောင်အထည်ဖော်ဖို့ ချစ်သူအတွက် ပေးရမယ့်အချိန်တွေကို မင်းဖဲ့ယူရမှာပေါ့၊ ဒီတော့ လောလောဆယ် လွှမ်းစရာကို နာစရာနဲ့ ဖြေဖို့မင်းဖန်တီးပေးနိုင်မယ်လို့ အန်ကယ်လ်တို့ မျှော်လင့်ပါတယ်"

"ဒီအတွက် မင်းဘာလိုချင်သလဲ၊ ငါ့သမီးဟာ ငါတို့အတွက် တန်ဖိုးမဖြတ်နိုင်တော့ မင်းတန်ဖိုးဖြတ် တောင်းဆိုမယ်ဆိုရင်လည်း မင်းတောင်းသလောက် ပေးဖို့အသင့်ပါ၊ ငွေလား၊ ရွှေလား၊ တိုက်လား ကားလား"

"တော်ပါတော့ အန်ကယ်လ်"

ခွန်မင်းသိုက်၏ယောက်ျားပီသသောမာနကို ထိပါးပုတ်ခတ်





လိုက်သည့်စကားဖြစ်ခြင်းကြောင့် ဟန့်တားလိုက်ပြီး…

ယောက္ခမဦးညီညီမောင်ကို စူးစူးရဲရဲကြည့်လိုက်သည်။

"အန်ကယ်တို့လိုပါပဲ…ကျွန်တော့်အတွက် ဟေသီဟာ မရှိမဖြစ် လိုအပ်ပြီး အဖိုးမဖြတ်နိုင်တဲ့ မိန်းကလေးမို့ ကျွန်တော် ပြလိုက်မယ့် သက်သေကတော့ မနက်ဖြန် ခုနစ်နာရီလောက်မှာ ဘွားလေးဒေါ်ပျိုနဲ့တဆင့် ကျွန်တော်တို့နေထိုင်ရာအိမ်ကို လာခဲ့လိုက်ပါ"

ခွန်မင်းသိုက် နှလုံးသား၏ တဆစ်ဆစ် အက်ကွဲသံတို့ကြောင့် အသံမှာတုန်ရီနေသလို မာနနာကျင်မှုနှင့် ယှဉ်သော မျက်ရည်တို့က မျက်ဝန်းအိမ်တစ်ခုလုံးမှာ ပြည့်သီလျှက် ရှိချေပြီ။

ဤသည်ကို ဦးကျော်မိုး မကြည့်ရက်။ သူ့ကျောကို ပုတ်ကာ…

"အန်ကယ်လ်က သက်သေပါ၊ ပညာသင်ကြားနေတဲ့သူတွေအတွက် ၄-၅-နှစ်ဆိုတာ ခဏလေး ကုန်ဆုံးသွားမှာပါ၊ အချစ်စစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းထက် ပေးဆပ်ခြင်းက ပိုမိုမြတ်ပါတယ်၊ ဟေသီဟာ ဒုက္ခဆင်းရဲကို ခံစားဖူးတဲ့မိန်းကလေး မဟုတ်ပါဘူးကွယ်"

ခွန်မင်းသိုက် ရင်ဝယ် ဆို့နစ်လာသည်။ တောလွှာနေလူတန်းစားမို့ တွင်းရေကို သောက်ရေသုံးရေအဖြစ်သုံး၊ ရေချိုးလျှော်ပင်လယ်၊ ပြီးတော့မှ ရေချိုးအနည်းငယ် ပြန်ချိုးသည့် ဒေသမျိုးကို Air con အခန်းနှင့် (၁၀) ပေပတ်လည်မျှလောက် ရှိသော ရေချိုးခန်းဝယ် ရေပူရေအေးစပ်၊ ရေချိုးကြွေဇလုံထဲ၌ ရေကို စိမ်ချိုးတတ်သော ဟေသီမောင်၏အမှတ်မထင် "ညည်းချင်း" တွင် သူ သဘောပေါက်ကာ ရင်နာရလေသည်။

ထိုမျှမကသေး…စားဝတ်နေထိုင်ရေး၌ ကွာခြားချက်တွေက များပြားလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို ချစ်ရာမကျ…နစ်ရာကျနေခဲ့ပြီလားဟု သူ အတန်တန် တွေးကြည့်ခဲ့ဖူးပါသည်။

"မောင်ရင် ကတိတည်ပါစေ၊ မင်းရဲ့ဂုဏ်သိက္ခာကို စာနာထောက်ထားလို့ မင်းရဲ့ပေးဆပ်မှုကို ငါတို့ ဘယ်လိုတုန့်ပြန်ရမလဲ ဆိုတာ မင်းကိုယ်တိုင် မပြောချင်ရင် အောင်ကျော်မိုးနဲ့သာ ပြောလိုက်ပါ၊ ကိုင်း…သွားရအောင် ကိုကို၊ ကိုကျော်မိုးကော"

"ကိုယ်နေခဲ့ဦးမယ်"

"ကောင်းပြီလေ…ကျွန်တော်တို့ သဘောထားကို ခင်ဗျား ပွင့်ပွင့်လင်းလင်းသာ ပြောပြလိုက်ပါဗျာ"

ဦးကိုကိုမောင်နှင့် ဦးညီညီမောင်က စက်လှေတစ်စီးနှင့် ချောင်းသာဘက်ကမ်းသို့ ကူးသွားလေသည်။ မြင်ကွင်းမှ ပျောက်ကွယ်သွားမှ ခွန်မင်းသိုက်၏ထိန်းချုပ်ထားသော မျက်ရည်စတို့က နာနာကျင်ကျင် ကျဆင်းလာခဲ့လေသည်။

"မောင်မင်းသိုက်ရာ…အန်ကယ်လ် ဘာပြောရမှန်း မသိအောင်ပါပဲ…ခံစားရပါတယ်၊ သားသမီးတွေရှိတဲ့အန်ကယ်လ်ဟာမင်းကိုသားသမီးချင်း စာနာပြီး နေရာဒေသကိုလမ်းမညွှန် လိုက်မပို့ပေးဘဲ နေခဲ့တယ်၊ ဒါပေမယ့် ခုဟာက ဒေါ်တင်တင်ငယ် ဘုံးဘုံးလဲကျတဲ့ အနေအထားဆိုတော့…"

"ရပါတယ် အန်ကယ်၊ ကျွန်တော်နားလည်ပါတယ်၊ အန်ကယ်တို့ကိုလည်း အပြစ်မတင်ပါဘူး၊ ဘယ်သူ့ကိုမှ ကျွန်တော် အပြစ်မတင်ဘူး၊ လူပျော့လူညံ့တစ်ယောက်လို့ပဲ ပြောပြော… ကျွန်တော်ကံကြမ္မာကိုပဲ ရိုးမယ်ဖွဲ့လိုက်ပါ့မယ် အန်ကယ်လ်"

*မျက်ရည်ကို မသုတ်…ခေါင်းကို မော့ကာ သိမ်းဆည်း*





လိုက်ပြီး မိမိအတွက် စိတ်မကောင်းဖြစ်နေသော ဦးကျော်မိုးကိုပင် ပြန်နှစ်သိမ့်လိုက်သည်။

"သားတစ်ခုခုပြောပါ၊ ဘာလိုချင်သလဲ..ဘာလုပ်ပေးရမလဲ.. ငွေလား.."

"အဟင်း..ဟင်း..ဟင်း"

မရည်ရွယ်ပါပဲနှင့် နာနာကျင်ကျင် ရယ်မောလိုက်မိသည်။ ခြောက်သွေ့နေသည့် နှလုံးသားက အက်သံထွက်နေသည်။

"နေပါစေ အန်ကယ်လ်၊ ကျွန်တော်မြတ်နိုးတန်ဖိုးအထားဆုံးအရာကို ဆုံးရှုံးလိုက်ရမှတော့ ကျွန်တော့်ဘဝမှာ ဘာမှမလိုတော့ပါဘူး၊ ဘကြီးအောင် ညာတယ် ပုံပြင်ထဲက နွားကျောင်းသားလေးလို ရင်ကွဲနာနဲ့ သေရင်သေ၊ မသေရင် နှစ်ဆယ့်ရာစုနှောင်းပိုင်းခေတ်သစ် ပုံပြင်တစ်ပုဒ်မှာ ယောက္ခမကြီး မညာပါဘူးဆိုတဲ့ ပုံပြင်တစ်ပုဒ်တိုးလာရုံပဲပေါ့ဗျာ၊ ကျွန်တော် မျှော်လင့်ချက်နဲ့ အသက်ရှင် ရှန်းကန်ကြိုးစားသွားမှာပါ၊ ခွင့်ပြုပါ အန်ကယ်လ်၊ ခုချိန်မှာ ချစ်သူနဲ့ တစ်စက္ကန့် ပိုနေခွင့်ရလည်း ကျွန်တော့်အတွက် အဖိုးတန်လွန်းလို့ပါဗျာ"

ပြောပြောဆိုဆို ဦးကျော်မိုးကိုပင် အားမနာနိုင်ပဲ ကျောခိုင်းပစ်လိုက်ပြီး ရွာတောင်ဘက် အစွန်ဖျားမှသည် မြောက်ဘက်အစွန်ပိုင်း၌ ရှိနေသော တူနှစ်ကိုယ် နေထိုင်သည့် တဲအိုပျက်လေးဆီသို့ ဦးတည်လိုက်လေသည်။

ခြေတစ်လှမ်း လှမ်းလိုက်တိုင်း လှမ်းလိုက်တိုင်း မှုန်မှိုင်းသဲပြင်ထဲ နစ်ဝင်သွားလေသည်။

ထိုထိရှမှုကို ကြိုက်နှစ်သက်ပါသည်ဆိုသော ဟေသီမောင် ကိုတမ်းတမ်းတတ ဖြစ်မိကာ အမြန်ဆုံး ဦးတည်လိုက်သော်လည်း သူ့



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတို့က လေးလံနေးကွေးနေသည်။ ဘုံးဘုံးကျနေသော နှလုံးသားအခင်ဂျင် ခန္ဓာကိုယ်ကိုပင် မသယ်ဆောင်နိုင်တော့ပါလား။

"ဘယ်လိုလုပ်ပြီး ခွဲရက်မှာလဲ သီရယ်"







## အခန်း(၁၄)

"သီသီ…သားကို ကျောင်းလိုက်မကြိုတော့ဘူးလား၊ ဆီးဖုဒ်သွားစားရအောင်"

ဟု တစ်မျိုး။

"မေးပြန်ပြီ…သီသီနဲ့သားကို မောင်နမလားတဲ့၊ သီသီက လန်းတာကိုဗျာ"

ဟု တစ်ဖုံ။

"သီသီ…သားကို ဒီအပိုဒ်လေး ရှင်းပြပေးပါဦး၊ သီသီ စာရှင်းပြတာ ဒယ်ဒီနဲ့ မာမီထက်ကို သာတယ်"

ဟု တစ်လီ။

"သီသီ…သား ရှော့ပင်းထွက်ချင်လို့၊ သီသီ လိုက်ပို့ပေးမလားပါဗျာ၊ သားအကြိုက်ဟာ သီသီအကြိုက်နဲ့ သိပ်တူလို့ သီသီနဲ့ ရှော့ပင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရတာ လန်းတယ်ဗျာ"

ဟုတစ်သွယ်။

မရိုးနိုင်သော ဆင်ခြေအမျိုးမျိုးနှင့် သူ့အား တွယ်ကပ်လာသော ခွန်းချိုကို သူဘယ်လိုလုပ် စိမ်းကားသွားရက်မည်နည်း။

"ဘေဘီ..."

"ရက်စ်မာမာ"

သူတို့နှစ်ဦး၏ပြောင်းလဲလာသော ဆက်ဆံရေးကို နှစ်အိမ်နှစ်မိသားစုလုံးကလည်း တွေ့မြင်ကာ မျက်လုံးဒေါက်ထောက်ကြည့်နေသော အနေအထားပင်။

တစ်နေ့ မာမာက သူ့အခန်းထဲသို့ဝင်လာပြီး ကုတင်ဖေါ်ထိုင်ကာ စာဖတ်နေသော သူ့အနီး တင်ပလ္လင်ထိုင်လိုက်ရင်း ခေါ်လိုက်သည်။

သူ စာအုပ်ကို ဖယ်လိုက်ပြီး မိခင်ကို ရင်ဆိုင်လိုက်သည်။

မာမာ့မျက်ဝန်းတွေက ပြုံးမယောင်မိုးနယ် ညှိုနေသည်။

"ဘေဘီ...ခွန်းချိုကို တွယ်တာနေပြီလား၊ မိသားစုရဲ့ ဂုဏ်သိက္ခာ စည်းဝိုင်းကို ဘေဘီ ဖျက်ဆီးပစ်ဖို့ စဉ်းစားလိုက်ပြီလား"

"ဘေဘီကို ဘာတွေမေးနေတာလဲ မာမာ၊ မာမာ မေးခွန်းထဲက နားလည်တာကိုပဲ ဘေဘီဖြေမယ်၊ ဟုတ်တယ်...ခွန်းချိုကို တွယ်တာ တာ ခုမှမဟုတ်ပါဘူး...မွေးကတည်းကပါ၊ နာကြည်းမှုဆိုတဲ့ ကန့်လန့်ကာနဲ့ စည်းခြားထားပြီး ဘေဘီနေခဲ့တာပါ၊ ခုဇဝ်ဇဝ်နဲ့ခွန်းချို ကပတ်သက်လာတာပါ၊ ဒါပေမယ့် မာမာရယ်...ခွန်းချိုကြောင့် ဘေဘီ ဘဝမှာ ပျောက်ဆုံးနေတဲ့ အပျော်လေးတွေ ပြန်လည်ရရှိလာတယ်၊ ဘေဘီ မဟန့်တားနိုင်သေးဘူး၊ ဘေဘီ့ဘဝမှာ ပျော်ရွှင်မှုလေးဆိုတဲ့ အရသာကို အခုမှ တစိတ်တဒေသ မြည်းစမ်းကြည့်ရုံပဲ ရှိပါသေးတယ်





မာမာရယ်၊ အဲဒါကိုပါ စွန့်လွှတ်ပေးရဦးမှာလားဟင်"

ရင်ထဲဝယ် နှစ်ပေါင်းများစွာ နာနာကျင်ကျင် ညည်းတွားခဲ့သော စကားတို့က နှုတ်မှ ထွက်ပေါ်သွားခဲ့လေပြီ။

"မဟုတ်ပါဘူး ဘေဘီရယ်၊ မာမာလေ...သိပ်ကို ထိခိုက်နေရပါပြီ၊ ကိုယ်ပိုင်တဲ့ ရတနာကို ဆိုင်ရှိသော ဆိုင်နေရတဲ့ ခံစားချက်နဲ့ ကြည့်နေရတဲ့ အဖြစ်မျိုးဆိုတော့ မာမာ့ခံစားချက်ထက် ဘေဘီခံစားချက်က ပိုမိုပြင်းထန်လိမ့်မယ်ဆိုတာ တွေးကြည့်ပြီး ဘေဘီဝေဒနာတွေ လာမျှယူတာပါ"

"တော်ပါပြီ မာမာ၊ ဘေဘီ အားလုံးကို ကြောက်ပါတယ်၊ အရှုံးပေးထားပြီးပါပြီ၊ ဘေဘီရင်မှာလည်း ကွဲစရာအသည်း မရှိတော့ပါဘူး၊ ခွန်းချိုနဲ့ ပတ်သက်ပြီး အဒေါ်တစ်ယောက်အနေနဲ့ ရှေ့ဆက်သွားရုံမှ အပ ဘာမှလည်း မတောင်းဆိုပါဘူး...မဖြစ်စေရပါဘူး၊ ဒီအတွက် စိတ်ချပါ မာမာ"

မာမာက အံ့ဩဖွယ်ကောင်းသော အပြုအမူတစ်ရပ်နှင့် တွန်းအားပေးလိုက်လေသည်။

သူ့နှဖူးပြင်ထက်သို့ အနမ်းနုလေးခြွေကာ...

"နီး...နီး...ဘေဘီ၊ မာမာပြောချင်တာ စကားတစ်ခွန်းထဲ ရှိတယ်၊ ဘေဘီဟာ မာမာအပါအဝင် လူအားလုံးကို ပျော်ရွှင်တဲ့ဟန် သဏ္ဍာန်နဲ့ ဘယ်လောက်ပဲ ရယ်ပြနေပါစေ၊ ဘေဘီရင်ထဲ ငိုနေတယ် ဆိုတာကို မာမာတွေ့နေရပြီ၊ ဘယ်မိဘကမှ သားသမီးရင်ထဲက မျက်ရည်ကို မတွေ့မြင်လိုပါဘူး...ဒါကြောင့်လေ..."

ဟေသီမောင် အံ့အားသင့်လွန်းသဖြင့် ပါးစပ်အဟောင်း သားလေးနှင့် သူ့မာမာကို မျက်တောင်မခတ်တမ်း ကြည့်နေမိလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘေဘီရင်ထဲကပါ လှိုက်လှိုက်လှဲလှဲ ရယ်နိုင်အောင် ပျော်ရွှင်နိုင်စေမယ့်ဖန်တီးမှုမျိုးဆိုရင် ဘာကိုမှမငဲ့ကွက်တော့ဘဲ ရယူလိုက်ပါတော့ ဘေဘီ"

"မိသားစုဂုဏ်သိက္ခာဆိုတာကကော…"

"တစ်ခါတစ်ရံ အဲဒီဂုဏ်သိက္ခာကြီးက ပျော်ရွှင်မှုရဲ့ရန်သူပဲ ဘေဘီ၊ ကိုယ့်ကြောင့် တစ်ပါးသူ အကျိုးစီးပွားမပျက်စီး မထိခိုက်ဘူးဆိုရင် အဲဒါကြီးကိုလည်း ထည့်မစဉ်းစားနဲ့တော့…ဟုတ်လား ဘေဘီ၊ အိပ်ပျော်အောင် အိပ်ဖွတော့၊ အိပ်ဆေးတွေချည်းပဲ လိုမ့်မသောက်နေနဲ့နော်…ဘေဘီ…ဂွတ်နိုက်"

မာမာက နောက်တချီ အနမ်းလေးတစ်ပွင့် သူ့နဖူးပြင်ထက် ခြွေချပြီး အိပ်ခန်းထဲမှ ညင်သာစွာ ပြန်ထွက်သွားလေသည်။

ဟောသီမောင် ရင်တစ်ခုလုံး တဒိတ်ဒိတ် မြည်ဟည်းကျန်ရစ်ခဲ့လေသည်။

"တစ်ခါတစ်ရံ ဂုဏ်သိက္ခာကြီးက ပျော်ရွှင်မှုရဲ့ရန်သူပဲ" တဲ့လား။

မာမာရယ်…။

"ပျောက်ဆုံးခဲ့တဲ့ ပျော်ရွှင်မှုဆိုတာကို ဘေဘီ ဒီတစ်သက် အပြည့်အဝ ပြန်လည်ရရှိတော့မှာ မဟုတ်ပါဘူး"

ဟု ညည်းတွားရင်း စာကြည့်မီးကို လှမ်းပိတ်ပြီး ညလင်းမီးလေးသာ ဖွင့်ပြီး အိပ်စက်ရန် မျက်လုံးစုံမှိတ်လိုက်သည့်တိုင်အောင် သူ့အဝတ်ဘီရိုအံဆွဲထဲမှ သိမ်းဆည်းထားသော စာတစ်စောင်ကို ထုတ်မကြည့်ဘဲ ပြန်လည်မြင်ယောင် ဖတ်နေမိလေသည်။





သီ…

*နောက်ဆုံးအနေနဲ့ "သီ" လို့ပဲ ခေါ်ပါရစေ။ အချစ်ဆိုတာကို သီ ဘယ်လိုနားလည်လက်ခံမယ်ဆိုတာကို…ကို မသိပေမယ့် ကို လက်ခံတာကတော့ "အချစ်" ဆိုတာ လူ့ဘဝရဲ့ဆူးညှောင့်ခလုတ်ကန်သင်းတစ်ခုပါပဲ။*

*လူ့ဘဝဆိုတာ တိုတောင်းတယ်ဆိုပေမယ့် တကယ်တမ်း လျှောက်လှမ်းတဲ့အခါမှာ ရှန်းကန်ရလေလေ ကာလရှည်ကြာလေလေပါပဲ။*

*ကို့ဘဝက သိပ်ကြမ်းတမ်းခဲ့တယ်…လျှောက်လှမ်းရတာ အရမ်းမောပန်းနေပြီ။*

*ဒီမောဟိုက်နေတဲ့ကို့ဘဝထဲကို နူရာဝဲစွဲလဲရသူနီးထောင်းဆိုသလို အမောဝန်ထုပ်တစ်ခုလို သီ့ဝန်ထုပ်က ပိလာတော့ ကို မရပ်တည်နိုင်တော့ဘူး။ ဒါကြောင့်…ကို ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီ။ သီ ဆိုတဲ့ ဝန်ထုပ်ကို သီမိဘတွေကိုပဲ ပြန်ထမ်းခိုင်းလိုက်တော့မယ်။*

*ကို့တစ်ကိုယ်ရေ တစ်ကာယ ဝန်ကိုပဲ ထမ်းပြီး ကို့ဘဝကို လျှောက်လှမ်းခွင့် ပေးပါတော့။*



www.burmeseclassic.com

www.burmeseclassic.com

အကယ်၍…

နောင်တစ်ချိန်မှာ…ကံမကုန်လို့သော်လည်းကောင်း၊ ရှေ့ဖူးစာကံရေစက်က အကြောင်းပါဦးမယ်ဆိုရင်သော်လည်းကောင်း… ပြန်ဆုံခွင့်ရဦးမယ်ဆိုရင်တော့လည်း ကိုတို့ ပြန်ဆုံကြရအောင်နော် သီ။

ဒါပါပဲ…

သို့အိပ်မက်မင်းသား

ကို

P.S..

အိပ်ရာက နိုးထပြီး အိပ်မက်ဆိုးက ပျက်ပြယ်ပါတော့ သီ…။

အတွေးရိုပ်နဲ့ စာကိုပြန်ဖတ်ချိန်တိုင်း နာကြည်းမှု ဆူးချက်ကနလုံးအိမ်သို့ မွှမွှထိုး နှိပ်စက်ကလူပြုလေတော့သည်မို့…

ဟေသီမောင် ကြေကွဲပွင့်တို့ကို သုတ်သင်ဖို့မနိုင်ဘဲ အိပ်စက်ခဲ့ရလေတော့သည်။





# မျက်နှာစာ "လေး"



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၅)

"ရာနိုင်နှုန်းပြည့် အောင်မြင်မှုတွေ မရသေးတာ ကရိကထ များလွန်းတော့ ကာယကံရှင်တွေ လက်လျှော့လာတာက များတယ်၊ (၁၀)ယောက်မှာ (၈)ယောက်လောက်ကတော့ သန္ဓေသားအောင်တဲ့ အဆင့်ကိုရောက်မလာတတ်ဘူး"

အန်တီကြီးက သူ့ဇွန်းမကို စိတ်ရှည်လက်ရှည် ရှင်းပြနေသည်။

"စိတ်ပြေလက်ပျောက်လည်း ဖြစ်အောင် ဆန်နီနောက်ကို သာ သမီး လိုက်သွားလိုက်ပါလားကွာ"

ဘဘကြီးကလည်း အကြံပြုလေသည်။

တကယ်တော့ ဇင်ဇင်လတ်ကို သူတို့သဘောကျ ရွေးချယ်ခဲ့သော ချွေးမမဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လက်ခံခဲ့သောဇာတ်လမ်းထဲမှ ချွေးမဖြစ်သည်။

သို့သော်…သံယောဇဉ်က အနေကြာလာတော့လည်း တွယ်မိသည်ပင်။

အနေကြာဆို ခွန်းချိုတစ်သက် ရှိခဲ့ပြီကိုး။

"ဟုတ်သားပဲ ဇင်၊ ကိုယ်နဲ့ လိုက်ခဲ့ပါလား"

ကိုကိုဆန်နီက စွန့်စားလိုသည်။

WHO အဖွဲ့အစည်းမှ ခန့်ထားသော ကျန်းမာရေးဝန်ထမ်းကို လျှောက်ထားခဲ့ရာ အာဖရိကသို့ သွားရောက်ထမ်းဆောင်ခွင့်ရသည်။

ဇနီးဇင်ဇင်လတ်ကို သူခေါ်ကြည့်သည်။

ဇင်ဇင်လတ်မျက်နှာမှာ နေထိပန်းနယ် ညှိုးရော်နေသည်။ ရင်ထဲမှာတော့ မည်ကဲ့သို့ရှိသည်မသိ။

"သားကိုဘယ်လိုလုပ်မလဲ"

ဟေသီမောင် ခေါင်းမြင့်တက်သွားသည်၊ နှုတ်ကလည်း ပေါ့ပါးစွာပင်…

"နင်သာ စိတ်ပေါ့ပေါ့ပါးပါးဖြစ်မယ်ဆိုရင် လိုက်ချင်လိုက်သွား၊ ခွန်းချိုအတွက် ပူစရာလား၊ သူ့အဘိုးအဘွားတွေနဲ့ ငါရှိတာပဲ"

ဟု စိတ်ရင်းအမှန်နှင့် ပြောလိုက်သည်။ ပြီးတော့မှ…စိတ်ထဲမလုံမလဲဖြစ်မိသည်။

ခွန်းချိုနှင့် ဝေးရာသို့ဇင်ဇင့်ကိုတွန်းလွှတ်နေတာဟုများထင်သွားမလားဟု….။

အမှန်တကယ်လည်း…

ခုချိန်၌ ခွန်းချိုကို သူတစ်ဦးတည်းသာ ပြည့်ပြည့်ဝဝ တာ





ယူချင်တော့သည်။

ခွန်းချိုမရှိချိန်၌ ကျင်းပသော ဤမိသားစု တွေ့ဆုံပွဲလေးတွင် နှုတ်အဆိတ်ဆုံးက ပါပါနှင့်မာမာ ဖြစ်နေသည်ဟု ဟေသီမောင် သတိပြုမိလိုက်သည်။

"ညီညီ…"

"ပြောပါ ကိုကို"

"မင်းအနေနဲ့ဆိုရင်ကော"

ပါပါက သူ့ကို တစ်ချက်ကြည့်လိုက်ပြီးမှ…

"ကျွန်တော် ဘာမှ မပြောချင်တော့ပါဘူး ကိုကို၊ ကာယကံရှင်တွေရဲ့ ရင်တွင်းဆန္ဒ ရှိတဲ့အတိုင်းသာ ဆောင်ရွက်ခွင့်ရမယ်ဆိုရင် အကောင်းဆုံးသော ပျော်ရွှင်မှုတွေ ရရှိနိုင်လိမ့်မယ်လို့ ထင်တယ်"

"ဟုတ်ပါတယ်…ဇင်လည်း ကိုကို့ဇနီးအနေနဲ့ပဲ လိုက်သွားကြည့်မယ်၊ စိတ်ဝင်စားပြီး ပျော်ရွှင်လာတယ်ဆိုရင်တော့ ဇင်ပါအဲဒီမှာပဲအလုပ်လုပ်လိုက်ပါ့မယ်"

"သာဓု…သာဓု…သာဓု"

ကြီးကြီးက လိုက်လှဲဝမ်းသာစွာပင် သာဓုခေါ်လိုက်လေတော့သည်။ သားဖြစ်သူ တစ်ယောက်တည်း သွားမှာထက်စာလျှင် လက်တွဲခေါ်ပါသွားတာက ပိုမိုစိတ်ချရသည်မို့ ချွေးမကို ကျေးဇူးတင်သွားဟန်ရှိသည်။

"ခွန်းချိုအတွက် ပူစရာမလိုပါဘူး၊ သူ့အနာဂတ်ကို သူရွေးချယ်လိုက်ပြီပဲ"

သံဝေဂရသလို ပြောလိုက်သော ဘဘကြီးဦးကိုကိုမောင်နှင့် မျက်နှာချင်း ဆုံသွားခဲ့သည်။ ။



www.burmeseclassic.com

www.burmeseclassic.com



အသက်(၇၀)သာရှိသေးသော်လည်း ဘဘကြီးဆံပင်တွေက တစ်ခေါင်းလုံး ဖွေးနေလေပြီ။ သို့သော်…ကျန်းမာရေး လိုက်စားသူများဖြစ်ခြင်းကြောင့် အိုစာပုံတော့ မပေါက်ရေ။

အကြည့်၌ သူ့စိတ်ထင်ကျ၍လား မသိ။ နူးညံ့ပြီး တောင်းပန်တိုးလျှိုးခြင်းတို့ ပါဝင်နေလေသည်။

ဟေသီမောင် ဘာကြောင့်ရယ်မသိ။ ရင်ထဲ၌ ဝမ်းနည်းမှုကြောင့် မချိပြုံးလေးပြုံးလိုက်သည်။

မနေ့က ဆယ်တန်းစာမေးပွဲ ဖြေပြီးသွားသည်နှင့် ခွန်းချိုကမိသားစုနှစ်စုရှေ့တွင် သူ့ဆန္ဒသဘောထားကို ကြေညာခဲ့သည်။

"သား အားလုံးစိတ်ချမ်းသာ ဂုဏ်ယူနိုင်ဖို့ Top Ten လည်း ဝင်စေရမယ်၊ All D ကို ရယူပေးခဲ့ပြီလို့သာ သတ်မှတ်လိုက်ပါ၊ ဒီအတွက် သား တစ်ခုပြန်တောင်းဆိုမယ်"

ခုခေတ်ကလေးတွေရဲ တင်းလိုက်ပုံများ၊ အင်းလေ…ခုနေမှာတော့ တစ်ဦးတည်းသော အမွေဆက်ခံသူ မြေးသားဆိုလို့ သူတစ်ယောက်တည်းပေကိုး၊ အခွင့်အရေးကို အပြည့်အဝ ယူမည်ပေါ့။

"သားဝါသနာပါတဲ့လိုင်းကိုပဲ သားယူမယ်၊ အဲဒါတော့ မတားကွက်ရဘူး"

"ဘာလိုင်းလဲ"

"အင်ဂျင်နီယာလိုင်း G.T.C ပေါ့"

အားလုံး မျက်စိမျက်နှာပျက်သွားကြသည်၊ ပြန်ပြောရန်သော အင်အားများ ပျောက်ဆုံးသွားသလို ခံစားရပြီး ဆို့နစ်ကာ အသံများပါ တိမ်မြုပ်နေစဉ် ကိုကိုဆန်နီကပင်…

"Result out (အောင်စာရင်းထွက်) ဖို့လိုပါသေးတယ် သား ရယ်…ဖြစ်စေရမှာပေါ့"

"နောက်တစ်ခု.."

"ပြောပါဦး.."

"သားသူငယ်ချင်းတွေနဲ့ ချောင်းသာသွားချင်တယ်"

"ဟင်.."

"ဘာ.."

"အို.."

"ဘယ်လို.."

တစ်ယောက်တစ်မျိုး အာမေဋိတ်သံတွေ ထွက်လာသော်လည်း ဟေသီမောင်ကတော့ ပင့်သက်ကို တိတ်တခိုးရှိုက်ပြီး…

"ပလိစ်…ဘေဘီ ပေးရင့်နဲ့ ဖုန်းချိန်းထားလို့ ခွင့်ပြုပါဦး"

ဟု ပြောကာ အားလုံး၏မျက်ကွယ်ရာသို့ ရှောင်ပုန်းခဲ့သည်။

ထို့ကြောင့် မနေ့က ဘာတွေ ဆုံးဖြတ်ချက် ချပေးခဲ့သည်ကို ဟေသီမောင် မသိခဲ့။

အတိတ်၏ဆိုးမွေသည် အနာဂတ်အထိ ရှင်သန်နေတတ်လိမ့်မည်ဟု သူတစ်ခါတစ်ရံမှ မတွေးခဲ့ဖူးပါချေ။

"ဘေဘီ"

"ရက်စ်…ကိုကို"

"ခွန်းချိုချောင်းသာသွားချင်တာကို ဘေဘီပဲ ပို့ပေးလိုက်ပါ၊ ဘေဘီလည်း အပန်းဖြေခရီးမထွက်ခဲ့တာ ကြာပြီမှတ်လား၊ ဖြစ်တယ်မှတ်လား ဘေဘီ"

ကိုကိုဆန်နီ့မျက်ဝန်းတွေက ထူးခြားနေလေသည်။ မိမိအပေါ် အမှာအစ်ကိုရင်းတစ်ယောက်လိုလည်းကောင်း၊ သူငယ်ချင်း







www.burmeseclassic.com

www.burmeseclassic.com



ကောင်းတစ်ယောက်လိုလည်းကောင်း အမြဲတမ်း တိုင်တိုင်ပင်ပင်နှင့် အေးအတူ ပူအမျှ မျှဝေခံစားပေးတတ်သော အစ်ကိုက ဘာအတွက် ယခုလို စီစဉ်ပေးခဲ့သည်ကို သူနားမလည်နိုင်အောင်ဖြစ်ခဲ့သည်။

"ညလေး...သားအတွက် ကိုကိုတို့ လောလောဆယ် အချိန် ပေးနိုင်မှာမဟုတ်ဘူး၊ ခရီးအတွက်ပြင်ဆင်ရဦးမယ် မှတ်လား၊ နောက် ဟိုရောက်ရင် အလုပ်မ်းဝေးပြီ၊ ဒါကြောင့် ကိုကိုတို့သားကို တစ်နှစ်တော့ ညလေးလက်ထဲ စိတ်ချလက်ချ အပ်ထားခဲ့မယ်နော် ညလေး...ဖြစ် မလား၊ သားနဲ့အပြိုင် ဆိုးနွဲ့နေဦးမှာလား"

"ဒါတော့ အာမ.မခံဘူး"

ဟု ကြည်မွေ့စွာပင် အရွှန်းဖောက်လိုက်လေသည်။

ဇင်ဇင် ခုရက်ပိုင်း တက်ကြွလန်းဆန်းမှုတွေ ပျောက်ဆုံးခဲ့ သည်။

ဖန်ပြွန်သန္ဓေသားကို အောင်မြင်စွာ မလွယ်နိုင်သေးသော သူ့ကြမ္မာကို သူမုန်းတီးနေပုံရသည်။

စကားနည်းသွားသည်။

ငေးငိုင်တွေဝေနေတတ်သည်။

မိမိကိုယ်တိုင် ရင်မှဖြစ်သော လွယ်ပိုးရသော သားသမီးကို တမ်းတနေရှာသည်လား။

အချိန်နှောင်းသွားပြီလား။

"ပလိစ်...ဇင် ခေါင်းနည်းနည်းနောက်လို့ နားခွင့်ပေးပါတော့ နော်"

"သွား...သွား...သမီးဇင်...ရပါတယ်"

ဇင် အပေါ်ထပ်သို့ တက်သွားသည်။ ကိုကိုဆန်နီ လိုက်





မသွား။

လူကြီးတွေ အသီးသီးလည်း သွားစရာရှိတာသို့ အလျိုလျို လမ်းခွဲသွားကြသောအခါ မောင်နှမနှစ်ယောက်တည်း ကျန်ခဲ့လေ သည်။

"ညလေး..."

"ပြော...ကိုကို၊ ဘောဘီကို ဘာပြောမလို့လဲ"

"ဖူးစာကံဆိုတာကို နင်ဘယ်လိုနားလည်လက်ခံသလဲ"

"ဘာလို့မေးတာလဲ ကိုကို"

"ငါမေးတာ ဖြေစမ်းပါ ညလေးရာ...မေးခွန်းပြန်မထုတ်စမ်း ပါနဲ့"

ဟောသီမောင် မျက်စောင်းထိုးကာ ငယ်မူငယ်သွေးနှင့်...

"အံမယ်...အစ်ကိုဆိုပြီး အာဏာလာမပြနဲ့...ရမလား၊ ကိုကို အရင်ဖြေ"

"သိချင်လို့ဟ...သိချင်လို့"

"မသိဘူး...နားလည်း နားမလည်ချင်ဘူး"

"အေး...ဟုတ်တယ်၊ ငါလည်း စဉ်းစားနေတာ၊ တချို့ကတော့ ဖူးစာမဟုတ်ဘူး...ဦးရာပဲတဲ့၊ နင်သိပါတယ် ညလေး၊ ငါ သဲသဲကို မုန်းခဲ့ တယ်၊ ဒီလိုပဲ အောင်အောင်က နင့်ကို တိတ်တခိုး စွဲလမ်းခဲ့တယ်"

"သဲသဲ" နှင့် "အောင်အောင်" ဟူသောအမည်များကို ကြား လိုက်ရရုံနှင့် ရင်ထဲ၌ ကြေကွဲမှုမိုးတိမ်ရိပ်တို့က ဆင်လာတော့ မျက်ဝန်း က ညို့လာခဲ့လေပြီ။

ကံဆိုးလွန်းသော မောင်နှမပင်။

"ထားပါတော့ဟာ...သူတို့အကြောင်း တွေးလိုက်မိရုံနဲ့ ငါ့ရင်



www.burmeseclassic.com

www.burmeseclassic.com



တွေ နာကျင်သလို နှင်လည်း ရင်နာမှာပဲ၊ ဒါပေမယ့် ဇင်ဇင်ကို ငါတို့အမြင်ကတ်တယ်၊ ဘယ်လောက်ပဲ နှိမ်နှိမ် နောက်ဆုံး ဇင်ဇင်ဟာ ငါ့ရဲ့ မဟေသီဖြစ်လာခဲ့ရသလို ငါတို့မိသားစုနစ်စုရဲ့အရေးပါတဲ့ချွေးမတော်ဖြစ်လာခဲ့ရတယ်၊ ဒါ ဖူးစာကံပဲပေါ့လို့ သတ်မှတ်လို့ရပေမယ့် ဦးရာလည်း ပါခဲ့တယ်"

"ကိုကိုပြောတာတွေထဲက ဘေဘီ နားမလည်ဆုံးက အဲဒီ ဦးရာကိုပဲ"

"ငါတွေးကြည့်မိတာပါ၊ နှင်နဲ့ကိုကိုမင်းတို့ရဲ့ဇာတ်လမ်းဟာ တိုက်ဆိုင်မှုလား ဖန်တီးမှုလားဆိုတာကိုပါ၊ ဒါပေမယ့် ဇင်ဇင်ကို ငါလက်ထပ်လိုက်ရတာကတော့ ဖူးစာလို့ပဲ ငါသတ်မှတ်လိုက်ပါတယ်"

"ဘေဘီမေးချင်တယ် ကိုကို၊ အမှန်အတိုင်း ဖြေမှာလား"

ဟေသီမောင်...တေဇာမောင်၏မျက်ဝန်းကိုစေ့စေ့ကြည့်ကာ မေးလိုက်လေသည်။ တေဇာမောင်က ပြတ်သားစွာပင်...

"နှင်နဲ့ငါကြားမှာ ဟန်ဆောင်မှုဆိုတာ ရှိခဲ့လို့လား ဘေဘီ"

"ဘေဘီ ယုံပါတယ်၊ ဘေဘီမေးချင်တာ တစ်ခုထဲပါ၊ ကိုကို ဇင်ဇင့်ကို ချစ်သွားပြီလား"

"ခွန်းချိုတစ်သက်ဆိုတော့ ကြာလာပြီလေ၊ ကြာလာတာနဲ့ အမျှ လင်မယား သံယောဇဉ်ဆိုတာကတော့ ရှိလာတာပေါ့ဟာ၊ ဒါကို အချစ်လို့ ပြောရင်လည်း ရပါတယ်၊ ငါ ဇင့်ကို ချစ်သွားခဲ့ပြီလို့ပဲ သတ်မှတ်လိုက်တာပေါ့ ဘေဘီ"

ဟေသီမောင် ပင့်သက်ရှိုက်လိုက်ပြီးမှ...

"အချစ်ဆိုတာ မကြာခဏ ပေါက်ဖွားနေတတ်တယ်ဆိုတာကိုတော့ ဟေသီ လက်မခံနိုင်သေးဘူး"





"ညလေးရာ...နှင်က အစွဲအလမ်းကြီးတာကိုး"

"ဟုတ်တယ်ထင်တယ်...တော်ပြီ ကိုကိုရာ၊ ညလေး သွားစရာရှိသေးတယ်၊ ကိုကိုနဲ့ ဆွေးနွေးချက်က ဒီတွင်ပဲ တစ်ခန်းရပ်ကြစို့...ဂွတ်နိုက်"

အနာဟောင်းကို ထိုးဆွ ခြင်း ခံလိုက်ရသလို ဖြစ်သောကြောင့် ဟေသီမောင် ထလစ်ခဲ့လေတော့သည်။

"ညလေး...ဂွတ်လခ်(Good luck)၊ ချောင်းသာခရီးမှာ ပျော်ရွှင်ကံကောင်းပါစေဟာ"

ကိုကိုဆန်နီ(တေဇာမောင်)အသံက သူ့နောက်ပါးသို့ကပ်ပြီး ပါလာလေသည်။

သို့အတွက် ရင်ထဲဝယ် တမြေ့မြေ့ တဆစ်ဆစ် နာကျင်လျက်မို့ ဟေသီမောင် မျက်ဝန်းရိပ်တွင်လည်း...။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁၆)

ဟေသီမောင် ခွန်းချိုမောင်တို့ သူငယ်ချင်း(၃)ယောက်နှင့် အတူ ချောင်းသာသို့ ခရီးထွက်ခဲ့လေသည်။

လူငယ်တွေမို့တစ်ယောက်တစ်ပေါက် စကားတွေကလည်း များ၊ သီချင်းတွေကလည်း ဆို၊ အစားနဲ့ပါးစပ်ကလည်း မပြတ်ကြ။

ဒင်းကလေးတွေကို မြင်တွေ့ရတော့ အတိတ်ကာလတွင် သွားလာခဲ့သည်ကို အမှတ်ရမိတော့ ရင်ဝယ် ဆို့နစ်နာကျင်မှုက စူးစူး ရှရှပင်။

မုန်းစရာကောင်းလွန်းတဲ့ယောကျ်ား "ခွန်မင်းသိုက်" ဆို သောလူကြောင့် ကျန်ယောကျ်ားတွေကိုပါ မုန်းတီးခဲ့သည်။

မိန်းမတစ်ယောက်ကို ယူထားပြီးမှ အချစ်ကို ချောင်ထိုးထား ပြီး တာဝန်ကြောက်သော ယောကျ်ား။ လက်ထပ်စာချုပ်နှစ်စောင်နှင့် စာတစ်စောင် ထားခဲ့ပြီး ပျောက်ချင်းမလှ ပျောက်သွားသော





ယောကျ်ား။

ဤကဲ့သို့သော ယောကျ်ားမျိုးကိုမှ ချစ်ခဲ့မိသည့် သူ့နှလုံး သားကို ဒဏ်ခတ်ပစ်သည့်အနေနှင့်...။

"ဟေး...ရောက်ပြီကွ"

"ဝေး...လန်းတယ်ကွာ...အပြတ်ဂွိုင်းပစ်မယ်"

ခေတ်ဘန်းစကားတွေက ဘာတွေမှန်းမသိ။ လူငယ်တွေ ဝမ်းသာအားရ တစ်ယောက်တစ်ပေါက် အော်ဟစ်လိုက်တော့မှ ချောင်းသာကမ်းခြေသို့ ရောက်နေမှန်း သိလိုက်ရသည်။

"ဦးတေဇာမောင် ဘွတ်ကင်လုပ်ထားတဲ့ ဧည့်သည်တွေပါ လား"

ကားကို ထိုးအဆိုက်တွင် လာကြိုရင်း မေးလိုက်သော ဧည့်ကြိုဝန်ထမ်းကြောင့်...

"ဟုတ်ပါတယ်...သွားလို့ရပြီလား"

"ရပါပြီ...ကားကို ဒီဘက်က တစ်ခါတည်း မောင်းသွားလို့ရပါ တယ်ခင်ဗျာ၊ ဒီမှာ သော့ပါခင်ဗျာ၊ ဟိုမှာ ဝန်ထမ်းစောင့်နေပါတယ်"

အမှန်းနယ်မြေအဖြစ် သတ်မှတ်ထားသော ဧရိယာမို့ သူ့လှုပ် ရှားမှုတို့က စက်ရုပ်ဆန်နေပြီကို ဟေသီမောင် သိပါသည်။

ခွန်းချိုကို ကြည့်လိုက်သည်။

"သီသီ...နေမကောင်းဘူးလား"

အကြည့်ချင်းအဆုံတွင် ချာတိတ်က သူ့ကို မေးလေသည်။

ဟေသီမောင်ရင်ထဲ အောင့်သွားရသည်။ ချာတိတ်က သူ့ အရိပ်အကဲကို ဖတ်တတ်တယ်တဲ့လား။

"ကောင်းပါတယ်...ခရီးပန်းသွားလို့"



www.burmeseclassic.com

www.burmeseclassic.com



လွတ်လွတ်လပ်လပ် အနားယူ အပန်းဖြေလိုက်မည် ဟူသော ရည်ရွယ်ချက်တို့သည် ပြောင်းလဲသွားလေပြီ။

စိတ်အနှောင့်အယှက်တို့ အုံကြွမှုကြောင့် အပန်းမပြေသည့် အပြင် အလွမ်းတွေပင် ဝေ၍နေလေပြီ။

"သီသီက နှစ်ယောက်ခန်းကို တစ်ယောက်တည်း အပိုင်စီး ထားမလို့လား၊ သားက သီသီနဲ့ပဲ တည်းမယ်လေ"

"သူငယ်ချင်းတွေနဲ့ပဲ နေပါ၊ ဒါမှ ပျော်စရာကောင်းမှာပေါ့ ခွန်းချိုရယ်"

"နေတော့ နေမှာပါ၊ ဒါပေမယ့် အိပ်ချိန်ရယ်၊ အိမ်သာတက်၊ ရေချိုးချိန်တော့ ဒီဘက်ပဲ လာမယ်ဗျာ၊ သားကိုယ်တာက ဒီမှာပဲ မှတ်လား"

"ဟုတ်ပါပြီ...ဒီဘက်အခန်းမှာပဲ မောင်မင်းအထုပ်ကို ချထားပါတယ်၊ မောင်မင်း စာရင်းကလည်း ဒီဘက်မှာပါပဲ၊ ဒီမှာပဲ နေပါရှင်"

"ဒါမှ သီသီကွ"

ပြောပြောဆိုဆို သူ့ကို ဆွဲဖက်ပြီး ရွှတ်ကနဲ နမ်းပြင်ကို နမ်း ကာ မြေးထွက်သွားသူ ခွန်းချိုနောက်ကျောပြင်ကို ကြည့်ပြီး မျက်ရည် တို့က မရည်ရွယ်ဘဲ စီးထွက်လာခဲ့လေသည်။

ခွန်မင်းသိုက်ကို စိတ်နာလွန်းသဖြင့် ခွန်းချိုကိုပင် မကြည့် ချင်ခဲ့။

သို့သော်...

မျက်စိရှေ့မှာတင် ခွန်းချိုဒီအရွယ်ရောက်လာခဲ့သည်။

ဒီအရွယ်ရောက်တော့ ခွန်မင်းသိုက်နှင့် ချွတ်စွတ်တူလာ သည်။





ထို့ကြောင့် ခွန်းချိုကို ကြည့်ရင်းကြည့်ရင်း ရင်ထဲမှ အနာမြို့ က အဖေးတက်ကာ နာကျင်သောခံစားမှုက တမြေ့မြေ့။

ခု ကြည့်ပါဦး၊ မိမိနှင့် တစ်ခန်းတည်း အတူတကွ အိပ်စက် မယ်တဲ့လား။

"သားရယ်..."

ရင်တွင်းမှ တမ်းတမ်းတတကို ညည်းညူနေမိသည်။

ထိုမှသည် မွေးကတည်းက ရင်ခွင်တွင်း တစ်ခါမှ မထွေးပိုက် ခဲ့သောသား၊ မျက်နှာကိုပင် စေ့စေ့မကြည့်ခဲ့ရလောက်အောင် သူ့အား ရှုံးသွပ်သောခံစားမှုကို ဖြစ်ပေါ်စေခဲ့သော သား။

အတိတ်၏အိပ်မက်ဆိုးက မိမိ၏အတိတ်ခြေရာတွေ ထပ် နေသော ဤချောင်းသာကမ်းခြေသို့ ရောက်သည်နှင့် လှုးလွန့်၍ လာချေပြီ။

"ဇင်ဇင်...ကိုကိုမင်းကို တွေ့ခဲ့သလား"

စာမေးပွဲ ဖြေပြီးချိန်တွင် ဘဘကြီးသော်လည်းကောင်း၊ ပါပါ သော်လည်းကောင်း၊ ရံဖန်ရံခါ ဘော်တွေနှင့် စောင့်ကြပ်ခဲ့သောကြောင့်...

ကျီးကန်းတောင်းမှောက် မျက်လုံးများနှင့် "ကို" ကိုရှာဖွေပါ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အရိပ်မျှပင် မတွေ့ခဲ့။

"သစ္စာမရှိ…မိန်းမတစ်ယောက်ကို ခိုးပြေးပြီး တာဝန်မယူရဲတဲ့ကောင်ရဲ့လက်ထဲ ငါ့သမီးဘဝတစ်ခုလုံး အပ်ရက်မလား၊ သူ့လိုက်လာရင် ပါပါတို့ ဆွေးနွေးပြီး လက်ခံနိုင်ရင် သူသာ ပါပါတို့ဘဝထဲ ဝင်လာပါစေပေါ့ဘောဘီရယ်"

ပါပါ၏ခွင့်ပြုချက် ရတော့ ဇင်ဇင်ကို လက်တို့ပြီး…

"ကို့ကို တွေ့အောင်ရှာပေးပါ၊ သူဟာ ရည်မှန်းချက် ကြီးမားသူပါ၊ သူ စာမေးပွဲတော့ လာဖြေမှာပဲ၊ တွေ့ရင် ဒီစာလေး ပေးပေးပါနော်"

"အေးပါဟာ…နဂိုကတည်းက လူကြီးတွေက ငါ့ကို မကြည့်ရတဲ့အထဲ၊ သိရင်တော့ မိုးမီးလောင်မှာပဲ၊ ဒါပေမယ့် နင့်အတွက်ပဲလေ…ငါစွန့်စားရဲပါတယ်၊ မသကာ နင်တို့ခြံထဲက ငါတို့ တူဝရီးနှစ်ယောက် အနှင်ချခံရရုံပဲပေါ့"

စာမေးပွဲအပြီး ရွှေအိမ်ထဲ၌ အလှောင်ခံနေရသော သူက လွတ်လပ်သော ဇင်ဇင့်ကိုတိတ်တိတ်ကလေးအကူအညီတောင်းကာ ကို့ထံသို့စာတစ်စောင် ပို့ခဲ့လေသည်။

*ကို…*

*ကို့စာဟာ ကိုစိတ်ရင်းနဲ့ ရေးထားတာ မဟုတ်ဘူးလို့ သီ ယုံကြည်တယ်။ သီ အနာဂတ်ကို မယုံကြည်ဘူး၊ လက်ရှိကိုပဲ ယုံကြည်တယ်။ သီ ယုံကြည်တာက ပစ္စုပ္ပန်ကာလတည့်တည့်မှာ ကိုနဲ့အတူ လက်တွဲပြီး အရာရာ ရင်ဆိုင်သွားဖို့ပဲ၊ သီ ကိုနဲ့ အေးအတူ ပူအမျှ ဆင်းရဲဒုက္ခ ခံစားနေရချိန်မှာ သီ ငြီးငြင်စကား ဆိုဖူးလို့လား ကို။ ဘယ်*





*သောအခါမှလည်း ဝန်ထုပ်ဝန်ပိုး မဖြစ်စေရပါဘူး။ သို့ဆီ အမြန်လိုက်လာခဲ့ပါ။ ပါပါတို့နဲ့ ဆွေးနွေးကြည့်ပါ။ အခြေအနေ မဟန်ဘူးဆိုရင်လည်း သီက ကို့ဘက်က အမြဲတမ်း ရပ်တည်မှာမို့ မြန်မြန်လေး လာခဲ့နော် ကို။*

*မျှော်လင့်ခြင်းများစွာဖြင့်*

*စောင့်ဆိုင်းနေတဲ့*

*သီ*

ဟု ရေးကာ ဇင်ဇင်လက်ထဲ ထည့်ပေးခဲ့လိုက်သည်။ သို့သော်

"ကိုကိုမင်း စာမေးပွဲ လာမဖြေဘူးထင်တယ်၊ ရှာလို့မတွေ့ဘူး၊ ဒါနဲ့ ငါလည်း ကိုကိုမင်းရဲ့သူငယ်ချင်း ကိုတာ့လက်ထဲကို နင့်စာထည့်ပေးလိုက်တယ်…ဖြစ်ပါတယ်နော်၊ ကိုတာ့ကို နင်သိတယ်မှတ်လား"

"အင်း…နှစ်ခါလောက်တော့ ကိုနဲ့အတူ တို့ကင်န်တင်းကို လိုက်ပါလာဖူးတယ်၊ ကို့ရဲ့အရင်းနှီးဆုံး သူငယ်ချင်းပဲ၊ သူ စာရသွားမှာပါဟာ"

ဟု အစရှိသော သူ့ဘက်က ကြိုးစားမှုတို့သာ ရှိပြီး တုန့်ပြန်မှု မလာချေ။

ထိုစဉ်ကာလ သူ့ထံသို့ မကြာခဏ ရောက်လာသော သတင်းစကားများက…

"ကိုကိုမင်း ရှမ်းပြည်နယ် ပြန်သွားပြီတဲ့"

"ကိုကိုမင်းကို သူ့အဖေဘက် ဆွေမျိုးတွေက အသိအမှတ်ပြုပြီး သူတို့အနွယ်တော်ထဲက သမီးနဲ့ လက်ထပ်ပေးလိုက်ပြီတဲ့"

စသည်ဖြင့် ရင်ကို ကွဲအက်စေသော သတင်းဆိုးများကိုသာ



www.burmeseclassic.com

www.burmeseclassic.com

ရရှိခဲ့လေသည်မို့ နာကြည်းမှု ဝေဒနာရပ်များနှင့်အတူ ခွန်မင်းသိုက်အတွက် ခါးခါးသီးသီး အမုန်းတံခါးချပ်တို့ကို ပိတ်ပစ်လိုက်ပြီး သူတို့နှစ်ဦးဇာတ်လမ်းကို ပြည်ဖုံးကားချကာ တစ်ခန်းရပ်ခဲ့လိုက်လေသည်။ သို့သော် ကြွင်းကျန်ရစ်သော ချစ်ခြင်း၏သင်္ကေတ,က သူ့၌ ကိုယ်ဝန်နေခြင်းပင်။

သူ့၌ ကိုယ်ဝန်ရှိလာသည်ကို သိတော့ မာမာကော အန်တီကြီးကပါ...

"သားသမီးဆိုတာ ရတနာပဲ၊ တို့တွေရဲ့ဂုဏ်သိက္ခာကို ထိပါးမယ်ဆိုပေမယ့် တို့တွေ ဒီကလေးရဲ့အသက်ကို ကယ်တင်ရမှာပဲ၊ ဘာမှ မလုပ်ရဘူးနော် ဘေဘီ"

ကြီးကြီးနှင့်ဘဘကြီးက သူတို့ထဲတွင် ဩဇာအညောင်းဆုံးမို့ သူတို့ဆင်ရာ ဇာတ်ကွက်ကို ရုပ်သေးရုပ်လို ကရသည်။

"အောင်အောင်အဖေက လက်ခံတယ်၊ အောင်အောင်တို့ ခေတ္တပြန်လာဖို့ ခေါ်လိုက်ပြီ"

U.K ၌ ပညာသင်နေသော အောင်အောင်နှင့် သူ့ကို လက်ထပ်ပေးမည်တဲ့။

သတင်းစာထဲ၌ပင် အောင်အောင် ရောက်မလာခင် စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းတွေ ထည့်လိုက်လေသည်။

သူ ဘာမှ မပြောနိုင်...အသက်ရှင်လျက်နှင့် သေလူပမာ ကျောက်ရုပ်တစ်ရုပ်လိုပင်။ လူကြီးတွေ ကြိုးဆွဲရာကို အလိုက်သင့် ကနေသော ရုပ်သေးရုပ်ပမာပင်လည်းကောင်း...။

ကျိန်စာသင့် လိပ်ပြာတစ်ကောင်လိုပင် ရည်မှန်းချက်မဲ့သော ဝဝ်ရည်ကို စုပ်ယူဖို့မှအပ ဘာကိုမှ မသိဘဲ ဝဲပျံနေရသည်





အလားလည်းကောင်း၊ ရင်ထဲ နာကြည်းမှု အမုန်းတရားများနှင့် အချစ်ဆိပ်သင့်ခဲ့ရလေသည်။

ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာလေပြီ။

အောင်အောင်တို့ အမှာမောင်နှမ စီးနင်းလိုက်ပါလာသော လေယာဉ်ပျက်ကျပြီး မီးလောင်သွားသည်တဲ့။ ရှင်သူတစ်ယောက်မှ မကျန်။

ရင်ဝယ် စူးနင့်နေအောင် နာကျင်သွားသည်။

လူ့ဘဝဆိုတာ ဘယ်လိုကြီးလဲ။

အဆိုးတွေကိုချည်းပဲ ဆောင်ကြဉ်းတတ်သလား။

နောက်ဆုံးတော့...

အန်တီကြီးနဲ့ မာမာတို့က ကိုကိုဆန်နီနှင့် ဇင်ဇင်လတ်ကို လက်ထပ်ပေး။

စင်္ကာပူသို့ ဟန်းနီးမွန်း(ပျားရည်ဆမ်း)ခရီးစဉ်ဆိုပြီး လူသိရှင်ကြားလွှတ်...ထိုနှစ်ယောက်ကြား ကန့်လန့်ကန့်လန့် ပါသွားသူက ဟေသီမောင်။

တစ်နှစ်ကျော်ခန့်အကြာ ပြန်လာတော့...

တေဇာမောင်နှင့် ဇင်ဇင်လတ်တို့က သားဦးရတနာလေးကို ရင်ခွင်ပိုက်ပြီး ပြန်လာခဲ့သည်။

နောက်တစ်လနှစ်လခန့် ကြာမှ ပါပါက လိုက်ခေါ်၍ ဟေသီမောင် မြန်မာပြည်သို့ ခြေချသည်။

စေ့စပ်သူ သေဆုံးသွားသဖြင့် စိတ်ပြေလက်ပျောက် ခရီးထွက်သွားသော ဟေသီမောင်၏ ဒုတိယ-စာမျက်နှာသစ်၌ ဆုံတွေ့ရ ခေါင်း ဟေသီမောင် ဆေးတက္ကသိုလ် ဒုတိယနှစ် ပြန်စတက်လေသည်



www.burmeseclassic.com

www.burmeseclassic.com



တဲ့။

ထို့အတူ တေဇာမောင်နှင့် ဇင်ဇင်လတ်မှာတော့ အိမ်ထောင်သည်ဘဝ…သားဦးမိဘအဖြစ် ရန်းကန်ရင်း ဒုတိယနှစ် စာသင်နှစ်ကို ဆက်လက်ရှိတက်ခဲ့လေသည်။

အမှန်စင်စစ်…

ခွန်းချိုမောင်က ခွန်မင်းသိုက်နှင့် ဟေသီမောင်တို့၏သွေးရှ ဖြစ်သောသား။

ဟေသီမောင်၏ရင်သွေးစစ်စစ်။

သို့သော်…လူသိရှင်ကြား သိသည်က…

ခွန်းချိုမောင်သည် တေဇာမောင်နှင့် ဇင်ဇင်လတ်တို့၏ တစ်ဦးတည်းသော သားဦးရင်သွေး။ သို့ဖြစ်၍ ဟေသီမောင်က ခွန်းချို မောင်၏အဒေါ်သားချင်း ဖြစ်သည်ဟုသာ…။

၅ ၅ ၅ ၅

ပင့်သက်ရှည်ကြီးကို ရှိုက်လိုက်ပြီး အခန်းအပြင်ဘက်သို့ ထွက်ခဲ့လိုက်သည်။

လေများက အတင်းတိုးဝေ့၍ သူ့အား နှုတ်ဆက်လေသည် အများကြီးကို ခေတ်မီတိုးတက်ပြောင်းလဲနေပြီကော။





ကျိန်စာသင့် အမုန်းနယ်မြေသို့ ဘယ်သောအခါမှ ခြေမချ တော့ဘူးဟု ရင်ထဲကြွေးကြော်ထားသော်လည်း…

ဖြတ်ရခက်သော သံယောဇဉ်နှောင်ကြိုးလေးတစ်မျှင် ကြောင့် ဤဒေသသို့ ခြေချရလေပြီ။

"သီသီ…"

"အိုး…"

အမှုမဲ့ အမှတ်မဲ့ သူ့နောက်မှ ပုတ်ခပ်ပြီး စလိုက်သော ခွန်းချို ကြောင့် သူယိမ်းယိုင်သွားသည်။

သို့သော်…ခွန်းချိုကပင် လူကြီးတစ်ယောက်လို သူ၏ မော်ဒယ်လ်ကိုယ်လုံးလေးကို ပြန်တိမ်းပေးပြီး သီချင်းဆိုလိုက်သေး သည်။

"အိုး × × အိုး × × အိုးလေး လှူပ်ပါဟေ့ × × ရေအိုးလေး လှုပ် ပါဟေ့ × ×"

ရင်ထဲ အမုန်းတံတိုင်းတို့ ပြိုပျက်စ ပြုနေပြီထင့်။ ပြုံးကာ မနစ်မြို့ဟန်နှင့်…

"မင်းတို့သီချင်းကလည်းကွာ…"

ဟုညည်းတွားလိုက်မိလေသည်။

ခွန်းချိုကတော့ လက်ကားယား ခြေကားယားနှင့် လှုပ်ကာ သူ့ကို မျက်စိတစ်ဖက် မှိတ်ပြလိုက်သေး။

"× × × အိုးကလေး လှုပ်ပါဟေ့ × × × အိုးကလေး လှုပ်ပါ ဟေ့ × × ×"



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁၇)

"ခွန်းချို…ရေနက်ထဲ မသွားနဲ့နော်"

"သီသီကလည်း…ပင်လယ်ကြမ်းပြင်မှ မဟုတ်တာ…ပင်လယ်ကမ်းစပ်ပဲ၊ ချိုင့်ဝှမ်းရှိနေပါ့မလား၊ ရေက တပြေးညီပဲ တက်နေတာ"

"ဆင်ခြေမပေးနဲ့…လူကြီးက မသွားနဲ့ဆို မသွားနဲ့ကွာ"

"သွားမှာ စိုးရိမ်ရင် သီသီပါ ရေထဲ ဆင်းပေါ့"

"မဆင်းချင်ဘူး…အသားမဲတယ်"

ပင်လယ်ကမ်းစပ်၌ လေညင်းခံရင်း ပင်လယ်ပြင်ကိုသာ မျက်နှာမူ ထိုင်နေတတ်သော ဟေသီမောင့်ကို ခွန်းချိုက ရေထဲမဆင်းသေးဘဲ ဝေဖန်ရေးနှင့် လေကန်ရေး လုပ်နေလေသည်။

"သီသီ အသက်ဘယ်လောက်ရှိသေးလို့လဲ…အဘွားကြီး စတိုင်လ်ဖမ်းနေရတာ၊ ဘီကီနီလေးဘာလေး ဝတ်ပြီးဆင်းပါလားလို့"





"လျှာမရှည်နဲ့စမ်း ခွန်းချို…သွားစရာရှိတာသွား"

"ဟိုကောင်တွေ စပီဘုတ် သွားငှားနေတယ်၊ ရရင် သားတို့ စပီဘုတ်နဲ့ ဆော့မယ်"

"သား…"

ရုတ်တရက် ပူပန်မှုဖြင့် သူ အလန့်တကြား ခေါ်လိုက်လေသည်။

ခွန်းချိုမောင် အံ့အားသင့်သွားသည်။

သူ့အဒေါ်ထံက တစ်ခါမှ သူ့အား "သား" ဟု ခေါ်သံကို သူ မကြားဖူးခဲ့ချေ။

မျက်လုံးစိမ်းနှင့်သာ ကြည့်တတ်သော သူ့အဒေါ်သည် သူ ဆယ်တန်းနှစ်ရောက်တော့ ပြောင်းလဲလာသည်။

မျက်လုံးတွေ အရောင်ပြောင်းလာသည်။

အစိမ်းရောင် ပျောက်သွားပြီး…

အဝေးနှင့် ထွေထွေလေး ကြည့်တတ်သောအကြည့်မျိုး၊

တစ်ခါတစ်ရံ လွမ်းဆွေ့တွေ ဝေနေတတ်သော မျက်လုံးက သူ့အား ကြည့်နေသော်လည်း မြင်ဟန်မတူ၊ တစ်ပါးသူကို တွေ့မြင်နေသည့်ဟန်မျိုး။

သူ့အတွက် ချောမောလှပလွန်းသော သီသီ၌ အိမ်ထောင်မရှိခြင်းက ထူးဆန်းနေခဲ့သလို…။

အပြုံးအရယ်နည်းသော တစ်မိသားစုလုံးက ငိုင်းချစ် ငိုင်းမ, နေသော သူ့ကို ဥပေက္ခာပြုထားတတ်သော သီသီ့ကို သူ စိတ်ဝင်စားခြင်း ရင်ထဲမှာလည်း ချစ်ခင်နေမိလေသည်။

ယခုမှ သီသီ့နှုတ်က စိုးရိမ်တကြီး "သား" ဟူသော ခေါ်သံ



www.burmeseclassic.com

www.burmeseclassic.com



လေးက ဘိုးဘိုး ဘွားဘွား ဒယ်ဒီ မာမီတို့နှင့် လုံးဝမတူ။

သူ့ရင်ကိုထိစေသည်။

"သီသီ...သားကို ဘယ်လိုခေါ်လိုက်တယ်"

ဟေသီမောင်က သူ့အား စူးစမ်းသောအကြည့်နှင့်ကြည့်လာသော ခွန်းချိုမောင်ကို ရင်မဆိုင်ရဲအောင် တုန်လှုပ်သွားသည်။

"မင်းဘာသာမင်း စီးရဲရင်စီး၊ အေး...တစ်စုံတစ်ရာ အန္တရာယ်မှ မရှိစေနဲ့...ဒါပဲ"

"သီသီက သားကို စိုးရိမ်တာ ချစ်လို့လားဟင်"

ခွန်းချိုက အချွဲပိုသော မေးခွန်းကို သူ့ရှောင်လွှဲဖို့ ဘန်ဂလိုဘက်သို့ပြန်လှည့်ခဲ့လေသည်။

"ဟုတ်ပါတယ်နော် သီသီ၊ ဟုတ်တယ်နော်...ဟာတ်...ဟား"

ခွန်းချိုအသံက သူ့နောက်ကျောပြင်ကို ကပ်ပါးကောင်သဖွယ် တွယ်ကပ်လိုက်ပါလာလေသည်။

ဘန်ဂလိုထဲရောက်တော့မှ ကမ်းခြေဘက်သို့ မျက်နှာပြန်မူလိုက်သည်။ ကလေးတွေ ရေထဲ ဆင်းသွားကြပြီ။

စပိဘုတ်တစ်စင်းပေါ် လေးယောက်သား တက်ကာ လှိုင်းစီးဆော့ကစားနေကြလေသည်။ (၁၆) နှစ်အရွယ် ကလေးတွေလိုပါပဲ၊ မိဘမျက်စိထဲ နို့နံ့မစင်သေးသော ကလေးသဖွယ်ပင် မှတ်ယူထားသည်ဆိုသည်မှာ အမှန်အကန်ပင်။

ပါပါနှင့်မာမာ သူ (၁၈) နှစ်ကျော်အရွယ် နီးရာလိုက်သွားခြင်းကို ရင်မှာ ဘယ်မျှ ခံစားရမည်ကို မှန်းဆမိလာတော့ ချက်ချင်းပင် G.S.M မိုဘိုင်းဖုန်းကလေးကို ကောက်ဖွင့်လိုက်မိသည်။

"ဘေဘီလား...ပြောဘေဘီ"





"မာမာ နေကောင်းလား"

"ထူးထူးဆန်းဆန်းပါလား ဘေဘီ၊ လမ်းခရီး အဆင်ပြေတယ်ဆို..."

"ခွန်းချို ဆက်ပြီးပြီထင်တယ်"

"ဟုတ်ပါ့...မြေးက ဘေဘီရဲ့နွေးထွေးမှုကို သိပ်သဘောကျနေတယ်"

ဒီချာတိတ် တော်တော်ရှုပ်တာပဲ။ သူ့ရင်ထဲ ဝေဒနာတွေကို ဖယ်ရှားပြီး နေရာယူစ ပြုနေလေပြီ။

"ဘေဘီကော...ပျော်ရဲ့လား"

"ဒီလိုပါပဲ မာမာ"

"ဒီလိုပါပဲ မလုပ်နဲ့ ဘေဘီ၊ လူ့သက်တမ်းအမှန်အရဆိုရင် ဘေဘီဘဝသက်တမ်း ထက်ဝက်ကျိုးသွားပြီ၊ ပျော်ရွှင်မှုဆိုတာကို မခံစားရဘဲနဲ့ ဘဝကို မပြီးဆုံးစေချင်ဘူး၊ အခုချိန်မှာ သမီးစိတ်ချမ်းသာမယ်ဆိုရင် ဘာပဲလုပ်လုပ် ပါပါကော မာမာကော ဘာမှမပြောတော့ပါဘူး၊ သမီးရဲ့အပျော်တွေဟာ မာမာတို့ရဲ့ပျော်ရွှင်မှုပါပဲကွယ်၊ ဗွတ်လစ် ဘေဘီ၊ မာမီ...ပေးရှင့်နဲ့မို့...ဘိုင့်"

မာမာ အခုတလော သူ့အား အထူးအဆန်း စကားတွေကို ချည်း ပြောနေတတ်သည်။ သူ့ရင်ထဲ ဖောက်ထွင်းမြင်နေတာကြောင့်လား။ ဘာကြောင့် ပြောသည်ကိုတော့ ဟေသီမောင် ရှင်းရှင်းလင်းလင်း နားမလည်နိုင်ချေ။

သို့သော် တစ်ခုခုတော့ တစ်ခုခုပါပဲဟုတော့ သိနေသည်။

သူ့ပျော်ရွှင်မှု ဆိတ်သုဉ်းခဲ့ရသည်ကလည်း အချစ်ကို ယုံကြည်းကိုးကွယ်မိသော ဆယ်ကျော်သက်အရွယ်ကတည်းက စတင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်မှာ တစ်ခါသာ ဖူးပွင့်ခဲ့သည့် အချစ်ပန်းကို အစားထိုး မဆင်မြန်းချင်။ ထို့ကြောင့် ပညာရေး၌ ဘဝတစ်ခုလုံး မြေစိုက်မြှုပ်နှံခဲ့သည်။ နောက်...အလုပ်ခွင်။

ယောက်ျားတွေကို စိတ်နာသဖြင့် ယူလိုက်သည့် အထူးပြုဘွဲ့ထူးဂုဏ်ထူးတော်ဝင်မှ အမျိုးသမီးများနှင့်သာ သက်ဆိုင်သော သားဖွားမီးယပ်ဆိုင်ရာ ဘွဲ့များသာ ယူပြီးနောက် ဗဟိုအမျိုးသမီးသားဖွားဆေးရုံကြီးနှင့် အထူးကုဆေးခန်းများသို့ ပြေးလွှားရင်း အချိန်များကို ကုန်ဆုံးစေခဲ့သည်။

"အုန်းစိမ်း...အုန်းစိမ်း"

ဟောသီမောင် ဆတ်ကနဲ တုန်ခါသွားသည်။ အတိတ်တစ္ဆေခြောက်လှန့်ခံလိုက်ရသည့်နယ်ပင် ရင်ထဲ ကြေကွဲမှုတို့ ပြုံဆင်းလာသည်။

"အစ်မ...အုန်းစိမ်းသောက်ဦးမလား"

ခေါင်းခါလိုက်ပြီးမှ သတိရသွားသည်။ ချာတိတ်တွေအတွက် ဝေဒနာကိုဘေးဖယ်ကာ...

"ဟော့...နေဦး၊ တစ်လုံးဘယ်လောက်လဲ"

"(၅၀၀)ပါခင်ဗျာ"

"ငါးလုံးပေးပါ...အရည်တည်တစ်လုံးနဲ့ ဖွန်းခြစ် လေးလုံး"

ပင်လယ်စာတွေ စားချင်သလောက် စားကြသော ချာတိတ်တွေအတွက် ဖြေဆေးက အုန်းစိမ်းပင် ဖြစ်သဖြင့် ရင်ကို နာကျင်စေသော အတိတ်ဝေဒနာတွေကို ဘေးဖယ်၊ ကိုယ်တာဝန်ယူလာခဲ့သော ကလေးတွေ၏ကျန်းမာရေးအတွက် ဂရုစိုက်ပြီး ကျွေးမွေးသင့်တာလေးတွေ စီစဉ်ပေးရသည်။





ကျသင့်ငွေကို ထုတ်ပေးပြီး...

"အရည်ကုန်မှ ဖွန်းခြစ်အတွက် လာခွဲပေးပါမယ် ခင်ဗျာ"

အုန်းစိမ်းသည်က ခွန်းချိုတို့အရွယ်ပင်။

"အေး...အေး"

ဘဝအမောတွေကို မေ့ထားပြီး အုန်းစိမ်းကိုပိုက်တံလေးနှင့် စုပ်သောက်လိုက်သည်။

ထိုစဉ်အခန်းထဲမှ တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသဖြင့် အခန်းထဲသို့ ပြေးဝင်ခဲ့လေသည်။

"အစ်မကို တွေ့ချင်တဲ့ ဧည့်သည်တစ်ဦး ရောက်နေပါတယ်၊ အစ်မ စိတ်အနှောင့်အယှက် ဖြစ်စေမယ်ဆိုရင် ပေးမလွှတ်ပါဘူး"

"ဘယ်သူတဲ့လဲ...ဘာကိစ္စလဲ"

ကျွတ်...လွတ်လွတ်လပ်လပ် အပန်းဖြေလာပါတယ်ဆိုမှ။

"မွေးလူနာတစ်ဦးပါရှင်...ဒီက ဆရာမတစ်ဦးက ဒေါက်တာလာတာကို လှမ်းတွေ့ပြီး အကူအညီလာတောင်းတာပါ၊ ဒေါက်တာ သန္ဓမရှိဘူးဆိုရင်တော့ ကျွန်မတို့ တစ်ခုခု ဖြေလိုက်ပါ့မယ်ရှင်"

မွေးလူနာဆိုကတည်းက ခန္ဓာကိုယ်က မတ်ကနဲ ဖြစ်သွားခဲ့သည့် ဟောသီမောင်က...

"နေဦး...လွှတ်လိုက်၊ ဝန်ထမ်းတစ်ဦးပါ လိုက်ပါ,ပါစေ"

"ဟုတ်ကဲ့...စိတ်ချပါ ဒေါက်တာ၊ ကျေးဇူးတင်ပါတယ်ရှင်"

တယ်လီဖုန်းသံနှင့် မရှေးမနှောင်းမှာပင် ဟိုတယ်ဝန်ထမ်းတစ်ဦးနှင့်အတူ အသက်(၃၀)ခန့် ရှိသော ယောက်ျားတစ်ဦး ရောက်လာလေသည်။

"မွေးလူနာက ရှင်နဲ့ ဘာတော်သလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်နမပါ"

နမကိစ္စအကြောင်းကို လိုက်လာသည်ဆိုတော့ ဘဝင်ကမကျချင်။

"သူ့ယောကျ်ားကကော"

"ငါးဖမ်းထွက်သွားပါတယ် ဆရာမ"

"ဟင်း…အခြေအနေတွေ ပြောပြပါဦး"

မွေးလူနာအကြောင်းကို မေးကြည့်တော့ အားမရစရာ။

"မသိဘူးဗျ…အမေက ဆရာဝန် မြန်မြန်သွားပင့်ပါဆိုလို့"

"ဒီမှာ ဆေးရုံရှိတယ်မှတ်လား၊ ဆေးရုံကို ဘာလို့ မပို့လဲ"

"ဟိုဒင်း…ဟိုဟာ…နာတယ်…နာတယ်ပဲ အော်နေတာနဲ့ဝမ်းဆွဲက ဆေးရုံပို့မိုင်းတယ်"

"ဒါဖြင့် ဆေးရုံကို အမြန်ဆုံး ခေါ်လာခဲ့လေ…ဘာလုပ်နေတာလဲ၊ ကျွန်မ ဆေးရုံမှာ စောင့်နေပေးမယ်"

"ဟုတ်…ဟုတ်ကဲ့"

မရေရာသော လူနာပင့်မှုအတွက် စိတ်ထဲမှာ တင်းကနဲ ဖြစ်သွားသော်လည်း ဆရာဝန်ဟူသော အသိဖြင့် အကူအညီပေးရန် ဆုံးဖြတ်ပြီး…

"ဒီမှာ…ဝန်ထမ်းတစ်ယောက်က ဒီက ချာတိတ်တွေ ရေထဲဆင်းဆော့နေတယ်၊ အဲဒါ စောင့်ကြည့်ပေးပါ၊ ဒီမှာ…သော့တွေ နောက်တစ်ဦးက ကျွန်မနဲ့အတူ စောစောက လူနာက ဘယ်ဘက်မှာနေလဲ"

"ကျောက်မောင်နမရွာဘက်"

"ဟင်…ဒါဖြင့် ကျွန်မကားကို ယူသွား"





"ရပါတယ် ဆရာမ၊ ဂျစ်ကားနဲ့ လာတာပါ"

"ဩော်…အေး…ဒါဖြင့်လည်း ပြီးရော၊ ဒီလောက် ဆက်သွယ်ရေး လွယ်ကူနေပြီဖြစ်တဲ့ ရွှေသောင်ယံမြို့မှာ ဆေးရုံဆေးခန်း ရှိရက်နဲ့ ဘာလို့ ဆေးရုံတင်ဖို့ ကြောက်နေရတာလဲ၊ မင်းတို့နဲ့ ပတ်သက်လို့လား"

"ဟုတ်ကဲ့…ကျွန်မတို့ဆီက သန့်ရှင်းရေးဝန်ထမ်း လုပ်ခဲ့သူပါပဲ၊ သူတို့က အရပ်လက်သည်နဲ့ပဲ မွေးမယ်ဆိုပြီး ပြထားလို့ဆေးရုံလာရမှာ ကြောက်နေတာ ဖြစ်မယ်ထင်ပါတယ် ဆရာမ"

"ဘုရားရေ…မဖြစ်သင့်တာတွေ မဖြစ်ပါစေနဲ့"

ဟုရင်တွင်း၌ မမြင်သေးသော လူနာအတွက် ရတက်မအေးဖြစ်ကာ ဆုတောင်းပေးလိုက်လေသည်။

"ကျောက်မောင်နမရွာ" တဲ့။ အတိတ်က အရိပ်ထင်ဟပ်ခဲ့သည်။

ခွန်မင်းသိုက်၏ဘွားလေး ဒေါ်ပျိုကော ရှိသေးရဲ့လား မသိ။ လွန်ခဲ့တဲ့(၁၉)နှစ်ကာလက အသက်(၆၀)ဆိုတော့၊ ခု အသက်ရှင်လျက် ရှိလျှင် အသက်(၈၀)ဝန်းကျင် ဖြစ်ပေမည်။

ဘာမှ မချက်တတ် မပြုတ်တတ်သော မိမိကို ဆွမ်းချိုင့်ပို့သလိုဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြီး ရွှေသောင်ယံ၏အရှေ့ဘက်ပိုင်းမှာ ရှိသော ကျောက်မောင်နမရွာမှသည် ဖိုးကုလားကျွန်း၊ အောင်မင်္ဂလာရွာဟုလည်း ခေါ်သော ဖိုးကုလားရွာသို့ ပွဲထောင်ကလေးနှင့် မနက်တစ်ကြိမ် ညတစ်ကြိမ် လာလာပို့ပေးရင်း မြေးခွေးမချောကို တစိမ့်စိမ့်ကြည့်နေတတ်သည့် ဘွားလေးဒေါ်အပျိုကို သတိရလာသည်။

ဘာပဲပြောပြော ကျေးဇူးရှိခဲ့သည်မို့ တွေ့ချင်စိတ်ဖြစ်ပေါ်လာ


www.burmeseclassic.com

www.burmeseclassic.com



သည်။

"ညီမက ဘယ်ရွာကလဲ"

မိမိနှင့် အဖော်လိုက်ပါခဲ့သော အသက်အစိတ်ကျော်ခန့်ရှိမည့် မိန်းကလေးကို မေးလိုက်သည်။

"ကျောက်မောင်နှမကပါပဲ"

"ဟင်..."

ရင်ထဲ အာမေဋိတ် မြည်ဟည်းသွားလေသည်။ မျက်နှာကိုတော့ ဟန်မပျက်ထားရင်း...

"ဒါဆို အဲဒီရွာက ဒေါ်အပျိုလို့ခေါ်တဲ့ အဒေါ်ကြီးကော ရှိသေးလား"

"ဘွားပျိုကို ပြောတာထင်တယ်"

"ဟုတ်တယ်လေ...ဘယ်ဘက်ပါးမှာ စံပယ်တင်မှဲ့လေးနဲ့လေ"

"ဟုတ်ကဲ့...ဘွားပျိုက ဒီဟိုတယ်ပိုင်ရှင်ရဲ့အဘွားလေ၊ ဒီကို မကြာခဏ လာတယ်"

"ဒီဟိုတယ်ပိုင်ရှင်က ဘယ်သူလဲ"

ဘွားလေးဒေါ်ပျိုနှင့် ခွန်မင်းသိုက် နှစ်ယောက်တည်းသာ နေထိုင်သည်ကို သိထားသော သူ့အတွက် အံ့သြစရာတွေ ဖြစ်ကျန်သည်။

"ဦးခွန်မင်းသိုက်ပါ"

ခြော်...ဒင်းကို၊ သေရာတာပေ့ါ...ကြားခဲ့ရသည့် သတင်းတွေက၊ ဒင်းတောင် ဒီအခြေအနေ ရောက်နေပြီပဲ...ဒင်းတော့လား

ဒေါသစိတ်ဖြင့် ကားကို ကီလိုမြှင့်လိုက်မိရာ ချိုင့်တစ်ခု





မရှောင်နိုင်သဖြင့်...

"ဂျိုင်းကနဲ" မြည်ကာ လူတွေက မြောက်တက်သွားလေသည်။ တော်သေးသည်...ကားကိုပြန်ထိန်းလိုက်နိုင်သဖြင့်။ ခါးပတ်ကလည်း ပတ်ထားသည်ကိုး။ သေးမှ မိန်းကလေးကို အားနာစွာဖြင့်...

"ညီမ ဘာဖြစ်သွားသေးသလဲ"

"ဘာမှမဖြစ်ပါဘူး...ညီမက ရပါတယ်၊ မမကိုသာ ကျေးဇူးတင်...အားလည်းနာနေတာ"

ဟေသီမောင့် ရင်ထဲမှာတော့ ဆူနာမီမုန်တိုင်းကြောင့် လှိုင်းထန်သွားလေပြီ။

သို့သော်...

"ဟိုရှေ့မှာ ဆေးရုံပါ မမ"

ကိုယ်ရေးကိုယ်တာ ဝေဒနာတို့သည် ဆေးရုံသို့အရောက်တွင် လူနာဟူသော အသိဖုံးအုပ်မှုကြောင့် ဝပ်ဆင်းသွားလေတော့သည်။

"အရင်ဆုံး တာဝန်ကျဆရာဝန်နဲ့ တွေ့ကြရအောင် ညီမ"

"ဟုတ်ကဲ့ပါ မမ၊ ကျေးဇူးကြီးလှပါတယ် မမရယ်၊ ညည့်သည်တော်တော်များများက မမကို တွေ့ပြီး နှုတ်ဆက်ချင် ပြောချင်ကြပါတယ်၊ ဒါပေမယ့် မမ အပန်းဖြေလာတာ စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ တတ်နိုင်သမျှ ဖုံးကွယ်ထားပေမယ့် ခုတော့ မမကို ကျွန်မတို့ အပြစ်ပြုမိပြီ"

"ဘယ်ဟုတ်မလဲကွယ်...လူ့အသက်နှစ်ချောင်းတောင်းပါကယ်ကောင်းပါတယ်...လိုအပ်မှ မမက ကူညီမှာပါ၊ ဒီက တာဝန်ကျဆရာတွေကို ကျော်မလုပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးကြီးလှပါတယ် မမမရယ်၊ အခုလူနာကကျွန်မတို့နဲ့ ဆွေမျိုးမကင်းပါဘူးရှင်"

ဆေးရုံဝန်းထဲအရောက်တွင် သူတို့ စကားစ ပြတ်သွားလေသည်။

ဟေသီမောင့်ရင်ထဲ ရန်ငြိုးနှင့်ဖွဲ့နေသော မုန်တိုင်းက ခေတ္တငြိမ်သက်နေပြီ။

ရှေ့တိုးမည့်ဆင် နောက်သို့ တစ်လှမ်းဆုတ်လိုက်သည့် အလားပင်။

နေနင့်ဦးပေါ့ ခွန်မင်းသိုက်ရေ၊ သစ္စာမဲ့သူရဲ့မျက်နှာပြင်ပေါ်က အရေးအကြောင်းတွေကို ဖတ်ကြည့်လိုက်ဦးမယ်။

လူကြောက်...။

လူပျော့...လူညံ့...။

နမျင်းစာနာစိတ် မရှိတဲ့သူ...။

တာဝန်မယူရဲတဲ့လူ...။

တွေကြသေးတာပေါ့...။

စွဲချက်တွေက ရင်ထဲမှာ တသီကြီးနှင့်မို့...။

ဟေသီမောင့်ရင်မှာလည်း မီးတောက်လျက်ရှိလေပြီ။

ဒေါသကို ရင်မှာပိုက်မိလိုက်ရုံနှင့် မငြိမ်းချမ်းပါလားနော်...







အခန်း(၁၈)

ကံကောင်းထောက်မစွာဖြင့် သွေးပေါင်ချိန် တက်နေသော မွေးလူနာကို အမွှာသားယောကျ်ားလေးနှစ်ဦးကို ခက်ရာခက်ဆစ် မွေးဖွားပြီးချိန်၌ ခြေကုန်လက်ပန်းကျသကဲ့သို့ မောဟိုက်သွားပေမယ့် ဟေသီမောင်ရင်ထဲ၌ ပြုံးပျော်နေသည်။

ဆရာဝန်တစ်ယောက် ပင်ပန်းနွမ်းနယ်မှုတို့သည် လူသား (၃)ဦး၏အသက်များကို သေမင်းလက်က လုယူနိုင်လိုက်ပြီဆိုခြင်းကြောင့် နွမ်းနယ်မှုတို့ ပြေပျောက်သွားပြီး အနာဂတ်ကို ဆက်လက်ချီတက်ရမည့် ခြေလှမ်းတိုင်းအတွက် ခွန်အားသစ်တွေ ရရှိလိုက်ရသည့်နယ်ပင်။

"မမ...နားပါဦး"

"ဟိုတယ်ရောက်မှနားတော့မယ် ညီမရေ၊ မမ ချာ[illegible]တွေ



www.burmeseclassic.com

www.burmeseclassic.com

ကစိတ်ချရတာမဟုတ်ဘူး…သွားပြီနော်"

ဝီတိကို စားသုံးခဲ့ပြီဆိုတော့ အပြန်လမ်းမှာ တက်ကြွ၍နေလေပြီ။

လူနာရှင်မိသားစုက ရှိနိုးမတတ် ကျေးဇူးတွေ တင်နေရာအရပ်လက်သည်ကို အားမကိုးနဲ့၊ ဆေးရုံဆေးခန်း သားဖွားဆရာမတွေကို အားကိုးကြပါ၊ ငွေမကုန်ပါဘူး၊ မိခင်နှင့်ကလေး ပြုစုစောင့်ရှောက်ရေးအသင်းက စောင့်ရှောက်မှုတွေ ပေးနေပါတယ်… ဟူ၍တရားပြခဲ့ရသေးသည်။

သို့သော်…နေရာတော်တော်များများက သွားလာရေး ခက်ခဲတာလား၊ မိရိုးဖလာ ဘိုးဘွားလက်ထက်ထဲက အရပ်လက်သည်ကို စွဲလမ်းတာလား၊ သူ ကွဲကွဲပြားပြား မသိနိုင်ပြီ။

ကျန်းမာရေးဆိုင်ရာ ကွင်းဆင်းဆောင်ရွက်မှုတွေ အများကြီး လိုအပ်နေလေပြီ။

ဟေသီမောင် ပင့်သက်ရှိုက်လိုက်မိသည်။

ဟိုတယ်ဝန်းထဲ ဝင်ရောက်လာသည်နှင့် မေ့ပျောက်ထားသော အကြောင်းအရာတစ်ခုက ခေါင်းထဲသို့ဝင်လာသည်။

"မင်းတို့ဘော့စ်က ဘယ်မှာနေသလဲ"

"ရန်ကုန်မှာကော ရှမ်းပြည်နယ်မှာပါ အိမ်တွေ ရှိပါတယ်၊ ဒီမှာလည်းကျောက်မောင်နမရွာမှာအိမ်တစ်လုံးရှိတယ်၊ ခရစ္စမတ်တို့ နယူးရီးယားတို့ သင်္ကြန်တို့ ညှော်သည်ကျချိန်တွေမှာတော့ ဒီမှာပဲ သူကိုယ်တိုင် ကြီးကြပ်ပြီး အနေများပါတယ်၊ ဘာဖြစ်လို့ မေးတာလဲ မမ အပန်းဖြေချိန်မှာ အနှောင့်…"

"မဟုတ်ပါဘူး…သိချင်လို့ပါ၊ ခရီးသွားလာရင်း အသက်





သုံးသက် ကယ်တင်နိုင်တဲ့ ကုသိုလ်က နည်းတာမှမဟုတ်ဘဲ၊ ကိုင်း… ညီမကို ချခဲ့ပြီ"

Reception ရှေ့၌ ရုံးဝန်ထမ်းမိန်းကလေးကို ချထားခဲ့ပြီး အစွန်အဖျား၌ရှိနေသော အခန်းဘက်သို့ မောင်းချလာခဲ့သည်။

ဝရန်တာ၌ ငါးကင်၊ ပုစွန်ကင်တို့နှင့် အုန်းသီးဖတ်များကို တပျော်တပါးထိုင်စားရင်းရောက်တတ်ရာရာပြောနေကြသော ခွန်းချိုနှင့် သူငယ်ချင်းတစ်သိုက် တွေ့လိုက်ရမှ ဟေသီမောင် သက်ပြင်းချလိုက်နိုင်လေသည်။

ခွန်းချိုက သူ့ကို မြင်သည်နှင့် ပြေးကြိုပြီး…

"အတော်ပဲ သီသီ၊ သားတို့ သဲဖြူကျွန်း သွားချင်တယ်၊ စက်လှေငှားမယ်"

"လှိုင်းတွေနဲ့ကွယ်…"

နှစ်ယောက်သား သဲဖြူကျွန်း သွားခဲ့သည်ကို အမှတ်ရမိခဲ့သည်။ "ကို" ဘယ်က ငှားလာမှန်း မသိသော စက်လှေကို ကိုယ်တိုင်မောင်းပြီး လပြည့်ည၌ ပင်လယ်ပြင်ကို ကျွမ်းကျင်စွာ ခရီးနှင်ရင်း ဖိုးကုလားကျွန်း၊ သဲဖြူကျွန်းနှင့် ကျောက်မောင်နမဆီဘက်သို့ သွားလာခဲ့သည်ကို အမှတ်ရလိုက်မိသည်နှင့် ရင်ဝယ် နွမ်းလျကာ မောဟိုက်သွားလေတော့သည်။

"စက်လှေငှားဖို့ ပြောပြီးပြီလား"

"မပြောရသေးဘူးလေ…သီသီ့ဆီက ခွင့်ပြုချက်မှ မရတာ၊ သီသီခွင့်ပြုရင် Reception ကို ဖုန်းဆက်လိုက်ရုံပဲ သီသီနော်…နေ့ ညနေ နေဝင်ချိန်ကို ကြည့်ရင်း သွားမယ်နော်၊ သီသီပါ လိုက်ခဲ့"

"မင်းကတော့…တကယ်ကို မွေ့ဖမ်းတာပဲကွာ…ကဲ…


www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုက်...ဆက်လိုက်လေ"

"ဟား..."

"ရှုတ်ကနဲ" နေအောင် သူ့ပါးပြင်ကို နမ်းရှိုက်လိုက်ပြီး ခုန်ပေါက်ကာ အခန်းတွင်းဝယ် တယ်လီဖုန်း ဆက်နေသော ခွန်းချို ကြောင့်...

"ဒီကလေးဟာလေ..."

ဟုမြည်တွန်လိုက်ပြီးမြက်ခင်းစိမ်းပေါ်သို့ထွက်ခဲ့လေသည်။

မြက်ခင်းစိမ်းပေါ်ရှိ ခုံတန်းလျား၌ ထိုင်ချပြီး ဖုန်းကို ဖွင့်ကာ ကိုကိုဆန်နီဆီ ခေါ်လိုက်သည်။

ရင်ထဲမှာ မွန်းကြပ်နေသည်။

တစ်စုံတစ်ယောက်ကို မျှဝေမပေးလိုက်ရလျှင် ရင်ထဲ ဒေါသ မီးလျှံက လောင်မြိုက်နေနိုင်သည်။ ကိုယ့်ရင်ကို အနာတရ အဖြစ်မခံ တော့။

"ဟယ်လို..ဘေဘီ"

"ဘေဘီ မလုပ်နဲ့၊ ကိုကို အားလား...စကားပြောချင်တယ်"

"ပြော...ညလေး၊ ဆယ်မိနစ် အချိန်ရမယ်၊ ပြီးရင် ကိုကိုလူနာ ကြည့်တော့မှာ"

"ကိုကို့ကို ဘယ်သူညွှန်လို့ ဒီဟိုတယ်ကို ဘွတ်ကင်လုပ်ထား ရတာလဲ"

"ကိုကို့သူငယ်ချင်းတွေ ပြောလို့၊ ဘာဖြစ်လို့လဲ...ဝန်ဆောင်မှု မကောင်းဘူးလား"

"ကောင်းတာမှ အကောင်းသိပ်လွန်နေတယ် သိလား"

"ဟင်.."





"ကိုကိုတကယ်မသိတာလား"

"ဘာကိုလဲ ညလေး၊ ဘာကို သိရမှာလဲ"

"ဒီအဏ္ဏဝါဟိုတယ်ပိုင်ရှင်ကို"

"ဟ...ဘယ်ခြည့်သည်ကမှ ဟိုတယ်ပိုင်ရှင်ကို ဆန်းစစ်နေ တာမှ မဟုတ်ဘဲ၊ ဝန်ဆောင်မှုကောင်းလား၊ Facilities ပြည့်စုံရဲ့လား၊ ဒါပဲ အရေးကြီးတာမှတ်လား၊ ဘာဖြစ်လို့လဲ ညလေး၊ ဝန်ဆောင်မှု မကောင်းဘူးလား၊ ဒါဖြင့် မန်နေဂျာနဲ့ တွေ့လေ"

"မဟုတ်ပါဘူး...ပိုင်ရှင်က.."

ဟေသီအောင် စကားမဆက်နိုင်ချေ။

"ပိုင်ရှင်က...ပိုင်ရှင်က ဘာဖြစ်လို့လဲ ညလေး"

စိတ်ပေါက်ပေါက်ရှိသည်နှင့်...

"ကိုကို့ယောက်ဖ ဖြစ်နေလို့...သိလား"

"ဟေ..တကယ်"

ဟေသီမောင်က ရှုတ်ပြောလိုက်ပေမယ့် အမှန်စကားဖြစ်နေ သည်ဆိုတော့ ကိုကိုဆန်နီ အံ့အားသင့်သွားပုံရသည်။

"တကယ်...ခွန်မင်းသိုက် ပိုင်တာတဲ့"

"ဒီတော့ ညလေး ဘာလုပ်ချင်သလဲ"

"ဘာလုပ်ရမှာလဲ...သံသရာကြွေးကို ဆပ်ပစ်ရမှာပေါ့၊ ကိုကို ကြည့်နေပါ"

"ဘယ်လိုဆပ်မှာလဲ...ဟုတ်မှလည်း လုပ်ပါ ညလေးရာ၊ ကိုကို လိုက်လာခဲ့ရမလား"

"နိုး..နိုး..ဘေဘီက ဟိုတုန်းက မနူးမနပ် အရွယ်က ဟေသီ မောင်မှ မဟုတ်တော့ဘဲ၊ အသက်(၁၅)နှစ် ကျော်လာပြီပဲ ဘယ်ကွေ့



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘယ်တက်နဲ့ လျော်ရမယ်ဆိုတာ သိနေပြီ၊ ကိုကိုက ဒီဟိုတယ်ကို ဘွတ်ကင်လုပ်ပေးထားတဲ့သူဆိုတော့ ကိုကို့မှာ တာဝန်ရှိတယ်ထင်လို့ ဘေဘီက မေးတာ"

"ကောင်းပြီလေ...ဘေဘီကို ကိုကိုတို့ စိတ်ချလိုက်မယ်၊ အထူးသဖြင့် ဘေဘီ ဘာလုပ်ချင်လုပ်ချင် ခွန်းချိုမျက်နှာကိုတော့ ထောက်ထားပေးပါလို့ ကိုကိုတောင်းဆိုချင်တယ်"

"ခွန်းချိုဟာ ကိုကိုတို့သားပဲလေ၊ ဘေဘီအတွက်က တူပဲဟာ၊ အဒေါ်တစ်ယောက်အနေနဲ့ တူတစ်ယောက်ကို ထိခိုက်မှု မရှိစေရန်တော့ ကာကွယ်သွားမှာပါ ကိုကို၊ ဒါပဲနော်...ဂွတ်နိုက်"

"ဂွတ်နိုက်...ညလေး"

ဟေသီမောင် တယ်လီဖုန်းကို ပိတ်အပြီးတွင် သက်ပြင်းရှူလိုက်မိလေသည်။

အခုတလော သက်ပြင်းတွေ ခဏခဏ ချနေမိတာနဲ့ပဲ ရှစ်အိုစာပြီး အသက်တိုတော့မှာပဲ။

သစ္စာမရှိတဲ့ လူတစ်ယောက်အတွက် ဘာကိုမှ အလိုအပ် မခံနိုင်ပါဘူး။

ဟေသီမောင် ချာတိတ်တွေရှိရာ လှမ်းကြည့်လိုက်သည်။

ချာတိတ်တွေက...

"သီသီ...Lunch မှာလိုက်တော့မယ်...ဗိုက်ဆာပြီ"

"အေးအေး...ကြိုက်တာမှာကြ၊ အဲဒီအမှိုက်တွေလည်း ရှင်းထားကြဦး"

"ရက်စ်...သီသီ"

မှာစမ်း...မှာချင်သလောက်သာ မှာပါစေ၊ ဟေသီမောင်





ကြိတ်၍ပြုံးနေမိသည်၊

သို့သော်...ပြုံးရင်းက မြင်ကွင်းထဲသို့ ဝင်လာသော လူတစ်ယောက်။

ခွန်းချို...

"သီသီကော ဘာစားမှာလဲ"

ခွန်မင်းသိုက်၏ကိုယ်ပွားတစ်ခု ပုံတူထုဆစ်ထားသည့် အလားပင်။

"သား ဘာမှာပေးရမလဲ"

"မင်းတို့မှာတာ စားမှာပေါ့၊ ပင်လယ်စာတွေပဲ မှာကြမှာ မှတ်လား"

"ဟုတ်.."

"ဒါဖြင့် ပြီးရော.."

"သားတို့ စားနိုင်သလောက် မှာမှာနော်၊ သူငယ်ချင်းတွေကော..."

"မှာစမ်းပါကွာ...သူတို့မိဘတွေက သူတို့သားတွေ အစားကြီးမှန်းသိလို့ တို့ကို deposit(စရံငွေ) နှစ်သိန်းစီ ပေးထားပြီးသား၊ ဒီတော့ စားကြစမ်းပါစေ၊ ပိုရင် ပြန်ပေးဦးမယ်"

"ဩော်...ဂလိုလား၊ ဂလိုဆိုလည်း ပြီးရော၊ သားက သီသို့ဘတ်ဂျက်ထိခိုက်မှာစိုးလို့ ဟန့်နေတာ၊ ဒယ်ဒီကကော သီသို့ကို ပေးလိုက်ရဲ့လား"

"တို့မောင်နှမချင်းက ပြောစရာတောင် မလိုဘူး၊ တို့စရိတ်အိုပါ ကိုကိုက တာဝန်ယူတာကွ"

"သီသီတို့မောင်နှမက သိပ်ချစ်တာပဲနော်၊ သားလည်း သီသီ



www.burmeseclassic.com

www.burmeseclassic.com



လို ချစ်စရာကောင်းပြီး ဂျစ်တိုက်မယ့် ညီမလေးတစ်ယောက်တော့ လိုချင်တယ်၊ မာမီက ဘယ်လိုမှန်းလည်း မသိဘူး၊ ခုထက်ထိ ရအောင် မယူပေးဘူး၊ မောင်နှမနှစ်ယောက် အသက်သိပ်ကွာခြားသွားရင် မကောင်းဘူး"

"ကဲပါ စကားအိုးလေးရယ်...သွားမှာပါတော့၊ သီသီလည်း ဗိုက်ဆာနေပြီ"

"ဒါများ စောစောက ပြောရောပေါ့"

ပြောပြောဆိုဆိုနှင့် သူ့အနားမှ ပြေးပြီး ဘန်ဂလို ရှိရာသို့ နှန်ပေါက်ပြေးလွှားသွားသော ခွန်းချိုကိုကြည့်ကာ...

လူပျိုပေါက်ဖြစ်နေပေမယ့် လူပျိုမလုပ်သေးခြင်းအတွက် ကျေးဇူးတင်နေမိသည်။

နောက်...တစ်ခါတစ်ရံ ဝင်ရောက်လာခဲ့သော အတွေးက ခွန်းချိုအပေါ် သူတရားရဲ့လား ဟူသောအတွေးပင်။

မိဘုံဖစုံနှင့် မေတ္တာတွေ အပြည့်အဝ ရရှိပြီး ကြီးပြင်းရသော ခွန်းချိုအနေအထားကြောင့် သူတရားပါသည် ဟူသောအတွေး ဝင်ရောက်ခဲ့သည်။

သို့သော်...ဖင်ဖင်က ခွန်းချိုရှိလျက်နှင့် သားသမီး ထပ်ယူချင်သည်။ ယူချင်သည်မှ အိမ်ထောင်သက် (၁၆) နှစ်လုံးလုံး မရနိုင်ခဲ့သော ကိုယ်ဝန်ကို သူလိုချင်နေသည်။ ဖန်ပြွန်သန္ဓေသားတွေ ခေတ်စားလာတော့ ဖန်ပြွန်သန္ဓေသားကို သူလိုချင်သည်ဆိုခြင်းမှာ ဘာသဘောနည်း။

ခွန်းချိုအပေါ် ထားရှိသော ဖင်ဖင်၏သဘောထားတို့ ရံဖန်ရံခါတော့ သံသယရှိခဲ့လေသည်။





စားစရာတွေနှင့်အတူ Bill ပါလာတော့...

"ဒီဟိုတယ်ပိုင်ရှင်ရဲ့စာရင်းထဲမှာ မှတ်ထားလိုက်ပါ"

"ဗျာ..."

"ဒီဟိုတယ်ပိုင်ရှင်က ဦးခွန်မင်းသိုက်ဆို.."

"ဟုတ်...ဟုတ်ပါတယ်ခင်ဗျ.."

"အေးလေ...ဒါဆို ဦးခွန်မင်းသိုက်စာရင်းထဲ မှတ်ထားလိုက်ဆို၊ ရှင်းတယ်နော်..."

"ဗျာ..ဟုတ်ကဲ့..ဟုတ်ကဲ့ခင်ဗျ"

စားပွဲထိုးဝန်ထမ်းလေးက ဘာမှမပြောတော့ဘဲ ကုတ်ချောင်းကုတ်ချောင်းနှင့် ပြန်သွားသောအခါ...

"ဟာ...သီသီနဲ့ သိလား"

"သိတယ်...တို့အကြွေးတွေ သူ့မှာ ရှိလို့ တမင်ကလိလိုက်တာ"

"သီသီက မိုက်တယ်ဗျာ၊ ဒါတွေ သားတို့အလကား စားရမှာလား"

"ဒါပေါ့...တီးသာ တီးကြပေတော့"

ခွန်းချိုအပါအဝင် သူငယ်ချင်းတွေက စားကောင်းသောက်ကောင်းအရှယ်မို့...

ပုစွန်တစ်ပန်းကန်လည်း ပြိုက်ကနဲ၊ ဂဏန်းတစ်ပန်းကန်လည်း ပြိုက်ကနဲနှင့် ကျွဲပေါက်လေးတွေအလား ကျွေးသမျှ အကုန်ကုန်လေသည်။

ပြီးတော့...

"အဟဲ..ဟဲ..ဟဲ..ပန်းကန်က အပေါက်တွေ ပါတယ် ထင်



www.burmeseclassic.com

www.burmeseclassic.com

တယ်"

ဟု ရယ်ကျဲကျဲနှင့် ခွန်းချိုက သူ့ကို ကျီစယ်လိုက်သည်။

"သီသီက မိုက်တယ်ဗျာ၊ သားတို့ ဒီလိုပဲ နေ့တိုင်း အလကား စားသွားကြမှာလား"

"ဒါပေါ့..."

ချုံပုတ်ထဲ အောင်းနေသော မြွေကို ခြောက်လှန့်ထုတ်လိုက်သည်။

မည်ကဲ့သို့ ရှိမည်မသိ။

အတိတ်က ရှိခဲ့သော အချစ်ကြွေးကို ဆပ်ပေတော့ ခွန်မင်းသိုက်ရေ။

အတိုးကော အရင်းပါ အရယူရမည်ဟု ဟောသီမောင် ရင်ထဲ ကြုံးဝါးလျက်။








www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၉)

"ဘာပြောတယ်..."

ခွန်မင်းသိုက်ကို စိတ်တိုသည်။ ဒေါသကြီးသည်ဟု ဝန်ထမ်းတွေက နားလည်ထားသည်။

လူဖြောင့်စိတ်တိုဟုလည်း သမုတ်ထားသည်။

အလိုမကျသူတို့၏ထုံးစံကြောင့် ထင်ပါသည်။ ခွန်မင်းသိုက်သည် စိတ်တိုလွယ်နေသည်။

ချောင်းသာ အဏ္ဏဝါဟိုတယ်မှ မန်နေဂျာဆီမှ တယ်လီဖုန်းဝင်လာသည်။

"ဆရာ...ဆရာ့ရဲ့အမည်နဲ့ Bill တစ်ခု ဝင်လာပါတယ်" တဲ့။

သူ့အမည်နဲ့ Bill တင်ထားသည်တဲ့။

"ဘယ်သူတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာဟောသီမောင်"

"ဟာ..ဘာ..ဘာပြောလိုက်တယ်..ဘယ်သူ.."

ခွန်မင်းသိုက် တုန်လှုပ်မှုနှင့်အတူ ချောက်ချောက်ချားချား ဖြစ်သွားလေသည်။

"ကျောက်ခဲရေပေါ်လာသည့်" အဖြစ်မျိုးပေလား။

အတွင်းသိအစင်းသိတစ်ယောက်က နောက်လိုက်တာ လား။

"ဒေါက်တာဟောသီမောင်နဲ့ ညှိသည်လေးဦးပါ၊ ဒီမနက်မှာ ဒေါက်တာဟာ ကျောက်မောင်နမျှောက် မသင်းသင်းအေး မီးဖွားရာမှာ တာဝန်ယူခွဲစိတ်ပေးခဲ့ပါတယ်၊ နေ့လည်စာ မှာစားတော့ Bill ရှင်းတော့ ဆရာ့ Bill ထဲမှာ တင်လိုက်ပါလို့ ပြောပါတယ် ဆရာ"

တကယ်ပဲ "သိ" သိပေပဲလား။

"ဘယ်အရွယ်လဲဟင်"

"ဆရာတို့အရွယ်ပါပဲ...မှတ်ပုံတင်မှာတော့ O.G စပါယ်ရှယ် လစ်လို့ပါပါတယ်"

ခွန်မင်းသိုက် တုန်လှုပ်မှုနှင့်အတူ စိတ်လှုပ်ရှားမှုကြောင့် ဘာလုပ်၍လုပ်ရမှန်းမသိ။

သံသရာစက်ဝန်းတစ်ကျော့ပြန်လည်ပတ်လာပြီလား။

ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့သူက ရှုံးနိမ့်သူရဲ့နှလုံး သားကို တစ်ကျော့ပြန် မွှေနှောက်ကာလှုကျီစယ်ဖို့ ပေါ်ပေါက်လာတာ လား။

"ကျွန်မတို့ဘာဆက်လုပ်ရမလဲ ဆရာ"

"သူပြောတဲ့အတိုင်းသာ ငါ့နာမည်ထဲ သူ့ Bill မှန်သမျှ မှတ်





ထားလိုက်ပါ၊ ငါ အခုထွက်လာခဲ့မယ်"

"ခြေဘ်...ဆရာ"

"ပြော.."

"ညနေလည်း ဟိုတယ်ပိုင် စက်လေ့ကို စင်းလုံးငှားထား တယ်၊ သဲဖြူကျွန်းသွားမလို့တဲ့...အဲဒါ"

ခွန်မင်းသိုက်ပြက္ခဒိန်ကိုကြည့်လိုက်သည်၊

ဒီနေ့ လပြည့်ညပဲ။

ရင်ထဲဝယ် နွေးကနဲဖြစ်ပေါ်လာသည်။

အမှတ်တရလေးတွေ သို့ထံ၌လည်း ရှိနေဆဲပေပဲလား။

"ငါ အခုပဲ ထွက်လာခဲ့မယ်၊ ငါမလာမချင်း လှည့်ပတ်ပြော ထားပါ၊ အက္ခရာ "တစ်" ကို ချန်ထားပေး...သိလား...ဖြစ်မလား"

"ဖြစ်ပါတယ် ဆရာ"

"အေး...ငါ အခုပဲ ထွက်လာမယ်"

ခွန်မင်းသိုက် နာရီကိုကြည့်လိုက်သည်။ မွန်းတည့်(၁၂)နာရီ ခွန်းရုံပဲ ရှိသေးသည်ဆိုတော့ အချိန်မီ ရောက်နိုင်သည်။

ဗိုလ်မြတ်ထွန်းတံတားနှင့် ပုသိမ်(ငဝန်မြစ်)ကြိုးတံတားတို့ ကြောင့် ချောင်းသာသို့ (၅)နာရီသာသာလောက်ဆို ရောက်နေကြဖြစ် သည်။

တစ်ခါတစ်ရံ သူနေ့ချင်းပြန်ပင် သွားလာနိုင်သည်။

"ဘွားလေး...ကျွန်တော် ချောင်းသာ ခဏသွားလိုက်ဦးမယ်"

"ဟော...ဆိုင်းမဆင့် ဗုံမဆင့်နဲ့"

"ဒီလိုပဲ အရေးပေါ်ကိစ္စ ရှိလာလို့၊ ကျွန်တော် သွားလိုက်ဦး မယ်"



www.burmeseclassic.com

www.burmeseclassic.com

အတက်ခ်ချီကော့စ်ထဲ အဝတ်အစား လေးငါးစုံ ငွေထည့်ပြီး နောက် သူ၏ပါရာဒိုကားနှင့် ခရီးနှင်လိုက်လေသည်။

ဒရိုင်ဘာက ကားကြွံခိုင်မှုကို အိမ်ရှိ ကား(၃)စီးစလုံး လုပ်ထားပေးနေကျမို့ စစ်ဆေးစရာ မလိုချေ။ ဒီကားက သူ့တစ်လက်ကိုင်။ ကျန်နှစ်စီးကိုတော့ ဒေါ်ပျိုချေးဝယ်ထွက်၊ ဘုရားသွား ကျောင်းသွားသည့်အခါ သုံးနေကျဖြစ်သည်။ ထိုအခါ ဒရိုင်ဘာက မောင်းရုံသာရှိသည်။

သူ့ကားကိုတော့ မနက်သန့်ရှင်းရေးနဲ့ ကြံ့ခိုင်ရေး စစ်ဆေးပေးရုံသာ။

ဘွားလေး ဒေါ်ပျိုကို ကန်တော့ပြီး ထွက်လာခဲ့သည်။

ဘွားလေးက ဆုတွေ ပေးရင်း သူ့အား နားမလည်စွာ ကြည့်ရင်း ကျန်ရစ်ခဲ့ရှာသည်။

မိခင်ကွယ်လွန်သွားပြီးကတည်းက သူ့ဘဝမှာ အတွယ်တာရဆုံးမှာ ဘွားလေးသာလျှင် ရှိသည်။

ကျန်အဖေ့ဘက်မှ ဆွေမျိုးသားချင်းကတော့ အဖေ့အစ်မနှင့် ညီမများဖြစ်သည်။

အတိတ်ကိုမတွေးချင်သဖြင့် ပင့်သက်ရှိုက်လိုက်ပြီး ဖယ်ရှားပစ်လိုက်သည့်တိုင်အောင်...

အတိတ်က ရင်ကွဲနာကျခဲ့ရသောအဖြစ်တို့က အရိပ်မှည်ထင်ဟပ်လာခဲ့လေသည်။

ဌ ဌ ဌ ဌ





"သီ..." ကိုသူ့အဖေနှင့်ဘကြီးတို့ခေါ်ဆောင်သွားကြပြီဟု သိလိုက်ရချိန်၌ သူဘယ်လိုမှ မခံစားနိုင်သဖြင့်...

စက်လှေဝမ်းထဲ၌ ယစ်ရွှေရည်စိမ်ကာ အသိတရားမှန်သမျှကို ခေတ္တအမှောင်ချထားပစ်လိုက်ခဲ့သည်။

နောက်နေ့...ဖိုးကုလားကျွန်းမှနေ၍ ကျောက်မောင်နမရွာကို ပြန်ခဲ့သည်။

ထိုအချိန် တိုက်တိုက်ဆိုင်ဆိုင် အဒေါ်ကြီးတစ်ဦးနှင့် အတူ လူကြီးနှစ်ဦး ရောက်လာသည်။

"ခွန်မင်းနောင်ရဲ့မိန်းမ ခင်နှင်းဖြူအိမ်ဟာ ဒီအိမ်လား"

ဟု အစချီကာ ရောက်လာခဲ့သည်။

အဆုံးသတ်တော့...

ခွန်မင်းသိုက် ဖခင်၌ အစ်မတစ်ဦးနှင့် ညီမ(၂)ယောက်။ တုပေါင်း မောင်နှမလေးဦး ရှိရာ...

ခွန်မင်းသိုက်ဖခင် ခွန်မင်းနောင်ကို မိဘများက သူတို့သဘောမတူသော တစ်ရွာသူနှင့် ယူရမလားဆိုကာ အဆက်အသွယ်


www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ထားကြသည်။

ခွန်မင်းနောင် ဆုံးသွားသောအကြောင်း ကြားသော်လည်း ရောက်မလာခဲ့ချေ။

သေပြီးမှတော့ မထူးပါဘူးဟူ၍ ပစ်ထားသော်လည်း…

ခွန်မင်းနောင်၏မိခင် ကွယ်လွန်ပြီး ဖခင်သာ ကျန်သော အခါ ဖခင်က ခွန်မင်းနောင်၏ရင်သွေးယောကျ်ားလေး ကျန်ခဲ့သည့် အဖြစ်ကို သိရပြီးနောက် ခေါ်ခိုင်းလိုက်လေသည်။

သူတို့သားချင်းထဲဝယ် ယောကျ်ားလေးက ရှားသည်။ မြေးဦး လေး ရပြီဖြစ်သော်လည်း မိန်းကလေးတွေချည်းမို့ အဘိုးက ဘဝင် မကျ။

ခွန်မင်းသိုက် ရှိနေကြောင်း သိသဖြင့် အခေါ်တော်ဆင့်ခိုင်း လိုက်ခြင်းဖြစ်လေသည်။

ရေဝတ်တုန်း ရေတွင်းထဲကျ ဖြစ်ကာ ခွန်မင်းသိုက် လိုက် သွားခဲ့သည်။ သောကတွေကိုလည်း ဖြေဖျောက်ချင်သေးသည်။

ကံဆိုးချင်တော့…တောင်အတက်လမ်းမှ ကွေ့တစ်ကွေ့ ဘီးချော်ကာ ကားမှောက်တော့…

ခွန်မင်းသိုက် ခေါင်းဒဏ်ရကာ အတိတ်မေ့သွားခဲ့သည်။

သို့သော်…ကံအဆိုးနှင့်အကောင်း ဒွန်တွဲနေတတ်သော ခွန်မင်းသိုက်အဖို့…

ဘိုးအေနှင့်အဒေါ်ကြီးငယ်တို့၏ချစ်ခြင်း ပြုစုစောင့်ရှောက် ခြင်းကြောင့် တစ်နှစ်ခန့်အကြာတွင် ပြန်ကောင်းခဲ့သည်။

သတိကောင်းကောင်းခြင်း သူသတိရလိုက်သည်က–

"သီ…"





သီရှိရာသို့ လာခဲ့သော်လည်း အခါနှောင်းလေပြီ။

သီ့ဘကြီးနှင့်သာ ဆုံခဲ့သည်။

"ဘေဘီက မင်းကို စိတ်နာသွားလို့ လက်ထပ်လိုက်ပြီ၊ အောင်အောင်နဲ့ပဲ၊ လက်ထပ်တာက U.K မှာဆိုတော့ သတင်းစာထဲ မထည့်တော့ဘူး၊ ဒီမှာ စေ့စပ်သတင်း"

သတင်းစာကိုပြခဲ့သည်။

သူ့ရင်ထဲက မယုံကြည်နိုင်သော်လည်း ဦးကျော်မိုးတို့ခြံ သွား တော့…

သံရုံးကို ငှားထားသဖြင့် ဝင်ခွင့်ပင် မရခဲ့။

သို့နှင့် တောင်ပေါ်သို့ပြန်ကာ ကလော G.T.C သို့ပင် ဆက် တက်ပြီး အဘိုး၏စီးပွားရေးလုပ်ငန်းကို ဦးဆောင်ပေးခဲ့သည်။

သူ့ G.T.C ပြီး B.E ပြီးချိန်၌ အဘိုးဆုံးသွားခဲ့သည်။ အဘိုး ဆုံးတော့ အမွေတွေကို ဖေ့ရှနေမှတဆင့် ဆက်ခံခွင့် ရခဲ့ရာ သူက အများဆုံးဖြစ်နေခဲ့သည်။

နောက်ဆုံး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကိုသာ ဇောက်ချ ပြီး လုပ်ခဲ့ရာ ကလော၌လည်းကောင်း၊ ရန်ကုန်၌လည်းကောင်း နောက်ဆုံး ကျောက်မောင်နမရှိ ဘွားလေးဒေါ်ပျို့ကိုသာ မိဘနေရာ၌ ထားခဲ့လေသည်။

အဖေဘက်က ကြီးတော်နှင့် အဒေါ်နှစ်ယောက်နှင့် နမ ဝမ်းကွဲများက သူ့အား မနာလိုဖြစ်ကာ ဆက်ဆံရေး ကျဲသွားခဲ့သည်။ ယောက်ဖများနှင့်လည်း မပြေလည်တော့ အဖေ့ဇာတိမြေ၌ အဖေ့ရှိ သော ဥယျာဉ်ခြံမြေ၌ ဟိုတယ်တစ်လုံး ဆောက်ထားခဲ့သည်။ နှစ်စဉ် သွားကာ အဘိုးအဘွားဂူကို ရှင်းလင်းကန်တော့ခြင်း ပြုခဲ့သည်မှ



www.burmeseclassic.com

www.burmeseclassic.com



အပ ကျန်အဖေ့အမျိုးများနှင့်တော့ အဆက်အသွယ်ဖြတ်ခဲ့လေသည်။

(၁၆)နှစ်ဟူသော ကာလကို ပညာရေး၊ စီးပွားရေးနှင့် နပန်းလုံးနေခဲ့ရာ အချစ်ဟူသော ဝေဒနာကိုတော့ ဝီစကီလေး နှစ်ပက်လောက် သောက်ပြီး အိပ်ပျော်ခြင်းနှင့် ညစဉ်အဆုံးသတ်ခဲ့ရသည်။

ယခုတော့...

ကျောက်ခဲရေပေါ်သလို ပေါ်လာသော "သီ" ကို တွေ့ချင်ပါသည်။

"သီ" တစ်ပါးသူနှင့် လက်ထပ်သွားရလောက်အောင် သူ့အပေါ်စိတ်နာခဲ့တာ အမုန်းကောပါရဲ့လားဟူ၍...

ဘကြီးအောင် ညာတယ်လို့လည်း သီ့ဖခင်နှင့်ဘကြီးကို မစွပ်စွဲလိုပါ။

သို့သော် ပညာရှိဆန်ဆန်နှင့် သူတို့နှစ်ဦး၏ဇာတ်လမ်းကို နိဂုံးချုပ်စေခဲ့သည်။

ဒါပေမယ့်...ယခု "သီ" က သူ့အားစိန်ခေါ်နေလေပြီ။

မေတ္တာကြိုးဝိုင်းအတွင်းမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ ရှုံးနိမ့်သူ သူ့ကို သီက စတင်စိန်ခေါ်နေပြီမို့...

သူကလည်း ဘွာမကျတမ်း ရင်ဆိုင်ရမည်ပေါ့။

ခွန်မင်းသိုက် လေပူတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

"ဟူး..."







အခန်း(၂၀)

ဟေသီမောင် မကျေနပ်နိုင်။

သူ၏စိန်ခေါ်မှုကပဲ ဝန်ထမ်းတွေကို စိုးရွံ့စေခဲ့တာလား မသိနိုင်။

"ဒီတစ်ခေါက် သွားတဲ့စက်လှေပြန်လာရင် ဒေါက်တာတို့ ရပါမယ်ရှင်၊ လရောင်နဲ့ သဲဖြူကျွန်းရဲ့အလှက တစ်သက်တာ မေ့လို့မရအောင်ကို ဆွဲဆောင်မှု ရှိပါတယ် ဒေါက်တာ၊ ခေတ္တစောင့်ဆိုင်းပေးပါရှင်"

တာဝန်ခံဝန်ထမ်းကလည်း အပြောကောင်းသည်။

သူ့အပြောကောင်းတာက အရေးမကြီး။ တိုက်ဆိုင်မှုရှိခဲ့သော သူ့နှလုံးသားကြောင့် ရင်ထဲမှ...

"ဒါတွေ မင်းပြောမှလား...ငါသိပြီးသားတွေပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုနှင့်အတူ နှစ်ယောက်တည်း သွားလာခဲ့သောနေရာမှ သာယာလှပမှု၌ကြည်နူးမှုပါစွတ်ဖက်လိုက်သဖြင့် နတ်ပြည်နတ်နန်းက နန္ဒဝန် ပန်းဥယျာဉ်နှင့်လည်း မလဲနိုင်ပါဘူးဟုပင် ထင်မှတ်ခဲ့လေသည်။

"သီသီ...ဘာတဲ့လဲ"

"ရမှာပါတဲ့"

"သီသီက Bill တွေ မရှင်းလို့ထင်တယ်"

"လုပ်ကြည့်လိုက်လေ"

ဖုန်းကို Reception သို့ပြန်ခေါ်လိုက်သည်။ စိတ်အလိုမကျမှုက (၁၆)နှစ်လုံးလုံး ရှိခဲ့ပြီမို့ စိတ်မြန်ကိုယ်မြန်နှင့် ထစ်ကနဲရှိစိတ်တိုကာ ပေါက်ကွဲမှုက ရှိတတ်စမြဲပင်။

"ဟုတ်ကဲ့ ဒေါက်တာ...အမိန့်ရှိပါရှင်"

"ဘာလဲ...မင်းတို့ Boss ရဲ့ Bill ထဲ သွင်းမှာစိုးလို့ တမင်မစီစဉ်တာလား"

"ဟာဗျာ...သီသီကလည်း ကလေးကျနေတာပဲ၊ သားတာသဘောအဖြစ် ပြောတာကို"

ခွန်းချိုပင်လျှင် အားနာစွာ ညည်းညူသလို ပြောလိုက်သော်လည်း မရတော့။ စကားက ကျွံသွားလေပြီ။

"မဟုတ်ရပါဘူး ဒေါက်တာ၊ ဒေါက်တာ့ကျေးဇူး ရှိပါတယ် ဒေါက်တာအပေါ် ကျွန်မတို့ ပိုပြီးလေးစားရပါတယ်၊ ညနေစာ အရင် သုံးဆောင်ထားနှင့်မလားရှင်၊ စားပြီးလောက်ဆို အဆင်ပြေပါပြီ"

သို့ဆိုပြန်တော့လည်း ပင်ကိုယ်စိတ်က နူးညံ့သော ဖော် မောင် အားတို့အားနာဖြစ်သွားပြီး ကလေးတွေဘက် လှည့်ကာ—





"ဒင်နာ အရင်စားနှင့်ကြမလား"

"ကောင်းသားပဲ"

ဟု သံပြိုင်ဆုံးဖြတ်ချက် ရသဖြင့်...

"အင်း...မှာမယ်၊ စားပြီးချိန်မှာ သွားမှာနော်...ဖြစ်မလား"

"ဟုတ်ကဲ့ပါရှင်"

"ကဲ...ခွန်းချို၊ သားတို့ဘာသာ မှာတော့"

ခွန်းချိုကို ဖုန်းလွှဲပြောင်းပေးလိုက်သည်။

"စားနိုင်သလောက်ပဲ မှာနော်၊ အပိုအလျှံဆိုတာ မဖြစ်စေနဲ့၊ စားလို့ကုန်တာဆို မနမြောဘူး၊ အလဟဿ လွှင့်ပစ်ရတာဆိုရင်တော့ နမြောတယ်"

"သီသီက အဘွားကြီးနဲ့ တူလာပြီ...ပွစိပွစိနဲ့"

ဟု ခွန်းချိုက ဖုန်းစကားပြောခွက်ကို လက်နှင့် ပိတ်ရင်း သူ့အား လှည့်ပြောလိုက်လေသည်။

ဟေသီမောင်၏မျက်စောင်းလေးက ခွန်းချိုပေါ်သို့ ကျရောက်သွားသည်။ သို့သော် ချစ်စနိုး မျက်စောင်းလေးသာ ဖြစ်သည်။

အသက်(၃၆)နှစ်ဆိုသော မိမိအရွယ်သည် အဘွားကြီးဖြစ်နေပြီလား။

ပင့်သက်ရှိုက်လိုက်မိသည်။

သားအရွယ် ယောကျာ်းလေးတွေနှင့် လက်ပွန်းတတီး နေပြန်တော့လည်း သစ္စာမရှိသော ယောကျာ်း၊ သတ္တိမရှိသော ယောကျာ်းတစ်ဦးအတွက်ကြောင့် မြို့ငုံကာ ဝါးလုံးရှည်နှင့် သိမ်းကြုံးရမ်းလိုက်မိသည်။

"ဟိုဘက်နှစ်ဆောင်ကျော်မှာ အလန်လေးတွေရှိတယ်ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ရေရေလည်လည်လန်းတယ်"

"ဟင်းနော် ခွန်းချို၊ ယောက်ျားဆိုတာ မိန်းမတစ်ယောက်ကို တာဝန်မယူရဲဘဲနဲ့ သွားမစနဲ့"

"ဟာ...သီသီကလည်း၊ ပါးပါးလေးပဲ လန်းမှာ၊ ထူထူမလန်းဘူး"

"မင်းတို့ ခေတ်စကားတွေကလည်း ဘာမှန်းကို မသိဘူး၊ ဘာပဲပြောပြော ခွန်းချို...မင်းဆက်လျှောက်ရမယ့် ပညာရေးပန်းတိုင် မဆုံးခင်မှာ အိမ်ထောင်ရေးနွံထဲ မသက်ဆင်းစေချင်ဘူး"

"သီသီကလည်းဗျာ...စိတ်ချပါ၊ သားတို့ခေတ်က ကိုယ့်ကိုယ်ကို ပိုချစ်တဲ့ခေတ်ဗျ၊ ဒယ်ဒီတို့လို အိမ်ထောင့်တာဝန်တစ်ဖက်၊ သား တာဝန်တစ်ဖက်၊ မယားတာဝန်တစ်ဖက်နဲ့ ပညာရေးကို ကုတ်ကပ်ကြိုးစားရတဲ့အလုပ်မျိုး မလုပ်ဘူး"

"ဟင်..."

ဟေသီမောင့်ရင်ထဲ တော်လဲသံ မြည်ဟည်းသွားသည်။ ကိုကိုဆန်နီတို့အပေါ်၌ ခွန်းချို၏ကျေးဇူးတရား သိတတ်နားလည်မှု ရှိနေသည်။

သို့ဆိုပါက အဖြစ်မှန်ကို သိခဲ့လျှင်...

ထိုစဉ် မှာထားသော ညနေစာများ ရောက်လာသဖြင့် ခွန်းချို နှင့် စကားလက်စ ပြတ်သွားသည်။

အစားအသောက်များ လာပို့ချိန်တွင်ကော၊ ပြန်သိမ်းချိန် တွင်ပါ Bill မတင်ရဲတော့ချေ။

တစ်ခုခုတော့ တစ်ခုခုပါပဲ။

ထိုအချိန် ဧည့်ကြိုဝန်ထမ်းတစ်ဦးက...





"စက်လှေ အဆင့်သင့် ဖြစ်ပါပြီခင်ဗျာ၊ လှေဆိပ်ကို ဆင်းလို့ ရပါပြီ"

"ကောင်းပြီ...ကိုယ့်ဘာသာ သွားလိုက်ပါ့မယ်"

ဟေသီမောင် ခွန်းချိုကို ကားပေးမောင်းလိုက်သည်။

ကိုကိုဆန်နီ သင်ထားပေးသဖြင့် ခွန်းချိုက ကားကော ဆိုင်ကယ်လ်ပါ မောင်းတတ်သော်လည်း အသက်မပြည့်သေးသဖြင့် ပေးမမောင်းချေ။ သို့သော် မြို့ထဲနှင့် ညချမ်း လူရှင်းချိန်တွင်တော့ သားအဖနှစ်ယောက် ထွက်မောင်းနေကြဖြစ်သည်။

ကိုကိုဆန်နီတို့ လင်မယားထံ ဟေသီမောင် အကြွေးရှိနေသလို ခံစားရသည်။

ဖင်ဖင်အပေါ် မနာလိုစိတ်၊ မခံချင်စိတ်တို့သည်လည်း တဖြည်းဖြည်း လျော့ပါးသွားလေသည်။

"ဖြည်းဖြည်း ခွန်းချို...ချိုင့်တွေ ရှိတယ်၊ လမ်းက ဖုန်ထတယ်၊ ပတ်ဝန်းကျင် အနှောင့်အယှက်မဖြစ်စေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"Yes...သီသီ"

ဘာပြောပြော ခံမပြောဘဲ သူတို့မောင်နှမ ငယ်စဉ်ကလို "Yes(ရက်စ်)" ဟုသာ ပြောတတ်သည့်အကျင့်လေးကလည်း ဒါက တော့ မှဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါဖြစ်နိုင်သည်။

ကျန်အပြုအမူများကတော့ မျိုးရိုးဗီဇက စကားပြောသည် ထင့်။

ရုပ်ပါ တူရုံမက အသံဟန်ပန်တွေက လွှန်ခဲ့သော (၁၆) နှစ် ကျော်ခန့်က "ခွန်မင်းသိုက်" ပင်။ ရုပ်ရှင်ဗွီဒီယိုတွေလိုဆိုပါက နှစ်ကိုယ် ခွဲသည့်အလားပင်။

ဒါကို သူတင်မက သူတို့မိသားစုတစ်စုလုံး သတိပြုမိကြသော အခါ သံဝေဂ ရကြတာလား၊ လက်လျှော့လိုက်ကြတာလား မသိ၊ စကားအဆန်းတွေနှင့်အတူ ခွန်းချိုအနာဂတ်အတွက် ဘယ်သူမှ ဖန်တီးယူဖို့စကားမစကြတော့ချေ။

တစ်မျိုးလုံး ဆရာဝန်တွေ ဖြစ်ပါလျက် "အင်ဂျင်နီယာပဲ ဖြစ်ချင်တယ်၊ အင်ဂျင်နီယာလိုင်းပဲ ယူမယ်" ဟု သူ့ဆုံးဖြတ်ချက်ကို ယတိပြတ် ကြေညာလိုက်ချိန်ကစ၍ အားလုံးတုန်လှုပ်သွားခဲ့သည်။

ဆင်သေကို ဆိတ်သားရေနှင့် ဖုံးသလို မျိုးရိုးဗီဇဝါသနာ ဆိုတာကိုလည်း ဖုံးကွယ်၍မရနိုင်ကြောင်း သိလိုက်ရလေပြီ။

"ဟာ...လေ့ဆိပ်ရောက်ပြီထင်တယ်"

"ဟုတ်တယ် ခွန်းချို၊ အဲဒီနားကားရပ်...လော့တွေ ချလိုက်"

"Yes...သီသီ"

အဏ္ဏဝါ(၁)စက်လှေက အဆင်သင့် ရပ်ထားပေးလေ သည်။ ခေတ်မီတိုးတက်လာသဖြင့် ကိုယ်ပိုင်ဟိုတယ် ကိုယ်ပိုင်





စက်လှေများ ဖန်တီးပေးသောအခါ အပန်းဖြေရသူတွေအတွက် အဆင်ပြေလှသည်ပင်။

"သီသီ.."

"ဗုတ်"

"အဲဒါကော...Bill တင်မှာပဲလား"

"အေး.."

"လုပ်ချလိုက်ဟ...သီသီကတော့မိုက်တယ်ဗျာ"

ဟောသီမောင်ပြုံးလိုက်မိလေသည်။

ထို့နောက် အဏ္ဏဝါစက်လှေပေါ်သို့ လှေသားတစ်ဦး လမ်းညွှန်ပေးမှုနှင့် ကုန်းဘောင်ပေါ်မှတဆင့် တက်ခဲ့လေသည်။

"သီသီ...သတိထား၊ သားကိုကိုင်ထား"

ခွန်းချိုက သူ့လက်ကို ဆွဲကာ သတိနှင့် ခေါ်ဆောင်ပေးလေ သည်။

ဟောသီမောင်ရင်ထဲ သိမ့်ကနဲဖြစ်သွားသည်။ ခွန်းချိုလက်မှ တဆင့် သူ့သွေးကြောထဲသို့တိုင်အောင် စိမ့်ဝင်လာမှုက "အား" များ ပင်။

ဒါကြောင့် သားဆိုတာ "အား" ဆိုသည့် အားအင်တစ်ရပ်ပါ လား။

"ရတယ်နော် သီသီ"

"ရပါတယ် သား"

"ဟာ...စက်လှေမောင်းတဲ့လူက အလန်းလေးပါလား"

သူတို့ခေတ်က ဗန်းစကား "မိုက်တယ်" ဆိုသောနေရာ၌ "လန်းတယ်" ဟု နေရာဝင်ယူလာသည်ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ခွန်းချိုစကားကြောင့် ပေဟသီမောင် စက်လှေမောင်းသမားကိုလှမ်းကြည့်လိုက်သည်။

"ချာကနဲ" ကျောခိုင်းသွားသည်ကိုရိပ်ကနဲ တွေ့ရသည်။

စပယ်ယာ စက်လှေသမားက ကျောက်ဆူးကြိုးကို နှုတ်ယူလိုက်သည်။ စက်လှေက စတင်ထွက်ခွာလာသည်။

ကိုယ့်ငယ်စဉ်က ရုပ်သွင်ကို ကိုယ်ပြန်မြင်ရသည့်နယ်မို့ တဒင်္ဂတော့ ခွန်မင်းသိုက် တွေဝေသွားခဲ့ရသည်။

နောက်...အခေါ်အဝေါ် အသုံးအစွဲတွေကြောင့် ရင်ထဲ စနိုးစနောင့်ဖြစ်ကာနေလေသည်။

ဘယ်လိုတွေလဲ။

ကာယကံရှင်နှင့် ဆုံတွေ့ခွင့် မရမချင်း ကြားသိရသော သတင်းစကားတို့ကို အမှန်ဟု ထင်မှတ်ခြင်းက မိမိအမှားပေပဲလား။

"မောင်းလို့ရပါပြီ ဆရာ"





ဤမြေ ဤရေ ဤဒေသမှာ မွေးဖွားကြီးပြင်းကျင်လည်ကျက်စားခဲ့သူ သူ့အနေနှင့် အောက်မေ့မလွတ်ပါချေ။

ဤပင်လယ်ပြင်ထဲ၌တောင်ပေါ်သား သူ့ဖခင် အဲသက်စွန့်ခဲ့ရသလို မိခင်ကလည်း ဤမြေမှာပင် သေဆုံး၍ အဏ္ဏဝါပြင်နက်ထဲ အရိုးပြာကို သူမြှုပ်နှံပေးခဲ့ရသည်။

ဒါကြောင့် သူ၏ဘဝကိုလည်း ဤဒေသမှာပင် အဆုံးသတ်ရန် ဆုံးဖြတ်ထားသည်။

သို့သော်...

စီးပွားရေးအရကလော၊ ရန်ကုန်နှင့် ချောင်းသာကို ကူးချည်သန်းလှည့်နှင့် ကျင်လည်နေရသော သူ့ဘဝသည် မတည်ငြိမ်ခဲ့။ ထို့အတူ သူ့နှလုံးသားသည်လည်း ဒဏ်ရာဒဏ်ချက်နှင့် နလံမထူနိုင်သေးချေ။

ယခုတော့...

သူ့ထံသို့စက်လှေမောင်းသမားကိုပေသီးကပဲ့လာကိုင်လေသည်။

သူ...လှေဝမ်းထဲသို့ လှမ်းကြည့်လိုက်သည်။

နေက ပင်လယ်အောက် ငုတ်လျှိုးသွားပြီး ဖြစ်သော်လည်း ရောင်နီက ဖြန့်ကျက်လျက် ကျန်ရှိနေသေးသည်။

သို့သော်...လကလည်းအရှေ့ဘက်ဆီမှ ပြူထွက်လာသဖြင့် အလင်းရောင်က ကောင်းစွာရှိနေသည်။

အလှတွင်အယဉ်ဆင့်ကာ ကျက်သရေတွေဝိုးဝေနေသော ချစ်ကျွမ်းဝင်ခဲ့ဖူးသူကို ငေးကြည့်ရင်း ချာတိတ်တွေရှေ့မတွေ့ဖို့တာပဲ ကောင်းလိမ့်မည်ဟု သူတွေးရင်း ခိုးကြည့်ခြင်းနှင့်သာ ကျေနပ်နေ


www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"သဲဖြူကျွန်းက သဲတွေက နာမည်နဲ့ လိုက်တယ်နော်... ဖွေးနေတာပဲ"

"မနက်ဆို ကောင်းမယ်၊ ဓါတ်ပုံရိုက်လို့ အဆင်ပြေမယ်"

"မနက်ရောက်ရင် တစ်ခေါက်လာအုံးမယ် သီသီရာ"

သူ၏ကိုယ်ပွားက "သီ" ကိုခေါ်လိုက်တာ "သီသီ" တဲ့လား။

ဘယ်လိုတွေဖြစ်ကုန်ပြီလဲ။

တေဇာမောင်၏သား ဆိုရအောင်ကလည်း ရုပ်ချင်းက တစ်ခြားစီပင်။

သူတို့နှစ်ဦးကြား၌ မသိနိုင်သော ကန့်လန့်ကာတစ်ချပ်က တော့ ပိုင်းခြား၍နေခဲ့သည်။

"အခုလည်း ရိုက်ပေ့ါ၊ ဖလက်ရှ် ပါတာပဲဟာ"

"ဘယ်တူမလဲ သီသီရာ...နော်"

"ဟွန်း...တို့က ခဏခဏ မလိုက်ချင်ဘူး၊ နုတောင် လှိုင်းက မူးတယ်"

"ရှုံးဆေးပါတယ်မှတ်လား...ရှုံလေ သီသီ၊ နောက်နေ့ သီသီ မလိုက်ချင်နေပါ၊ ဒီစက်လှေနဲ့ပဲ သွားမယ်နော်၊ စက်လှေဆရာကြီး— မနက်ဖြန်မနက် ကျွန်တော်တို့ဆက်မယ်"

ကိုယ်ပွားချာတိတ်က သူ့ဘက်သို့လှည့်ကာ အပြောတွင်သူ ကဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းရင်း...

"အင်း..."

ဟု မပီမသ အသံပြုလိုက်လေသည်။

ထိုအချိန်တွင် သီကလည်း သူ့ကို လှမ်းအကြည့်နှင့် ဆုံရာ





"သီ" အကြည့်က သူ့ထံမှ မရုပ်သိမ်းတော့ချေ။

သူ့ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။

ချစ်ကျွမ်းဝင်ခဲ့ဖူးသူ...တရားဝင်လည်း လက်ထပ်ခဲ့ဖူးသူ... ချစ်သူဇနီးဟောင်းတစ်ယောက်နှင့် တွေ့ဆုံမှုဝယ်...

ပွင့်လင်းမှု မရှိ၊ ငဲ့ကွက်မှုတွေနှင့်မို့ ခွန်မင်းသိုက် ရင်ဝယ် နာကျင်လျက် ရှိနေပြီ။

"သီ" တွေ့သွားပြီ။

သူ့ကို မှတ်မိသွားပါစေ။

သီဘက်က စတင်လမ်းခင်းပေးမှ သူလျှောက်ရဲမည်၊

ဒါကလည်း "သီ" ဘက်မှ ဘာမှန်းမသိသော အဆွယ်အပွား တွေအတွက် ငဲ့ကွက်မှုပင်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၂၂)

"ပေသီး...မင်းလမ်းပြလုပ်လိုက်ကွာ"

"ဟုတ်ကဲ့ဆရာ"

ဒီဩဇာညောင်းသောအသံက ဂိုက်ဒ်လုပ်စဥ်က အသံအတိုင်းပါပဲလား။

နာကြည်းခြင်းတစ်ဝက်၊ စွဲလမ်းခြင်းကတစ်ဝက်နှင့် ရင်ဝယ်ရှုပ်ထွေးမှုများက နလုံးသားမှာ ရစ်ပတ်လျက်ရှိရာ...

"သီသီ ဝေးဝေးမလျှောက်နိုင်ဘူး၊ ဒီနားမှာပဲ စောင့်နေမယ်နော်၊ သိပ်အဝေးကြီး မသွားကြနဲ့"

"လန်းတယ် သီသီရာ၊ အိပ်မက်ကျွန်းလေးအတိုင်းပဲ...Dream Island ပေါ့နော်"

ခွန်းချိုကပြောပြောဆိုဆိုသူငယ်ချင်းများနှင့်ခုန်ပေါက်ဆော့





ကစားရင်း ဖြူမွမွ သဲသောင်၏အတွေ့၊ လရောင်၏ဆွဲဆောင်မှုတို့နောက်ကောက်ကောက်ပါသွားလေတော့သည်။

ကျောက်ဆူးချထားသောစက်လှေနှင့်မလှမ်းမကမ်းသောင်စပ်တွင် ကျန်ရစ်ခဲ့သူနှစ်ဦး။

တစ်ချိန်က သိပ်ချစ်ခဲ့ပြီး နီးရာလိုက်၊ ပုသိမ်တရားရုံး၌တရားဝင် လက်ထပ်ခဲ့ကြသူနှစ်ဦး တွေ့တော့ အမ်းတမ်းတမ်းဖြစ်နေရာမှ သူကယောက်ျားသားပေပဲ။

သီဘက်က စိန်ခေါ်ကာ လမ်းဖွင့်ထားသည်ဆိုတော့ လွမ်းခဲ့ရသမျှကို အတိုးချကာ နလုံးသားအက်ကြောင်းမှ ထွက်ပေါ်လာသောအသံဖြင့်...

"သီ"

"အဲဒီလို မခေါ်ပါနဲ့ ကိုကိုမင်း၊ ရင့်မိသားစုအပေါ် သစ္စာမဲ့ရာများ ကျနေမှာပေါ့"

ဟေသီမောင်ထံမှ ခနိုးခနဲ့ စကားကို သူချက်ချင်းပင် အဖြေပေးလိုက်နိုင်သည်။

"မိသားစု ဟုတ်လား သီ၊ ကို့မိသားစုဟာ သီပဲပေါ့၊ သီနဲ့ကို တရားဝင် လက်ထပ်ထားခဲ့ကြတာပဲ၊ ဒါပေမယ့် တရားဝင် မကွာရှင်းခဲ့ကြဘူးလေ၊ ဒီတော့ ကို့မိသားစုဟာ သီနဲ့...ဟိုချာတိတ်ကော..."

ခွန်မင်းသိုက်စကားကြောင့် ဟေသီမောင် ဆတ်ခနဲ တုန်ခါသွားလေသည်။

"ဟင့်အင်း...ဟင့်အင်း၊ သူဟာ ကိုကိုဆန်နီသားပဲ"

"သီ...ကို့ကိုယ်ပွားနဲ့ ချွတ်စွပ်တူတဲ့ ကလေးကို ကိုယ့်သားမဟုတ်ဘူးလို့ ငြင်းချင်သလား၊ ပြောစမ်းပါ သီ၊ ဆယ့်ခုနစ်နှစ်တာ



www.burmeseclassic.com

www.burmeseclassic.com

ကာလခရီးလမ်းကိုမင်းဘယ်လိုလျှောက်လှမ်းခဲ့ရတယ်ဆိုတာ…"

"နေစမ်းပါဦး…ထားခဲ့တာက ဘယ်သူလဲ၊ စာတစ်စောင်လက်ထပ်စာချုပ်နှစ်စောင်နဲ့အတူ ထားခဲ့တာက ရှင်လေ"

မောင်းတင်ထားခဲ့ သံမျှ ဟေသီမောင်၏စကားတစ်ခွန်းကြောင့် ခွန်မင်းသိုက် ငိုင်သွားရလေသည်။

သို့သော် ဟေသီမောင်၏ဖခင်နှင့်ဘကြီး၊ ပြီးတော့ အန်ကယ်လ် ဦးကျော်မိုးကို ယုံစားမိခဲ့သော သူ့အဖြစ်ကို ပြန်ပြောင်းကာ အကြောင်းစုံ ရှင်းပြရလေသည်။

"ဒီလိုပါဘေဘီ…"

ဟေသီမောင်ရင်ထဲ လှိုက်တက်လာသည်။ မျက်ရည်များကတော့ ရင်ထဲမှာသာ အိုင်ထွန်းပြီး အတွင်းခဲ ခဲသွားလေပြီ။

နာကြည်းခြင်းတို့ဖြင့် ဖမ့်မရခဲ့သောသူ၊ အမှန်တော့ တမ်းတခြင်းနှင့် လွမ်းမောခဲ့ရတာပါလား။

"အဲဒါပါပဲ သီ၊ သို့နေရာကို အစားမထိုးနိုင်သေးတော့ ကို့ဘဝကို စီးပွားရေးထဲမှာပဲ နှစ်မြှုပ်ခဲ့တာ ဒီနေ့အထိပါပဲ၊ ကို့မန်နေဂျာဆီက ဖုန်းဝင်တော့ ဒေါက်တာ ဟေသီမောင်လို့ကြားလိုက်တာနဲ့ ရန်ကုန်ကနေကို ပြေးလာခဲ့တာပါ"

နာကြည်းမှုအစိုင်အခဲက ကျေပျက်သွားပြီဆိုတော့ ကြည်နူးခြင်းတို့က စိမ့်ဝင်လာလေသည်။

"ကိုကသို့အပေါ်ဒီလောက်တောင် ချစ်ခဲ့တာလား" ဟု ပြောလိုက်ချင်သော်လည်း…

သို့သော် ခပ်လှမ်းလှမ်းမှ လျှောက်လာကြသော ခွန်း…လှသိုက်ကြောင့်…





"ကို…နောက်မှ သီ ရှင်းပြပါ့မယ်၊ လောလောဆယ်တော့ ခွန်းချိုတို့ရှေ့မှာ သီနဲ့ကိုဟာ သူငယ်ချင်းပဲပေါ့နော်…ပေါက်တယ်နော်"

"အိုကေ…ကို နားလည်ပါတယ်၊ ခုပဲ သူငယ်ချင်းလို့ ကြေညာမလား"

"နေပါဦး…နောက်နေ့ သူတို့ ဆော့ကစားချိန်မှ သီ့ဆီကို လာတွေ့ပါ"

"စိတ်ချပါ သီ၊ ကို စောင့်ကြည့်နေမယ်"

ခွန်မင်းသိုက် ဟေသီမောင်အနားမှ ခွါကာ စက်လှေပေါ်သို့ တက်လိုက်သည်။

သူ့အကြောင်းတွေကိုတော့ သီ့အား ပြောပြီးပြီ၊

သီ့ဘက်က အခြေအနေ မသိရသေး။

သို့သော်…ပြောင်းလဲလာသော သီ့လေသံများ၏နူးညံ့လာမှုက သူ့အတွက် အခြေအနေ များစွာကောင်းကြောင်း သိသာလေသည်မို့ ခွန်မင်းသိုက် စိတ်ကူးနှင့် မှန်းဆကာ မွေ့ပျော်ရလေပြီ။

၌ ၌ ၌ ၌

နောက်တစ်နေ့ နံနက်စာ စားပြီးသည်နှင့်…

"သားတို့ဖိုးကုလားကျွန်းနဲ့ သဲမြုံကျွန်းမှာ ခါတ်ပုံသွားရိုက်ဦး


www.burmeseclassic.com

www.burmeseclassic.com



မယ်"

"စက်လေ့ပြောပြီးပြီလား"

"ပြောပြီးပြီ…မနေ့က ကိုပေသီးနဲ့ပဲ၊ သီသီ လှိုင်းမူးရင် နေခဲ့လေ"

"မင်းတို့ချည်းပဲ စိတ်မချဘူး"

"စိတ်ချပါ…ကိုပေသီးက သူ့အပြင် နောက်ထပ်အဖော် နှစ်ယောက်ပါခေါ်ခဲ့မယ်တဲ့၊ သားတို့လုံခြုံရေးအတွက်လေ၊ အဟဲ…သီသီ့ ဘော်ဒါရဲ့တန်ဖိုးက တယ်ကြီးပါလား၊ ဘော်ဒီဂတ်တွေပါရလို့"

ရင်ထဲ ဒိန်းကနဲ မြည်ဟည်းသွားသည်။ ဒီကောင်လေး၏ အပြောင်အပျက် စကားက အတည်ဆိုပါက မည်ကဲ့သို့ ဖြစ်နိုင်မည်နည်း။

"သွားမယ်နော် သီသီ"

"တို့လိုက်ပို့…"

"နေနေ…သီသီ ပင်ပန်းတယ်၊ ဆိုင်ကယ် ကယ်ရီနဲ့ သွားလိုက်မယ်"

ခေတ်အလျောက် ပြောင်းလဲတိုးတက်လာသော အနေအထားအပေါ် အပြည့်အဝ အသုံးချချင်ကြသည်မှာ လူငယ်တို့၏ သဘာဝတရားပေပဲဟုဟေသီမောင်နားလည်ကာ ခွင့်ပြုလိုက်သည်။

"အန္တရာယ် မရှိစေနဲ့နော်၊ တို့စိတ်မပူပါရစေနဲ့"

"ဒုန်းဝါရီ(စိတ်မပူနဲ့) သီသီရာ၊ သားတို့ သွားပြီနော်"

"အေး…အေး"

ခွန်းချိုတို့ထွက်သွားပြီးသည်နှင့် သူ့လက်ကိုင်ဖုန်းမြည်လာသည်။





ညက လက်ကိုင်ဖုန်းနံပါတ်ချင်း ဖလှယ်ထားသည်ကို သတိရလိုက်သည်။ ဖုန်းစကင်န်ပေါ်၌ ခွန်မင်းသိုက်၏နံပါတ် ပေါ်လာသည်။

"အင်း…ပြော"

"ကျောက်မောင်နမက တို့အိမ်ကို လိုက်ခဲ့ပေးပါလား သီ"

"ချာတိတ်တွေ ပြန်လာရင် သီ့ကို မတွေ့ရင် ဘယ်လိုလုပ်မလဲ"

"သီ့ကို အချိန်မီ ပြန်ပို့ပေးပါ့မယ်၊ သီ့ကား မယူနဲ့၊ ကို့ကား သီ့ ဘန်ဂလိုနောက်က သီ့ကားဘေးမှာ ရပ်ထားတယ်"

"ဟင်…"

လိုက်ကာကြီးကို ဆွဲ၍ဟသွားသော လိုက်ကာကြားမှ ကြည့်လိုက်သောအခါ ခွန်မင်းသိုက်က ကားကိုမှီရပ်ကာ ဖုန်းပြောနေသည်ကို တွေ့လိုက်ရသည်။

အသားတွေ ဖြူဝင်းပြီး ပြည့်တင်းကာ လူကြီးလူကောင်း စတိုင် အပြည့်ဝင်နေသည်။ ကြည့်၍ပင် ကောင်းနေလေပြီ။

"လိုက်မယ်မှတ်လား သီ"

"အင်း…"

အခန်းသော့ကို ယူပြီး တံခါးကို လော့ချကာ ထွက်ခဲ့လေသည်။ စိတ်အလျင်မှာလည်း အတိတ်ကာလက နပျိုစဉ်တုန်းကလိုပင် တက်ကြွလန်းဆန်းလျက် ရှိလေသည်။

"လာ…သီ"

ကားတံခါးကို ဖွင့်ပေး၊ ပြန်ပိတ်ပေးပြီးမှ ယာဉ်မောင်းသူ နေရာသို့ယူကာ ညင်သာစွာ မောင်းထွက်ခဲ့လေသည်။

"ကို တစ်ညလုံး အိပ်မပျော်ဘူး၊ မိုးလင်းခါနီးမှ နိုးဟာခဲ့တာ၊



www.burmeseclassic.com

www.burmeseclassic.com



နီးနီးချင်း ရေချိုးပြီး တန်းထွက်လာတာ၊ အပျော်တွေ လွန်ပြီး ဘယ်က စပြောရမယ်ဆိုတာတောင် မသိတော့ဘူး"

"မသိရင် သိပြောတာကို နားထောင်ပေး"

"ကောင်းပါပြီ...အမိန့်ရှိပါ"

အချစ်တို့သည် ပြန်လည်ဆန်းသစ်ကာ နီးထလာခဲ့သည်ဆိုတော့ တက်ကြွလန်းဆန်းခြင်းတို့နှင့်အတူ ငယ်မူငယ်သွေးတို့က ကြွလျက်ရှိချေပြီ။

"သို့ ကို...ကိုထားခဲ့တဲ့အချိန်မှာပဲ ပါပါတို့ ရောက်လာခဲ့တယ် × × × ×"

သိမှန်သောစကားတွ ဆိုပါသည်။

သိကိုယ်ဝန်ရှိသည်ဟု သိလိုက်ရချိန်မှာ ကို့ကိုအမျှော်ဆုံးနှင့် အတမ်းတဆုံးဖြစ်ကာ ဖင်ဖင့်ကိုအကူအညီတောင်းကာ စာပေးဆက်သွယ်ခဲ့သည်ပါမကျန် အသေးစိတ် ရှင်းပြပြီးနောက်...

အောင်အောင်နှင့် စေ့စပ်ပြီး တစ်ခန်းရပ်သွားသည့် အဖြစ်ဆိုး။

နောက်...ခွန်းချိုကို စက်ာပူ၌ မွေးဖွားပြီးမြန်မာပြည် ပြန်လာတော့ ခွန်းချိုသည် ကိုကိုဆန်နီနှင့်ဖင်ဖင်တို့ သားအဖြစ်နှင့်သာ ဖြစ်ကြောင်း...

"ဒါကြောင့် ကိုထင်နေတယ်၊ ခွန်းချိုဟာ ကို့ကိုယ်ပွားပါလို့"

"ပါပါတို့လည်း သံဝေဂ ရသွားပုံရတယ်၊ လူတစ်ယောက်ရဲ့ ပုံစံခွက်ထဲ ဘယ်လောက်ထည့်ပြီး သွန်းလောင်းလောင်း မျိုးရိုးဆိုတာ ပျောက်နိုင်ခဲတယ်ဆိုတာကို သဘောပေါက်သွားကြတယ် ခုချိန်မှာ သိ စိတ်ချမ်းသာမယ်ဆိုရင် ဘာပဲလုပ်လုပ် လိုက်လျောသေး





မယ်တဲ့"

"ဒါဆို...ကိုတို့ပြန်ပေါင်းထုပ်မယ့်ကိစ္စကိုကောပေါ့"

ဟောသိမောင်က စိတ်အားထက်သန်စွာ ပြောနေသော ခွန်မင်းသိုက်ကို မျက်စောင်းလေး ဝင့်လိုက်ပြီး...

"ဟွန့်...ထင်တာပဲ၊ ချစ်တယ်ဆိုပြီး လိုက်လည်းမရှာ၊ မစုံစမ်းဘဲ နေနေပြီးမှ ချစ်တယ်လို့ ကြွေးကြော်တာကို မယုံနိုင်ပါဘူး၊ သိကို တွေ့ပြီးမှ ဖြစ်ရပ်မှန်ကို မေးပါတော့လား"

"ဩော်...အန်ကယ်ဦးကျော်မိုးလိုလူရဲ့စကားကို ယုံမှတ်ခဲ့တာ ကိုရဲ့အမှားပါ"

"ကို့အမှားလား...သိတို့ရဲ့ကံကြမ္မာလားဆိုတာတော့ သိလည်းမသိနိုင်ဘူး၊ ဒါပေမယ့်မကြာသေးခင်ကမှ သိရတဲ့ကိစ္စရှိတယ်"

"ဘာလဲ...သိ"

"အန်ကယ်လ်ဦးကျော်မိုးတို့ဟာ ဘဘကြီးနဲ့ ပါပါ့အပေါ်မှာ အကြွေးရှိတယ်၊ ဒါပေမယ့် ပါပါတို့ဟာ အဲဒီအကြွေးတွေကို လျှော်ပစ်လိုက်ပြီး သူတို့နိုင်ငံခြားထွက်တော့ လိုအပ်တဲ့ငွေကိုတောင် ထုတ်ချေးပြီး ခုထက်ထိ သူတို့အိမ်ကို ဒေါ်လာနဲ့ ငှားရမ်းဖို့ ဖန်တီးပေးနေဆဲလို့ သိရတယ်"

"ဒါဖြင့် ကို့...လူယုံသတ်တာ ခံလိုက်ရတာပေါ့နော်၊ အင်းလေ အောင်အောင်အသက်ကို ကိုက တစ်ခါပဲ ကယ်ပေးနိုင်ခဲ့တာကိုး၊ သေနေ့စေ့တော့ ဘယ်သူကမှကယ်လို့မရနိုင်ပါလား...သိ"

"ပြော...ကို..."

"ကို့အချစ်ကို အကြွင်းမဲ့ ယုံကြည်လက်ခံတယ်ဆိုရင် အားလုံးကိုရင်ဆိုင်လိုက်ကြရအောင်နော် သိ"



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးဆိုတဲ့အထဲမှာ သီကြောက်တာ တစ်ယောက်တည်းပဲ ရှိတယ်၊ သူ့ကိုရင်ဆိုင်ဖို့ရာကို သီ ဘယ်လိုနည်းတွေကိုသုံးရမယ်ဆိုတာ သီ စဉ်းစားလို့မရဘူး ဖြစ်နေတယ်"

"ဟင်...ဘယ်သူလဲ သီ"

"ခွန်းချိုမောင်ကိုပေါ့"

ပြောရင်း မျက်ရည်တွေက ဝေ့တက်လာသည်။ သို့သော် မျက်ရည်ကျခြင်းဖြင့် ချစ်သူ၏ဂရုဏာကို မရယူလိုသဖြင့် မျက်တောင်ပုတ်ခတ်ပုတ်ခတ် လုပ်ကာ မျက်ရည်တို့ကို သိမ်းဆည်းပစ်လိုက်လေသည်။

"ဒီအတွက် ဘာမှမစိုးရိမ်နဲ့ သီ၊ ကို့သားကို ကိုတာဝန်ယူပါတယ်...ဒါပေမယ့်..."

"ဒါပေမယ့်...ဘာဖြစ်သလဲ ကို"

"အချိန်တော့ နည်းနည်းယူရလိမ့်မယ်၊ သီတို့ ပြန်ရင် ကိုလည်း ရန်ကုန်ပြန်လိုက်ခဲ့မယ်၊ ဖေဖေ၊ ဇင်ဇင်တို့ အပါအဝင် ခွန်းချိုအသိုးအသွားတွေ အားလုံးနဲ့ ဆုံကြည့်မယ်"

ဟေသီမောင် ရုတ်တရက် စိုးရိမ်သွားမိသော်လည်း အခု ခွန်မင်းသိုက်အခြေအနေနဲ့ ယခင် ခွန်မင်းသိုက်အခြေအနေမှ မတူတော့တာ။

နောက်ပြီး မိဘနေရာသို့ရောက်နေပြီဖြစ်သော သူ့အနေနှင့် ခွန်းချိုစိတ်ထိခိုက်မယ့်အရေးကို ကြိုတင်တွေးကာ ကြောက်လန့်နေမိသည်။

"ရောက်ပြီ သီ"

ကျောက်ဆောင်ရှိသောဘက်၌ ကမ်းပါးကို ခါးစောင်းတင်





ကာ ဆောက်ထားသော ဘန်ဂလိုဆန်ဆန် အိမ်လေးတစ်လုံးကို တွေ့လိုက်ရသည်။

"ဟင်...ချစ်စရာလေး"

"ဒါ ကိုမြုပ်နှံခဲ့ရတဲ့ဘဝပဲလေ၊ သူများတွေအတွက် တစ်လုံးပြီးတစ်လုံး ဆောက်ပေးခဲ့ပေမယ့် ကိုယ့်အတွက် ဆောက်တဲ့အိမ်တွေမှာ နေစရာအိမ်အဖြစ် ဖန်တီးပေးမယ့်သူ မရှိတော့ နေအိမ်မဖြစ်ခဲ့ဘူးပေါ့ သီ၊ ခုကို့အိမ်တွေကို သီ့လက် အပ်ပါတယ်၊ နေအိမ်အဖြစ် ဖန်တီးပေးပြီးရင် မိသားစုလေး ဖြစ်အောင် ဖန်တီးပေးပါတော့ သီ"

နှစ်ယောက်သား ကားပေါ်မှ ဆင်းကာ အိမ်ထဲဆီသို့လျှောက်လှမ်းဝင်ချိန်တွင် ခွန်မင်းသိုက်က ဟေသီမောင့် ပခုံးကို တယုတယ ဖက်တွယ်ရင်း သူ့ဆန္ဒကို ထုတ်ဖော်လိုက်လေသည်။

ဟေသီမောင်ကလည်း ပင့်သက်ကိုရှိုက်ကာ...

"သီလည်း မိန်းမတစ်ယောက်ပါ ကို၊ နေအိမ်ကို ဖန်တီးပြီး မိသားစုဘဝလေးကို တည်ဆောက်ချင်တာပေါ့ ကိုရယ်၊ ဒါပေမယ့်..."

"နိုး...နိုး...သီနဲ့ကို့ကြားမှာ ဒါပေမယ့်ဆိုတာတွေ မရှိစေရတော့ဘူး သီ"

ပြောပြောဆိုဆို ဟေသီမောင်၏ တလှုပ်လှုပ် နှုတ်ခမ်းနှစ်လွှာကို ခွန်မင်းသိုက်က ပြောခွင့်မပေးတော့ပဲ ပိုင်စိုးပိုင်နင်း ပိတ်ပစ်လိုက်လေတော့သည်မို့...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၂)

ချောင်းသာကပြန်လာပြီးကတည်းက ဟေသီမောင်မှာအင်အားသစ်တွေ တိုးပွားလာသည့်နှယ် သတ္တိတွေ ရှိနေပြီး စကားတွေလည်းများလာသည်။

"ဇင်ဇင်...နင့်ကို ငါ သိပ်ကျေးဇူးတင်တယ် သိလား"

မိသားစုတွေကိုပြောစရာရှိသည်ဟု ဟေသီမောင်ကြေညာလိုက်ပြီးနောက် ပထမဦးဆုံး ဇင်ဇင့်ကို အရင်သွားတွေ့သည်။

ဇင်ဇင်က အဆက်အစပ် မရှိသောစကားကြောင့် ကြောင်တောင်တောင် ဖြစ်သွားသည်။ သို့သော် သူ၏ မထုံတတ်တေးဟန်အတိုင်း...

"အဆက်အစပ် မရှိပါလား ဟေသီ"

"ဘာပဲပြောပြော နင်ဟာ ခွန်းချိုကို ဒီလောက်ဖြစ်ထွန်း





အောင်ပြုစုခဲ့တဲ့ နင့်ကျေးဇူးတွေကို ငါဆပ်မှာပါ"

"ဘာနည်းနဲ့ ဆပ်မှာလဲ ဟေသီ၊ အေးလေ...နင် ဘာနည်းတွေ စဉ်းစားထားတယ်ဆိုတာ ငါမသိချင်ဘူး၊ ဒါပေမယ့် ငါတောင်းဆိုချင်တာ တစ်ခုပဲ ရှိတယ်၊ ခွန်းချိုဟာ ငါ့သားပါ၊ ငါတို့ဘဝထဲကနေ ဆွဲထုတ်မသွားပါနဲ့ဟာ၊ ဒါငါ့ကို ကျေးဇူးဆပ်တာပါ"

ဟေသီမောင် စကားဆက်ပြောဖို့ရာ တွန့်ဆုတ်သွားလေတော့သည်။

ခွန်းချိုကို သူ့ဝမ်းနှင့်သာ လွယ်ခဲ့သည်။ သူ့ဝမ်းထဲမှ ကျွတ်သွားသည်နှင့် နို့ဘူးတိုက်ကျွေး အိပ်ပျက်ခံ ယုယပြုစုခဲ့ရသူက ဇင်ဇင်။

"နင် ခွန်းချိုကို ဒီလောက်ချစ်တာ သိရတော့ ငါ ဘာပြောရက်မှာလဲ ဇင်ဇင်၊ တစ်ခုပဲ ရှိတယ် ဇင်ဇင်၊ သား...သူ့ဘာသာသူ သိမှာထက်စာရင် ငါတို့ဘက်စပြီး အသိပေးထားရင် ကောင်းမလားလို့ ငါတွေးမိတာပါ"

အမြဲတစေ မထုံတက်တေးနေတတ်သော ဇင်ဇင့်လတ်တုန်လှုပ်သွားရပြီ။

"တော်ပြီ...ငါ ကိုကို့နောက်လည်း လိုက်မသွားတော့ဘူး၊ ဖန်ပြွန်သန္ဓေကိစ္စလည်း လက်လျှော့လိုက်ပြီ၊ ငါ့ဘဝမှာ သား ခွန်းချိုကလွဲပြီး ဘာမှအရေးမကြီးတော့ဘူး၊ ဟင့်...ဟင့်...ငါတောင်းပန်ပါတယ် ဟေသီ၊ ငါကိုကိုတေဇာကိုရယူချင်တဲ့ဆန္ဒတစ်ခုတည်းနဲ့ ဒီဇာတ်လမ်းကိုကြီးမေတို့နဲ့ တိုင်ပင်ဖန်တီးခဲ့တာ မှန်ပေမယ့် တကယ်တမ်း ခွန်းချိုလေး ငါ့ရင်ခွင်ထဲ ရောက်လာတဲ့အခါမှာတော့ ငါတန်ဖိုးအထားရဆုံး အတွယ်တာရဆုံးဟာ ခွန်းချိုဖြစ်ခဲ့ပါတယ်၊ နင်သိပါတယ် ခွန်းချိုအတွက် ငါဘယ်လိုပေးဆပ်ခဲ့ရတယ်ဆိုတာ..."



www.burmeseclassic.com

www.burmeseclassic.com



ပျော့ညံ့ကာ တစ်ဖက်သားကို သနားလွယ်သော ဟေသီ မောင်မောင်းတင်ခဲ့သမျှတို့ပြုတ်ကျကာ…

"အေးပါဟာ…ငါဘာမှမပြောပါဘူး…မတောင်းဆိုပါဘူး၊ ခွန်းချိုကိုနင်တို့ဆက်ချစ်သွားရင်ပဲ ငါကျေနပ်နေမှာပါဟာ"

ဟုပြောပြီး ဇင်ဇင်ကိုနှစ်သိမ့်မှုပေးကာ သူထွက်ခဲ့လေသည်။

ညခေါင်းရင်းအိမ်ဘက် ကူးကာ ညစာစားအပြီးတွင် ဧည့်ခန်း၌ ဇင်ဇင့်လက်ရာ ဖွယ်ဖွယ်ရာရာ အချိုပွဲ စားသုံးရင်း…

"ကိုင်း…ဘေဘီ၊ ပြောစရာရှိတာသာ စပြောပေတော့"

အန်တီကြီးက ခွင့်ပြုလိုက်သော်လည်း ဘဘကြီးက…

"နေဦး…ကြီးရေ၊ အထူးဧည့်သည် ရှိသေးတယ်၊ ဟော… ကားသံကြားတယ်၊ ဘေဘီ သွားကြိုလိုက်ပါဦး"

ဒီနေ့ညနေ ခွန်းချိုကိုတမင် ရှော့ပင်းမောတစ်ခု၌ သူငယ်ချင်းများနှင့် ကစားခွင့် ပေးကာထားလိုက်သည်။

ဒါက သူတို့မိသားစု ထုံးစံပင်။

ထို့ကြောင့် ခွန်းချိုပြန်လာတာ မဖြစ်နိုင်။

ဟေသီမောင် အပြင်ထွက်ကြည့်လိုက်သည်။

"ဟင်…"

ပေါ်တီကိုအောက်တွင် ပါရာဒိုတစ်စီး ရပ်ပြီးဆင်းလာသူက ခွန်မင်းသိုက်။

ဟေသီမောင် မျက်လုံးမျက်ဆန်ပြူးသွားလေသည်။

ခွန်မင်းသိုက်က သူ့ထုံးစံအတိုင်း ကျက်သရေရှိသော အပြုံး တစ်ရပ်ကို ဖန်တီးရင်း…

"ဘယ့်နှယ့်…ဧည့်သည်ကို အိမ်ထဲ မခေါ်တော့ဘူးလား"





"လာလေ…ဘယ်က…ဘယ်လို"

"လာပါ…အိမ်ထဲ ရောက်တော့ သိမှာပေါ့"

ခွန်မင်းသိုက်ကပင် ဧည့်ခန်းထဲသို့ဦးဆောင်ဝင်သွားလေရာ ဟေသီမောင်လည်း ထက်ကြပ်မကွာ လိုက်ရလေသည်။

"ဟင်…"

"ဟာ…ကိုကိုမင်း"

"ဒါ…"

အားလုံး အံ့အားသင့်သွားကြသည်၊ သို့သော် ထိုအထဲ လုံးဝ အံ့သြဟန်မပြသူနှစ်ယောက် ရှိနေသည်၊

ဦးကိုကိုမောင်နှင့် ဦးညီညီမောင်တို့ ညီအစ်ကိုနှစ်ဦးဖြစ် သည်။ သူတို့နှစ်ဦးထံသို့ ခွန်မင်းသိုက်က လာရောက်တွေ့ဆုံခဲ့ပြီးပြီ၊

"လွှမ်းစရာကို နာစရာနဲ့ ဖြေခဲ့ပြီးလို့ ကျွန်တော့်ဘဝဟာ လည်း အန်ကယ်လ်တို့ထက် မမြင့်မားရင်တောင် မနိမ့်ကျတော့ပါဘူး၊ ဒါကြောင့် အန်ကယ်လ်တို့ကတိစကားအရ ကျွန်တော့်ဇနီးကိုပြန်ခေါ် ခွင့်ပြုပါ" ဟူ၍ သူပိုင်ဆိုင်မှုများကို စာရွက်စာတမ်းများနှင့် သက်သေပြ ပြီး လာရောက်တွေ့ဆုံခဲ့ပြီးဖြစ်သည်။

အသက်အရွယ်အရ မာန်ကျသွားပြီဖြစ်သော ဦးကိုကိုမောင် တို့ညီအစ်ကိုနှစ်ဦးမှာ…

"အေးပါကွာ…အန်ကယ်လ်တို့ဘက်က မှားခဲ့ပါတယ်၊ ဒီအတွက် မင်းဆန္ဒကို လိုက်လျောပါတယ်၊ ဒါဟာ မင်းပိုင်ဆိုင်မှုတွေ ကြောင့် မဟုတ်ဘူး၊ မင်းပိုင်ဆိုင်မှုတွေ ကြိုက်တဲ့ဆီ လှူပစ် ပေးပစ်နိုင် တယ်၊ အန်ကယ်လ်တို့ပိုင်ဆိုင်မှုမှန်သမျှဟာ ဆန်နီနဲ့ဘေဘီအတွက် ပဲမို့ စည်းစိမ်ချမ်းသာဆိုတာ ဘေဘီတို့အတွက် မလိုအပ်ဘူး၊ ဘေဘီ



www.burmeseclassic.com

www.burmeseclassic.com



အတွက် လိုအပ်နေတဲ့ကွက်လပ်ကို ငါတို့လည်း မဖြည့်ပေးနိုင်ဘူး၊ မင်းပဲဖြည့်ပေးနိုင်မှာမို့ အန်ကယ်လ်တို့ လက်ခံနိုင်ပါပြီကွာ"

ဟုကတိစကားနှင့်အတူ ညနေ အိမ်ကိုကြွခဲ့ဖို့ဖိတ်ခေါ်ခဲ့လေသည်။

ခွန်းချိုအကြောင်းတော့မဟခဲ့ချေ။

"ထိုင်...သားနဲ့သမီး"

ဦးကိုကိုမောင်က နစ်ယောက်ထိုင် ဆိုဖာကိုညွှန်ပြကာ ခွင့်ပြုလိုက်လေသည်။

ဒေါ်တင်တင်ကြီးနှင့်ဒေါ်တင်တင်ငယ်က နားမလည်၊

တေဇာမောင်ကယောက်ဖကိုရယ်သွေးသွမ်းကာ...

"အစ်ကိုက အရင်ကထက်ပိုခန့်ချောချောလာတယ်...ဟင်း"

ခွန်းချိုကို သတိရလိုက်ပြီး စကားအဆုံး၌ သက်ပြင်းချလိုက်မိလေသည်။

ဇင်ဇင်က မျက်စိမျက်နှာပျက်နေလေပြီ၊ အသံမထွက်နိုင်တော့။ ဟေသီမောင်က ဇင်ဇင်ကို အားပေးသောအကြည့်တွေ ကြည့်ကာ ခေါင်းခါပြလိုက်သည်။

"မစိုးရိမ်ပါနဲ့ ဇင်ဇင်" ဟု စိတ်တွင်း၌သာ ပြောကြားလိုက်သည်။

"ကျွန်တော် ခုလာတာ ကျွန်တော့်ဇနီးနဲ့သားကို ကျွန်တော် ပြန်ခေါ်ချင်လို့ပါပဲ၊ ဒီအတွက် အန်ကယ်လ်တို့ အန်တီတို့ ခွင့်ပြုပေးကြပါ"

"ဟင်..."

ဟေသီမောင်က ဘေးမှ ခွန်မင်းသိုက်ကို လှည့်ကြည့်လိုက်





သည်။

"မဖြစ်ဘူးလေ ကို၊ သားကိစ္စကို ထည့်မပြောပါနဲ့"

ဇင်ဇင့်အပေါ် ကတိမတည်ရာကျမှာစိုးသဖြင့် ဟေသီမောင် အလန့်တကြားငြင်းဆန်လိုက်သည်၊

ဇင်ဇင်လတ်ကလည်း...

"ဒါတော့ လုံးဝမဖြစ်နိုင်ဘူး"

ဟုစိုးရိမ်တကြီးငြင်းဆန်လိုက်သည်၊

"ဟုတ်ပါတယ် လူလေး၊ ဒီတစ်ချက်ကိုတော့ ခွင့်လွှတ်ပေးပါကွာ၊ မင်းတို့သွေးဟာ မင်းတို့သွေးပါပဲ၊ ဒါပေမယ့် ဘေဘီက အသားအုပြီး ပစ်သွားတဲ့ ဘဲမပါကွာ၊ ဇင်ဇင်က ဘဲဥကို ရင်ငွေ့ပေးပြီး ပြုစုယုယ လာတဲ့ မိခင်ကြက်မကြီးလိုပါပဲ၊ ဒီအတွက်တော့ မင်းတို့စာနာနားလည်သင့်ပါတယ်"

ခွန်မင်းသိုက် တွေဝေသွားရသည်၊

သားရွှေအိုးထမ်းလာကိန်းကို မြင်ရခါမှ လွဲဖယ်ရသည့် အဖြစ်မျိုးပါလား။

ထိုစဉ် ကားကို ဟေသီမောင်တို့အိမ်ရှေ့ထားပြီးမှ သူတို့အိမ်ရှေ့တွင် ပါရာဒို ဆဲရောင်တစ်စီး လှမ်းတွေ့လိုက်သဖြင့် ခေါင်းရင်းအိမ်ဘက်သို့ပင် ခွန်းချို ဆက်လျှောက်လာခဲ့သည်၊

ပြတင်းပေါက်မှ အသာချောင်းအကြည့်တွင်...

သူနှင့် ရုပ်ချင်းဆင်သော လူကြီးတစ်ယောက်နှင့် သီသီ ယှဉ်ထိုင်နေသည်။

သူသဘောပေါက်လိုက်ပြီ၊

ခရုပတ်ဝက်ပါကြားက သူ၏ဘဝမှန်ကိုလည်း သူတွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပြီ။

တံခါးဝသို့ တိတ်တိတ်ကလေး ချွတ်နင်းကာ လျှောက်သွားပြီး နားအစွင့်တွင် အကုန်ကြားနေရသည်။

"ကျွန်တော့်သားရဲ့ဘဝမှန်ကို ဖုံးကွယ်ပြီး မထားစေချင်ဘူး၊ ဘဝမှန်နဲ့ ကြီးပြင်းစေချင်တယ်၊ ဒါဟာ ကျွန်တော်က တေဇာနဲ့ ဇင်ဇင်တို့ကို ကျေးဇူးကန်းပြီး ပြောတာ မဟုတ်ပါဘူး"

"သားအတွက် ဖုံးကွယ်တာပါ၊ နနယ်တဲ့နလုံးသားမှာ ဒဏ်ရာတွေမရစေချင်ဘူး၊ သားဟာ (၁၆) နှစ်ပဲရှိပါသေးတယ်၊ အချိန်တန်ရင် ဇင်ဇင်ကိုယ်တိုင် ဖွင့်ပြောမှာပါ"

မာမီ့မျက်ရည်စက်တွေကို သူမခံစားနိုင်။

လက်စသတ်တော့ မာမီဟာ အနစ်နာခံပြီး သူ့ကို လူလားမြောက်အောင် ကျွေးမွေးခဲ့သူ၊ မျက်စိအောက်က အပျောက်မခံတမ်း သူ့အား စောင့်ရှောက်ခဲ့သူ၊ ယုယကြင်နာခဲ့သူ၊ သူ့မိခင်ရင်း သီသီကတော့ အပျိုစင် အမည်ခံပြီး လှတပတလေးနှင့် လန်းနေသူပါလား။ ဒါလား မိခင်ရင်း။

တော်ပြီ...ဒယ်ဒီနှင့်မာမီကလွဲပြီး သူ့၌ အဖေအမေ ထပ်မရှိစေရ၊ သူ နောက်ကြောင်းသို့ပြန်လှည့်ခဲ့သည်။

သူအရွယ်ရောက်လာမှ သားပြန်တော်ချင်သော "သီသီ" ကို သူ မချစ်တော့၊ မလေးစားတော့။ ရင်ဝယ် အနာတရနှင့် ခြေရင်းအိမ်ဘက်သို့ ပြန်လာခဲ့လိုက်လေသည်။ ရပ်ထားသောကားပေါ် ကမူးရှူး ထိုး တက်ကာ သော့တန်းလန်း ရှိနေသဖြင့် မောင်းထွက်ခဲ့လိုက်လေသည်။

ခွန်းချိုမြို့ပြင်သို့အထွက် လမ်းထဲ မောင်းဝင်လာသော ကား





တစ်စီးကို လှမ်းတွေ့လိုက်ရသဖြင့် ဘရိတ်အုပ်လိုက်သော်လည်း နောက်ကျသွားလေပြီ။ လူက မြောက်တက်ပြီး မျက်လုံးများပြာဝေသွားသည်။

"ဒုန်း..."

"ဂျိမ်း..."

အားလုံး၏စကားသံများ ရပ်တန့်သွားပြီး အသံကြားရာဆီသို့ နားစွင့်လိုက်သည်။ တေဇာမောင်က ထအကြည့်တွင် သူ့တို့ခြံထိပ်၌ ကားအက်စီဒင့်တစ်ခု ဖြစ်ပွားနေသည်၊ ပြီးတော့...သူ့ကား။

"ဟာ...ခြံဝမှာ၊ ဘုရား...ဘုရား...သားများ"

တေဇာမောင် ပြေးထွက်သွားသည်။

သူ့နောက်မှ အားလုံးအသီးသီး လိုက်ပါလာခဲ့လေသည်။

ကားထဲ ခွေခွေခေါက်ခေါက်လဲနေသော ခွန်းချိုကိုတွေ့လိုက်ရသည်နှင့် မိသားစုဝင်အားလုံး သဲကြိုလှမတတ် ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

"သား..."



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၃)

ခြေရင်းအိမ်မှ အိမ်တော်ထိန်းကြီး အန်တီစိန် ပြောပြချက်အရ ခွန်းချို ခေါင်းရင်းအိမ်ဘက်သို့ သွားသည်။

ပြန်လာတာ မသိလိုက်ရတဲ့...။

သို့ဆိုလျှင် အားလုံးသုံးသပ်လိုက်မိသည်က...

သူတို့၏စကားများကို ခွန်းချိုကြားသွားသဖြင့် ပေါက်ကွဲသွားခြင်းဖြစ်သည်ဟု...။

ခွန်းချိုသတိရလာတော့...

"မာမီ..."

ဇင်ဇင်လတ်ကိုသာ တမ်းတမ်းတတ ခေါ်သည်။

နောက် စကားအနည်းငယ် ပီသလာသည်နှင့်...

"ဒယ်ဒီမာမီကလွဲရင် ဘယ်သူ့ကိုမှ မတွေ့ချင်ဘူး" တဲ့...။





ဘယ်သူတွေကို မတွေ့ချင်ဘူးလဲဟု မပြောသော်လည်း အားလုံးကတော့ ရိပ်မိကြလေသည်။ ဘိုးဘွားတွေကိုတော့ မဟုတ်။

သူမတွေ့ချင်သူတွေကလည်း လာတွေ့၍မရသေးချေ။

အဘယ်ကြောင့်ဆိုသော်...

ကားကို ကမ္ဘာ့ရှူးထိုး မောင်းထွက်သွားသော ခွန်းချိုသည် လုံခြုံရေးခါးပတ် မပတ်မိတာကြောင့် ကားထဲ၌ စကောထဲ ဆီးဖြူသီးလိုမ့်သလို ဖြစ်သွားပြီး ပြင်ပဒဏ်ရာကော အတွင်းကြေဒဏ်ရာပါ ရသွားခဲ့သည်။

ပြင်ပဒဏ်ရာက မျက်နှာပြင်အသားများ စုတ်ပြတ်သွားသဖြင့် ခွန်မင်းသိုက်က သူ့ပေါင်မှ အသားအရေများတို့ အစားထိုးဖြည့်စွက်ကာ မူလအသားအရေနှင့် နဂိုရုပ်ရည်အတိုင်း ပြန်ဖြစ်စေသည်။

နောက်...လိုအပ်သော သွေးကိုလည်း သားကော အမေကိုပါ ဖြည့်စွက်ပေးရသဖြင့် သွေးပြန်ပြည့်ရန်နှင့် ပေါင်မှာ ခွဲစိတ်ဒဏ်ရာအတွက် အခြားတစ်ဖက်ခန်းမှာ အနားယူနေလေသည်။

အလားတူပင်...ခွန်းချို၏ကျောက်ကပ် ပျက်စီးသွားမှုအတွက် သူ့ကျောက်ကပ်တစ်ခြမ်း ပေးပြီး အစားထိုး ကုသစေလိုက်သူက ဟေသီမောင်ပင်။

ဆေးပညာ စမ်းသပ်ချက်များအရ ဟေသီမောင်၏ကျောက်ကပ်နှင့်သာ အစားထိုး ကုသနိုင်သည်ဟူသော ရလဒ်ကြောင့် ခွန်မင်းသိုက်၊ တေဇာမောင်နှင့် ဇင်ဇင်လတ်တို့လက်လျှော့လိုက်ရပြီး ဟေသီမောင်၏ကျောက်ကပ်တစ်လုံးကိုသာ ထုတ်ယူစေလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် ဟေသီမောင်လည်း ဆေးကုသမှု ခံယူနေရဆဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်မို့ ခွန်းချိုကို သွားမတွေ့နိုင်ချေ။

အရင်ဆုံး ထူထောင်သူမှာ ခွန်မင်းသိုက်ပင်။ သူလမ်းလျှောက်နိုင်သည်နှင့် အရင်ဆုံး သွားတွေ့သူမှာ ဟေသီမောင်ကိုပင်ဖြစ်သည်။

"သီ…နေသာရဲ့လား"

"အင်း…ကိုကော…"

"ကိုလား…ကောင်းသွားပြီ၊ သီ့ကို ထမ်းဆိုရင်တောင် ထမ်းခေါ်နိုင်ပြီ"

ခွန်မင်းသိုက်က အရွှန်းလေး ဖောက်ကာ ပြောဆိုရင်း ဟေသီမောင်ကုတင်အနီး ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"သားမျက်နှာ ပတ်တီးဖြေပြီလား"

"မဖြည်ရသေးဘူး…ကောင်းသွားမှာပါ၊ ကိုတို့ ဆန္ဒမစောတော့ပါဘူး၊ ဝေဇာနဲ့ဇင်ဇင်တို့ရဲ့ သားအပေါ် ထားတဲ့ မေတ္တာတရားဟာလည်း ကိုတို့ထက် မလျှော့ပါးနိုင်ဘူး၊ ဒါကြောင့် ကိုတို့ ခွန်းချိုကို ပိုင်ဆိုင်ချင်တဲ့ဆန္ဒကို လက်လျှော့လိုက်ကြရအောင်"

"သီကတော့ ခွန်းချိုဆန္ဒအတိုင်း ရှိစေချင်တယ်"

"အချိန်တန်ရင် သွေးက စကားပြောလာမှာပါ သီ"

"ဟုတ်ပါတယ်…သားကို ပိုင်ဆိုင်ခွင့်ကို ကိုကိုနဲ့ ဇင်ဇင့်ကို ပေးပြီးပြီးပဲ…ပြန်မမျှော်လင့်တော့ပါဘူး၊ ဒါပေမယ့် သားဆီကတော့ ဖေဖေ မေမေဆိုတဲ့ အသိအမှတ်ပြုသံလေးတော့ သီ လိုချင်မိတာ အမှန်ပဲ ကို"

ဟေသီမောင် မျက်ဝန်းဝယ် မျက်ရည်တို့ ရစ်ဝဲလာလေပြီ။ လူကြီးမိဘတွေ၏ကြိုးဆွဲရာကို ကခဲ့ရသည့်ဘဝနှင့် ခင်ပွန်းဖြစ်သူ





ကိုနာကြည်း၊ ချစ်သည့်ဝေဒနာ၊ လွမ်းဆွတ်တမ်းတသည့် ဝေဒနာရပ်တို့ကြောင့် သားကိုမွေးပြီး နို့ကြောင်းပိတ်ကာ နို့မထွက်သဖြင့် သားကို နို့ချိုတိုက်ကျွေးခွင့်ပင် မရခဲ့။

ခုတော့…သားအတွက်လိုအပ်သော ကျောက်ကပ်တစ်လုံးကို ပေးအပ်နိုင်ခဲ့ပြီမို့ ကျေနပ်နေမိပြီ။

သားဆီက တုန့်ပြန်မျှော်လင့်ခြင်းကို ဘာမှမလိုလားတော့ပါချေ။

သူ့ကျောက်ကပ်တစ်လုံးကြောင့် သားအသက်ဆက်ခွင့်ရခြင်းကိုပင် ကျေနပ်နေမိသည်။

ဒီအတွက်…ခွန်မင်းသိုက်ကော သူကောက အားလုံးကို ပိတ်ထားလိုက်သည်။

ခွန်းချိုကို အတင်းအကျပ် မစေခိုင်းပါနဲ့၊ ခွန်းချို မေးလာမှ ဖွင့်ပြောပါဟု…။

ခွန်မင်းသိုက်က ပင့်သက်ချလိုက်ပြီး ဟေသီမောင်၏ မျက်ဝန်းမှစီးကျနေသော မျက်ရည်စများကို လက်ချောင်းများနှင့် ဖွဖွကလေး သုတ်ပေးရင်း…

"ကိုတို့ သားသမီး ထပ်ယူဖို့ အချိန်ရှိပါသေးတယ်နော်၊ အိုကျိစပယ်ရှယ်လစ်ကြီး ဒေါ်ဟေသီမောင်"

"သွား…ဘာမှန်းလဲ မသိဘူး"

အချစ်နှင့် တွေ့တော့ (၃၆)နှစ် ဒေါ်ဟေသီမောင်သည် (၁၆)နှစ်သမီးနှယ် ပြန်လည်နုပျိုလန်းဆန်းသွားလေတော့သည်မို့ ခွန်မင်းသိုက် ရင်အုံကို လက်သီးဖွဖွအထုတွင် ခွန်မင်းသိုက်ကလည်း ရင်ခွင်ထဲ ဆွဲသွင်းကာ ပွေ့ဖက်ထားတော့…



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆီသို့ သတင်းမေးလာသော ဒေါ်တင်တင်ငယ်တို့ ညီအစ်မမှာ အခန်းထဲ ဆက်မဝင်တော့ဘဲ ခွန်းချိုအခန်းဘက်သို့သာ နောက်ကြောင်းပြန်လှည့်လိုက်ရလေသည်။

ခွန်းချိုမောင်သည် ခေတ်လူငယ်ပီပီ ရူးစမ်းလိုစိတ်က အပြည့်ရှိလေသည်မို့...

"မာမီ.."

"ပြောလေ သား"

"သားမျက်နှာက ပတ်တီးစတွေ အထပ်ထပ်ဖြစ်နေသောက် အောင် ရုပ်ပျက်သွားပြီလား"

"မပျက်ပါဘူး သား၊ အစားထိုး ကုသထားတယ်"

"ပလပ်စတစ်ဆာဂျရီလား"

"မဟုတ်ဘူး...ပေါင်က အသားစနဲ့ အရေပြားကို ယူတာ"

"ဟင်.."





ခွန်းချိုမောင် အံ့အားသင့်သွားသည်။ သူ့ပေါင်ကို စမ်းကြည့်သည်။ ဒဏ်ရာဒဏ်ချက် မရှိချေ။

"သားရဲ့ဘယ်ဘက်ပါး အသားစတွေ စုတ်ပြတ်သွားတယ် လေ၊ အဲဒါ...ဒီတိုင်းဆို သားရုပ်ဆိုးသွားမယ်၊ ပလတ်စတစ် ဆာဂျရီ နည်းထက် ကောင်းတဲ့နည်းကို ပေးမယ့်သူ ရှိတယ်၊ အသွေးအသား အရေပြားအရောင်လည်း တူသူက လိုလိုချင်ချင် ပေးလို့ သားမျက်နှာ မူလပကတိအတိုင်းဖြစ်လာလိမ့်မယ်"

"ဘယ်သူလဲ မာမီ"

ဇင်ဇင်လတ်က တေဇာမောင်ကို လှမ်းကြည့်လိုက်သည်။ ဆေးကျမ်းစာအုပ်တစ်အုပ် ဖတ်နေသော တေဇာမောင်က စာအုပ်ကို ချထားပြီး...

"သားမေးခွန်းတွေကို ဒယ်ဒီတို့ မဖြေခင် သားကို ဒယ်ဒီတို့ မေးစရာရှိသေးတယ်"

ခွန်းချိုမောင် ရင်ထဲ ကျည်ဆန်ရထား အစင်းတစ်ရာ ခုတ် မောင်းသွားသည့်နှယ် တဒိန်းဒိန်း တဒိုင်းဒိုင်း။ သူ့ဖခင် ဘာမေးလိမ့် မည်ကို သူကြိုသိနေသည်။

ထိုမေးခွန်းအတွက် ဖြေရန် မပြင်ဆင်ရသေး။

"သား..ဒယ်ဒီ..မာမီ..ပြီးတော့ သီသီ၊ နောက် ဦးခွန်မင်းသိုက်၊ ဒီ..ငါးပွင့်ဆိုင်ဇာတ်လမ်းကို၊ သား သိသွားခဲ့ပြီ မဟုတ်လား"

မညာတတ်သော သူက ခေါင်းညိတ်လိုက်သည်။

"သား..သီသီကို မုန်းသွားသလား"

သူမဖြေ...တုံ့ဏှိဘာဝေ။ သီသီကို သူချစ်ခဲ့သည်။ သူငယ် ချင်းတွေက မင်းအဒေါ်က-လန်းတယ်ကွာဟု ပြောတာကို သူကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



သဘောကျခဲ့သည်။

ယခုတော့ သူ့ကို သူတစ်ပါး ပေးပစ်သော မိခင်အရင်းတဲ့။

နာကျင်သွားတာ...။ သူရင်ထဲ နာကျင်ခါးသီးစွာ ခံစားလိုက်ရသည်။

"အင်း...သားကို ဒယ်ဒီ ပုံပြင်တစ်ပုဒ် ပြောပြမယ်၊ အဲ..သား လက်ခံနိုင်ရင်တော့ အဲဒါ ဖြစ်ရပ်မှန်ပဲ၊ သား လက်မခံနိုင်ရင် ပုံပြင်လို့ သဘောထားလိုက်ပေါ့"

ဒယ်ဒီက စကားနည်းသူဖြစ်သည်။ သို့သော် ယခု ဒယ်ဒီက သူ့အား စကားတွေ အရှည်ကြီး ပြောခဲ့လေသည်။

သူမမွေးဖွားခင်က ဟေသီမောင်၊ တေဇာမောင်၊ ဇင်ဇင်လတ်နှင့် ကိုခွန်မင်းသိုက်တို့၏ဇာတ်လမ်းပင်။

ထိုမှ...သူ မတွေ့မြင်လိုက်ရသော အောင်ကျော်မိုးနှင့် သဲစုမိုး ဟူသော အမွှာမောင်နှမ၊ ပြီးတော့ သူတို့ဖခင် ဦးကျော်မိုး၊ နောက် ဦးကိုကိုမောင်နှင့် ဦးညီညီမောင်၊ ဒေါ်တင်တင်ကြီးနှင့် ဒေါ်တင်တင်ဝယ်၊ အားလုံး၏အကြောင်းကို စေ့စေ့စပ်စပ်တွင်းကျ သူသိရှိလိုက်ရသည်။

"ဒယ်ဒီ့ပုံပြင် ဆုံးသွားပြီဆိုရင် မာမီပြောမယ်၊ ပြောလိုက်မယ် နော် ကိုကို"

ဇင်ဇင်လတ်က တေဇာမောင်ကို ထပ်မံခွင့်တောင်းလိုက်သည်။

တေဇာမောင်က ခေါင်းညိတ်လိုက်သည်။

"သားမေးထားတဲ့မေးခွန်းတွေကို မာမီက ဖြေရုံပါပဲ"

"သားအတွက် ကျောက်ကပ်တစ်လုံး ပေးခဲ့တာက သားရဲ့ သီသီ"





"ဟင်.."

"ဒါတင် မကသေးဘူး၊ သားရဲ့အဖေရင်းက သားအတွက် လိုအပ်တဲ့ AB သွေးနဲ့ ပေါင်က အသားစနဲ့ အရေပြားကို ပေးခဲ့တယ်"

ခွန်းချိုသိပ်အံ့အားမသင့်တော့။ သူကြိုတင်တွက်သထားပြီး သားဖြစ်သည်။

ကျောက်ကပ်အစားထိုးဖို့ဆိုသည်မှာ Genes တူမှ ရမည်။ ဒယ်ဒီပင် မပေးနိုင်လျှင် မိဘရင်း နှစ်ပါးထဲက ဖြစ်ပေလိမ့်မည်ဟု။

"သားရိပ်မိပါတယ်"

ဟု သူ ခပ်လေးလေးပင် ပြောလိုက်လေသည်။

ဇင်ဇင်လတ်ကော တေဇာမောင်ကောက အားတက်သရော

"ဒါဖြင့် သား သူတို့ကို ခွင့်လွှတ်တယ်ပေါ့"

"ကံကြမ္မာရဲ့ဖန်တီးမှုကို သားက ကံကြမ္မာကိုပဲ အပြစ်တင်ရမှာပါ ဒယ်ဒီ၊ ဒါပေမယ့် ကံကြမ္မာက အပြစ်တင်စရာမှ မဟုတ်ဘဲ... ကျေးဇူးတင်ရမှာ၊ သားဘဝကို သူများတွေထက် ထူးကဲစွာနဲ့ မိဘလေးပါး ထားပေးတာပဲ၊ သားထက် ကံထူးတဲ့လူ ဒီကမ္ဘာမှာ ရှိနိုင်ပါ့မလား..ဟာ့..ဟား"

ခွန်းချိုမောင်က စကားအဆုံးတွင် ရယ်သံပင်ပြုလိုက်သည်။

ဇင်ဇင်လတ်တို့ လင်မယား ဝမ်းသာဝမ်းနည်း ဖြစ်သွားလေသည်။

သို့သော် ခွန်းချိုမောင်၏နောက်ဆက်တွဲစကားက သူတို့နှစ်ဦး၏သောကဟူသမျှတို့ကို ချေဖျက်လိုက်လေတော့သည်။

"ဒါပေမယ့်...သားမောင်ခွန်းချိုမောင်ကနေ ဦးခွန်းချိုမောင် ဖြစ်သွားလည်း သားရဲ့တရားဝင်မိဘနှစ်ပါးက ဦးတေဇာမောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဇင်ဇင်လတ်ပါ၊ သီသီတို့ကတော့ သားကိုဆိုင်သာဆိုင်တယ်...မပိုင်ပါဘူး၊ ဒါ သားရဲ့ဆုံးဖြတ်ချက်ပါ မာမီနဲ့ဒယ်ဒီ"

သားရယ်...

ဇင်ဇင်လတ်မှာ စွန့်လွှတ်အနစ်နာခံ ပြုစုစောင့်ရှောက်ရကျိုးနပ်သွားခဲ့လေပြီမို့ ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် လည်ကာ ခွန်းချိုအား ဖက်ကာ ပတ်တီးထူထူနှင့် မျက်နှာကိုပင် နမ်းရှိုက်လိုက်လေသည်။

"ဒါမှ...မာမီ့သား"

ဒီသားအတွက် ပြုစုချိန် လျော့နည်းမှာစိုး၍ သားသမီးမယူ၊ တားဆေးတွေ မပြတ်ထိုးကာ တားမြစ်ခဲ့သည့်ရလဒ်ကြောင့် ခုချိန်မှာ သားသမီး မရနိုင် ဖြစ်ခဲ့ရသောဆိုးကျိုးကို ခွန်းချို၏စကားများက ချေမှုန်းပစ်လိုက်နိုင်စွမ်း ရှိလေသည်။

တွေ့စကအမြင်ကတ်ခဲ့သော သူ့ဇနီး ဇင်ဇင်လတ်ကို ကြည့်ရင်း တေဇာမောင်၏စိတ်တွင်လည်း ယခုတော့ သူ့ဇနီးလောက် စိတ်ထားလှတဲ့လူ ဤကမ္ဘာမှာ မရှိနိုင်ဟုပင် ကိုယ့်ငါးချဉ်ကိုယ်ချဉ်ကာ မြတ်နိုးသဒ္ဓါစိတ် ပွားနေမိလေတော့သည်။

ခွန်းချိုမောင် ရင်ထဲလည်း ပေါ့ပါးလန်းဆန်းသွားလေတော့သည်။

နာကြည်းမုန်းတီးခြင်း မရှိသော လောကကြီး၌ သာယာချမ်းမြေ့ကြည်နူးခြင်းတွေ ပြည့်နှက်နေတတ်လေပါလားဟုလည်း...။







အခန်း(၂၄)

အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ်၏ ပြည်ပထွက်ခွာခွင့်ဝင်ပေါက်နားတွင် အလုပ်များနေသော လူအုပ်ကြားတွင်၊ ခွန်းချိုမောင်တို့ မိသားစု ပါဝင်လေသည်။

အင်္ဂလန်နိုင်ငံရှိ အင်ဂျင်နီယာသင်တန်းသို့ ဝင်ခွင့်ရသွားသော ခွန်းချိုမောင် ပညာတော်သင် သွားရန်အတွက် သူ့အား အင်္ဂလန်တွင် အခြေအနေကျသည့်အထိ စီစဉ်ပေးရန် လိုက်ပါသွားမည့်သူများက သူ၏မိဘနှစ်ပါးဖြစ်သော တေဇာမောင်နှင့် ဇင်ဇင်လတ်။

အသိုးအသွား၊ ဘိုးလေးဘွားလေးကော ရောက်နေပြီဖြစ်သော်လည်း ရောက်မလာသေးသူများကြောင့် သူတို့လည်းပင်းများ



www.burmeseclassic.com

www.burmeseclassic.com



ညောင်ရေအိုးများဖြစ်နေလေတော့သည်။

"တခါတည်း ဝင်ခေါ်ခဲ့...ပြီးရော"

"ခေါ်မယ်ပြောတာပဲ၊ သူတို့က ရပါတယ်ဆိုတာကို"

ယောင်နောက်ဆံထုံးပါဆိုသကဲ့သို့ ခွန်မင်းသိုက်၏အိမ်သို့ လိုက်ပါနေထိုင်သော ဟေသီမောင်ကြောင့် သူတို့မျှော်ရလေပြီ။

"ဖုန်းဆက်ကြည့်ပါဦး ဇင်"

"ဆက်ပြီးပြီ ကိုကိုရဲ့"

"လာမှာပါ..."

"ခဏလောက် စောင့်လိုက်ပါဦး"

ခွန်းချိုမောင် စိတ်ထဲ၌ "လာပါတော့ သီသီရယ်" ဟု တမ်းတနေမိသည်။

နာကြည်းခြင်း၊ နာကျင်ခြင်းတို့ မရှိတော့သော ခွန်းချိုမောင်အတွက် ဟေသီမောင်သည် မူလအတိုင်း သူ့ "သီသီ" ဖြစ်သကဲ့သို့ ဦးခွန်မင်းသိုက်ကိုတော့ "အန်ကယ်လ်" ဟုသာ ခေါ်သေးသည်။ ထိုစဉ် တေဇာမောင်က...

"ဟော...လာပါပြီ၊ ဘုစုခရုတွေပါခေါ်လာတာကိုး၊ ဒါကြောင့် ကြာနေတာဖြစ်မယ်"

သူတို့အနီးသို့ လှမ်းလာသူနှစ်ယောက်က တစ်ခါလည်း သားလေးအမွှာနှစ်ဦးကို ကိုယ်စီ ချီပိုးလျက်...

"ဟွန်း...ဒီကောင်တွေကြောင့်ပဲ ဖြစ်ရမယ်"

ခွန်းချိုရင်ထဲ မနာလိုစိတ်များက အမွှာနှစ်ဦးပေါ် ပုံကျသွားသည်။

ထို့ကြောင့်...





"ကြာလိုက်တာဗျာ...သားက သွားတော့မှာ"

"အေးပါ သားရယ်၊ သားညီတွေ ဂျီကျနေလို့ပါ၊ အခုအမီလာတာပဲ"

ဟေသီမောင်က ခွန်းချိုမောင်ကို ရွှန်းရွှန်းစားစားကြည့်ရင်း ပြောလိုက်သည်။

ထိုအခါ ဟေသီမောင် ရင်ခွင်ထဲက ကလေးက ခွန်းချိုမောင်ကို ရယ်ပြကာ လက်ကမ်းလေသည်။

"ဟာကွာ...သွားတော့မှာကွ၊ မင်းလက်ကမ်းမနေနဲ့"

ခွန်းချိုမောင် ကလေးလက်သီးကို ဖွဖွကလေး ဆုပ်ကိုင်ပြီး မချင့်မရဲ စကားဆိုလိုက်သည်။

တစ်ဦးက လက်ကမ်းတော့ ခွန်မင်းသိုက်လက်ထဲမှ အမွှာတစ်ကောင်ကလည်း အဲ့...အဲ့...ဆိုကာ ခွန်းချိုဆီသို့ လက်ကမ်းလေသည်။

"ဟာကွာ...ဒီနှစ်ကောင်နဲ့တော့ မလွယ်ဘူး"

ခွန်းချိုမောင်က ရယ်မောရင်း ပြောလိုက်သော်လည်း သူ၏ မျက်ဝန်းဝယ် မျက်ရည်စိုးတွေ လျှံလာသည်။

ကလေးနှစ်ယောက်ကို တစ်ယောက်စီ နမ်းရှုပ်ပြီးနောက် ကလေးများ၏ရင်ခွင်ပိုင်ရှင်များကို ကြည့်လိုက်သည်။

ခွန်မင်းသိုက်ကတော့ ယောကျ်ားမို့ ခံနိုင်ရည်ရှိစွာ ပြုံးလိုက်သော်လည်း သူ့အပြုံးက မချိုပြုံးပင်။

ဟေသီမောင်ကတော့ မိန်းမသားပီပီ ကြေကွဲပွင့်တို့ ဝေနေလေပြီမို့...

"ဖေဖေ..."



www.burmeseclassic.com

www.burmeseclassic.com



ခွန်မင်းသိုက် ကြက်သီးများ ဖြန်းကနဲပင် ထသွားအောင် သွေးကြောထဲသို့တိုင်အောင် "ဖေဖေ" ဟူသောအသံက စိမ့်ဝင်သွားလေသည်။

"မေမေ"

ဟေသီမောင် ကြက်သေ သေသွားသည်။ သွေးပြောင်းပြန်စီးဆင်းသွားလေရော့လား။

"သား...သွားပြီနော်"

ခွန်းချိုမောင်က စွတ်စိုသော မျက်ဝန်းနှင့် ကြည့်လိုက်ပြီး နွေးထွေးသောအပြုံးကိုပေးကာ ချာကနဲ လှည့်သွားလေတော့သည်။

နောက်...သူ့ရှေ့မှ တေဇာမောင်ခြေလှမ်းကို အမှီလိုက်ရင်း သူညာဘက်လက်က မိခင်ဖင်ဖင်လတ်ကိုလက်တွဲလျက် ပြည်ပခရီးသည်ထွက်ခွာခွင့်အပေါက်ထဲသို့ဝင်သွားလေတော့သည်။

မျက်ရည်စီးကြောင်းနှင့် ကျန်ရစ်ခဲ့သော ဟေသီမောင် မျက်ရည်ရပ်တန့်သွားသည်။ အကြောင်းမှာ လူးလွန့်ရုန်းကန်နေသော သားများကြောင့်ပင်။

အင်း...သူ ဖင်ဖင်ကဲ့သို့ မိခင်ပီသအောင် ကြိုးစားရုန်းကန်ရဦးတော့မှာပါလား။ သူတို့ကို အနိုင်ယူဖို့ ရောက်ရှိလာတာကလည်း တစ်ယောက်တည်းမဟုတ်၊ နှစ်ယောက်တောင်...အင်နှင့်အားနှင့်ပါလား။

"ပြန်ကြစို့သီရာ၊ ဒီကောင်တွေနဲ့ ဖြစ်မှာမဟုတ်ဘူး"

"ဟုတ်ပါတယ်...မြင်ရတာလဲ မဟုတ်ဘူး...ပြန်ကြရအောင်"

ဘိုးအေ ဘွားအေများကပါ မနေသာ၊ ဝိုင်းချီပိုး ချော့မြှူပေးကြရင်း မင်္ဂလာဒုံလေဆိပ်ကို ကျောခိုင်းလိုက်လေတော့သည်။





ဟေသီမောင်မှာ သားကြီးခွန်းချိုမောင်နှင့် ခွဲရမှုအတွက် စိမ်ပြေနပြေတောင် မျက်ရည်ကျခွင့် ဝမ်းနည်းခွင့် မရလိုက်ရှာတော့ပေ။

မြပုလဲခင်

၁၁.၄.၀၈

11:50 AM



www.burmeseclassic.com